
www.burmeseclassic.com

# မမသဒ္ဒါမောင်

## သူချစ်ထားရစ်ခဲ့တဲ့ နေရာမှာ




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မမသဒ္ဒါမောင်

BURMESE CLASSIC

# သူချန်ထားရစ်ခဲ့တဲ့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၄၈၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၉၀၀၄၁၀ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၀၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ |
| ဖြန့်ချေး | - | ၁၅၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅. ၈၃

မမသဒ္ဒါမောင်

သူချန်ထားရစ်ခဲ့တဲ့နေရာမှာ /မမသဒ္ဒါမောင် ။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၀ ။

၂၉၉ စာ၊ ၁၂. ၃ × ၁၈ စင်တီ ။

(၁) သူချန်ထားရစ်ခဲ့တဲ့နေရာမှာ

# အပိုင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com






## ''နှင့်အလျှက်''

❀ နှင်ဆောင့်နေဖူးတဲ့ ဝရန်တာ

❀ နှင်းဆိုဖူးတဲ့ ပန်းတစ်ပွင့်အကြောင်း

❀ နှင်းပြုံးဖူးတဲ့ ကဗျာတစ်ပုဒ်

❀ နှင်းရင်ခုန်ခဲ့တဲ့ ဘယ်တက်လက်

❀ နှင်းချွန်ခဲ့ဖူးတဲ့ နှင်းဆီမြူ

❀ တွေ့ကွင်းခြင်းက အစ

❀ ဆုံစည်းခြင်းက အဆုံး

❀ ငါအဖြစ်ချင်ဆုံး ဆန္ဒ

❀ နှင်းကတော့ ဝေခွဲမရ

❀ နောက်လှည့် အကြည့်တစ်ချက်

❀ ငါနှင့်ကို အရာရာထက်ပိုပြီး

❀ မြတ်နိုးခဲ့တာပါ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၁ )

Diary စာအုပ်လေးကိုအသာပိတ်ကာ ပြတင်းတံခါးကိုဖွင့်ကြည့်လိုက်ပါ၏။ မှောင်ရိပျိုးပြမြင်ကွင်းကို ခပ်ငေးငေးလေးကြည့်နေမိသည်။ ဟိုတစ်ချိန်တုန်းက ဒီအချိန်ဆို သူ ဂစ်တာတီးနေပြီလေ။ သူမကျောင်းပြန်ချိန်တိုင်း ဝရန်တာကနေ စောင့်ကြည့်ခဲ့တဲ့မျက်ဝန်းလေးကိုလွမ်းနေမိသည်။

"ပိုင်ရယ်"

တိုးလျှလျှရေရွတ်သံအဆုံးမှာ ပါးပြင်ထက် ပူနွေးသွားရလေ၏။ ဟင့်အင်း. . . ကျွန်မ မငိုချင်ပါဘူး။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ပတ်သက်ခဲ့တဲ့အတိတ်ကို ပြန်သတိမရချင်ပါ။ အဲဒီအတိတ်က ကျွန်မအတွက် လှမှမလှပခဲ့တာလေ။ ဒီလမ်းထဲမှာနေသရွေ့၊ အဲဒီအိမ်ရှေ့က ဖြတ်လျှောက်သရွေ့၊ တစ်ချိန်က သူ့အရိပ်တွေကို ကျွန်မမြင်ယောင်နေဦးမှာပါပဲ။

"ဖွေးရေ့, မအိပ်သေးဘူးလား"

အခန်းတံခါးကိုဟ၍မေးလိုက်သည့် မမနီနီညိုကို ဘစ်ချက်လှည့်ကြည့်ကာ ခေါင်းခါပြလိုက်၏၊ မမက ကျွန်မကိုကြည့်ကာသက်ပြင်းချလေသည်။

"နင်ဒီလိုချည်းနေသွားလို့မဖြစ်ဘူးနော်။ လူက တဖြည်းဖြည်းနဲ့ လုံးပါးပါးနေပြီ။ သံယောဇဉ်ဆိုတာ ဖြတ်ရအခက်ဆုံးဆိုတာမှန်ပေမယ့် မဖြစ်နိုင်တော့တဲ့ကိစ္စတစ်ခုကို မျှော်လင့်တကြီးနဲ့စောင့်စားနေတာ အရူးတွေရဲ့အလုပ်ပဲ,ဖွေး။ ဒါကို နင်သိရမှာပေါ့။ ဒီလိုပဲဆက်နေနေတာဟာ နင့်ကိုယ်နင်သတ်နေတာနဲ့အတူတူပဲ"

"ဖွေး အိပ်မှာပါ"

"ဘယ်တော့လဲ။ ညဉ့်နက်သန်းခေါင်ထိ ဒီတိုင်းရှိနေမှာ ငါမသိဘူး ထင်နေလား. . . ဖေဖေ တစ်ရေးနိုးလို့သိသွားရင် စိတ်မကောင်းဖြစ်နေမယ်"





"ဖွေးသိပါတယ်။ ခဏနေအိပ်မှာပါ မမရဲ့။ စိတ်ချပါ"

မမက ဘာမှဆက်မပြောတော့ဘဲ တံခါးကိုပြန်စေ့ကာ တစ်ဖက်ခန်းသို့ဝင်သွားလေသည်။ ပြောပြန်ပြီ,ပိုင်။ မမက ကျွန်မကိုရူးနေပြီတဲ့။ ဟုတ်ပါတယ်။ ကျွန်မ ရူးနေတာ ဒီနှစ်ဆို တစ်နှစ်ပြည့်တော့မှာလေ။ ပိုင်နဲ့ဝေးခဲ့ချိန်နောက်ပိုင်းမှာ အလွမ်းတွေနဲ့အတူရူးသွပ်နေ ခဲ့တဲ့ကောင်မလေးတစ်ယောက်ရယ်ပါ။

အံဆွဲကိုဆွဲဖွင့်၍ ယွန်းဘူးညိုညိုလေးကိုယူလိုက်ပါ၏။ ပွင့်ဖတ်လေးတွေကြွေနေပြီဖြစ်သည့် နှင်းဆီပန်းခြောက်လေးတွေက Plastic အိတ်တစ်လုံးစီမှာ အစီအရီရှိနေလေသည်။ အရောင်လည်းမရှိတော့ပါ။ အနံ့လည်း မမွှေးတော့ပါ။ ဒါပေမဲ့ ကျွန်မဆက်ပြီးသိမ်းထားတုန်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းခြောက်လေးတွေက ကျွန်မကို စကားတွေအများကြီးပြောပြကြတယ်လေ။ ပြီးတော့ကျွန်မ, ကဗျာတွေစပ်ဖြစ်အောင်လည်း တိုက်တွန်းပေးကြတာအမှန်ပါ။

"နင့်ကိုငါ သံယောဇဉ်အရှိဆုံးပါ ဖွေး။ နင့်ထက် ဘယ်သူ့ကိုမှမပိုတဲ့သံယောဇဉ်မျိုးနဲ့ ငါချစ်တာကိုယုံပေးပါ"

နားနားသို့ကပ်ပြောလိုက်သလို သူ့စကားသံတို့ကို ပြန်ကြား



www.burmeseclassic.com

www.burmeseclassic.com



ယောင်နေမိသည်။ ဟောဒီ ကျွန်မရဲ့ဘယ်ဘက်လက်ဖဝါးလေးကို အညာဆုပ်ကိုင်ရင်းပြောခဲ့တာလေ။ ဒီလက်ချောင်းသွယ်သွယ်လေးတွေကို သူသိပ်သဘောကျခဲ့တာ။ ကျွန်မရေးတဲ့ကဗျာလေးတွေကို ဖတ်ပြီး ဝေဖန်ကြည်နူးခဲ့ရတာတွေဟာ အိပ်မက်မှမဟုတ်လေဘဲ။

ကျွန်မတို့လမ်းထိပ်မှာ ကုန်းမို့မို့နဲ့ခြံကျယ်ကြီးရှိ၏။ ပြီးတော့ တိုက်ဖြူကြီးတစ်လုံးနဲ့ ဝရန်တာတစ်ခုလည်းရှိသည်။ အဲဒီအိမ်မှာ သူနေတာပေါ့။ အဲဒီဝရန်တာမှာ သူ အမြဲဂစ်တာတီးလေ့ရှိတယ်လေ။ ကျွန်မ ကျောင်းပြန်ချိန်တိုင်း သူ အမြဲစောင့်ကြည့်တတ်တာ။ ဝရန်တာကနေ လှမ်းပြုံးပြရင်း လက်ပြတတ်တာတွေဟာ သံယောဇဉ်ပြယုဂ်တစ်ခုလို့ သတ်မှတ်နိုင်ပါလိမ့်မယ်။

သူ့မျက်နှာက သိပ်လည်းမဝိုင်း၊ ချွန်လည်းမချွန်၊ လေးထောင့်လည်းမကျ ကြည့်ကောင်းရုံပါပဲ။ ဆံပင်လေးတွေက အညိုရောင်သမ်းသလို သူ့မျက်လုံးမျက်ဆန်ကလည်း အညိုရောင်၊ မျက်ခုံးကျတော့ အနက်အပြားကြီးကြီး၊ နှာတံက ပေါ်ပေါ်၊ နှုတ်ခမ်းက ကလေးဆန်တဲ့နှုတ်ခမ်းပုံစံလေးပါ။ အမြဲပဲ ရယ်ရယ်မောမောနဲ့ပြုံးချိုနေတာမို့ လမ်းထဲကကောင်လေးတွေက သူ့ကိုချစ်စနိုးနဲ့ ပြုံးချိုလို့တောင် စတတ်ကြတာလေ။





မနက်စောစောနဲ့ ညနေခင်းတွေမှာ သူလမ်းလျှောက်အပြေးကျင့်တဲ့အလုပ်ကို လုပ်လေ့ရှိ၏။ မိုးသိပ်မသည်းဘဲ ဖွဲဖွဲလေးရွာတဲ့အထိ သူလေ့ကျင့်လေ့ရှိတတ်သည်လေ။ သူ့မေမေနဲ့ ကျွန်မရဲ့မေမေက ငယ်သူငယ်ချင်းတွေမို့ ကျွန်မ, သူနဲ့ရင်းနှီးခွင့်ရခဲ့တာ။ သူတို့ပြောင်းလာတဲ့ကာလအပိုင်းအခြားမှာ ကျွန်မတို့အိမ်က သူဝင်ထွက်စားသောက်ခဲ့တဲ့အိမ်တစ်အိမ်ဖြစ်ခဲ့ပါသည်။

ပိုင် . . . ဘယ်ဆီကိုရှောင်ပြေးသွားတာလဲကွယ်။ ကျွန်မမှာ ဘယ်လိုအပြစ်တွေရှိနေလို့လဲ။ ဘယ်လိုအမှားမျိုးမှားခဲ့ဖူးလို့ ကျွန်မကိုချန်ရစ်ခဲ့ရတာလဲ။ မေးပါရစေ။ သိခဲ့ရင် ဖြေရှင်းချင်လို့ပါ။ ဂီတကိုချစ်တယ်ဆို။ ကျွန်မသိပ်နားမလည်တဲ့ Notes တွေကိုရေးပြပြီး ဆရာလုပ်တာကို ခံယူချင်ပါသေးတယ်။ ကျွန်မရေးတဲ့ကဗျာလေးတွေဝေဖန်တာကိုလည်း စိတ်ကောက်ချင်ယောင် ဆောင်ချင်သေးတာတကယ်ပါ။

အခန်းထောင့်နားမှာ ထောင်ထားသည့်ဂစ်တာလေးကို ငဲ့ကြည့်လိုက်မိ၏။ ကျွန်မအသက်(၂၀)ပြည့်နှစ်မွေးနေ့မှာ သူအမှတ်တရဝယ်ပေးခဲ့တာလေ။ အခုတော့ ဖုန်တွေတက်ပြီး ကြိုးတွေလည်း ပြတ်ကုန်လေပြီ။ Cord ကွက်ကိုင်နည်း သင်ပေးရင်း ကျွန်မလက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလေးတွေကို သူကိုင်မိခဲ့တာ လက်ချောင်းထိပ်မှာ အသားမာတက်လာတော့ ဆက်မသင်ဖို့ သူတားမြစ်ခဲ့တာ။

သူ့ရှေ့မှာ တင်ပျဉ်ခွေထိုင်တိုင်း ကျွန်မရဲ့ဆံပင်ရှည်တွေကို ဆော့ကိုင်ကာ ခိုးပြီးနမ်းရှိုက်ခဲ့ဖူးတာတွေဟာ အိပ်မက်မှမဟုတ်ခဲ့ဘဲ။ ရင်ခုန်သံတွေကို အနီးကပ်ဆုံး နားထောင်ခဲ့မိချိန်၊ ရင်ထဲမှာ ကဗျာတွေဖြစ်တည်ပြီး အချစ်ဆိုတာကို သိရှိခံစားနားလည်ခဲ့ရတာပါ။ ပိုင်ရယ်. . . မြတ်နိုးတတ်သူရဲ့ရင်ကို အရှင်လတ်လတ်ခွဲရက်ခဲ့လေခြင်း။

အသည်းကွဲသီချင်းတွေမှ ကြိုက်တယ်တဲ့လား. . . အလွမ်းသီချင်းတွေဆိုမှ ရင်ထဲကအနှစ်ကို ဖော်ကျူးနိုင်တယ်ဆို။ ပိုင်ဆိုခဲ့ဖူးတဲ့ လေးဖြူတို့၊ အငဲတို့သီချင်းတွေကို ကျွန်မစွဲစွဲလမ်းလမ်းနှစ်ခြိုက်တတ်လာမှ ပိုင်က ထားခဲ့ရက်တာ။ ရက်စက်လေခြင်းလို့အပြစ်တင်ရမှာလား။ ဟင်အင်း. . . ပိုင်က ကျွန်မကို သူငယ်ချင်းတစ်ယောက်လိုသဘောထားပြီး ချစ်ခင်ခဲ့တာလေ။ ဒါကို အသည်းခွဲသူဆိုပြီး ကျွန်မက စွပ်စွဲလို့ဘယ်ရနိုင်မှာလဲ။

ပိုင်ရယ်. . . (၅၂၈)ထက်ပိုသာတဲ့ချစ်ခြင်းတွေကို ကျွန်မတတ်မြောက်အောင် ပိုင်သင်ပေးခဲ့တာပါ။ ပိုင်တို့ခြံထဲက ခုံတန်းမှာ





ထိုင်ရင်း နှင်းဆီဖြူတွေရဲ့သင်းပျံ့ပျံ့ရနံ့တွေကို ရှူရှိုက်အမောပြေစေခဲ့တာ။ ပိုင်သီချင်းဆိုပြတဲ့ပုံစံလေးကိုငေးကြည့်ရင်း ရင်ဖိုလှိုက်ခုန်တတ်ခဲ့တာ။ ချိုသာတဲ့ ပိုင့်အပြုံးတွေကို မြင်ယောင်ရင်း ကဗျာတွေစပ်တတ်ခဲ့တာဟာ (၁၅၀၀)ဆိုတဲ့ချစ်ခြင်းကြောင့်သာ မဟုတ်ရင် ဘာဖြစ်မှာတဲ့လဲ။

ကျွန်မဆံပင်တွေကိုကြည့်ရင်း ဂန္ထဝင်ဆည်းဆာသီချင်းကို အပြလိုလိုဆိုတတ်တဲ့သူ၊ ဒီဆံပင်တွေက သူ့ကို သီချင်းတွေဖန်တီးပေးခဲ့တယ်လို့ တဖွဖွပြောခဲ့သူ၊ ခြံထဲက နှင်းဆီဖြူတစ်ပွင့်ကိုခူးပြီး ကျွန်မရဲ့နားတစ်ဖက်မှာ ကြားထိုးပန်ပေးခဲ့တာတွေဟာ ကျွန်မကို ပိုင်ချစ်ခဲ့လို့ လုပ်ပေးခဲ့တာတွေမဟုတ်ဘူးတဲ့လား။

ရွယ်တူကောင်လေးတစ်ယောက်ရဲ့အကြည့်တွေ၊ အပြုံးတွေကို စိတ်ကူးယဉ်တတ်ခဲ့တာတွေအတွက် ကျွန်မရှက်နေမိပြီ။ အိမ်မှထွက်တိုင်း လူတွေရဲ့သနားသလိုအကြည့်တွေကို ရင်ဆိုင်ရန် မဝံ့မရဲဖြစ်နေတာအမှန်ပါ၊ပိုင်။ ထားခဲ့ရက်သူက နေစိမ့်နိုင်ပေမယ့် ကျန်ရစ်ခဲ့သူရဲ့ဝေဒနာကို ဥပေက္ခာပြုရက်ပေမယ့် ပိုင့်အပေါ်ထားရှိတဲ့သမုဒယချစ်ခြင်းတွေက ကမ္ဘာတည်သရွေ့ ရင်ထဲမှာခိုအောင်းနေဦးမှာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်လေးတွေ တဖြောက်ဖြောက်နှင့် ကြွေကျလာလေ၏။ ပြတင်းပေါက်မှတစ်ဆင့် လက်ဖြန့်လိုက်စဉ် လက်ဝါးပေါ်သို့ မိုးပေါက်လေးတွေ ကြွေကျလာသည်။ မိုးရေထဲအတူလျှောက်ခဲ့တဲ့ရက်တွေကို လွမ်းတသသဖြစ်သွားမိ၏။ တမ်းတနေတာ မဟုတ်ပါဘူးပိုင်။ တမ်းတဖို့မသင့်တော့မှန်း ကျွန်မသိနေလို့ပါ။ ဒါပေမဲ့ လွမ်းနေတာကိုတော့ အပြစ်မတင်ပါနဲ့လား။

မိုးခြိမ်းသံတွေ ဂလုန်းခနဲ ကြားလိုက်ရပါသည်။ ဒီညတော့ အကြီးအကျယ်ရွာချဦးမယ်ဇ္ဈပ့ါလေ။ ပုရစ်လေးတွေ၊ ဖားလေးတွေ အော်သံကိုတုပြီး သူဂစ်တာတီးပြတာကို မြင်ယောင်မိရင်း အလိုလို ပြုံးမိလေ၏။ ရင်ခုန်တတ်တဲ့အရွယ်မှာ ပိုင်ပေးခဲ့တဲ့ဒဏ်ရာတွေက ပါးပါးလေးဖြစ်ပေမယ့် နှလုံးသားထိတိုင် စူးနစ်ဝင်ရောက်ခဲ့တဲ့ဆူးတစ်ချောင်းကို ဘယ်လိုမှပြန်ဆွဲနှုတ်လို့မရတော့တာအမှန်ပါ။

နာမည်နဲ့လိုက်အောင် ဖွေးဖွေးဖြူနေတဲ့ကျွန်မနဲ့ အသားရောင် အမြဲယှဉ်ပြိုင်တတ်တဲ့စရိုက်လေးကို ကျွန်မသိပ်ချစ်တယ်။ ယောကျ်ားလေးတန်မယ့် ဖြူဥနေတဲ့ သူ့အသားရောင်ကို ကျွန်မမနာလိုဘူးပြောတုန်းက သူရယ်မောခဲ့တဲ့မျက်နှာလေးကို ဒီနေ့အထိ မမေ့တာတကယ်ပါ။





"ဖွေးက ရယ်လိုက်ရင် အရမ်းချစ်စရာကောင်းသွားတာ အမှန်ပဲ"

သူပြောလိုက်တုန်းက ရှက်စနိုးဖြင့် ခေါင်းငုံ့၍ပြုံးနေတာကို အသည်းယားလို့ဆိုပြီး ကျွန်မဆံပင်တွေကိုဆွဲဖွခဲ့တာ အမှတ်တရပါပဲ။ လူတစ်ယောက်လုံးကိုတစိမ့်စိမ့်ကြည့်ပြီး တစ်ခုချင်း အလှပုံဖော်ပြီးပြောမှတော့ မရှက်ဘဲနေမလား။ နဂိုက ရှက်တတ်လွန်းသည့် ကောင်မလေးကို မျက်နှာတွေနီရဲလာသည်အထိ သူက ဘေးမှာထိုင်ပြီး စတတ်သည်လေ။

မိုးချုန်းသံနှင့်အတူ မျက်နှာပေါ်သို့ မိုးမှုန်လေးတွေ လာစင်လေ၏။ ပါးပြင်ထက် စွတ်စိုသွားခြင်းနှင့်အတူ မျက်ရည်တို့ပါ ရောနှောသွားလေသည်။ မြတ်နိုးမိခဲ့တဲ့သူပါ. . . ပိုင်ရယ်။ ပိုင်ပြောခဲ့သလို နှုတ်ဖျားက ပေါ့ပေါ့တိမ်တိမ်မဟုတ်ရပါဘူး။ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲချစ်မြတ်နိုးခဲ့တာပါ။

သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်ရိုးမှန်ခဲ့ရင် ကျွန်မကိုပုံပြင်တွေ ဘာလို့ဖန်ဆင်းပေးခဲ့သလဲ။ မျက်ဝန်းတွေထဲကနေ ချစ်ရိပ်ချစ်ရောင်တွေ ဘာလို့ပြခဲ့သလဲ။ သူများတကာထက် ပိုပြီးသံယောဇဉ်ရှိတာပါလို့ ဘာကြောင့်ဝန်ခံခဲ့ရတာလဲ။ ကျွန်မကြောင့်သာ သံစဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်တည်ခဲ့တာဆို။ ကျွန်မအကြံပေးမှုကြောင့်သာ သီချင်းတွေ ရေးဖြစ်ခဲ့တာဆို။ ကျွန်မအားပေးလို့သာ အဆိုတော်ဘဝကိုရောက် ခဲ့တာပါဆို။ ခုတော့ ဒီအကြောင်းတွေကို ပိုင်တမင်တကာပဲ မေ့ပစ် လိုက်ပြီလား။

သုံးရာသီတွေထဲမှာ ပိုင်ချစ်ခဲ့တဲ့ဆောင်းကို ကျွန်မက မုန်းတဲ့ သူဖြစ်ခဲ့တယ်။ ပိုင်ကြိုက်ခဲ့တဲ့အနက်ရောင်ကို ကျွန်မက မနှစ်မြို သူဖြစ်နေတယ်လေ။ အနုပညာဗီဇပါလာသူတွေပီပီ ကဗျာတွေ သံစဉ်တွေကိုနှစ်သက်ကြပါလျက် ကျွန်သည့်အရာမှန်သမျှကို အ ရာဆန့်ကျင်ဘက်တွေဖြစ်နေကတည်းက ကျွန်မရိပ်မိသင့်တာပ

February (14) ရက်နေ့မှာ မျှော်လင့်ခဲ့ဖူးတဲ့ ချောကလ တောင့်လေးကိုလက်ခံမိချိန် ဆန္ဒတွေပြည့်ဝပြီဆိုပြီး အရူးအမူးဖြ ခဲ့မိတဲ့ နှလုံးသားဝိညာဉ်လေးကို အားနာရှက်ရွံ့မိခဲ့တယ်။ တကယ ပါ့ ပိုင်။ နှင်းဆီဖြူတွေ တစ်နေ့တစ်ပွင့်ကျ ပန်ပေးခဲ့တာ ချစ်ခြင်း သင်္ကေတမဟုတ်လို့လား။ ပိုင့်ဘဝမှာ ဘယ်သူ့ကိုမှမပေးဖြစ်ခဲ့ ကြင်နာခြင်းတွေကို ကျွန်မတစ်ဦးတည်းသာ ရခဲ့တာပါဆို။

ကျွန်မရယ်မောသံလေးကို စမ်းချောင်းရေစီးသံနဲ့နှိုင်းယှဉ် ပြောတတ်လို့ ပိုင့်ကိုချစ်ခဲ့မိတာ။ ပိုးသားတမျှ နူးညံ့တဲ့ ကျွန်မဆံ





တွေကို ကျွန်မ မသိအောင် တိတ်တိတ်လေးခိုးနမ်းတတ်လို့ ပိုင့်ကို မြတ်နိုးခဲ့မိတာတွေဟာ တကယ်ပါကွယ်။ အရူးလုပ်ခဲ့တာလား။ ဖြစ် နိုင်ချေ အများကြီးရှိတာပေါ့။ သူဖြစ်ချင်တာကို ဖြစ်မြောက်အောင် မြင်စေဖို့ ကျွန်မက လှေကားထစ်သဖွယ် အနစ်နာခံပေးခဲ့ရတာ လေ။

နာကြည်းလိုက်ချင်ပါတယ်လေ။ အချစ်ဦးပုံပြင်တစ်ပုဒ်ဆို တာ ဒဏ္ဍာရီဆန်ဆန်ရာဇဝင်တွင်ရုံးမှန်ရင် ကျွန်မတို့နှစ်ယောက် အကြောင်းက ဒီလမ်းထဲမှာ ပြောစမှတ်တွင်ရစ်ခဲ့တာပါလေ။ ရည်း စားဦးမို့ အရူးအမူးချစ်မိခဲ့တာ အမှန်ပါ။ တစ်ဦးတည်းသာရှိခဲ့ဖူး တဲ့ချစ်သူကို ရာသက်ပန်လက်တွဲသွားမည်ဟု တိတ်တဆိတ်ဆုံးဖြတ် ခဲ့မိတဲ့အဖြစ်ကို အရှက်ရလို့မဆုံးပါဘူး။

ထာဝရဆိုတဲ့စကားလုံးကို ပိုင့်သီချင်းတွေထဲမှာ မကြာခဏ ထည့်ဆိုလေ့ရှိပေမယ့် ကျွန်မက ပိုင့်ရဲ့ထာဝရချစ်သူဖြစ်ခွင့်မရခဲ့ တာ ရင်နာလို့မဆုံးပါဘူးကွယ်။ မနက်ဖြန်ပေါင်းများစွာကို ကျွန်မ ဖြတ်သန်းရင်းနဲ့ မဝံ့မရဲမျှော်လင့်နေမိတာတွေကို ပိုင်သာသိရင် လှောင်ရယ်လေမလား။

စက္ကန့်ပေါင်းများစွာ ခုန်ပေါက်နေတဲ့ သွေးခုန်နှုန်းတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုတဲ့ကောင်လေးတစ်ယောက်ရဲ့နာမည်ကို အခါမလပ်ရေရွတ်နေမိတာ အစစ်အမှန်ပါပဲ။

ရာသီတွေသာ အလီလီပြောင်းလဲခဲ့ပါတယ်။ ကျွန်မနှလုံးသားမှာ ကမ္ပည်းတွင်ရစ်တဲ့ 'စစ်ပိုင်သူ'ဆိုတဲ့ အမည်တစ်ခုကတော့ ဘယ်သောအခါမျှ ပျောက်ပျက်သွားမှာမဟုတ်ပါဘူးလေ။



## အခန်း ( ၂ )

မနက်စောစော ငှက်ကလေးတို့၏အော်မြည်သံဖြင့် နိုးထလာမိ၏။ မျက်နှာသစ်၊ ရေချိုးကာ အပေါ်ထပ်မှဆင်းလာခဲ့ပါသည်။ ထမင်းစားခန်းမှာ ဖေဖေရော၊ မေမေနှင့် မမပါ အရင်ရောက်နှင့်နေလေပြီ။

"အိပ်လို့ပျော်ရဲ့လားသမီး"

"ပျော်ပါတယ်ဖေဖေ။ ဘာဖြစ်လို့လဲ"

"ညက သမီးအခန်းထဲမှာ အသံတွေကြားနေရလို့မေးတာ။ ...န်းချီဆွဲနေပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နှုတ်ဆိတ်နေလိုက်သည်။ အိမ်မှာအငယ်ဆုံးမို့ ကျွန်မကိုဝိုင်းပြီးအလိုလိုက်ကြတာမဟုတ်လား။ ကျွန်မဖြစ်ချင်တာ၊ ကျွန်မလုပ်ချင်တာမှန်သမျှ အကုန်လိုက်လျောပေးခဲ့ပါလျက် အချစ်ကိုဦးစားပေးခဲ့မိသည့်အဖြစ်ဆိုးတစ်ခုကြောင့် မိသားစုကြားမှာ အလိုလိုသိမ်ငယ်နေရသည်လေ။

"ဒီနှစ်ကျောင်းဆက်တက်ဦးမှာလားသမီး၊ အငယ်တန်းမှာပထမရထားတော့ အကြီးတန်းတက်မယ်လို့ သမီးဆရာက မျှော်လင့်ထားမှာပဲ"

"ဖွေး မတက်ချင်တော့ပါဘူး"

"ပန်းချီသင်တန်းက ဘယ်လောက်စိတ်ငြိမ်သလဲ သမီးရဲ့၊ မနှစ်ကသူငယ်ချင်းတွေလည်း ရှိသေးတဲ့ဟာ။ ဘွဲ့ယူဖို့စောင့်ရင်းသင်တန်းသုံးလေးခုတက်ထားတော့ ပိုကောင်းတာပေါ့။ ပြီးတော့ဟိုတွေးဒီတွေးမှိုင်နေတာလည်း ပျောက်သွားမှာ"

"ဟုတ်တယ်၊ မေမေပြောတာမှန်တယ်ဖွေးရဲ့၊ ဒီနေ့ ကျောင်းသားသစ်လက်ခံပြီလို့ မမကို ဆရာဦးသန့်ဇင် မနေ့ကပဲပြောလိုက်တယ်။ သွားအပ်နော်"

ဖေဖေက ကျွန်မမျက်နှာကိုဂရုတစိုက်ကြည့်နေတာမို့ ကော်ဖီ





ကိုမှုတ်သလိုလုပ်ကာ မျက်လွှာကိုချထားမိသည်။ မမက ကျောင်းသွားရန်ပြင်ဆင်လေပြီ။ မေမေနှင့်အတူ အိမ်ဖော်မလေး အသန်းက မီးဖိုခန်းထဲမှာ ကူချက်နေ၏။

ဖေဖေက ကုမ္ပဏီသွားရန် အသင့်ပြင်ထားပြီးသားမို့ ကျွန်မနှင့်မျက်နှာချင်းဆိုင်ခုံမှာ ကော်ဖီသောက်နေဆဲ။

"သမီးဖြူဖွေး"

"ရှင်"

"သမီးရင်ထဲမှာ ဘယ်လိုခံစားနေရသလဲဆိုတာ ဖေဖေသိပါတယ်။ စိတ်ကို တော်ရုံပဲ အလိုလိုက်ပါ သမီးရဲ့။ ဖေဖေ့သမီးလေးငေးငေးငိုင်ငိုင်ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ။ အဲဒီလိုဖြစ်နေတာ ဖေဖေမကြိုက်ဘူး။ မောင်ဦးကလည်း သမီးကို စိတ်မလေအောင် သင်တန်းတွေအပ်ပေးမယ်ပြောထားတယ်။ ညနေကျ phone ပြောလိုက်ဦး။ ကြားလား"

"ဟုတ်ကဲ့"

"လန်းလန်းဆန်းဆန်း တက်တက်ကြွကြွနေတာပဲ သမီးကိုဖေဖေမြင်ချင်တယ်။ ပြီးခဲ့တာတွေ အတိတ်မှာထားခဲ့တော့။ ငယ်ရွယ်လို့ မမှားသင့်တာတွေ မှားခဲ့တယ်လို့သဘောထားပြီး မေ့ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ ဒီလိုမှိုင်နေလို့လည်း သမီးအတွက် ဘာမှအကျိုးရှိတာ မဟုတ်ဘူး။ နှစ်သစ်မှာ စိတ်သစ်လူသစ်လိုနေနိုင်ရမယ်။ သမီး ဖေဖေတို့ကိုချစ်ရင် ဖေဖေတို့စကားကိုနားထောင်ပါ"

"ဟုတ်ကဲ့ပါဖေဖေ"

ဖေဖေနှင့်မမထွက်သွားစဉ် ကျွန်မအိမ်ပေါ်သို့ပြန်တက်ခဲ့ပါ၏။ မနှစ်က အပ်ထားသည့် ကျောင်းသားကတ်ကို အံ့ဆွဲထဲမှာရှာရသည်။ ကဗျာစာအုပ်ကြား ညှပ်ထားသည့်ကတ်လေးကို ကျောပိုးအိတ်ထဲထည့်လိုက်ပါ၏။ ပန်းရောင်ဖျော့ဖျော့ blouse ကို လုံချည်အနက်စင်းလေးနှင့်တွဲဝတ်ကာ ဆံနွယ်ရှည်တွေကို ဖြီးသင် စည်းနှောင်လိုက်သည်။ အိမ်အောက်ကိုဆင်းခဲ့တော့ မေမေက ညှိုခန်းပန်းအိုးပြင်နေရင်း လှည့်မေးလေ၏။

"သွားတော့မလားသမီး။ ထီးယူသွားရဲ့လား"

"မရွာလောက်ဘူးထင်ပါရဲ့မေမေရယ်"

"သမီးကတော့လုပ်ပြီ၊ ထီးကိုင်ဖို့သိပ်ပျင်းတာပဲ။ ရွာချလိုက်ရင် လူကြားထဲအရှက်ရမှာကိုမတွေးဘူး။ ကိုယ်လုပ်ချင်တာပဲကိုယ်သိ၊ သိပ်ခေါင်းမာတာပဲ"

မေမေဗျစ်တောက်ဗျစ်တောက်ပြောနေတာကို မကြားချင်ယောင်ဆောင်ကာ ခြံထဲမှထွက်လာခဲ့၏။ ကျွန်မတို့ခြံက လမ်းဆုံးမှာမို့ လမ်းထိပ်ကိုတော်တော်လေး လျှောက်ရသေးသည်။

အင်း. . . ဟိုခြံရှေ့က ဖြတ်ရဦးမှာပါလား။ သူမရှိတော့သည့်အိမ်ကြီးကို အလွမ်းပြေသဘောဖြင့် မကြည့်ချင်တော့ပါချေ။ ပြီးတော့ ကျွန်မ ဘာကြောင့်ထီးမယူချင်ရသလဲဆိုတာ ကျွန်မကိုယ်တိုင်သာ သိသည်လေ။

ဘာဖြစ်လို့လဲဆိုတော့ သူပေးထားတဲ့ထီးမို့ မဆောင်းချင်တာပါ။ သူက အနက်ရောင်ကိုသိပ်နှစ်သက်သလို ကျွန်မကိုပေးသမျှ အနက်ရောင်နှင့်မကင်း။ သူလက်ဆောင်ပေးခဲ့တဲ့ ထီးအနက်ကွက်လေးကိုဆောင်းပြီး သူ့ကိုသတိမရချင်ပါလေ။

ခေါင်းငိုက်စိုက်ဖြင့်လျှောက်လာစဉ် သူတို့ခြံရှေ့အရောက်မှာ လမ်းဘေးသို့ ဗုန်းခနဲပစ်ကျလာသံကြောင့် ကျွန်မ အထိတ်တလန့်ဖြစ်သွားရလေ၏။

"အမယ်လေး! "

အလို! ဒါ. . . ဒါ. . . ပိုင်သိပ်ကြိုက်တဲ့ နှင်းဆီဖြူပင်တွေပါလား။ ဘယ်လိုဖြစ်ကုန်တာပါလိမ့်။ အတွေးဖြင့် ခြံထဲကိုလှမ်းကြည့်လိုက်စဉ် နောက်ထပ်တစ်ရုံက ရောက်လာပြန်လေ၏။






www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! ကုန်ပါပြီ"

ကျွန်မနှုတ်မှယောင်ယမ်းထွက်သွားသံကြောင့် ဖွင့်ထားသည့်တံခါးမှ အကျီဗလာနှင့်လူတစ်ယောက်ပေါ်လာလေ၏။ ပါးမြိုင်းမွေး၊ ဆံပင်ဘုတ်သိုက်နှင့် တောပုန်းပုံစံလူကြီးကြောင့် လန့်ဖျပ်ကာနောက်ဆုတ်စဉ် နှင်းဆီချုံတွေကိုနင်းမိသွားရလေပြီ။

"အမယ်လေး. . . သေပါပြီ"

"ဟော့! မင်းဘယ်လိုလဲကွ၊ စပ်စုလှချည်လား"

"ဘာရှင့်"

"ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးမသွားဘဲ သူများခြံစပ်စုတာကိုး။ ခု ဆူးစူးပြီမဟုတ်လား။ နည်းတောင်နည်းသေးတယ်"

"ကြည့်စမ်း! ရှင် အတော်ရိုင်းလှချည်လား။ လမ်းပေါ်ကိုအမှိုက်တွေလည်း ပုံသေးတယ်။ လမ်းသွားတဲ့လူကိုလည်း ရန်ကရှာသေး။ ရှင်ဘယ်လိုလူလဲ"

"ဟ! ငါ့ခြံငါရှင်းတာ မင်းကို permit တောင်းရဦးမှာလား။ ကိုယ့်သဘောနဲ့ကိုယ် ကြိုက်ရာလုပ်မှာပေါ့။ လျှာကိုရှည်တယ်"

"ရှင်နော်, ဒါ ပန်းပင်တွေရှင့်။ အဖိုးတန်မှန်းမသိမတန်မှန်းမသိ လုပ်ချင်ရာ ဇွတ်လုပ်တာပဲလား။ ဘာဖြစ်လို့ ဒီနှင်းဆီပင်တွေကို အသားလွတ်ခုတ်ပစ်ရတာလဲ"

"ရှုပ်လို့ပေါ့ကွ။ အလကား ပန်းမပွင့်ဘဲ ချုံထနေလို့ ခြံထဲမှာရှင်းအောင်းတယ်။ ကျန်းမာရေးနဲ့ညီညွတ်အောင် ရှင်းလင်းတာကောင်းအပူ တစ်ပြားမှမပါဘူး။ လူကြည့်တော့ဖြင့် နို့နံ့တောင် မစင်သေးဘူး။ ဆရာတော်တော်လုပ်ချင်နေပုံပဲ။ တောက်! "

"ရှင်နော်"

"ဖြူဖွေး ဘာဖြစ်နေတာလဲ"

နောက်မှပေါ်လာသည့် မေသက်အသံကြောင့် ကျွန်မသတိဝင်သွားရပါလေ၏။ အမယ်လေး. . . လမ်းမကြီးပေါ်မှာ ရန်ဖြစ်နေတဲ့အဖြစ်ကြီးပါလား။ ရှက်ဖို့ကောင်းလိုက်တာ။

"အသက်ရယ်. . . ဒီမှာ နှင်းဆီပင်တွေကိုခုတ်ပစ်လို့ နှမြောနေရတဲ့ကြားထဲ ဒီလူက ဖွေးကိုရန်တွေ့နေလို့. . . အဲဒါ"

"ဟ! ငါ့ခြံ ငါရှင်းတာလို့ မင်းကို ဘယ်နှခါပြောရမလဲကွ။ တော်တော်လာတဲ့ချာတိတ်ပဲ"

"အသက် တောင်းပန်ပါတယ် ဦးနေ။ ဖြူဖွေးက ဒီနှင်းဆီပွင့်ကို သိပ်ကြိုက်လို့ပြောမိတာပါ။ သင်တန်းသွားအပ်မှာမဟုတ်လား ဖြူဖွေး။ ငါ နင့်အိမ်မှာ အခုပဲဝင်မေးခဲ့တာ"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒါဖြင့်လည်း လာ. . . သွားကြစို့"

သူမလက်ကို ဖျတ်ခနဲဆွဲခေါ်သဖြင့် ပါသွားလေ၏။

ဆံပင်ရှည်တွေ ဝဲခနဲလွင့်သွားတာကို သူငေးမိသွားရပါ၏။

အို. . . လှလိုက်တဲ့ဆံပင်တွေပါလား။

သူမနာမည်. . . ဖြူဖွေးတဲ့။

ဒီနှင်းဆီဖြူတွေကို နှစ်သက်လို့ဆိုပါလားလေ။ သူက ချုံထသည်ဆိုပြီး အကုန်ခုတ်ပစ်ပြီး မီးရှို့ဖို့ကြံစည်နေတာ။ ဒီနှင်းဆီတွေက အရိုင်းဝင်ပြီး ပန်းလည်းမပွင့်တော့တာကိုး။ တစ်ပတ်လောက် အိမ်ထဲအောင်းနေပြီးမှ ဒီနေ့ပဲ ခြံထရှင်းပါတယ်။ ကောင်မလေးတစ်ယောက်နဲ့ ပြဿနာကြုံတော့တာပဲ။ သူက မိန်းကလေးတွေနဲ့မပတ်သက် မဆက်ဆံချင်သူလေ။

"နှင် သူနဲ့သိလို့လား အသက်"

"မသိပါဘူးဟဲ့။ ဖေဖေက မောင်နေလို့ခေါ်တာကြားလို့ ခေါ်လိုက်မိတာပါ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"နှင်. အပင်တွေကို နှမြောနေတာမဟုတ်လားဖြူဖွေး။ ငါ





သိပါတယ်"

ကျွန်မ ငိုင်သွားရပါ၏။ သူများတွေတောင် ကျွန်မရင်ထဲက ခံစားချက်တွေကိုသိပါလျက်နဲ့ သူ မသိနိုင်တာ ဘာကြောင့်များပါလိမ့်။

"မဟုတ်ပါဘူး။ အဲဒီခြံမှာ လူမနေတာကြာပြီမို့လား။ ဒီနေ့မှ လူရိပ်မြင်လိုက်ရလို့ အံ့သြနေမိတာ။ အတော်ရက်စက်တဲ့လူပဲနော်။ အပင်လေးတွေကို မညှာမတာခုတ်ပစ်ရတယ်လို့"

"ဦးနေတို့ဝယ်ထားတာကြာပြီ ဖြူဖွေးရဲ့။ အခုမှ သူအရင်းလာရှင်းနေတာပါ။ သူပြောတာမှန်ပါတယ်။ အဲဒီနှင်းဆီတွေ အရိုင်းဝင်ပြီး မပွင့်တာကြာပြီ။ နှင်က ခြံထဲမရောက်ဖြစ်လို့ မသိတာလေ"

"နှင်ရောက်လို့လား"

"ဟင့်အင်း. . . ဖေဖေက ဦးနေရဲ့ဦးလေးနဲ့ရင်းနှီးတယ်ဟ။ ခြံကိုစောင့်ကြည့်ဖို့မှာထားလို့ သိရတာ"

စကားစကိုဖြတ်၍ bus ပေါ် တက်လိုက်ပါ၏။ သုံးမှတ်တိုင်လောက်စီးလာပြီးမှ ကားပေါ်က ဆင်းလိုက်သည်။ 'နွေမိုးဆောင်း' ဟု ဆိုင်းဘုတ်တပ်ထားသည့် သင်တန်းကျောင်းထဲဝင်လာတော့ ဆရာဦးသန့်ဇင်က ကျွန်မတို့ကိုမြင်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော! သမီးဖြူဖွေး။ ကျောင်းလာအပ်ပြီလားသမီး"

"ဟုတ်ကဲ့ပါဆရာ"

"တော်သေးတာပေါ့။ ဆရာက သမီးမတက်တော့ဘူးလို့တောင် ထင်နေတာ။ ဒီနှစ် လူလည်းများသလို ဆရာတွေလည်း အသစ်ခန့်ထားတယ်သမီးရဲ့။ သမီးသိပ်နှစ်သက်တဲ့ရှုခင်းပုံတွေကို ကောင်းကောင်းသင်လို့ရပြီ"

ကျွန်မ ပြုံးရုံသာပြုံးလိုက်ပါသည်။ ဆရာက ကျွန်မတို့နှစ်ယောက်ကို ကျောင်းအပ်လက်ခံပြီး ကတ်လေးတွေကို ကိုယ်စီပေးလိုက်လေ၏။

"ဘယ်နေ့စဖွင့်မှာလဲဆရာ။ သင်တန်းချိန်ကရော ခါတိုင်းလိုပဲလား"

"ဟုတ်တယ်လေသမီးရဲ့။ အင်္ဂါ၊ ကြာသပတေး၊ စနေ, တစ်ပတ်သုံးရက်ပဲ။ အချိန်လည်း ညနေလေးနာရီ။ ဒါပေမဲ့ သမီးတို့က အကြီးတန်းမို့ Outdoor ထွက်ရတဲ့နေ့တွေ ရှိကောင်းရှိလိမ့်မယ် အိမ်ကိုလည်းပြောထားဦးပေါ့"

"ဟုတ်ကဲ့ဆရာ၊ အသက်က ကိစ္စမရှိပါဘူး။ ဖြူဖွေးကို သူ့အစ်ကိုက သင်တန်းတွေတက်ခိုင်းမှာမို့ အချိန်တိုက်မှာစိုးလို့ပါ"





"အေးလေ, ဆရာနဲ့အချိန်ညှိရင်ဖြစ်မှာပါသမီးရဲ့။ ပြဿနာမရှိပါဘူး"

"ဟုတ်ကဲ့။ ဒါဆို အသက်တို့ပြန်ပါဦးမယ်ဆရာ"

"ကောင်းပြီသမီး"

ကျွန်မတို့နှစ်ယောက်ပြန်လာတော့ ဟိုလူက ခြံရှေ့မှာ အပင်တွေကို မီးပင်ရှို့နေလေပြီ။ မုန်းဖို့ကောင်းလိုက်တာနော်။ ဖွေး,သိပ်ကြိုက်တဲ့အပင်တွေကိုခုတ်ပစ်ပြီး မီးရှို့တယ်လို့။

သူ့ခြံရှေ့မှ ဖြတ်လျှောက်လာတာကို မသိချင်ယောင်ဆောင်၍ အလုပ်လုပ်နေသဖြင့် စကားမများရတော့ပါချေ။ လမ်းချိုးမှာ တစ်ဖက်လမ်းသို့ မေသက်,ဝင်သွားမှ ကျွန်မရှေ့ဆက်လျှောက်လာခဲ့၏။

ဝေးပြီပေါ့ ပိုင်. . .

အလွမ်းပြေရှုရှိုက်ခွင့်ရခဲ့တဲ့နှင်းဆီတွေတောင် အရိပ်မျှမကျန်တော့ပြီဘဲ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၃ )

ဝရန်တာမှ ငုံ့ကြည့်လိုက်စဉ် ကိုဦးကားလေး ဝင်လာတာကို
င်လိုက်ရလေ၏။ ကိုဦးဆိုတာ မမနဲ့စေ့စပ်ထားတဲ့ မမရဲ့ချစ်သူ
သ။ ကျွန်မကို ညီမလေးတစ်ယောက်လိုချစ်ခင်ပြီး စိတ်ရှည်သည်း
သည့်ကိုဦးကိုလည်း ကျွန်မက ခင်မင်ရင်းစွဲဖြင့်ချစ်ပါ၏။

"ဖွေးရေ, ဒီမှာ နင့်အစ်ကိုပါလာတယ်ဟေ့"

မမအသံကြောင့် နှာခေါင်းရှုံ့လိုက်ပါ၏။ ပြောလိုက်ရင်
ာင်းပြန်ကြီးပဲ။ သူ့ကားနဲ့လမ်းကြုံလိုက်လာပြီး ကိုဦးပါလာတယ်
ပြောရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အောက်ထပ်ဆင်းလာတော့ ကိုဦးက မီးဖိုခန်းထဲပင် ရောက်နေလေ၏။

"ကိုဦး. . . ဖွေးဖို့ဘာပါလဲ"

"ဘာမှမပါဘူး ဖွေးရေ့။ ငါ့ညီမ ဘာများလိုချင်လို့လဲ"

"ဖွေး, စုတ်တံကောင်းကောင်းလိုချင်တယ်ကိုဦးရဲ့။ မနှစ်က စုတ်တံတွေက အမွေးတုံးနေပြီ"

မီးဖိုခန်းဘက်ဝင်လိုက်စဉ် ကိုဦးက ကျွန်မကိုအကဲခတ်သလ ကြည့်လိုက်ပါ၏။ ကျွန်မ သက်ပြင်းကို ခိုးရှိုက်လိုက်မိသည်။ လူ ဒီလိုပဲ သနားစရာသတ္တဝါတစ်ကောင်လိုပဲ ကြည့်နေမြင်နေကြဦးမှ ပဲလား။ အသည်းကွဲတဲ့ကောင်မလေးလို့ပြောရအောင်လည်း သူန ဖွေးက တရားဝင်ချစ်သူတွေဖြစ်ခွင့်မှမရခဲ့တာလေ။

"စုတ်တံက ဖွေးစိတ်တိုင်းကျ လိုက်ရွေးမှရမှာပေါ့ဖွေးရဲ့ ကိုဦးက ဘယ်ရွေးတတ်မှာလဲ။ လိုချင်ရင် ဒီညနေပဲသွားကြမ လေ။ ဗိုလ်ချုပ်ဈေးမှာ ဖွေးကြိုက်ရာရွေးပါလေ့"

"ညနေဘက် ဆိုင်ဖွင့်ပါတော့မလား ကိုဦးရဲ့"

"ဖွင့်ပါတယ်ဖွေးရဲ့။ အဲဒီမှာ ပန်းချီပြခန်းဖွင့်ထားတော့ ည ကိုးနာရီအထိ ဆိုင်တွေရှိနေပါတယ်"





"ထမင်းစားပြီးမှသွားနော်သား။ ဒီနေ့ သားကြိုက်တဲ့ငါးရံ့အူ ာင်းချက်ထားတယ်"

"စားမယ်မေမေ့။ နီနီ့ကိုဝင်ကြိုရင်းသိလို့ လိုက်လာခဲ့တာ"

မမက ရေချိုးရန် အပေါ်ထပ်သို့တက်သွားတာမို့ မေမေနှင့် အတူ ထမင်းပွဲ ဝိုင်းပြင်ပေးနေမိ၏။ ကိုဦးက ဝယ်လာပေးသည့် ုန့်ထုပ်တွေ၊ နို့မှုန့်ပုလင်းတွေကို ဗီရိုထဲသိမ်းပေးနေလေသည်။

"ဘာသင်တန်းတက်ချင်လဲဖွေး"

"မပြောတတ်ပါဘူး။ ဖွေး,မနက်ကပဲ ပန်းချီသင်တန်းသွား အပ်ပြီးပြီ"

"စိတ်ပြေလက်ပျောက် Speaking တွေ၊ Language တွေ ာက်ပါလား,ဖွေး။ ကိုဦးအသိ သင်တန်းတွေရှိတယ်"

"ကိုဦးပြောပုံကြီးကလည်း ဖွေးကို အိမ်ထဲအောင်းပြီး ပျင်း နေတယ်လို့ထင်နေလို့လား"

"မဟုတ်ပါဘူး, အထင်မလွဲပါနဲ့ဖွေးရဲ့။ ကိုဦးက ဖွေးကို ဟိုး အရင်တုန်းကလို ပျော်နေပြုံးနေတာကိုပဲ အမြဲမြင်နေချင်လို့ပါ"

ရင်ထဲမှာ မကောင်းဘူး ပိုင်။ ကျွန်မမျက်နှာမှာ အပြုံးမရှိ တော့တာ ကြာခဲ့ပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ချင်ပါတယ် ပိုင်ရယ်။ အသက် (၂၀)ကျော်အရွယ် လန်းဆန်းတက်ကြွတဲ့ဟန်ပန်မျိုးနဲ့ ပြုံးချင်ပျော်ချင်တာအမှန်ပါ။ ဒါပေမဲ့ ဖွေးဆီမှာ အပျော်တွေပျက်သုဉ်းသွားတာ ကြာခဲ့ပါပြီလေ။

"ဖွေးရုပ်က အပျော်မဲ့နေတဲ့ လူမမာရုပ်ပေါက်နေလို့လား ဟင်"

"လူမမာရုပ်ရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲဖွေးရဲ့။ ပိန်ကျသွားတာတော့ မျက်မြင်ပဲလေ။ နဂိုက အသားဖြူရတဲ့ကြားထဲ အခုလို အိမ်တွင်းပုန်းလုပ်နေတော့ လူက ပိုးဟပ်ဖြူလေးလို နေမထိလေမထိဖြစ်နေတာပေါ့။ ကိုဦးညီမလေးက အရင်ဆို ကိုဦးလာတိုင်း ပြေးကြိုလေ့ရှိခဲ့တာ။ အခုတော့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လို့"

"အဲဒါပဲသားရယ်၊ ပြောရင်လည်း ထုံပေပေနဲ့။ သူငယ်ချင်းတစ်ယောက်နဲ့ခွဲရတာ ဒီလောက်ထိ ခံစားစရာမှမလိုတာ။ ဟိုက အနုပညာလမ်းမပေါ် ရောက်ပြီး ဘဝမေ့လောက်ပြီ။ သူက ခုထိလွမ်းလို့ကောင်းနေတုန်း။ လူ့ဘဝမှာ တွေ့ဆုံကြုံကွဲ ဓမ္မတာဆိုတာကို သူနားမလည်တော့ ခက်တာပဲ"

မေမေရယ်. . . ဖွေးနဲ့ပိုင်က သူငယ်ချင်းအဆင့်ထက်တော့





မကပါဘူး။ တွယ်ငြိတဲ့သံယောဇဉ်ကို အခုလိုခပ်စောစောဖြတ်သွားလိမ့်မယ်လို့မှ ထင်မထားမိတာလေ။ လျှပ်တစ်ပြက်ခွဲခွာခြင်းနောက်မှာ ဖွေးရင်ကွဲပက်လက်ကျန်ရစ်ခဲ့မယ်ဆိုတာကို သူမသိနိုင်လို့ဘဲဖြစ်မှာပါနော်။

"စစ်ပိုင်တို့ပြောင်းသွားတာ ဘယ်နှလရှိပြီလဲ။ ဘာသတင်းမှမကြားဘူးလား"

"တစ်နှစ်လောက်တော့ရှိမှာပေါ့။ သူ့စီးရီးစ်သွင်းနေကတည်းက ပြောင်းဖို့ တာစူနေတဲ့ဟာပဲ။ ဒီ့ထက်ပိုပြီး လူတောတိုးတဲ့နေရာမှာ ပြောင်းနေကြတာလေ။ အခုအောင်မြင်နေပြီကြားတော့လည်း မေမေတို့က ဂုဏ်ယူဝမ်းသာနေတာပါ။ သားညီမတစ်ယောက်ပဲ အခုလိုဖြစ်နေတာ"

"ဖွေး့ခင်မယ်ဆိုလည်း ခင်စရာကိုး။ စစ်ပိုင်က လူချစ်လူခင်ပေါပြီး သိပ်ဖော်ရွေတတ်တယ်လေ။ တစ်ဆွေတစ်မျိုးလုံးမှာမှ ယောကျ်ားလေးတစ်ယောက်ဟည်းပါလို့ ဝိုင်းပြီးအလိုလိုက်နေကြတာဆိုပေမယ့် သိပ်အဆိုးကြီးမှမဟုတ်ဘဲ။ အသောက်အစားကင်းပြီး တစ်ဖက်သားကို လိုက်လိုက်လျောလျောဆက်ဆံတတ်တာလေးကိုပဲ ဝိုင်းပြီးချစ်ခင်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲလား ပိုင်။ ကိုဦးက ပြောနေပြီ။ ပိုင်က လူတိုင်းကို ဖော်ဖော်ရွေရွေဆက်ဆံတာ တကယ်ပဲဆိုရင် ဖွေးအပေါ် ဆက်ဆံတာတော့ သာမန်ထက်မကနိုင်ပါဘူး။ ကျွန်မသိနေပါတယ်။ မသိစိတ်ရဲ့စေတသိတ်မှာ သံယောဇဉ်အရောင်တွေကို ကျွန်မမြင်တတ်ခဲ့တာအမှန်ပါကွယ်။

မမက သနပ်ခါးရေကျဲလေးလူးပြီး ဆင်းလာလေ၏။ ထမင်းဝိုင်းမှာထိုင်တော့ ကျွန်မက ပန်းကန်ထဲမှထမင်းကို တစ်ဝက်လျှော့ပြီး ထမင်းအုပ်ထဲသို့ ပြန်ထည့်လိုက်ပါသည်။ မေမေ့မျက်စောင်းက ကျွန်မထံ ဒိုင်းခနဲရောက်လာလေ၏။

"ဘာလုပ်တာလဲသမီး။ ဘာမှသိပ်မရှိတဲ့ထမင်းကို ထပ်လျှော့ရသလား။ သရေစာလည်းမစားတတ်ဘဲနဲ့။ ဒီထမင်းကိုမှ အာဟာရထားပြီးမစားရင် လူက လုံးပါးပါးပြီး‌သေသွားလိမ့်မယ်"

"ဖွေးမှစားလို့မဝင်တာ မေမေရ"

"ဝင်အောင်စားပေါ့"

"ကဲပါမေမေရယ်။ ကျွန်တော်မြို့ထဲရောက်ရင် သူစားချင်တာ တစ်ခုခုဝယ်ကျွေးလိုက်ပါ့မယ်။ ကလေးစိတ်ညစ်အောင် ပြောမနေပါနဲ့တော့"





ထမင်းစားပြန်တော့လည်း ချက်ကျွေးသည့်ဟင်းထက် ငါးပိချက်နှင့်တို့စရာကိုသာ အားထားပြီးစားတာမို့ ကိုဦး သက်ပြင်းချမိလေ၏။ အငယ်ဆုံးမို့ အလိုလိုက်ဖြတာမှန်ပေမယ့် ဖွေး, ဤသို့စိတ်ကိုအလိုလိုက်ဟာကိုတော့ ကြည့်မနေနိုင်ပါချေ။

"အဝတ်သွားလဲဦးလေ"

"မလဲတော့ဘူး။ ဒီတိုင်းပဲသွားမယ်"

"ဟဲ့! လူကြားထဲသွားမှာ, အိမ်နေအဝတ်နဲ့ သွားစရာလား။ မိဖွေးနော်"

"အာ. . . ညရောက်တော့မယ်ဟာပဲ မေမေရဲ့။ ဘယ်သူမှ ကြည့်ပါဘူး"

"နင်ကတော့လေ ပြောလိုက်ရင်ဒီလိုချည်းပဲ။ အဲဒါပဲ သားရယ်။ သူ့ကိုယ်သူ အသက်(၄၀)ကျော်များထင်နေလားမသိ။ အဘွားအိုကြီးလို ဖြစ်သလိုနေတယ်။ တကယ်ပဲ"

ကိုဦးက ပြုံးရုံသာပြုံးလိုက်ပြီး ထမင်းစားတာကိုလက်စသတ်လိုက်လေ၏။

ဆံပင်ရှည်တွေကို ဘီးဖြင့်သုံးလေးချက်ဖြီးကာ သိုးမွေးကွင်းဖြင့်စည်း၍ ကားပေါ်တက်လိုက်လာသည့် ကျွန်မပုံစံက သိပ်များ



www.burmeseclassic.com

www.burmeseclassic.com



နွမ်းနေပြီလား။ အိုလေ. . . ဘာမှဂရုစိုက်ဖို့မလိုပါဘူး။ လုံလုံခြုံခြုံ ဝတ်ထားတာမို့ လူလည်းသိပ်မကြည့်လောက်ဘူးထင်ပါရဲ့။

"ပြခန်းထဲ ဝင်ကြည့်ဦးမလား၊ဖွေး"

"ကြည့်တော့ကြည့်ချင်ပါတယ်။ ဒါပေမဲ့ အရမ်းမှောင်သွား... မှာစိုးသလို ကိုဦးကိုလည်း အားနာလို့ပါ"

"မလိုပါဘူး ဖွေးရယ်။ အစ်ကိုတစ်ယောက်အနေနဲ့ ညီမလေး... ကို ဒီလောက်ထော့အလိုလိုက်ရမှာပေါ့။ မဟုတ်ဘူးလား"

"ဖွေးမှာ အဖော်မရှိတော့လို့ပါ ကိုဦးရာ။ အရင်ကဆို သူက... အမြဲလိုက်ပို့ပေးတတ်တာ"

"ကိုဦးသိပါတယ် ဖွေးရယ်"

ဟုတ်တယ်နော်။ ပိုင်၊ သီချင်းစာအုပ်တို့၊ အခွေတို့ရွေး... လည်း ကျွန်မက စောင့်ပေးသလို ကျွန်မသွားချင်ကြည့်ချင်တဲ့ ပန်း... ချီပြခန်းတို့၊ စာအုပ်ဆိုင်တို့ဝင်ရင်လည်း ပိုင်က စိတ်ရှည်ရှည်... စောင့်ပေးခဲ့တာလေ။ အခုတော့ ကျွန်မကို ဂရုတစိုက်နဲ့လိုက်ပေး... မယ့်အဖော်ရယ်လို့ ဘေးနားမှာရှိမနေတော့တာအမှန်ပါပဲ။

ပြခန်းနေရာက အရင်ဆုံးရောက်တာမို့ ကျွန်မတို့နှစ်ယောက် အရင်ဆုံးဝင်လိုက်ပါ၏။ ကိုဦးက ကျွန်မဘေးနားမှာ လိုက်လျှောက်...





ပြီး ပုံတွေကိုလှည့်ပတ်ကြည့်ရှုလေသည်။ အခန်းလေးခန်း ခွဲပြထားတာမို့ ကျွန်မက စိတ်ကြိုက်ဖြစ်မည့်အခန်းတွေထဲသို့ ဝမ်းသာအားရှော်ဝင်လိုက်စဉ် လူတစ်ယောက်ကိုကျော်ပေးလျက် ဝင်တိုက်မိသွားရလေ၏။

"ကျွတ်!"

ခုံသပ်ကာ လှည့်ကြည့်လိုက်သည့်လူကိုတွေ့ရစဉ် ကျွန်မ မျက်လုံးပြူးသွားရလေသည်။ ဘုရားရေ. . . ဒါ၊ ဒီမနက် သူတို့ခြံထဲမှာတွေ့လိုက်ရသည့်လူပဲ။ သူက စိတ်မရှည်ပုံဖြင့် ကျွန်မကိုဖျတ်ခနဲကြည့်ကာ ပြန်လှည့်သွားလေ၏။ အမယ်လေး. . ကြုံမှကြုံတတ်လေ။ ဒီလူနဲ့မှ ဒီနေရာမှ လာတိုးရတယ်လို့။

အမျိုးသမီးတစ်ယောက်ရေချိုးနေသည့်ပုံနားမှာ ကျွန်မ ရပ်ကြည့်နေမိသည်။ အသက်ပါလိုက်တာနော်။ ရေလေးတွေ စီးကျနေတာရော၊ ကြက်သီးမွေးညင်းလေးတွေထနေတာကအစ သေသေချာချာကြီးကို မြင်နေရတာကိုး။ နောက်တစ်ပုံက ကိုရင်လေး၊ ငါးယောက် စာစုကျက်ပုံကို အပေါ်မှစီးပြီး မြင်နေရသည့်ပုံဖြစ်၏။ ခေါင်းပြောင်လေးတွေမှာ ဆံစလေးသုံးလေးချောင်း ထွက်နေတာကို အတိုင်းသားမြင်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချွတ်စွပ်ကြီးနော်။ ဓာတ်ပုံကို ပြန်ဆွဲထားတာထင်တယ်"

ကျွန်မတီးတိုးရေရွတ်တော့ ဘေးနားကရပ်နေသည့်လူကြီးက လှည့်ကြည့်ပြုံးပြလေ၏။

"သမီးက ဘယ်ဆိုးလို့လဲ။ ဓာတ်ပုံမှန်း ဘယ်လိုသိတာလဲ"

"ဟိုလေ, ဆေးသားတင်တာ တခြားပုံတွေနဲ့မှ မတူတာကိုး ဦးရဲ့။ ဒါကြောင့်ပါ"

"နောက်ဘယ်ပုံတွေ သဘောကျသေးလဲ"

"ဟိုဘက်ခန်းက အရုဏ်ဦးဆွမ်းခံကြွနေတဲ့ပုံနဲ့ ညနေဆည်းဆာနေဝင်ချိန်က စပါးခင်းပုံကိုကြိုက်တယ်"

"ဆွမ်းခံကြွတဲ့ပုံက ကိုရင်လေးနဲ့ ကျောင်းသားလေးပဲပါတာ ဘာကိုသဘောကျတာလဲ"

"နောက်ခံအလင်းအမှောင်ပေးတာကို သဘောကျတာ။ နှင်းငွေ့တွေဝေနေတဲ့အချိန်မှာ တံတားလေးကူးတာ သိပ်အသက်ဝင်တာပဲ ဦးရဲ့"

"မဆိုးဘူး။ သမီးမှာ အနုပညာမျက်စိနဲ့ အမြင်အများကြီးရှိတယ်။ ပန်းချီကျောင်းတက်ဖူးသလား"

"ဟုတ်ကဲ့, နွေမိုးဆောင်းမှာ ဒီနှစ် ဒုတိယနှစ်တက်ရမှာပါ"





"ဩော်! ဒါကြောင့်ကိုး။ ဒါဖြင့် သန့်ဇင်ရဲ့တပည့်ပေါ့လေ"

"ဟုတ်ပါတယ်။ ဦးက ဆရာ့ကိုသိလို့လားဟင်"

ထိုလူကြီးက ပြုံးလိုက်သဖြင့် သူမ ထိတ်ခနဲဖြစ်သွားမိလေ၏။ အထူးသဖြင့် နဖူးတည့်တည့်မှ မှည့်ညိုကြီးကိုကြည့်ရင်း တစ်စုံတစ်ခုကို သတိရသွားပါသည်။ ဘုရားရေ. . . ဒါ,ဆရာ့ရဲ့ဆရာကြီး ဦးဘကြည်ထင်တယ်။

"ဟို. . . ဦးက ဆရာဦးဘကြည်လားဟင်"

"အမှန်ပါပဲကွယ်"

"အား. . . ဖွေးက ပုံတွေကို ပျစ်ပျစ်နှစ်နှစ်ကြည့်ပြီး ဝေဖန်မိနေပြီ။ ဒုက္ခပါပဲ"

"ဟင်းဟင်း. . . မြင်သလောက်သိသလောက်ပြောတာပဲ သမီးရဲ့။ မှန်တာပြောတဲ့သူက ဘာမှကြောက်စရာမလိုဘူး"

"ဖွေးက ဘာမှသိပ်မသိဘဲနဲ့ ပြောမိတာကိုး ဆရာကြီးရဲ့"

ဆရာကြီးက သဘောကျစွာဖြင့် ရယ်မောလိုက်ပြီး ကျွန်မခေါင်းကို လက်ဝါးဖြင့်အုပ်လိုက်လေ၏။

"ဒီလိုပြောတတ်မြင်တတ်မှ ပန်းချီဆရာကောင်းတစ်ယောက်ဖြစ်လာမှာသမီးရဲ့။ နောက်ကို ဒီလိုပြခန်းမှာတင်နိုင်မယ့်ကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲမယ့်ကလေးတစ်ယောက်လို့ ဦးမျှော်လင့်ရင်း ကြိုဆိုပါတယ်သ
ရယ်"

"ကျေးဇူးတင်ပါတယ်ဆရာကြီး။ ဖွေးပြန်ပါဦးမယ်ရှင့်။ ခ
ပြုပါဦးနော်"

"အေးကွယ်"

ဆရာဦးဘကြည်နှင့်စကားပြောပြီးထွက်လာရာ မုတ်တံဆိ
မှာ ရွေးဝယ်နေသည့်ဟိုလူနှင့်ထပ်ဆုံပြန်၏။ ကျွန်မနှင့် ကိုဦး
ဖျတ်ခနဲလှည့်ကြည့်လိုက်သည့်မျက်လုံးတို့ကြောင့်ရင်တုန်သွား
တာ အမှန်ပါပဲ။

ဒုက္ခရေ . . ကျွန်မတို့ကိုတစ်မျိုးမြင်သွားပြီထင်ပါရဲ့။ ကြို
ရာကိုရွေးတော့ ကိုဦးက ငွေစိုက်ရှင်းပေးလေ၏။

"ဖွေးဘာစားမှာလဲ"

"ကြက်သားဆန်ပြုတ်သောက်ချင်တယ်"

"ဒါဖြင့် သွားစို့လေ"

ဆိုင်ပြင် ခုံတန်းမှာထိုင်၍ ဆန်ပြုတ်သောက်နေစဉ် နံဘေး
မှာ ကားတစ်စီးက အသံကျယ်ကျယ်ဖြင့် မောင်းသွားသည့်ကားပေါ်
မှလူတစ်ယောက်ကိုတော့ သတိမထားမိခဲ့ပါချေ။





အလွမ်းတွေနဲ့ပြည့်နှက်နေတဲ့ ကောင်မလေးတစ်ယောက်
စိတ်အနှောင့်အယှက်ဖြစ်အောင်လိုက်လုပ်မည့်လူတစ်ဦးရောက်
ပြီဟု ထိုစဉ်က ကျွန်မ,မတွေးမိခဲ့ပါလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၄ )

"သမီးရေ. . . မေသက်,လာတယ်"

ကျွန်မ ရေချိုးခန်းထဲမှထွက်ကာ ခေါင်းသုတ်ရင်းဖြင့် တံခါးကိုဖွင့်ပေးလိုက်ပါ၏။ အသက်က အခန်းထဲဝင်လာလေသည်။

"နှင် ဂစ်တာမတီးတော့ဘူးလား"

"ကြာပြီ"

"အဲဒီလိုကြီးတော့ မနေပါနဲ့ဟာ။ နှင့်ကိုကြည့်ရတာ အသည်းကွဲလေဒီကြီးကျနေတာပဲ, စိတ်ညစ်စရာကြီး။ အခုမှ အသက်လေး (၂၀)ကျော်သေးတာ၊ လန်းဆန်းတက်ကြွရမယ့်အရွယ်မှာ ထူထူထိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနေရတယ်လို့"

"ဖွေးက ဘာဖြစ်နေလို့လဲအသက်ရယ်"

"ဒါတော့ နင့်ကိုယ်နင်သိမှာပေါ့ဟဲ့။ အန်တီချစ်က ဈေးလာရင်း မေမေ့ကိုပြောပြတာမှတ်လို့။ နင့်ကိုအဖော်လာလုပ်ပေးပါပြောတာနဲ့ ငါထွက်လာခဲ့တာ။ ဘွဲ့ယူဖို့လျှောက်လွှာတွေ သွားတင်ရဦးမယ်။ နင်ဓာတ်ပုံရိုက်ပြီးပြီလား"

"ဟင့်အင်း"

"တွေ့လား၊ ဘယ်တော့မဆို ကြိုတင်ပြင်ဆင်ထားခြင်းကိုမရှိဘူး။ နင့်အစား ငါရင်လေးတယ်ဖြူဖွေးရယ်"

ပြောတော့အသက်ရယ်။ အရင်ကဆို ဖွေးရဲ့နံဘေးမှာ သူကဖြည့်ဆည်းဘက်အဖြစ် အမြဲရှိနေခဲ့တာလေ။ ဘာမဆိုအဆင်သင့်ဘေးကနေ ကူလုပ်ပေးခဲ့တာမို့ သူမရှိတော့တဲ့နောက်မှာ ဖွေးတစ်ယောက်တည်း မနေတတ်တော့တာအမှန်ပါ။

"ဆံပင်တွေ ခြောက်အောင်သုတ်လေ။ ပြီးရင် ဓာတ်ပုံသွားရိုက်ရအောင်"

"သုတ်တာပဲဟာ"

"အဲဒါသုတ်ထားတာလား။ ဒီလောက်အုံထူတဲ့ဆံပင်ကို ပြီး





လွယ်လုပ်ရင် နင်ပဲဖျားမှာ။ သင်တန်းတွေတက်ရတော့ပါမယ်ဆိုမှ ရောဂါမရှာနဲ့"

အသက်က ပြောလည်းပြော၊ တန်းပေါ်တွင်လှမ်းထားသည့် Towel ကိုယူကာ ကျွန်မဆံပင်တွေကို သုတ်ပေးတော့ မျက်ရည်ဝဲရပါ၏။ ဟိုတစ်ချိန်က ဤဆံပင်တွေကို သူပဲသုတ်ပေးခဲ့တာမဟုတ်လား။

"ဖြူဖွေး . . . နင် သူ့ကိုသတိရနေလားဟင်"

ဘာမှပြန်မဖြေဘဲ မျက်ရည်သာ ပေါက်ခနဲကျသွားရလေ၏။ ငိုချင်ပါဘူး ပိုင်ရယ်။ ဖွေးဘဝက ပိုင်နဲ့ဘာဆိုတာတောင် အတိအကျပြောခွင့်မရှိတဲ့အဖြစ်ပါ။ ပိုင်ကတော့ ကျွန်မကိုမေ့ကောင်းမေ့နိုင်မှာမှန်ပေမယ့် ဒီနေ့ဒီအချိန်ထိ ပိုင့်ကိုလွမ်းနေတဲ့ ကျွန်မရဲ့အလွမ်းတွေက အသေချာပါကွယ်။

"မငိုပါနဲ့ဖြူဖွေးရယ်။ နင့်ကို ငါနားလည်ပါတယ်။ စစ်ပိုင်နဲ့နင်တို့သံယောဇဉ်ကို ငါခန့်မှန်းမိသားပဲ။ သူ နင့်ကို ဒီလိုကြီးထားခဲ့ရက်မယ်လို့ ထင်ကိုမထင်မိဘူး"

"တော်ပါတော့အသက်ရယ်။ မပြောပါနဲ့"

"ငါ့သဘောကတော့ နင် သူ့ကို ဒီလိုလွမ်းနာကျနေမယ်



www.burmeseclassic.com

www.burmeseclassic.com



အစား မေ့ပစ်စေချင်တာပါ။ အတတ်နိုင်ဆုံးမေ့လိုက်တာအကောင်းဆုံးပါဟာ"

"မေ့ချင်တာပေါ့အသက်ရယ်။ တကယ်ကို မေ့ထားလိုက်ချင်တာပါ။ ဒါပေမဲ့ မေ့လို့မှမရတာ။ ဖွေးအနီးဝန်းကျင်မှာ သူနဲ့ပတ်သက်တဲ့အရာတွေသာ ပြည့်နှက်နေခဲ့တာ။ ဘယ်ကိုပဲကြည့်ကြည့် သူ့အရိပ်တွေသာ အမြဲမပြတ်ရှိနေခဲ့တာလေ။ သူလှည့်စားသွားတယ်လို့စွပ်စွဲရအောင်လည်း သူနဲ့ဖွေးက အများထင်နေသလို ချစ်သူတွေမှမဟုတ်ခဲ့တာဘဲ"

အသက်က အံ့ဩသလိုမျက်ဝန်းတို့ဖြင့် ကျွန်မကိုကြည့်လာလေ၏။ ဆံပင်တွေကို ဘီးဖြင့်ရှင်းနေရင်း မှန်ထဲမှပုံရိပ်ကိုကြည့်လိုက်ပါသည်။ တော်တော်ပိန်ကျသွားတာပါလား။ ဒီလောက်ထိ ရုပ်ကျသွားလိမ့်မည်ဟု ကျွန်မကိုယ်ကျွန်မထင်မထားမိပါချေ။

"သူ နင့်ကိုတကယ်ပဲဖွင့်မပြောခဲ့ဘူးပေါ့။ ဟုတ်လား ဖြူဖွေး"

"ပြောတော့ပြောဖူးပါတယ်။ ဒါပေမဲ့ သူပြောတဲ့အဓိပ္ပာယ်က ဖွေးယူဆသလိုမဟုတ်ခဲ့ဘူးအသက်ရဲ့။ သူငယ်ချင်းတစ်ယောက်ထံ သံယောဇဉ်မျိုးနဲ့ ဖွေးကိုချစ်တာတဲ့လေ"

"မဆိုင်လိုက်တာ။ ငါတို့ထက် နင့်ကိုပိုပြီး သူချစ်တာအ





ဘာကြီး။ ဒါတော့ ဒီကောင်သက်သက်ချိုးတဲ့ပုံစံကြီး။ အခုတော့ ခင်းက ဥဩနဲ့နှစ်ပါးသွားခန်းရိုက်နေပြီ"

"ဘယ်က ဥဩလဲဟင်"

"ဖြူဖွေးရယ်. . . နင် လောကကြီးနဲ့ အဆက်အသွယ်တော်တော်ပြတ်သွားတာပါလား။ သူ့အကြောင်းတွေ ဂျာနယ်တိုင်းမှာ မြင်ချင်မှအဆုံး။ နွေဥဩတေးသံသွင်းဆိုင်က ပိုင်ရှင်ရဲ့သမီးလေ။ ကောင်မလေးက နင့်ထက်ငယ်ပြီး လှလည်းလှတယ်။ ဒါကြောင့် သူ နင့်ကိုမျှော်လင့်ချက်တွေပေးပြီး ထားပစ်ခဲ့တာပဲ။ ဟိုက နင်နဲ့ယှဉ်ရင် အစစအရာရာသာလွန်နေတော့ သူ့ကိုရွေးလိုက်တာလေ"

ကျွန်မက ကလစ်လေးကိုကိုင်ထားရင်း ငိုင်သွားမိပြန်၏။

နွေဥဩတဲ့. . .

တကယ်ပဲလား၊ပိုင်။ ပိုင့်မှာ ချစ်ရမယ့်သူ ရှိနေရင်လည်း ကျွန်မကို အိပ်မက်တွေမပေးပါနဲ့တော့လား။ ဘာဖြစ်လို့ မျှော်လင့်ချက်တွေနဲ့ ထားခဲ့ရက်သလဲကွယ်။

"အဲဒီကောင်မလေးက ချောတယ်ပေါ့နော်"

"ချမ်းသာတဲ့အသိုင်းအဝိုင်းကပဲ ဖြူဖွေးရယ်။ ပြင်နိုင်ဆင်နိုင်တော့ ရုပ်ထွက်တဲ့သဘောပေါ့။ ငါလည်း ဒီကောင်နဲ့ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မကြုံသေးလို့ပါ။ ကြုံတဲ့တစ်ရက်တော့ ကောင်းကောင်းကြီးကိုပြေ
ပစ်လိုက်ဦးမယ်။ ဒါမှ ဒင်းသိမှာ"

"ဘာပြောမှာလဲအသက်ရယ်။ သူက အပြစ်ကျူးလွန်ခဲ့တဲ့
မှုမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် နင့်ကိုချိုးသွားတဲ့အချိုးကိုတော့ ငါ လုံး
အစာမကြေဘူး"

"သွားကြမယ်လေ"

ကလစ်ကိုသေချာတပ်လိုက်ပြီး blouse မီးခိုးရောင်လေး
ဆွဲချလိုက်ပါ၏။ အကျီတွေတောင် တော်တော်လေးချောင်နေ
ရောလား။ သြော်. . . တစ်နှစ်အတွင်း ကျွန်မ ဤမျှထိသိသိသာ
ကြီး ချောင်ကျသွားလိမ့်မည်ဟု မျှော်လင့်မထားမိတာလေ။

"နင် အဖြူရောင်မဝတ်ဖူးလား ဖွေးရဲ့။ ခေတ်ပုံရိုက်ရမ
ဟာ"

"ဒါလေးက အရောင်ဖျော့ဖျော့လေးပါဟယ်. . . မမှ
လောက်ပါဘူး"

နှစ်ယောက်သားဆင်းလာတော့ မေမေက ကျွန်မလက်ထဲ
မုန့်ဖိုးထည့်ပေးလေ၏။ မိဘဆီက လက်ဖြန့်ပြီး သုံးနေရတုန်း





ား။ တွေးကြည့်ရင် ရှက်ဖို့ကောင်းလိုက်တာနော်။ ကိုယ်တိုင်ဘာ
ဟုတ်ဘဲ မိဘစိတ်ဆင်းရဲအောင်လုပ်နေသလိုပါပဲ။ ကျွန်မ တော်
ာ်ကြီး ပြင်စရာတွေများနေပြီလေ။

"သမီး မေသက်။ မြို့ထဲမှာ သူလိုချင်ဝယ်ချင်တဲ့ စာအုပ်တွေ
ာတွေရှိရင် လိုက်စောင့်ပေးလိုက်ပါဦး။ စားချင်တာလည်း စား
ကြ။ အန်တီမုန့်ဖိုး ပိုပေးလိုက်တယ်သိလား"

"ဟုတ်ကဲ့အန်တီ"

လမ်းထိပ်သို့ထွက်လာစဉ် ဟိုခြံရှေ့မှာ ဗွက်ထနေဟာကိုမြင်၏။
ိက်ရလေ၏။ ကြည့်စမ်း! လမ်းသွားလမ်းလာတွေရှိမှန်းသိလျက်နဲ့"
ူလုပ်ပြန်ပြီ။ စီးလာသည့်ဖိနပ်က အပါးလေးမို့ ဂရုတစိုက်သတိ
ားပြီး လျှောက်နေစဉ် လျှောခနဲလဲပါလေတော့သည်။

"အမယ်လေး! "

"ဟယ်. . . ဖြူဖွေး၊ နာသွားလား. . . ထထ"

လူက ဗိုင်းခနဲလဲသလို ဗွက်အိုင်ထဲ ဖင်ထိုင်လျက်သားကျ
ွားတာမို့ အဝတ်အစားတွေပါ ပေပွကုန်လေ၏။

"တောက်! ဒီလူ နမော်နမဲ့လုပ်လို့ဖြစ်ရတာ၊ တွေ့မယ်"

"ဟဲ့! ဖြူဖွေး.. နေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



လူကဖိုးဖိုးဖတ်ဖတ်ထကာ ခြံထဲဝင်ခဲ့စဉ် ရေပိုက်တစ်ချောင်းနှင့်အလုပ်ရှုပ်နေသည့်လူကို မြင်လိုက်ပါ၏။

"ဒီမှာ"

"ဘာလဲကွ"

"ရှင်ဘယ်လိုလုပ်နေသလဲ။ လမ်းပေါ်မှာ ဗွက်တွေ ထကုန်ပြီ။ လမ်းကိုဘယ်လိုမှလျှောက်လို့မရတော့ဘူး။ ဒီမှာ လူတစ်ကိုယ်လုံး ပေပွကုန်ပြီမြင်ရဲ့လား"

"ကြည့်လျှောက်ပေါ့ကွ။ ဒီမှာ ရေပိုက်လိုင်းပျက်လို့ ပြင်နေ[...]ဟာ မမြင်ဘူးလား"

"ရှင့်ဖာသာရှင်ပြင်တာ အကြောင်းလား။ ဟိုမှာ လမ်းတစ်[...]လုံး ဗွက်ထနေတာက ပိုအရေးကြီးတယ်။ လမ်းထဲကိုနောက်မှလည်းရောက်လာသေးတယ်။ လူတွင်ကျယ်လုပ်လို့ဖြစ်မလား။ ရှင့်ကို ရပ်ကွက်ရုံးတိုင်မှကို ဖြစ်တော့မယ်"

"မင်းဟာမင်း နမော်နမဲ့နိုင်ပြီး ချော်လဲတာငါ့ကို ရုံးတိုင်ရ[...]လားကွ။ ဘယ်လိုဟာလေးလဲ။ ခြံထဲထိဝင်ပြီး ရန်လာတွေ့ရဲရတယ်လို့။ အာဂပဲ"

"ရှင်နော်"





အသက်က နောက်မှပြေးလိုက်လာကာ ကျွန်မလက်ကိုလာဆွဲလေ၏။ တစ်ခါမှရန်မဖြစ်ဖူးတာမို့ ဘယ်လိုရန်ဆက်ဖြစ်ရမလဲတွေးမိစဉ် သူလုပ်နေသည့်ပိုက်မှရေတွေ ပွမ်းခနဲပန်းထွက်လာကာနှစ်ယောက်စလုံး ရွှဲရွှဲစိုသွားရလေသည်။

"အား . . . သေပါပြီရှင် . . . အဟွတ်"

အသက်က ရေတွေနှင့်ပေးရာကိုဆွဲခေါ်လာခဲ့ပြီး တဟားဟားအော်ရယ်လေတော့၏။ ကြည့်ပါဦး . . . ချော်လဲကျလို့ ရန်လာတွေ့ပါတယ်ဆိုမှ အခုတော့ တစ်ကိုယ်လုံးရွှဲရွှဲစိုကုန်ပါရောလား။

"ရှင် . . . ရှင် . . . တော်ပြီ။ ရှင့်ကို ရုံးမှာတိုင်ကိုတိုင်မယ်"

လက်ညှိုးထိုးရန်တွေ့ကာ ခြံထဲမှထွက်သွားသည့်ကောင်မလေးကိုကြည့်ရင်း သူပြုံးလိုက်ပါ၏။ အင်း . . . ဒီလိုမပြုံးဖြစ်တာကြာပြီပဲ။ မိန်းကလေးတွေနှင့် အရောမဝင် မပတ်သက်ပါဘူးဆိုမှဒီကောင်မလေးနှင့်သူ မကြာခဏစကားများနေရတာလေ။

ခဏခဏလည်း တွေ့တွေ့နေရတာပဲ။ သူကိုယ်တိုင်က မိန်းကလေးတစ်ယောက်ရဲ့စွန့်ပစ်ခံရခြင်းကြောင့် အသည်းကွဲခဲ့ရတာ။ရည်းစားသက်တမ်းတစ်နှစ်တောင်ရှိနေပြီးမှ သူ့ကောင်မလေးကနောက်နှာပြောင်းသွားတာလေ။ ပြောင်းမယ့်ပြောင်းတော့လည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်းကိုမှ ဖျတ်ခနဲကောက်ယူသွားတာ။

သူ သင်္ဘောတက်နေစဉ်အတွင်း ဖြစ်သွားတာမို့ ရင်နာလိုက်တာမပြောပါနှင့်။ ဆယ်လတစ်ကြိမ် ကိုယ့်နိုင်ငံကိုယ် ပြန်ခွင့်ရပါလျက် သူ သုံးနှစ်လောက်လုပ်ဖို့ပြင်ဆင်ထားတာ။ ဒီကရည်းစားက ဒီလိုအပေါက်ချိုးသွားတော့ တစ်နှစ်ခွဲနဲ့ပဲငွေစုပြီး ပြန်ခဲ့တာပါပဲ။

ဦးလေးဖြစ်သူက သူပို့ပေးလိုက်တဲ့ငွေနဲ့ ဒီခြံကိုဝယ်ပေးထားတာမို့ ဒီမှာပြန်နေတော့ ခြံတွေရှင်းရတာပေါ့။ ဖေဖေကတော့ နိုင်ငံခြားကုမ္ပဏီမှာရှယ်ယာဝင်ပြီး ဟိုမှာပဲ နောက်အိမ်ထောင်ထပ်ပြုသွားတာဖြစ်၏။ မေမေဆုံးတာလည်း ကြာပြီဖြစ်သလို သူကိုယ်တိုင်လည်း အရွယ်ရောက်နေပြီမို့ အဖေကို သံယောဇဉ်သိပ်မထားတော့ပါ။

နဂိုကတည်းကလည်း ဦးလေးလူပျိုကြီးနဲ့သာ အတူနေခဲ့တာမို့ အဖေထက် ဦးလေးကိုသာ ပိုခင်တွယ်ခဲ့သည်လေ။ အခုလည်း ဦးလေးက ကုန်သည်ပွဲစားလုပ်ကာ နယ်ထွက်နေတာမို့ သူနဲ့အတူလာမနေသေးပါ။ လောလောဆယ် သူလည်း တတ်နိုင်သလောက် ရှင်းလင်းနေတာလေ။

ပြန်ရောက်တာ သိပ်မကြာသေးတာမို့ ဆံပင်ရှည်တွေလည်း





ညှပ်ပစ်ရသေး။ မျက်နှာပေါ်မှ အမွေးအမှင်တွေပါ မရိတ်သင်ဘဲထားတာ နည်းနည်းလေနေတာအမှန်ပင်။ အသက် (၂၅)နှစ်ရောက်ပြီမို့ ဒီပုံစံနဲ့ အသည်းကွဲနေပါတယ်အပြောခံရမှာကို ရှက်တာအမှန်ပါပဲ။

ကိုယ်က တစ်နိုင်ငံ နယ်ခြား ပင်လယ်ရပ်ခြားမှာ ချစ်သူနဲ့အတူနေဖို့ စီးပွားကျိုးရှာနေမိတာ။ ဒီမှာက အချစ်ဆုံးသူငယ်ချင်းနဲ့လက်ထပ်ပြီဆိုမှ သူ့ရင်လည်း ဟက်တက်ကွဲပါလေရော။

ရှာထားသမျှပိုက်ဆံတွေ ဘာလုပ်တော့မှာလဲ။ Captain ရာထူးနဲ့ တစ်လကို (၁၅) သိန်း (မြန်မာငွေ) လောက် ရှာခဲ့တာတွေ အလကားမှမဟုတ်တာ။ ရင်နာတာတော့ နာတာပါပဲ။

နဂိုက သူအင်မတန်ဝါသနာပါတဲ့အလုပ်ကိုပဲ ဇောက်ချလုပ်နေတာ။ အသည်းနဲ့တွေ့တော့ ဒီလိုချည်းဝါသနာဦးစားပေးလို့မရဘူးပြောတာနဲ့ သင်တန်းတွေတက်၊ စာမေးပွဲတွေဖြေပြီး သင်္ဘောထွက်ခဲ့တာလေ။ အခုတော့ ဘာမှတောင်လုပ်ချင်စိတ်မရှိတော့ပါဘူး။

ဘာလုပ်ရမလဲဆိုတာ ဦးလေးလာမှ Meeting ထိုင်ရတော့မှာပါပဲ။ လောလောဆယ်တော့ ဟိုကောင်မလေး ပြဿနာလာရှာ



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ကြည့်ရှင်းရဦးမှာ။

ကောင်မလေးဆိုလို့ သူမကို ဖျတ်ခနဲမြင်ယောင်မိလိုက်ပါ ၏။ အသားလေးကဖြူဆွတ်နေပြီး မျက်ဝန်းနက်နက်၊ ဆံပင်အုံထူ နက်မှောင်မှောင်။ အရပ်မြင့်ကာ ခန္ဓာက ပိန်ပိန်သွယ်သွယ်လေး မပြုင်မဆင် မခြယ်သပါဘဲ ရှင်းလင်းဝင်းမွတ်နေသည့်မျက်နှာထက် မှာ ဆေးခြယ်စရာမလိုအောင် သူ့နေရာနဲ့သူ နေသားတကျရှိနေ ပါလျက် လိုအပ်တာထက် ပိုတည်လွန်းနေတာတော့ အမှန်ပါပဲ။

သူ့ကိုစတွေ့တာနဲ့ ရန်သူတစ်ယောက်လိုဆက်ဆံတာ ဘာ ကြောင့်များပါလိမ့်။ သူ့ပုံစံကတည်း တကယ့် Gipsy ပုံပေါက်နေတာ ကိုး။ ထားပါတော့လေ။ ရင်ထဲမှာ အသည်းကိုထည့်ပြီးကတည်းက သူ့နှလုံးသားကို အပြီးတိုင်သော့ခတ်ထားခဲ့တာ။ နောက်ထပ် ဘယ် မိန်းကလေးကိုမှထပ်မချစ်ဖို့ သူကိုယ်တိုင်ဆုံးဖြတ်ခဲ့တာပဲ။

အသည်းဆိုတာက သူနှင့်တက္ကသိုလ်တက်မှ ရင်ခုန်သံချင်း ဖလှယ်ခဲ့သည့် သဲနုအေးဆိုသည့်မိန်းကလေးပါလေ။ ချစ်သူတို့ဘာ သာဘာဝ ကတိတွေထားခဲ့ပါလျက် အခုတော့ အဲဒီကတိတွေလည်း လေလွင့်ပျောက်ကွယ်သွားခဲ့ပြီပဲ။

ရင်ခုန်ခဲ့မိပါတယ်။ အရူးအမူးချစ်မိခဲ့လို့ပါ။





ကတိတွေထားခဲ့ပါတယ်။ သစ္စာရှိမည်ဟုယူဆထားခဲ့လို့ပါ။ ခုတော့. . . ခုတော့. . . အသည်းတွေရော၊ နှလုံးတွေရော ကျောက်ကပ်တွေပါ သူ့မှာ ရှိမနေတော့ပါဘူး။ ရေထဲကို ခဲလုံးတစ် လုံးပစ်ချလိုက်သလို ပလုံခနဲမြည်ပြီး အပြီးတိုင်မြုပ်သွားခဲ့ပြီလေ။ ရင်ထဲမှာ ဗလာသက်သက်ပဲ ကျန်ရစ်ခဲ့တာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




အခန်း ( ၅ )

ခြံထဲကို Taxi တစ်စီးဝင်လာတာမို့ တိုက်ထဲမှ သူထွက်ကြည့်လိုက်ပါ၏။ လေးလေးက Taxi ဖိုး ရှင်းပေးနေသဖြင့် လေးလေး အထုပ်အပိုးတွေကို သူဝိုင်းသယ်ပေးလိုက်သည်။

"လေးလေး. . . တိုက်ခန်းကိုဘာလုပ်ခဲ့လဲ"

"နှစ်ချုပ်နဲ့ငှားခဲ့တာပေါ့ကွ၊ အလကားပိတ်ထားမလား၊ နေစမ်းပါဦး. . . မင်းဒီရောက်တာပဲ တစ်ပတ်လောက်ရှိနေပြီ။ လူရော အိမ်ရော ရှုပ်ပွပေညစ်နေတာပါပဲလား"

"ကျွန်တော် ခြံထဲကိုအရင်ရှင်းနေလို့ပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲရှင်းတာ ထားပါတော့။ လူက ဘယ့်နှယ် ညှဉ်းသိုး ဖြစ်နေရတာလဲ။ ရည်းစားလေးတစ်ယောက်ထားပြီး ပြတ်တာ တကယ့်ဖိုးသမားလိုနေတာကတော့ မဟုတ်သေးပါဘူး"

"ရိတ်မှာပါဗျ။ ကျွန်တော့်ပုံက ဒီလိုကြီးဖြစ်နေပြီလား"

"ဖြစ်တာပေါ့။ ဒါကြောင့်ပြောတာ၊ အစ်ကိုကြီးပေးစား မိန်းမကို ယူဆိုတော့လည်း မဟုတ်ပြန်ဘူး"

"ဟာဗျာ. . . လာပြန်ပြီ၊ ဒီမိန်းမယူဖို့"

သူ့ပွစိပွစိရေရွတ်လျက် လေးလေးပစ္စည်းတွေကို အခန်း ထည့်ပေးတော့ လေးလေးက တဟားဟားရယ်မောနေလေ၏။ ကျတော့ ခုထိ လူပျိုကြီးလုပ်နေပြီး တူဖြစ်သူကို မိန်းမယူခိုင်း တော့ မကောင်းပါဘူး။ လေးလေးက အခန်းထဲကိုဝေ့ကြည့်လိုက် ထပ်ပြောပြန်၏။

"တွေ့လား၊ အိမ်ထဲမှာ ပစ္စည်းတွေရှင်းလင်းထားသို့တာ *အစ မိန်းမမျက်စိနဲ့မှမဟုတ်ရင် ဘာမှအချိုးတကျမရှိဘူး*

"ဒါဆိုလည်း လေးလေးယူပေါ့ဗျ"

"ဟ! အသက် (၄၀)ကျော်အဘိုးကြီးကို ဘယ်မိန်းမက ယူ မှာလဲ။ ငါရှာထားသမျှ တက်တက်စင်အောင်ဖြုန်းမယ့်မိန်းမ





တွေ့မှ ဟုတ်ပေ့ဖြစ်နေမှာ။ မင်းက အရွယ်ကောင်းပဲ။ မင်းပဲယူ"

"အာ. . . တော်ပါပြီ လေးလေးရာ။ မိန်းမဆို ဝေးဝေးက ရှောင်ပါရစေ"

"ပြောပြန်ပြီ. . . မင်းရည်းစားတစ်ယောက်ပဲ မိန်းမရှိတာ ဟုတ်ဘူး၊နေသွန်းရေ။ ငါ့ကို အဆီအငေါ်မတည့်တဲ့ဟင်းတွေ ချက် ကျွေးတိုင်း၊ ဆိုင်ထမင်းဟင်းတွေစားရတိုင်း မင်းကို ငါထုသတ်ချင် နေတယ်။ အဟုတ်ပဲ"

"ဘာဆိုင်လို့လဲ လေးလေးရ"

"ဆိုင်တာပေါ့ကွ။ မင်းသာ မိန်းမယူရင် ငါ့တူမလေးက ချက် ပြုတ်ကျွေးမွေးတာကိုကောင်းကောင်းစားရမှာ။ ခုတော့ တစ်ခါလာ ည်း ဘဲဥကြက်ဥနဲ့ နှစ်ပါးသွား က,ရဦးမှာ။ ကြုံတွေးပြီး စိတ်ပျက် ပြီ"

*သူ့လေးလေးကိုကြည့်ပြီး ဂျစ်ကန်ကန်လုပ်နေမိ၏။ မေမေ* သူငယ်ငယ်ကတည်းက ဆုံးသွားတာမို့ မေမေ့လက်ရာဆိုတာကို ခြည်းကြည့်တာမျိုး မရှိခဲ့ဖူးပါချေ။ ဖေဖေရောလေးလေးပါ အတူ တော့လည်း အိမ်ဖော်တွေချက်တာကို အဆင်မပြေစားခဲ့ရတာမို့ အစားအသောက် အတော်လေး ဆင်းရဲခဲ့ရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာ ထိုင်တိုင်း ဖျစ်တောက်ဖျစ်တောက်ပြော ကို နားငြီးခဲ့ရပေါင်း များပြီ။ သူလည်း အသည်းကိုရွေးခဲ့တာပဲ ကျောင်းပိတ်ရက်တိုင်း သူတို့အိမ်မှာ လာချက်ပြုတ်ကျွေးခဲ့တာ စားခဲ့တာလေ။

အသည်းဟာ ရုပ်ရည်ရော၊ အချက်အပြုတ်ပါ၊ အပြစ် စရာ တစ်စက်မရှိအောင်တော်ပါလျက် သူ့ကိုလက်မထပ်ဘဲ သူ ချင်းဖြစ်သူ ရဲနိုင်ထွန်းကိုယူသွားတာကတော့ အသည်းနာလို့မ ဒီကောင်က သူ့လောက်ချမ်းသာတာလည်းမဟုတ်။ အခေါ်ဖြစ် ကားကို Taxi ဆွဲနေတာ။ သူ့ကိုတော့ ဒီထက်မက ချမ်းသာအေ ရှာဖွေစုဆောင်းဖို့ လမ်းညွှန်ပေးခဲ့ပါလျက် အသည်းကိုယ်တိုင် ဒီဘာမဟုတ်တဲ့ကောင်ကိုရွေးသွားတာ သူ့အတော်မျက်နှာပူရသ ပဲ။ သူ့ထက်သာတဲ့သူ ရွေးသွားတယ်ဆိုရင် အပြစ်မပြောလိုပါ ခုတော့ Taxi မောင်းတဲ့လူကိုမှ ရွေးသွားတာတဲ့၊ မထင်မှတ်စ

ဖေဖေနိုင်ငံခြားထွက်တော့ သူတို့အိမ်ကို သံရုံးဝန်ထမ်း ကိုငှားထားခဲ့ပြီး သူက လေးလေးနဲ့အတူသွားနေတာပင်။ အခု သူ့ကိုယ်ပိုင်တိုက်နှင့်ခြံနှင့် နေနိုင်ပြီမဟုတ်ပါလား။

ဖေဖေကတော့ သူ မိန်းမယူရင် သူတို့အိမ်ကို လက်ဖွဲ့အ





မည်ဟုပြောပေမယ့် သူကမလိုချင်ပါ။ ဟိုကနေလည်း သူ့ဆီကို ဘဉ့်မုန့်ဖိုးလှမ်းပို့ပေမယ့် သူက ဖေဖေပို့သမျှကို ဘဏ်ထဲအကုန် ည့်ထားတာပင်။

သုံးမည့်ဖြုန်းမည့်သူမရှိဘဲ ကိုယ်ရှာတာနှင့်လောက်ငအောင် တတ်တာကြောင့် သူ့ဆီမှာ ငွေတွေစုပုံနေတာအမှန်ပါပဲ။

နဂိုကတည်းက သူဌေးသားလို မသုံးမဖြုန်းဘဲ ခြိမ်ခြိမ်ကုပ် ပ်နေခဲ့တာမို့ အသည်း သူ့အပေါ်မှာ အထင်မကြီးခဲ့တာလားဟု ာက်ပိုင်းမှာ သံသယဖြစ်ခဲ့ပေမယ့်၊ ခုတော့ အချိန်ကနှောင်းခဲ့ ပြီလေ။ နောက်ဆုံးတော့ ဟင်းကိုစွပြဲသနာကြောင့် သူနဲ့လေး းတို့ နိစ္စဓူဝ စကားများနေရဦးမှာ အသေအချာပါပဲ။

"အိမ်ရှင်တို့. . . ဗျို့! အိမ်ရှင်တို့"

"လာပါပြီ"

လေးလေးဆင်းသွားတာမို့ သူက မီးဖိုဆောင်ဘက်သို့သာဝင် က်ပါသည်။ ဒီမနက်တော့ ပဲနဲ့ကြာဆံဟင်းချိုချက်ပြီး ကြက်ဥမွှေ ကြော်မှာပါပဲ။ ငရုတ်သီးထောင်းလေးနဲ့ လိုက်မှာပါလေ။

"ဖိုးနေ. . . ဖိုးနေ. . . ဟေ့"

"ဗျာ. . . လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



“မဗျာနဲ့. . . လူရောက်အောင်လာခဲ့”

သူအိမ်ရှေ့ဧည့်ခန်းကို ပြန်ထွက်လာတော့ ဧည့်သည်လူ သုံးယောက်ရောက်နေတာကိုတွေ့ရလေ၏။

“ဘာလဲ. . . လေးလေး”

“မင်းသစ်ပင်တွေ မီးရှို့ပြီး လမ်းပေါ်ဗွက်ထအောင်လုပ်တ ဆို”

“ဟာ! အဲဒါအပင်တွေချုံတွေရှင်းပြီး ရေပိုက်ပေါက်သွား ပါဗျ”

“ဟုတ်ပါတယ်၊ ကျွန်တော်တို့လည်း ဒါကိုသိပါတယ်။ ခု က ဦးသက်ရှိန်သမီးလေး လာတိုင်လို့ တာဝန်အရ လာပြောရ ပါ”

“မင်းပြောတော့ ကောင်မလေးတွေနဲ့မပတ်သက်တော့ပါ ဆို။ အခု ဘယ်ကကောင်မလေးနဲ့ သွားရှုပ်ပြန်တာလဲ”

“ဟာဗျာ. . . မရှုပ်ရပါဘူး။ ကျွန်တော့်ဖာသာ ကျွန် ခြံရှင်းတာကို ရန်လာတွေ့တာပါ”

“ဒီမှာ မင်းလုပ်ထားတဲ့ဗွက်တွေနင်းမိပြီး ချော်လဲလို့ က မလေး ခါးနာသွားတယ်တဲ့။ မင်းကတော့လေ, ပြဿနာကိုရှာလ





ရမှ စားဝင်အိပ်ပျော်တဲ့ကောင်”

လေးလေးက လူကြီးတွေကိုတောင်းပန်လွှတ်လိုက်ပြီး သူနှင့် စကားဆက်များလေ၏။

“အဲဒါ မင်းအခုလိုလမ်းသရဲပုံဖြစ်နေလို့ဖြစ်ရတာပဲ။ ကောင် မလေးကို သွားတောင်းပန်ရမယ်”

“ဟာဗျာ. . . မတောင်းပန်နိုင်ပါဘူး။ ဒီလိုချွတ်မလေးကို သွားတောင်းပန်ရရင် ကျွန်တော်ပဲ့တယ်။ လုံးဝပဲ”

“မင်းကတော့လေ, ခေါင်းမာတဲ့နေရာမှာ နှစ်ယောက်မရှိ ဘူး”

သူတို့စကားများနေကြစဉ် ဧည့်ခန်းမှ Phone က ထမြည် လာလေသည်။ သူက လေးလေးရန်ကို ရှောင်သလိုဖြစ်သွားတာမို့ Phone ရှိရာဆီထလာပြီး ကိုင်လိုက်ပါသည်။

“ဟဲလို”

“နေသွန်းလား. . . ဖေဖေပါ”

“ပြောပါဖေဖေ”

“အိမ်ပြောင်းတာ အဆင်ပြေရဲ့လား”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာလဲ"

သူ အိမ်လိပ်စာကိုရွတ်ပြတော့ ဖေဖေ့ထံမှ အာမေဍိတ်သံ ထွက်လာလေ၏။

"ဒါဆို ဖေဖေ့သူငယ်ချင်း ဘသက်ရှိန်တို့နဲ့ တစ်လမ်းတည်း ပေါ့လေ။ အဆင်ပြေလိုက်တာ"

"ဘာဖြစ်လို့လဲဖေဖေ"

"ဟ. . . ဘာဖြစ်ရမှာလဲ,သားရ။ ဖေဖေ, သားကိုသဘော တူထားတာ ဘသက်ရှိန်ရဲ့သမီးနဲ့လေကွာ"

"ဗျာ! "

"အေး. . . ဘသက်မှာ သမီးနှစ်ယောက်ရှိတာ ခုလောက်ဆို ကျောင်းပြီးလောက်ပြီပေါ့။ နီနီနဲ့ ညိုညိုဆိုလား။ နာမည်က ရိုးရိုးလေးတွေပါပဲ"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ တိုက်ခန်းမှာနေရတာ စိတ် ကျဉ်းကျပ်လွန်း၍ ဆိတ်ငြိမ်ရပ်ကွက်ကို ပြောင်းလာပါတယ်ဆိုကာ ဖေဖေသဘောတူတဲ့ကောင်မလေးအိမ်နဲ့ တစ်လမ်းတည်းမှာ လာ နေဖြစ်ရတယ်လို့။ သေလိုက်ပါတော့လားနော်။

"ဖေဖေကလည်း ကျွန်တော်မှ မိန်းမ,မလိုချင်တာ"





"မယူလို့ဘယ်ရမလဲကွ။ မင်းအသက် အခုပဲ အစိတ်ဖြစ်နေ ပြီ၊ ဒီအရွယ် အိမ်ထောင်ပြုမှ သားသမီးတွေကြီးလာတာနဲ့ မင်း အရွယ်ကျတာနဲ့ အံကိုက်ဖြစ်မှာ။ ဒီ့ထက်ပိုကြီးသွားရင် မကောင်း ဘူး။ မင်းရည်းစား မင်းကိုထားခဲ့တာနဲ့ တစ်ကမ္ဘာလုံးကမိန်းမတွေ ကို အဆိုးမမြင်နေနဲ့ နေသွန်းခ။ ငါ့မှာ ဘာသားသမီးမှ ထပ်မရနိုင် တော့လို့ မင်းကိုပဲ တာဝန်တွေရှိနေတာ၊ တစ်နေ့မှစိတ်မဖြောင့်ဘူး"

"ကျွန်တော်က ဖေဖေမကြိုက်တာ ဘာများလုပ်နေလို့လဲဗျာ"

"မင်းမိန်းမ မြန်မြန်မယူတာ အပြစ်ပေါ့ကွ။ ဒီ (၆)လအတွင်း မင်းဟာမင်း ရည်းစားအမြန်ဆုံးရှာရင်ရှာ။ မရရင် ငါပေးစားမယ့် နီနီနဲ့ညိုညိုထဲက တစ်ယောက်ကိုယူရမယ်။ ဒါပဲ။ ဟိုကောင် ကျော် သွန်းခ ပြန်ရောက်ပြီလား"

"ရောက်ပြီဖေဖေ"

"ခေါ်ပေးစမ်း! ဒင်းကိုလည်း ပြောရဦးမယ်။ ဒင်း လူပျိုကြီး လုပ်တာနဲ့ ငါ့သားကိုပါ ဂိုဏ်းတူဖြစ်အောင် သိမ်းသွင်းနေသလား မသိ"

သူ Phone ကို ဘေးနားချကာ လေးလေးကိုခေါ်လိုက်ပါ၏။ ထိုခန်းထဲမှာ ချက်စရာတွေ ပြေးချက်နေစဉ်မှာ ဖေဖေနှင့် Phone



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့် လေးလေးအသံဩကြီးကို အတိုင်းသားကြားနေရ
လေသည်။

"ကိုအောင်လား. . . ပြော၊ ဟာ, မသိမ်းသွင်းပါဘူးဗျ။ ကို
အောင်သားကသာ တစ်ယောက်တည်းလွမ်းနာကျပြီး နေချင်သလို
နေနေတာ။ ကျွန်တော်က အချိန်ပြည့်ရှာခိုင်းယူခိုင်းနေတာပဲ။ ဘယ်
လိုအဆင်ပြေမှာလဲ။ ထမင်းစားတိုင်း မျိုချလို့ကိုမရတာ။ ပေါ့ရင်
ပေါ့၊ ငန်ရင်ငန်၊ လျှာပေါ်မှာ အဆင်ချောတယ်ရယ်လို့ တစ်ခါမှမရှိ
ဘူး။ မသိဘူးလေ. . . ကိုအောင်ပို့သမျှလည်း ဒီကောင် အကုန်
ဘဏ်မှာအပ်ထားတာပဲ။ သူရှာလာတာတွေနဲ့ပေါင်းရင် မနည်းဘူး
အင်း. . . ဘသက်ရှိန်, ဟုတ်လား။ ဒါဆိုအဆင်ပြေတာပေါ့။ ကျွန်
တော်ပြောလိုက်မယ်။ ဒါပဲနော်. . . ဟုတ်ကဲ့"

Phone ပြောပြီးသည်နှင့် လေးလေးက သူရှိနေသည့်မီးဖို
ခန်းထဲသို့ လိုက်ဝင်လာလေသည်။

"တွေ့လား, လူမြင်လို့ ဘယ်လိုမှမတင့်တယ်ဘူး။ ဘယ့်နှယ်
ဗျာ။ ငရုတ်ဆုံဘေးမှာ ဆောင့်ကြောင့်ထိုင်ပြီး ကြက်သွန်နွှာနေရ
တယ်လို့"

"ငရုတ်သီးဆားထောင်းလေးလုပ်မလို့ပါလေးလေးရ။ ပဲဟင်း





နဲ့လိုက်တာပေါ့"

"ဒါပဲစားရမှာလား"

"ကြက်ဥမွှေကြော်, ကြော်ပေးဦးမယ်လေ"

"မင်းဟာကလည်းကွာ။ တစ်ခါလာလည်း ဒီဥတွေနဲ့မကင်း
ပါလား။ တဖြည်းဖြည်းနဲ့ ငါလည်း ဥရုပ်ပေါက်တော့မယ်။
ခါတလေ အသားလေးချက်၊ အရွက်လေးဘာလေး ကြော်တာ
တ်ဘူး"

"ကျွန်တော်မှ ဈေးမဝယ်တတ်တာ လေးလေးရ။ ဒါတွေကို
ောင် ဟိုမှာနေကတည်းက ဝယ်ထားပြီးသားအဆင်သင့်မို့ ချက်
ရတာ"

လေးလေးက သူ့ကိုမျက်စောင်းခဲလိုက်ပြီး နံဘေးရှိ ခုံပုလေး
ဝင်ထိုင်လိုက်ပါ၏။

"ဒီလမ်းထဲက ဘသက်ရှိန်ရဲ့ကုမ္ပဏီမှာ ရှယ်ယာဝင်ဖို့ မင်း
Phone ဆက်ပေးထားမယ်တဲ့။ ကုမ္ပဏီ Meeting ထိုင်ရုံက
အမြဲသွားစရာမလိုတော့၊ အပြင်မှာ မင်းလုပ်ချင်ရာ လွတ်
လပ်လပ်လုပ်လို့ရတယ်။ ရည်းစားရှာရင်ရှာ၊ မိန်းမယူရင်ယူ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူကြီးကူမွဲဏီထဲရှယ်ယာသွားပေါင်းမှတော့ ကျွန်ေ
ငွေတွေ စုန်းစုန်းမြုပ်ရောပေါ့ဗျ။ ဘယ်လိုပြန်ထုတ်လို့ရပါတော့မ

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီလူကြီးရဲ့သမီးတစ်ယောက်နဲ့ ကျ
တော့်ကိုသဘောတူထားတာဆို။ ကဲ! တစ်ခါတည်းပွဲသိမ်းပဲ။ ေ
ဟာ ကျွန်တော့်ကို ချောက်ထဲအတင်းတွန်းချချင်နေတာကိုး"

"ဟ! ကိုအောင်က မင်းစိတ်ကြိုက်မရမှ သူ့ကိုယူခိုင်းတာ
ကွာ။ အတင်းရိုက်ပြီး ပေးစားတာမှမဟုတ်ဘဲ"

"တော်ပါသေးရဲ့"

"မတော်ပါဘူး။ မင်းမိန်းမ မရမချင်း အစားဆင်းရဲတဲ့
ကို ငါခံနေရဦးမှာ"

သူ့ လေးလေးကိုဖြိုဟ်ကြည့်ကြည့်လိုက်ပြီး ဧရုတ်သီးထေ
ရာ ဒေါသဖြင့်ဆောင့်ထောင်းလိုက်တာမို့ ဧရုတ်သီးဖတ်က မျက်
ကို တန်းစင်လေတော့သည်။

"အား. . . စပ်တယ်စပ်တယ်"

"မင်းကတော့လေ. . . လုပ်လိုက်ရင် အရှာရှာနဲ့အကြေ
ကြောင်းချည်းပဲ။ လာလာ. . . ဒီကို"





အရင်ဆုံး ဘယ်ဘက်မျက်စိကို ရေအရင်ဆေးကာ ညာဘက်
ခြမ်းကို ရေလောင်းပေးတာမို့ သူအံ့သြသွားရပါ၏။ လေးလေး
တော့ ကြောင်ကုန်ပြီထင်ပါရဲ့။

"ဘာလုပ်တာလဲဗျ လေးလေးရ"

"လျှာမရှည်နဲ့၊ ငါကကြားဖူးနားဝနဲ့လုပ်ပေးတာ။ မင်းထက်
ဗဟုသုတအများကြီးရှိတယ်။ တော်ပြီတော်ပြီ. . . နေသွန်းခရေ။
မင်းသာ အမြန်ဆုံးမိန်းမယူဖို့ပြင်ဆင်စမ်းပါ"

သူ သက်ပြင်းကိုသာ ဆောင့်ချလိုက်ပါ၏။ လာပြန်ပြီ။ ဒီ
မိန်းမယူခိုင်းတဲ့ဇာတ်လမ်း။ အချစ်ဆိုတာ ပျားသကာလိုချိုမြိန်တဲ့
အရသာကိုသာ ပေးစွမ်းပါတယ်ဆို။ သူကြုံဖူးတဲ့အချစ်ကတော့ ဒီလို
မှမဟုတ်လေဘဲ။ ခါးသည်းခြင်း၊ နာကျင်ခြင်းတွေကိုသာ ဖန်ဆင်း
ပေးခဲ့တာ။ အခုလေးတင် ခံစားလိုက်ရတဲ့ ပူစပ်ပူလောင်အရသာကို
သာ ပေးနိုင်တာလေ။ အချစ်ဆိုတာ သူ့အတွက်တော့ အခံရခက်စေ
တဲ့ဝေဒနာတစ်ရပ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၆ )

"ဟင်! မသွားချင်ပါဘူး။ ဖေဖေကလည်း"

"မသွားလို့မဖြစ်ဘူးလေ,သမီးရဲ့။ ဟိုအိမ်မှာ ယောကျ်ားသား ယောက်ပဲရှိတာ ဘယ်လိုအဆင်ပြေပါ့မလဲ။ အောင်သွန်းနဲ့ ဖေ တ ငယ်သူငယ်ချင်းတွေ၊ အခု ဖေဖေ့ကုမ္ပဏီမှာ ရှယ်ယာဝင် တ်တော့ ပိုပြီးတော့တောင်မှ ရင်းနှီးသင့်သေးတယ်"

"မရင်းနှီးချင်ပါဘူး။ ဖွေးနဲ့ အဲဒီလူကြီးနဲ့မှမတည့်တာ"

"တည့်အောင်နေရမှာပေါ့။ ဆွေမျိုးတွေလို ရိုင်းပင်ကူညီပေး ယ်သမီးရဲ့။ ဘာမဟုတ်တဲ့ကိစ္စလေးကို ရပ်ကွက်ရုံးထိသွားတိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စမှာ သမီးလွန်တယ်။ အဲဒါလည်း တောင်းပန်ခဲ့။ နီနီနဲ့အ
လိုက်သွား"

"မမသွားရင် ပြီးတာပဲမဟုတ်လား။ ဖွေးမှမသွားချင်တာ

"ညည်းမလိုက်လို့ရမလား။ ဟိုမှာ ရှင်းစရာလင်းစရာတွေ
ဦးမှာ။ နီနီက နေ့လယ်တစ်နာရီကျောင်းမှာ အစည်းအဝေးရှိသေ
တယ်။ သွား. . .လိုက်သွား"

ကျွန်မခြေဆောင့်လိုက်လျှင်တော့ မေမေ့မုန့်လက်ခေါက်
ခေါင်းပေါ် ဒေါက်ခနဲကျလာလေ၏။ တွေ့လား! ဒင်းနဲ့ပတ်သ
လာတာနဲ့ ဖွေးကို အိမ်မှာအလိုမလိုက်ကြတော့ဘူး။ ဆူတာရိုက်တ
တွေလုပ်လာကြပြီ။ မမက လေးဆင့်ချိုင့်နှင့် နောက်ဖေးမှထွက်လ
တော့ မျက်နှာကိုစူပုပ်ပြီး လိုက်လာခဲ့ရလေသည်။

"ဦးကျော်ရေ. . .ဦးကျော်"

"ဝေ့. . .ဘယ်သူလဲ"

"နီနီပါ"

"ဩော်! ဝင်ခဲ့လေသမီးရဲ့။ ခြံတံခါးက စေ့ရုံစေ့ထ းတာ

မမက ခြံတံခါးပေါက်သေးသေးလေးကိုတွန်းဖွင့်၍ လှမ်း
လိုက်ပြီး ကျွန်မလက်ကိုပါ ဆွဲလိုက်လေသည်။





"လာလေ"

"အာ. . .ကိုယ့်ဖာသာကိုယ်လျှောက်မှာပေါ့"

"ပြောလို့ရမလား။ တော်ကြာ နင်လှည့်ထွက်သွားရင် ငါတစ်
ာက်တည်းဖြစ်သွားမှာလေ။ သူက သဘောသားဆိုတော့ စိတ်
ြမ်းလူကြမ်းဆို။ နင်ပြောထားတာ ငါလည်းကြောက်တာပေါ့ဟဲ့။
ီးသာသိရင် ငါ့ကိုလွှတ်မှာမဟုတ်ဘူး"

လာပြီ။ အရေးအကြောင်းဆို သူချစ်သူကြီးကို 'တ' ဖို့ပဲသိ။
း‌ပေါ့လေ။ မမက အလယ်တန်းပြဆရာမမို့ သူစိမ်းယောကျ်ား
ွနဲ့ သိပ်ဆက်ဆံဖူးတာမှမဟုတ်တာ။ ကြောက်ရှာမှာပေါ့။ ကျွန်မ
ည်း ကျွန်မပါပဲ။ ဒီအိမ်ကိုမလာချင်တာနဲ့ ဒီလူ့အကြောင်းကို
ာသာထိုးထိုးလေးပြောခဲ့တာလေ။

"လာသမီး. ကိစ္စရှိလို့လား"

"ဖေဖေလွှတ်လိုက်တာပါ ဦးကျော်။ ဒီမှာ ဦးကျော်တို့စားဖို့
င်းတွေချက်လာပေးတယ်"

"အားနာစရာ သမီးရယ်။ နေပါစေ, နောက်ကိုယူမလာပါနဲ့"

"ရပါတယ်ဦးကျော်ရဲ့၊ အပန်းမကြီးပါဘူး။ နီတို့ အိမ်, ဝိုင်း
း‌ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ရပါတယ်သမီးရယ်။ လေးလေးရဲ့အစ်ကို ဒေ
အောင်မလုပ်ကြပါနဲ့"

စကားပြောသံတွေကြောင့် သူ အိမ်ပေါ်ထပ်မှဆင်းလာခဲ့ ဧည့်ခန်းမှာ လေးလေးနှင့်စကားပြောနေသည့် ကောင်မလေး ဆံပင်ကျောလယ်လောက်သာရှိပြီး သွက်လက်ချက်ချာပုံရပါသ ဟိုကောင်မလေးကတော့ မှုန်ကုပ်ကုပ်မျက်နှာဖြင့် ဆက်တီနေ မှာ ရပ်နေလေ၏။

ဒါ. . . သူနဲ့ရန်ဖြစ်တဲ့ကောင်မလေးပဲ။

"ကျွန်တော့်ဖာသာပဲ ရှင်းမယ် လေးလေး။ သူတို့ကိုပြန် လိုက်ပါ"

"အံမယ်! ရှင့်အိမ်ကိုရှင်းပေးချင်လွန်းလို့ ရောက်လာတ မထင်နဲ့ရှင့်။ ဖေဖေအတင်းလွှတ်လို့လာခဲ့ရတာ"

"ဟဲ့! အဖွေး"

"ဟုတ်တယ်လေ၊ သူပြောတာ မမ မကြားဘူးလား။ ဖေ ကပဲ လာချင်လွန်းလို့လာတယ်ထင်နေပုံပဲ။ အမြင်ကိုကပ်တ

"အံမာ. . . ငါကလည်း လာကူပါလို့အတင်းခေါ်နေတ မဟုတ်ဘဲကွ"





"ကျွန်မကလည်း ကူညီပါရစေဆိုပြီး ကဲကဲဆတ်လာချင်နေ တာ မဟုတ်ဘူးရှင့်"

"ကဲ. . . တော်ပါ၊ အဖွေးရယ်၊ ငါစိတ်ညစ်လိုက်တာ။ ဖေဖေ သိရင် အဆူခံရဦးမယ်။ နီ့တောင်းပန်ပါတယ် ဦးကျော်ရယ်။ ဖွေး က အိမ်မှာအငယ်ဆိုတော့ အလိုလိုက်ထားလို့ နည်းနည်းတော့ဆိုး တယ်။ ခွင့်လွှတ်ပေးပါ"

"အေးပါ။ ဒီကောင်ကလည်း တစ်ဦးတည်းသောသားမို့ ခပ် တေတေပါပဲသမီးရဲ့"

"နီ့ ဟင်းတွေ အရင်လှယ်ပေးမယ်နော်။ ပြီးရင် အိမ်စပြီး ရှင်းကြတာပေါ့"

"အေးအေး"

မီးဖိုခန်းမှာ နီနီက ဟင်းတွေလှယ်ပေးပြီး ချိုင့်ကိုပါ တစ်ခါ တည်းဆေးလိုက်လေသည်။ လေးလေးက လှယ်ထားသည့်ဟင်းတွေ ကို စပ်စပ်စုစုနှင့် အုပ်ဆောင်းလှန်ကြည့်လေ၏။

"ဟား. . . စားရချည်သေးရဲ့။ ဟင်းနံ့ကိုမွှေးနေတာပဲ"

"ဦးကျော်တို့ အသားရှောင်တာရှိရင်ပြောနော်။ မေမေက ဒီနေ့တော့ ငါးပဲ စီမံပေးလိုက်တာ။ အဲဒီမှာ ငါးဆုပ်ဆီပြန်ဟင်းရယ်



www.burmeseclassic.com

www.burmeseclassic.com



ငါးကြော်နှပ်ရယ်၊ ခရမ်းသီးနဲ့ ပုစွန်နဲ့ရောနှပ်ထားတာရယ်။ အရည်သောက်က ချဉ်ပေါင်ရွက်နဲ့ ငါးကြင်းခေါင်း။ ကြိုက်လား"

"ကြိုက်တယ်. . . ကြိုက်တယ်။ ဖိုးနေက ငါးသေးသေးလေးဟင်းကို ပိုကြိုက်တယ်သမီးရဲ့"

"ဟုတ်လား၊ ဒီလိုမှန်းသိရင် အဖွေးစားမယ့်ထဲက ထည့်လာပေးပါတယ်။ အဖွေးက ငါးလေးအိုးကပ်ဟင်း သိပ်ကြိုက်တာ။ အိမ်မှာ ငါးချက်တိုင်း သူ့ဖို့ တစ်ဆယ်သားလောက် အမြဲဝယ်လာပေး တယ်"

"လေးလေးတို့က ဘာမှသိပ်မရှောင်ပါဘူး သမီးရယ်။ တောင် စားရသောက်ရတာအဆင်မပြေလို့ အမြဲစိတ်ညစ်နေရတာ

မီးဖိုခန်းဝမှာ ရပ်နေရာမှ ကျွန်မ ကြိုက်သည့်ဟင်းကို ကြိုက်သည်ဆို၍ စိတ်တိုသွားရပါ၏။ ဒီလူတော့ မသထာချင်တော့ ပါဘူး။ နေ့စဉ်ဟင်းပို့ရမည့်တာဝန်ကိုယူရမှာမို့ အတော်မြင်ပြင် ကပ်လှပြီ။ ဖေဖေကလည်း ဘာစိတ်ကူးပေါက်ပြီး ကျွန်မကို နေ့တိုင် ဒီအိမ်ကိုလာခိုင်းနေချင်ပါလိမ့်နော်။

"မမ အောက်ထပ်ကိုရှင်းပေးမယ် အဖွေး။ နင် အပေါ်ထ ဘုရားခန်းက စရှင်းနော်"





"ဟင်! ဖွေးတစ်ယောက်တည်း ရှင်းရမှာလား"

"ဖိုးနေ ဝိုင်းရှင်းပေးမှာပေါ့သမီးရဲ့။ ဟိုကောင်, အငယ်လေး ...င်းကူစမ်း"

"ကျွန်တော်. . ."

"လျှာမရှည်နဲ့, လုပ်ဆိုလုပ်။ မင်းအိမ်ကို သူများလာဝိုင်းရှင်း ...ာကို ကျေးဇူးမတင်ဘဲ ထော်လော်ကန့်လန့်လိုက်လုပ်မနေနဲ့ ...သွန်းခ။ ငါသိပ်မပြောချင်ဘူးနော်"

သူက ဆံပင်ရှည်တွေကိုပွသွားအောင် ကုတ်လိုက်မိရာ သူမ ...ျက်နှာလေးမဲ့သွားလေ၏။ အမယ်! ရုပ်ကိုက သူ့ထက်ငါးနှစ် ...ာက်ငယ်ပြီး ဆရာလုပ်ချင်တဲ့ရုပ်ပါလား။

"ရေဇလုံထဲ ရေထည့်ခဲ့ပါ"

အမိန့်ပေးလိုက်ပြီး တံမြက်စည်းတစ်ချောင်းကို ဖျတ်ခနဲကိုင် ...လုံချည်လေး 'မ'၍ လှေကားပေါ်တက်သွားတော့ လေးလေး ...နှာက ပြုံးစိစိဖြစ်သွားလေ၏။ ပိုင်စိုးပိုင်နင်းဖြင့် သူ့အိမ်ပေါ် ...သွားတာများ ဖြူးလို့ပါလား။

"ဟိုကောင် လိုက်သွားလေ"

လေးလေးအော်လိုက်မှ ရေဇလုံကိုကိုင်ကာ သူတက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဏ်၏။ အပေါ်ထပ်ရေချိုးခန်းမှာ ရေအရင်ဖြည့်ပြီး ဘုရားခန်းကိုဝင်ခဲ့
စဉ် သူမက ခုံတစ်လုံးပေါ်တက်ကာ မျက်နှာကြက်ကို မမီတမီနှ
သန့်ရှင်းရေးလုပ်နေလေသည်။

"အဲဒါ ငါလုပ်ပေးမယ်လေ"

"အလိုက်သိရင်လုပ်ပေါ့"

သူမက သူ့ကိုမျက်စောင်းခဲလိုက်ပြီး ခုံထက်မှအောက်သ
ဆင်းလိုက်ပါ၏။ သူ့လက်ထဲ တံမြက်စည်းထည့်ပေးလိုက်စဉ် ဝင်း
သည့်အသားရောင်လေးကို သတိထားမိသွားရသည်။ တော်တော
အသားလှတဲ့ကောင်မလေးပါလား။ အသည်းက အသားဖြူတာ
ပေမယ့် သူမလောက် ဖွေးမနေပါချေ။ နီနီက အနက်ကယ်သက်
တူပြီး ညိုသည့်ဘက် လုနေတာမို့ နီနီညိုဟူသည့်နာမည်နှင့် လို
ဖက်သလို သူမက အသားလေးဖြူဝင်းနေတာကြောင့် ဖြူဖြူ
ဟူသည့်နာမည်နှင့် သင့်လျော်လေ၏။ အနံ့တီချစ်က ပေးလည်း
တတ်ပါပေ့။

သူက နေရာကိုရွှေ့လိုက်၊ မျက်နှာကြက်ကို လှည်းလိုက်
နေစဉ် သူမက ကြက်မွေးဖြင့် သူသန့်ရှင်းပြီးသွားသည့်အောက
ဖုန်တွေကို ခပ်မြန်မြန်လှဲကာ ကြမ်းပင်စတိုက်နေလေပြီ။ နောက်





ဆောင့်ကွက်ကို လှည်းလိုက်ချိန် ဖုန်မှုန့်တွေက သူ့မျက်လုံးထဲသို့
သွားသဖြင့် ခေါင်းကိုဆတ်ခနဲခါလိုက်ရာ ခုံပါလှုပ်သွားတာမို့
သူမက ယိုင်ခနဲလဲကျလေ၏။

"ဟယ်! "

"ဝုန်း"

သူ့လက်တစ်ဖက်က သူမရေဇလုံကိုဆွဲမိသွားတာမို့ မည်း
နေသည့်ရေတွေက သူ့ကိုပက်သလိုဖြစ်ကာ တစ်ကိုယ်လုံးရွှဲရွှဲ
သွားရလေသည်။ သူမက သူ့ကိုကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်
၏။

"ကောင်းတယ်၊ ဝင့်ဆိုတာ အဲဒီလိုပဲ ပြန်လည်တတ်တယ်ရှင်
ဘယ့်နှယ်ရှိစ! အလုပ်တောင် လုပ်လို့မပြီးသေးဘူး။ ခု ရှင်
ချိုးရပြီမဟုတ်လား"

သူက ဘာမှပြန်မပြောနိုင်ဘဲ မျက်လုံးကို လက်နှင့်ပွတ်နေ
ဖြင့် သူမအသံတိတ်သွားလေ၏။

"ဘာဖြစ်တာလဲ"

"မျက်စိထဲ အမှိုက်ဝင်သွားတာ"

"အဲဒါအရမ်းမပွတ်နဲ့လေ။ မျက်လုံးတော့ နာကုန်တော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ဖယ် . . . ကျွန်မမှုတ်ပေးမယ်”

သူမက သူ့လက်ကိုဖယ်ကာ မျက်ခွံကိုပင့်ဆွဲလျက် ခပ်ဖြင်းဖြင်းလေး လေမှုတ်သွင်းပေးလေ၏။ သူက မျက်လုံးကိုစေ့ပိတ်လျက် ခေါင်းငဲ့ရှောင်လိုက်ပါသည်။

“ငြိမ်ငြိမ်နေလေ”

“မရဘူး။ အမှိုက်ဝင်နေတာပါဆိုမှ”

“လာလာ . . . ကျွန်မအသာဖယ်ပေးမယ်။ ရှင့်မှာ လက်ကိုင်ပဝါရှိလား”

“ရှိတယ်။ ဟိုဘက်ခန်းမှာ”

“ဒါဆိုလည်း လိုက်ခဲ့လေ၊လာ”

သူ့လက်ကိုဖျတ်ခနဲဆွဲ၍ တစ်ဖက်ခန်းသို့ကူးလာခဲ့ပြီး ဗီရိုထဲမှ ပဝါပါးလေးကိုယူကာ ရေချိုးခန်းထဲ ဆွဲလာပြန်၏။ မျက်လုံးကို ရေဖြင့် အရင်ပုတ်ခတ်ပုတ်ခတ်လုပ်ဆေးပြီးကာမှ လက်ကိုင်ပဝါကို ထောင့်လေးချိုးကာ မျက်စိထဲဝင်နေသည့် အမှိုက်ကို အသာနှိုက်ထုတ်ပေးလေသည်။

“နာသေးလား။ မျက်စိထဲ ခုလုခုလုဖြစ်နေသေးရင် ပြောဦး”

“ရပြီ၊ နာတာတော့နာသေးတယ်”





“နာမှာပေါ့။ ဒီလောက်အမှိုက်ဖတ်ကြီး ဝင်တဲ့ဟာ။ လုပ်လိုက်ရင် နမော်နမဲ့နဲ့။ သတိလေးထားပြီးမှ မလုပ်တာကိုး”

သူမက လက်ကိုင်ပဝါကို တစ်ခါတည်းချော်ကာ လှမ်းလိုက်ပြီး သူ့အခန်းထဲမှာ ထပ်ရှင်းပေးပြန်၏။ ဒီလိုဆိုတော့လည်း ကောင်မလေးက အိမ်မှုကိစ္စနိုင်နင်းပုံပါလား။ မနက် (၁၁)နာရီလောက်မှာ အပေါ်ထပ်ကိုရှင်းတာ ပြီးသွားပါလေ၏။ သူမက သူ့ကိုလှည့်မကြည့် စကားပြန်မပြောဘဲ ငြိမ်နေတာမို့ ရင်ထဲမှာ တစ်မျိုးလေးဖြစ်သွားရပါသည်။ ဘာဖြစ်လို့ စကားမပြောတာပါလိမ့်။

ဝဲတက်လာသည့်မျက်ရည်တွေကို မျက်တောင်တဖျတ်ဖျတ်ခတ်ကာ သိမ်းဆည်းလိုက်ရပါ၏။ တိုက်ဆိုင်မှုရှိသွားလို့ သတိရပြန်ပြီပိုင်။ အခုလိုပဲ ပိုင့်တုန်းကလည်း ကျွန်မ, ပိုင့်မျက်လုံးကိုမှုတ်ထုတ်ပေးခဲ့ရတာလေ။ အဲဒီတုန်းက ကျွန်မလက်ကိုကိုင်ပြီး ကျွန်မကို ရွှန်းရွှန်းစားစားကြည့်ခဲ့တဲ့ပိုင့်မျက်ဝန်းတွေကို ပြန်သတိရလိုက်တာကွယ်။

အချစ်ဆိုတာ တကယ်သာမရှိခဲ့ရင် ဒီလိုရွှန်းလဲ့လဲ့အကြည့်တွေနဲ့ ကျွန်မကို ပိုင်ကြည့်မှာမှမဟုတ်တာ။ ကျွန်မလက်ကိုလည်း ဒီလိုဆုပ်ကိုင်မှာမဟုတ်ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရယ်၊ ခုတော့လည်း ကျွန်မနဲ့ပိုင့်အကြောင်းက ဒဏ္ဍာ
တစ်ပုဒ်လို အတိတ်မှာကျန်ရစ်ခဲ့ရပြီပဲ။

သူရေချိုးခန်းထဲဝင်သွားတော့ ကျွန်မ အောက်ထပ်ကိုဆ
လာခဲ့ပါ၏။ မမက မီးဖိုခန်းမှာ ထမင်းပွဲပြင်ပေးနေတာမို့ ကျွန်
လိုက်ဝင်ခဲ့လေသည်။

"အဲဒါနဲ့ အသည်းအသက်မှက ချစ်ရပါသော သူ့အသည်
လေး ဟက်တက်ကွဲခဲ့ရတာပဲသမီးရေ။ ပြောမရဆိုမရနဲ့ ထင်သ
နေတာပဲကြည့်။ လေးလေးပြောရင် သူက ပိုအရွဲ့တိုက်တတ်သေ
တယ်"

"တူလိုက်တာ၊ အဖွေးလည်း အဲဒီအံချိုးပဲ။ မလုပ်နဲ့ဆိုရင်
လိုက်ရမှ ကျေနပ်တာလေ။ ဒါဆို သူ့ကောင်မလေးက အခု
ထောင်ကျသွားပြီပေါ့"

"ဟုတ်သပ့်။ အဲဒါနဲ့ ဒီပုံစံဖြစ်နေတာပဲ"

"နီကတော့ ဒီလိုတစ်ခါမှမကြုံဖူးလို့ မခံစားခဲ့ဖူးပါဘူး။ ကို
နဲ့တွေ့တော့လည်း နီက မေမေတို့ကိုအရင်တွေ့စေပြီးမှ ခေါင်းညိ
ခဲ့တာ"

"သမီးတို့တွဲတာ ကြာပြီလား"





"ဟုတ်ကဲ့။ တစ်နှစ်တော့ကျော်ပြီ ဦးကျော်ရဲ့"

"အဖွေးကရော"

"အဖွေးက အဲဒီအဆိုတော်ပေါက်စလေးနဲ့ ကွဲသွားကတည်း
က ငြိမ်သွားတာ ခုချိန်ထိဆိုပါတော့။ အရင်လို ပြုံးပျော်နေတဲ့ပုံစံ
နဲ့ တစ်ခါမှမမြင်ရတော့ဘူး။ တစ်ခါတစ်ခါ သူ့ကိုသိပ်သနားတာ
အမှန်ပဲ။ ဒီကောင်လေးကို သူစွဲစွဲလမ်းလမ်းချစ်ရှာတာ"

"အင်းပေါ့လေ။ အနုပညာသမားဆိုတော့လည်း သူ့ကိုဖြည့်
ဆည်းပေးနိုင်တဲ့မိန်းကလေးမျိုးရှာသွားတာ အပြစ်တော့မဟုတ်ပါ
ဘူး"

သြော်! လက်စသတ်တော့ သူလည်း အသည်းကွဲသမားတစ်
ယောက်ပေကိုး။ ဒါကြောင့်လည်း ဒီလိုထောင့်မကျိုးတဲ့ပုံစံဖြစ်နေရ
တာပေါ့။

ဟုတ်တယ်။ ကျွန်မလည်း ဒီအတိုင်းပဲ။ သူများတွေ ပြုံးနေ
ပျော်နေရင် မနာလိုချင်ဘူး။ ကိုယ့်ကိုအရွဲ့တိုက်ပြီး တမင်လှောင်
နေတယ်လို့ကို ထင်နေတာ။ ဒါကြောင့်မို့ ဘယ်သူနဲ့စကားပြောပြော
အဆင်ကိုမပြောတာလေ။ အသက်တောင် ငယ်သူငယ်ချင်းမို့ ကျွန်မ
ကိုနားလည်ပေးနိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်လိုအသည်းကွဲသမားမဟုတ်ပေမယ့် ကျွန်မနှလုံးသား ဒဏ်ရာရခဲ့တာတော့ အမှန်ပါပဲ။ တရားဝင်လူသိရှင်ကြား မတွေ ပေမယ့် ကျွန်မနဲ့ပိုင်တို့အကြောင်းက ဒီလမ်းထဲမှာ ရာဇဝင်တွင် ခဲ့တာတော့ တကယ်ပါလေ။



## အခန်း ( ၇ )

"ဒါဆို သူ ဒီအိမ်မှာ ဝင်ထွက်ခဲ့ဖူးတာပေါ့"

"ဒါပေါ့"

"ပုံစံကြည့်ရတာတော့ မထင်ရက်စရာလေး"

"ဘာလဲကွ"

"ရည်းစားနဲ့ကွဲသွားတဲ့ လွမ်းနာကျပုံစံလေးလေ"

"သူများသားသမီးကို မှိုချိုးမျှစ်ချိုးမပြောချင်စမ်းနဲ့ ဖိုးနေ။ တို့က သူငယ်ချင်းအနေနဲ့ကွဲသွားတာ။ မင်းလို အသည်းတစ်ခြမ်းပဲ ကျန်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကလည်းဗျာ"

"လေးလေးကလည်း လုပ်မနေနဲ့။ နီနီက သူ့လူနဲ့သူ အဆ
ပြေပြီးသားဆိုရင် မင်းနဲ့ဒီချာတိတ်မလေးပဲ ကျန်တော့တာ"

သူ နှာခေါင်းရှုံ့လိုက်မိသည်။ စတွေ့ကတည်းက ဒီလော
နောင်ကိုနိချနေတဲ့နှစ်ယောက်က ဘယ်လိုများ နီးစပ်နိုင်မှာတဲ့လဲ
ကောင်မလေးက သူ့ကောင်လေးမှ သူကောင်လေးဖြစ်နေသလို
ကလည်း ရင်ထဲကဒဏ်ရာ မကျက်နိုင်သေးတာမို့ ဖြစ်မယ်မထင်
ချေ။

"ကျွန်တော်စိတ်မဝင်စားပါဘူး"

"မဝင်စားလည်းနေပေါ့။ နောက်မှ သူ ချစ်သူလည်း ရသွာ
ရော မင်း, နောင်တမရမိပါစေနဲ့"

"ဝေးပါသေးတယ် လေးလေးရာ"

စကားကောင်းနေချိန် ခြံတံခါးတွန်းဖွင့်ပြီး ဝင်လာသည့်သူ
ကို လှမ်းမြင်လိုက်ရပါ၏။ ကျောပိုးအိတ်လေး လွယ်လာတာမို့ အပြ
သွားမည်မှန်းသိလိုက်ပါသည်။ လက်ထဲမှာ လေးဆင့်ချိုင့်ပါလာပြ
တာမို့ ဟင်းလာပို့ပေးပြန်ပြီထင်ပါရဲ့။

"ဦးကျော်ရေ"





"ဟော် ဝင်လာလေသမီးရဲ့"

သူမက ဖိနပ်ချွတ်ကာ အိမ်ထဲဝင်လိုက်ပြီး သူ့ကိုမြင်တော့
ာက်စောင်းခဲလိုက်လေ၏။ ရော်! ခက်တာပဲ။ လူကိုမျက်စောင်းထိုး
ာလို့ပဲ ထင်နေလေသလားမသိ။ မြင်တာနဲ့ မျက်စောင်းထိုးတာက
ရင်။ မျက်နှာကလည်း အရယ်အပြုံးမရှိ၊ စူပုပ်လို့ အမြဲမှုန်ကုပ်
ုပ်ဖြစ်နေတာပါလား။

"မေမေက ညနေဘာစားချင်လဲတဲ့။ မှာလိုက်ပါတယ်"

"တော်ပါပြီသမီးရယ်။ ဒီဟင်းတွေနဲ့တင် မနက်ည, လောက်
ပြီ"

"ဖေဖေက အားမနာရဘူးတဲ့။ ဦးကျော်စားချင်တာ အမြဲမေး
ိုင်းနေတာမို့ပါ"

"ဖေဖေနဲ့မေမေခိုင်းလို့လား။ သမီးကရော စေတနာမပါဘူး
ါလေ"

"မဟုတ်ပါဘူး။ ဦးကျော်ကိုတော့ ဖွေးလည်း သဒ္ဒါပါတယ်"

"ဪ! ဒါဖြင့် ငါ့ကိုကျ မသဒ္ဒါဘူးပေါ့လေ။ ဒါဖြင့်လည်း
ာမှမစားဘူး၊ လာပို့မနေနဲ့။ ပြန်ယူသွားချည်"

"ဟိုကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကရော သဒ္ဒါစရာကောင်းလို့လား။ ကျွန်မကြိုက်တား ပဲ လိုက်ကြိုက်နေပြီးတော့။ ငါးလေးအိုးကပ်ဆိုလည်းကြိုက်၊ သားပေါင်းဆိုလည်းကြိုက်၊ ဝက်နံရိုးကြော်ဆိုလည်းကြိုက်၊ မှ ချဉ်ပေါင်ဆိုလည်းကြိုက်၊ ကန်စွန်းရွက်ကြော်လည်းကြိုက်။ ကဲ.. ရှင်မကြိုက်တာ ဘာရှိလို့လဲ။ ကျွန်မကိုတာထဲကခွဲပြီး ကျွေးရ လို့ မုန်းတောင်မုန်းလာပြီ။ စေတနာပျက်တယ်"

"စေတနာမရှိလည်း လာပို့မနေနဲ့။ မစားဘူး"

"မစားလည်းနေ၊ ဦးကျော်. . . ဦးကျော်ပဲစားနော်။ သူ သူ ရေနဲ့ထမင်းနဲ့ပဲစားပါစေ"

"အေး. . . မနေ့က သမီးငါးခြောက်ဖုတ် ဆီဆမ်းပို့ထား သူ ထမင်းရေဆမ်းနဲ့စားမယ်ဆိုပြီး ဖယ်ထားသေးတယ်ဟေ့"

"တွေ့လား၊ ဖွေးကြိုက်တာချည်း တမင်လိုက်ကြိုက်နေ အရမ်းအမြင်ကပ်တာပဲ။ ဦးကျော်တူကို ကြည့်လို့ကိုမရဘူး"

"မရလည်း မကြည့်နဲ့ပေါ့ကွ။ ဘာလို့လာကြည့်သေးလဲ"

"ကြည့်ချင်စရာလည်း ကောင်းတာကိုး။ ရှင့်ကိုယ်ရှင်လ မှန်ထဲပြန်ကြည့်ဦး။ လူက ညဉ်းသိုးသိုးနဲ့ နိုင်ငံခြားပြန်ဆိုပြီး လ သရဲပုံဖြစ်နေတာ အချိုးကိုမပြောဘူး"





"မင်းနော်"

သူမကပြောပြီးသည်နှင့် လေးလေးနဲ့အတူ မီးဖိုခန်းထဲဆိုက် သွားတာမို့ သူ ဒေါသဖြစ်၍ ကျန်ရစ်ခဲ့ရလေသည်။

အဲဒါတွေပြောတာပေါ့။ သူနှင့်သူမက မျက်နှာချင်းဆိုင်တာ အကြောမတည့်ဖြစ်နေရတာလေ။ သူမပြောတာလည်း ဟုတ် သူက အိမ်ထမင်းအိမ်ဟင်းကို အာသီသဖြစ်သလို ခုန သူမ သွားသမျှ သူ့အကြိုက်တွေဖြစ်နေမှတော့ ပြောသမျှခံရတာ

ဒီကောင်မလေးဟာ အပြောဆိုးသလောက် အလုပ်လုပ်တာ သိပ်မြန်ဆန်သေသပ်တာတော့ သူ့မျက်မြင်ပါပဲ။ ဘယ်လိုပဲ တောက်ဗျစ်တောက် လုပ်နေပါစေ၊ အချိန်တန်တာနဲ့ သူမတာ သူမကျေပွန်အောင် လုပ်လိုက်တာပဲလေ။ သူတို့အိမ်မှာဘုရား ကို နှစ် ရက်ခြားတစ်ခါ ဝယ်လာပြီးလဲပေးတာ။ အိုးခွက်ပန်း တွေကို နေ့စဉ်လာပြီးဆေးကြောပေးတာ။ ဘုရားခန်း၊ အိပ်ခန်း စ ဧည့်ခန်းနဲ့ မီးဖိုဆောင်အဆုံး နေ့တိုင်းသန့်ရှင်းရေးလုပ်ပြီး အိမ်ပြန်၊ ရေမိုးချိုးပြီးချိန် အခုလို ဟင်းချိုင့်လာပို့ပြီး သင်တန်း တက်တာတွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာသင်တန်းတွေတက်နေမှန်း မသိပေမယ့် သူမ စုတ်... ရွေးတာကိုတွေ့တော့ ပန်းချီကျောင်းတက်မှန်း သူသိလေသည်... ပြခန်းသွားကြည့်သည့်နေ့က သူမနှင့်တစ်ခါဆုံဖူးသလို လူငယ်တ... ယောက်နှင့်တွဲတာကိုမြင်ရသည်မို့ သို့လောသို့လောလို့တောင် ထ... မိခဲ့သေး။ နောက်လေးလေးပြောပြမှ သူမ၏ခဲအိုလောင်းမှန်း ... လိုက်ရတာလေ။

ညနေ လေးလေးစားချင်သည့် သွားရည်စာတစ်ခုခုလု... လာပို့ပြီးရင် သူမပန်းချီကျောင်းသွားတက်ကာ နည်းနည်းမှော... မှပြန်လာတာကို သူသတိထားမိ၏။ လမ်းထဲမှထွက်လာတိုင်း ... စောင့်ကြည့်နေသည့်ဝရန်တာကို တစ်ချက်လေးမှလှည့်မကြည့်... ကြောင့် ရင်ထဲမှာ ခုလုခုလုဖြစ်ရတာအမှန်ပါပဲ။

နီနီပြောတုန်းက ဒီဝရန်တာမှာ ကောင်လေးက အမြဲဂစ်တ... တီးပြတယ်ဆိုလား။ ထိုစဉ်တုန်းက သူမ ကျောင်းပြန်ချိန်တိုင်း... ကောင်လေးကိုလှမ်းပြုံးပြမှာပါလေ။ ခုတော့ သူမအပြုံးကိုမြင်... ဝေးစွ။ နှုတ်ခမ်းကို တမင်စူထားသည့် မျက်နှာစူပုပ်ပုပ်လေးကိုသ... အမြဲတွေ့နေရတာပါပဲ။

“ဖွေး, အပြန်မှပဲ ဝင်ယူမယ်နော် ဦးကျော်။ တံခါးပိတ်ပြ...





...ယောက်စလုံး ဟိုနေ့ကလို အိပ်ပုတ်သိုးမနေကြနဲ့ဦး။ ခေါ်ရတဲ့ ...တာ အာပြနေပြီ။ ပြီးတော့ လူကိုအာပြမလို့လည်း နာမည်ဖျက် ...သွားတယ်။ အတော်ချစ်ဖို့ကောင်းတဲ့တူအရီး. . . ဟင်း”

“အေးပါ အဖွေးရယ်။ လေးလေးလည်း မောပြီးအိပ်ပျော် ...သွားလို့ပါ”

“ဦးကျော်က လူကြီးမို့အနားယူတာ ထားပါတော့။ ဦးကျော် ...တာ လူငယ်ဖြစ်ပြီး အပျင်းရည်တောက်တောက်ကျနေတာကောင်း ...လား။ ခုချိန်ထိ ဆံပင်ညှပ်ဖို့စိတ်မကူးသေးဘူး။ ဖေဖေတောင် ...ပြောနေပြီ။ ရှေ့လဖဲ ကုမ္ပဏီ Member တွေကို Meeting ခေါ် ...တော့မှာတဲ့။ ဦးကျော်တူ ဒီပုံစံနဲ့သွားရင် မဟာအရှက်ကွဲရမယ်။ ...ယ်က သဘော်မှမလိုက်တော့တာ။ ဒီနိုင်ငံနဲ့အညီ သေသေသပ် ...သပ်နေတတ်ရမှာပေါ့”

“ဟုတ်ကဲ့ပါ ခင်ဗျာ။ လေးလေးတူကိုပြောလိုက်ပါ့မယ်။ သမီး ...သဘောအတိုင်းပါပဲ”

“ဘာ. . . ဖွေးသဘောရမှာလဲ။ ဖေဖေပြောခိုင်းလို့ပြောရ ...တာ။ ညနေ ကျောက်ကျောကျိုဖို့အစီအစဉ်ရှိတယ်။ ဦးကျော်, အုန်း ...ကျောက်ကျောကြိုက်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် စားတာချည်းပဲ။ ညည်းအစ်ကိုက ကျောက်ကျောကြိုက်တယ်ဟ"

"လာပြန်ပြီ။ သူစားမယ်ဆို လာကိုမပို့ပေးတော့ဘူး။ ဒါပဲ ဖွေးသွားပြီ"

"အေး"

ခပ်မာမာပြော၍ ထွက်လာသဖြင့် သူပြုံးလိုက်မိ၏။ မပို့ဘူးပြောလည်း ညနေလာပို့မှာကို သူသိထားပြီးသားလေ။ သူစားမှာ စိုးပြီး၊ ပါးစပ်က ဘယ်လိုမဲပွစိပွစိရေရွတ်စေဦးတော့၊ သူကြိုက်တဲ့ ဟင်းတစ်မျိုးတော့ အမြဲပါလာတတ်တာပဲ။

"သမီး ညနေတိုင်း မိုးချုပ်တာလား"

"အင်္ဂါ၊ ကြာသပတေးနဲ့ စနေ သုံးရက်တည်းပါ ဦးကျော်ရဲ့၊ ဘာဖြစ်လို့လဲ"

"ညည်းအစ်ကိုကို လာကြိုခိုင်းမလားလို့"

"နေပါစေ၊ ဖွေးက သူများကိုအားကိုးတတ်တဲ့လူမဟုတ်ဘူး။ အိမ်ကကားကိုတောင် တစ်ခါတလေ ဖေဖေတို့နဲ့ ပွဲလမ်းသွားမှပဲ စီးတာ။ ဟန်ကြီးတစ်ခွဲသားနဲ့ မနေတတ်ဘူး။ ဖွေးကိုခြေထောက်ပဲ အောင် မေမေမွေးပေးခဲ့တာပဲ။ ကိုယ့်အားကိုယ်ကိုးတာ လူအောက်မကျဘူး"





တွေ့လား . . . ပြောလိုက်ရင် ဘုဘောက်ပဲ။

လေးလေးက စေတနာနဲ့ပြောတာကို သူ့ကို ရွဲ့သလိုခနဲ့သလို ပြောလိုက်တာပဲကြည့်။ အမြင်ကပ်ချင်စရာလေး။

"ငါကလည်း မင်းကိုကြိုမယ်လို့ပြောမိလို့လား"

"ရှင်မပြောခင် ကြိုပိတ်ထားတာပဲလေ။ ဒီလမ်းထဲမှာမွေး၊ ဒီလမ်းထဲမှာပဲ ကြီးလာတာ။ ရှင့်လို မနေ့တစ်နေ့ကမှရောက်လာတဲ့ သူမဟုတ်ဘူး။ ဘာမှအန္တရာယ်မရှိဘူး။ ကျွန်မကြောက်ရမယ့်အရာ လောကမှာ ရှိကိုမရှိတာ"

"အေး . . . ပြီးရော၊ လေးလေးအတင်းခိုင်းလည်း ငါလာကြိုပေးမယ်မထင်နဲ့"

"မကြိုနဲ့၊ ရတယ်။ ရှင့်ကိုအားကိုးမယ့်အစား ကိုယ့်အားကိုယ် ကိုးတာကတောင် ပိုကောင်းသေး"

"မင်းနော် . . . အတော်စွာတဲ့ဟာလေး။ လူကြီးက ပြောနေတာကို ခံတန်တန်လန်တန်တန်နဲ့"

"လူကြီးဆို တည်တည်ငြိမ်ငြိမ်ဖြေပေါ့ရှင့်။ လူကိုလည်း နှုတ်သီးကောင်းလျှာပါး ရန်တွေ့သေးတယ်။ လူကြီးက လုပ်ချင်နေသေး။ [illegible]နှစ်လောက်လေးကြီးတာကို သိပ်ဘဝင်မမြင့်ချင်နဲ့။ အထင်ကို



www.burmeseclassic.com

www.burmeseclassic.com



မကြီးဘူးမှတ်"

"ဘာကွ! "

ကျွန်မက ဘုပြောကာ အိမ်ထဲမှထွက်လာခဲ့ပါသည်။ ခြံထဲ... သူစနစ်တကျ ပြုပြင်ထားတာမို့ နှင်းဆီပင်တွေ အတော်ကိုကြီး... ပါရောလား။ ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ။ ပုံစံက လမ်း... လိုလိုဘာလိုလိုပေမယ့် ခြံကိုပြုပြင်တာကျတော့ အပြစ်ပြော... မရှိ။ 'ပိုင်'တုန်းကဖြင့် ဘာမှမလုပ်တတ်ဘဲ အိမ်မှာဂစ်တာ... တဒေါင်ဒေါင်နဲ့ အပါးခိုနေတာလေ။

အဲဒီလိုရေသာခိုနေတာလေးကိုပဲ ကျွန်မက မျက်စိကျခဲ့... မဟုတ်ပါလား။ စကားပြောရင် မပွင့်တပွင့်လေး။ လူကိုကြည့်... ရင် စပါးကြီးမြွေညှို့သလို အားပါလှသည့်ညိုမျက်ဝန်းတွေကို ကျွ... အနှစ်သက်ဆုံး။ သူ့လို အာကျယ်စွာကျယ်နဲ့ ရန်လုပ်ဖို့ဝေးစွ။ လူ... ဖက်သားကိုနားဝင်ပီယံပြောတတ်တာ ပိုင်အကျွမ်းကျင်ဆုံးဘာ... ရပ်မဟုတ်လား။

ဟွန်း! သူနဲ့ဘာမှကိုမဆိုင်။

အဲ! ဘယ်လိုဖြစ်ပြီး သူနဲ့ပိုင်ကို ယှဉ်ကြည့်မိလိုက်တာပါ... ဆိုင်မှမဆိုင်တာလေ။ ကျွန်မရင်ထဲမှာ နေရာအပြည့်ယူထားသ...





...နေရာမှာ ဘယ်သူ့ကိုမှအစားမထိုးပါဟုဆုံးဖြတ်ထားပြီးမှ ဒီလို ...ကို နှိုင်းကြည့်စရာလား။ အိမ်မှုမိဘတွေနဲ့မမကအစ ခိုင်းစရာ ...င် ဒီအိမ်ကိုပဲ ကျွန်မကိုလွှတ်နေတာနေ့တိုင်း။

မသွားချင်ပေမယ့် ဦးကျော်ကိုခင်စိတ်ကြောင့်သာ လာခဲ့ရ ...။ ဦးကျော်က ဖေဖေ့လိုခပ်တည်တည်မဟုတ်ဘဲ မျက်နှာချိုကာ ...ဘောကောင်းသည်လေ။ လူဖျိုကြီးပေမယ့် စကားပြောရင် တုတ် ...အိုးပေါက်ပွင့်လင်းကာ ဖော်ရွေသည်မို့ ကျွန်မ ခင်မင်ရပါ၏။

လူကို မတူသလိုမတန်သလိုလည်းမဆက်ဆံဘဲ တကယ့်သမီး ...လို၊ တူမလေးလို၊ ကျွန်မကိုချစ်ရှာလွန်းမှန်း ရိပ်မိပါ၏။ မမကို ...ောင် ဒီလောက်ချစ်ပုံမရပါချေ။ အိမ်လာတိုင်းလည်း အဖွေးဖို့ ...ပြီး မုန့်တစ်ခုခုဝယ်လာပေးတတ်တာမို့ ကျွန်မ မကျေနပ်ဘဲရှိ ...ား။ သူနဲ့များကွာပါ့။

တစ်လောကလုံး သူ့လုပ်စာထိုင်စားနေရသလို မှုန်ကုပ်ကုပ် ...နှာဖြင့် လူကိုငြိုဟ်ကြည့်က ကြည့်တတ်သေး၏။ စကားကိုတစ် ... ပြေပြေလည်လည်မပြောတတ်။ သူ့ရည်းစား ထားသွားတာနဲ့ပဲ ...ာလေးတွေကို ရန်သူလိုသဘောထားပြီး မာဆတ်ဆတ်နဲ့ဆက် ...တယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့က သူ့ကိုနားလည်ပေးကာ ပြေပြေပြစ်ပြစ်ပြေ
ကြပေမယ့် ကျွန်မကတော့ မပြောနိုင်ပါ။

ပိုင်နဲ့တုန်းက ရန်ဖြစ်သည်မရှိဘဲ တိတ်ဆိတ်နေခဲ့ပါ
သူနဲ့ကျမှ ကျွန်မအသံထွက်လာတာမို့ မမကပြောပြောပြီးရယ်
အမော။

ဟုတ်တယ်။ ပိုင်နဲ့တုန်းက ဘာဆိုဘာမှအကြိုက်မတွေ
ပြဿနာရယ်လို့ တစ်ခါမှဖြစ်ခဲ့တာမှမဟုတ်ဘဲလေ။ ဒီလူ
ဆက်ဆံနေသရွေ့ ကျွန်မဘက်ကလည်း ဘယ်တော့မှမလျှော့
စိတ်ပိုင်းဆုံးဖြတ်ထားမှတော့ ကျွန်မတို့ကြားက စစ်ပြေ
နည်းလမ်း လုံးဝရှိမည်မထင်ပါချေ။

❀ ❀ ❀



## အခန်း ( ၈ )

စက္ကူသားထက် စုတ်တံတင်လိုက်စဉ် နောက်နားမှဆရာလာ
တို့ သိလိုက်ပါ၏။ အဲဒါမှ ဒုက္ခ။ ကျွန်မက ပုံဆွဲရင် ဘေးနား
ကလာတာကို နည်းနည်းမှမကြိုက်ပါချေ။ စုတ်တံကိုပြန်ရုတ်
ဆရာ့ထံမှအသံထွက်လာလေသည်။

"ဘယ်လိုဖြစ်တာလဲဖြူဖွေး၊ ဆက်ဆွဲလေ။ ညည်းသစ်ပင်က
ကောက်ပင်ဖြစ်နေပြီ။ စိမ်းစိမ်းစိုစိုလည်းမရှိဘူး"

"ဆရာလာကြည့်နေတော့ ဖွေး,ဘယ်ဆက်ဆွဲရဲပါတော့မလဲ"

"ကျွတ်! ကြောက်စရာလား။ ပြိုင်ပွဲတွေဘာတွေဝင်ရင် လူ



www.burmeseclassic.com

www.burmeseclassic.com



အများရှေ့မှာ ဆွဲပြရမှာလေ။ ဒီလိုလူကြောက်နေရင် ဘယ်လိုဖွဲ့မလဲ"

"ဖွေးက ပြိုင်ပွဲဝင်လောက်တဲ့အဆင့်ထိ မမီသေးပါဘူး ဆ ရဲ့"

"ပြောပြန်ပြီ၊ စကားကိုက အားလျော့သံနဲ့။ ငါတို့တုန်းလည်း ဒီလိုပဲလေ့ကျင့်လာခဲ့ရတာလေ။ ညည်းလိုကြောက်နေ ဘာမှဖြစ်လာမှာမဟုတ်ဘူး. . . ဆွဲ"

နှုတ်ခမ်းကိုစူလိုက်မိ၏။ အတူတူချင်းသင်ကြပါလျက် တဲ့ (၉)ယောက်က အဆူမခံရပါဘဲ ကျွန်မတစ်ယောက်တည်း လာဆူနေတာကိုး။ ဘေးနားမှ သက်ထွန်းပုံကို လှမ်းပြီးခိုးကြည့် မိရာ ဆရာ့လက်က ကျွန်မခေါင်းကို ဒေါက်ခနဲခေါက်လာ

"ဘာချောင်းကြည့်တာလဲ၊ ကိုယ့်ဉာဏ်စွမ်းဉာဏ်စနဲ့အ ထည့်ဖို့ပြောထားတဲ့ဟာ. . . ဖြူဖွေးနော်"

"ဆရာကလည်း သူ အရောင်ဘယ်လိုစပ်သလဲ ကြည့် လေးကို"

"ကြည့်စရာလား။ သူများဟာ ခိုးကြည့်မှတော့ နင့် သူ့ခိုးကားပဲဖြစ်လာမှာပေါ့။ ကိုယ့်ဖာသာကိုယ်ဆွဲ"





ဆရာကဆူပြီးထွက်သွားတော့ မေသက်တို့ထံမှ ကျိတ်ရယ်သံ ထွက်လာလေသည်။ ဟွန်း! စိတ်မပါဘဲ သင်တန်းလာတက်နေရပါ ဘယ်ဆိုမှ ဒင်းတို့က ဝိုင်းလှောင်နေပြီ။ နေနှင့်ဦး. . .

"ဖြူဖွေးနော်။ ပထမနှစ်တုန်းက တတိယအဆင့်ရပါလျက် စိတ်အရမ်းညံ့တာပဲ။ ပန်းချီဆွဲတယ်ဆိုတာ စိတ်အာရုံကို ဒီတစ် နေရာတည်း တစိုက်မတ်မတ်ထည့်ထားရတဲ့ဟာ။ ဒီလောက်အာရုံ ဆွပြားနေမှတော့ ဘာပုံထွက်လာမှာလဲ။ အိမ်မှာများများလေ့ကျင့် မ်း၊ ညည်းမှာ ဘာအလုပ်မှမယ်မယ်ရရမရှိဘဲနဲ့ ဒီလိုဖြစ်စရာ ဘူး"

"ဖွေးမှာ လေ့ကျင့်ဖို့အချိန်မရှိဘူးဆရာရဲ့။ သူများကိစ္စတွေပဲ ကိုက်လုပ်ပေးနေရတာ"

"ဘယ်သူ့ကိစ္စတွေလဲ"

"သူ့ဘကြီးကိစ္စ"

ဘေးနားမှ တီးတိုးနောက်လိုက်သည့်အသံကြောင့် အသက် တ်မောင်းကို ဆွဲဆိတ်လိုက်ပါ၏။ ဆရာက နားပါးသူမို့ အသက် ပြောတာကို ကြားဖြစ်အောင်ကြားသွားလေသည်။

"အံမယ်. . . ဖြူဖွေးက ဘဲတွေဘာတွေရနေပြီပေါ့လေ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကသိရဲ့လား"

"အာ. . . ဘယ်ကသာ ဆရာကလည်း၊ အသက် လျှောက်ပြီး စနေတာ"

"ဟုတ်တယ်ဆရာ။ မမနီနီပြောတာ သူနဲ့ဦးနေကို မိဘချင်း သဘောတူထားတာတဲ့"

"ဟော! ဟုတ်လား"

"မဟုတ်ပါဘူးဆရာရဲ့။ အသက်နော်, ငါလုပ်မိတော့မယ်။ ဘယ်လိုဖြစ်နေလဲ"

"ဟုတ်တယ်ဆရာရဲ့။ ဒါကြောင့် ဦးနေတို့အိမ်ကို ဖြူဖွေးကို ချည်းလွှတ်နေတာပဲကြည့်။ ဒီကောင်က ဘာမှမသိဘဲသွားနေတာ ပဲ"

"အသက်နော်. . . ငါစိတ်တိုလာပြီ"

ဆရာရော၊ သင်တန်းသားတွေပါ ပြုံးစိစိဖြစ်ကုန်ကြလေပြီ။ သူတို့သိထားသည့်ဖြူဖြူဖွေးဟာ အရင်လိုငြိမ်ငြိမ်သက်သက်မဟုတ်ဘဲ စိတ်ကောက်တတ်လာတာ၊ ဒေါသကြီးတတ်လာတာ၊ စွာလာတာ တွေက ခါတိုင်းနှင့် တူမှမတူတော့တာကို သတိထားမိနေကြတာ မဟုတ်လား။





"ကောင်လေးက ဘာလုပ်လဲ"

"ကောင်လေးမဟုတ်ပါဘူးဆရာရဲ့။ ဆရာ့အရွယ်လောက် ရှိသေးတာ"

"ဟုတ်လား"

"အသက်နော်. . . ငါတကယ်စိတ်ဆိုးလာပြီ"

"ငနုပါဦး၊ ဆရာ့မေးလို့ဖြေနေတာပဲ ဖြူဖွေးရဲ့။ ဆက်ပြော အသက်"

ကျွန်မက အသက်ကိုမျက်စောင်းခဲလိုက်ပြီး ခြေဆောင့်ကာ ထွက်သွားထိုင်နေလိုက်ပါသည်။ ပုံဆေးခြယ်ပြီး၍ ဆရာစစ်ပေးနေတာကို ဒင်းလျှာရှည်တာနဲ့သင်တန်းတစ်ခုလုံး သတင်းတွေပွကုန်ကြရောလား။ ပိုင်နဲ့ပတ်သက်ပြီး တိတ်ဆိတ်နေခဲ့တဲ့ကျွန်မအသက်က အခုတော့ သင်တန်းမှာ စည်နေလေပြီ။

"သူ့အဖေက ဖြူဖွေးအဖေ အန်ကယ်သက်နဲ့ငယ်သူငယ်ချင်း ချစ်လေ။ ကုမ္ပဏီထဲမှာ ရှယ်ယာထည့်ပေးပြီး သူ့ကို သဘောပြန် ကိုက်ခိုင်းတော့တာတဲ့"

"ဪ. . . သဘောသားလား"

"ကပ္ပတိန်လို့ကြားတာပဲဆရာရဲ့။ ပုံစံက သန့်သန့်လေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က တစ်ချက်လေးမှကြည့်မရဘဲ ရန်လုပ်နေတာကြောင့် အန်တီချစ်က ရိပ်ဖမ်းသံဖမ်းလောက်ပဲ အသိပေးထားတာ။ မ နီနီက အသက်ကို ဒဲ့ပြောတာလေ"

"ဖြူဖွေးနဲ့အသက် ဘယ်လောက်ကွာလဲ"

"(၅)နှစ်ဆရာ"

"ငါးနှစ်ဆို မဆိုးပါဘူး။ အားကိုးလို့ရတာပေါ့။ ဒါဖြင့်သူ သဘော်ပြန်မထွက်ဘဲ ဒီမှာပဲနေတော့တာပေါ့။ ဒီလိုလား"

"ဟုတ်တယ်ဆရာ"

"အေးလေ, ဒီလောက်ချမ်းသာတာပဲ၊ ဖြူဖွေးက ငြင်းစ လား"

"ငြင်းမငြင်းတော့မသိဘူး။ ခုချိန်ထိ သူတို့နှစ်ယောက် တစောင်းစေးနဲ့မျက်ချေး ဆရာရဲ့။ တည့်ကိုမတည့်ဘူး။ အဲဒါလည်း နေ့တိုင်းရန်ဖြစ်နေတာ မမောဘူး"

ဆရာရော သင်တန်းသားတွေပါ ဝေါခနဲရယ်လိုက်ကြ၏။ ကြည့်ပါဦး။ ကျွန်မအကြောင်းကိုများ ရယ်စရာထင်ပြီး မြိန် ယှက်ရေပြောနေလိုက်တာလေ။

အသက်. . . ခွေးစုတ်မ။





"ဒါကြောင့်. . . ခုနောက်ပိုင်း ဖြူဖွေးစိတ်ကောက်တတ်လာ တာကို"

"အစစ်ပဲဆရာရေ့။ သူမတွေ့ချင်လည်း သူ့အိမ်က အတင်း ခိုင်းတာနဲ့ ဆူဆောင့်ပြီး သွားလုပ်ပေးနေတာ။ ဦးကျော်ကတော့ သဘောကောင်းပါတယ်"

သင့်ဇင် မျက်လုံးပြူးသွားရလေ၏။ မဟုတ်သေးပါဘူး။ ဦး နေနဲ့ ဦးကျော်ဆိုပါလား။ မဟုတ်မှလွဲရော. . . ဒါ သူ့သူငယ်ချင်း နေသွန်းခတို့တူအရီးပဲထင်ပါရဲ့။

"ဦးကျော်ဆိုတော့ ဦးကျော်ဒွန်းခလား"

"ဟာ! ဆရာသိလို့လား"

"သိတာပေါ့. . . နေသွန်းခနဲ့ ဆရာက class mate တွေ၊ အကြောင်းသိတွေပဲ။ ဒီကောင်. . . သဘော်ပြန်မတက်ဖြစ်ဘဲ အိမ် ပြောင်းသွားတာကို"

ကျွန်မ ဟန်ပင်မဆောင်နိုင်တော့ဘဲ မျက်နှာရှုံ့တွသွားသဖြင့် ဆရာက တဟားဟားအော်ရယ်လေတော့၏။ ကြုံမှကြုံတတ်ပလေ။ ဆရာနဲ့မှ ဒင်းက သူငယ်ချင်းတဲ့လား။

"နေသွန်းက သဘောကောင်းပါတယ်ဖြူဖွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းပါဘူး။ ဒီလောက်စိတ်ပုတ်တဲ့လူကို"

"သူ့ခမျာ အသည်းကွဲ အထီးကျန်ဖြစ်နေရှာတာပါသမီးရယ်။ သနားပါတယ်"

"အေးလေ။ ဒါနဲ့များ သူက ချေးများနေသေး"

"နင်ပဲယူ မိသက်ရေ့။ နင်မလိုချင်တာနဲ့ ငါ့ကိုအတင်းပေးစားမနေနဲ့။ လုံးဝဆိုလုံးဝပဲ"

ကျွန်မက သင်တန်းအပြင်ဘက်မှာချွတ်ထားသည့်ဖိနပ်ကို ကောက်ဝတ်လိုက်စဉ် ဆရာ့ထံမှ အသံထပ်ထွက်လာပြန်၏။

"ဆရာ့သူငယ်ချင်းကိုပါ ဒီည ထမင်းစားပွဲခေါ်ခဲ့မယ်လေ။ နော်. . . ဖြူဖွေး"

"ခေါ်မလာနဲ့၊ သူ့ကိုကြည့်မရပါဘူးဆိုမှပဲ။ ဆရာ သူ့ကိုပါ ခေါ်လာရင် ဘာမှမကျွေးတော့ဘူး။ ဒါပဲ"

"စိတ်ပုတ်မလေး"

ဆရာက ရယ်ရယ်မောမောဖြင့် ကျန်ရစ်ခဲ့လေ၏။ ကျွန်မတို့ အုပ်စု ကားဂိတ်မှာ လမ်းခွဲလိုက်ကြပြီး လမ်းထဲဝင်စဉ် အသက်နှင့် တစ်လမ်းလုံးစကားများပြီး လျှောက်လာခဲ့ပါသည်။

"မိသက်. . . အစုတ်ပလုတ်မ။ ငါ့အကြောင်းတွေ သင်တန်း





မှာ လျှောက်ပြောစရာလား"

"နင် တမှိုင်မှိုင်တတွေတွေဖြစ်နေလို့ ပြောလိုက်မိတာပါဟဲ့"

"ပြောစရာလားဟဲ့။ သူနဲ့ငါ့ကို အိမ်ကသဘောတူတယ်လို့ တစ်ခါမှမပြောဖူးဘဲနဲ့ သူသိသွားရင်တော့ ငါ အရှက်တွေကွဲကုန်ပါပြီ။ ငါ့ကို ဒီအထိတော့မလုပ်ကြပါနဲ့"

"ငါအတည်ပြောနေတာဖြူဖွေးရဲ့။ မမနီနီကိုယ်တိုင် ပြောပြတာ။ နင်နဲ့ဦးနေကို အန်ကယ်သက်တို့သဘောတူထားတာတဲ့။ နင် စိတ်ညစ်နေမှန်းသိလို့ ဖွင့်မပြောသေးတာပဲဖြစ်မယ်။ သူလည်းသိ၊ ငါတို့လည်းသိ၊ တစ်လမ်းလုံး သိတယ်။ မသိတာ နင်တစ်ယောက်တည်းပဲရှိတာ. . . ဝေါ့မ"

"နင်နော်. . . တောက်! ဒါ့မမစနက်ပဲ။ အိမ်ပြန်ရောက်မှ သိကြသေးတာပေါ့"

ဒေါင်းတင်မောင်းတင်ကြုံးဝါးလိုက်ပြီး အိမ်ပြန်ရောက်တော့ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေသည့်မမကို ဝင်ရန်တွေ့မိလေတော့၏။

"မမ. . . မမရေ"

"ဟယ်. . . ဘာလဲ၊အဖွေးရယ်။ ဒီမှာ အလုပ်ရှုပ်နေတဲ့ဟာ၊ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမက အသက်ကိုဘာတွေလျှောက်ပြောတာလဲ"

"ဘာပြောမိလို့လဲ"

"ဖွေးနဲ့ဟိုလူကြီးကို ဖေဖေတို့သဘောတူထားပါတယ်ဆိုပြီး ပြောတာလေ"

"အေးလေ. . . ဟုတ်တာပြောတာပဲ။ အခုမှသိလား. . . ဒီအကြောင်း တစ်အိမ်လုံး အသိပေးထားပြီးပြီ။ ဘာမှမထူးဆန်း ဘူး"

"ဟင်! ပြောစရာလား၊ ဖွေးမှမကြိုက်တာ။ ဒီလူကြီးကိုမုန်း ပါတယ်ဆိုမှ ဒီလိုစီစဉ်ပေးစရာလားလို့"

"နင်ကြိုက်စရာမလိုပေါင်အေ။ သူ့ဘက်ကကြိုက်ရင် အချိန် တန် ပေးစားရုံပဲ။ လျှာမရှည်နေနဲ့။ သင်တန်းဆင်းပြီးရင် နင့်အဖေ ကုမ္ပဏီမှာ နှစ်ယောက်စလုံး ဝင်လုပ်ရမယ်။ အချိန်တန်လက်ထပ် ပေးရုံပဲ။ ဘာမှမခက်ဘူး"

"မေမေနော်, ဖွေးဆန္ဒကိုတော့ မမေးဘဲနဲ့။ အကုန်လျှောက် လုပ်နေကြတာပဲ။ ဒီလိုမှန်းသိရင် သူ့အိမ်မှာသွားပြီး ဝိုင်းမကူပေး ပါဘူး။ ခုတော့ ဖွေးကပဲ သူ့အိမ်ကို တရှောင်းရှောင်းသွားပြီးလုပ် ပေးနေရတာ။ လူတိုင်းမြင်နေတာ ရှက်စရာကြီး. . . ဖွေးကိုစွပ် ကြည်သာဘဲ လူသိရှင်ကြားဖြစ်နေရတယ်လို့"





ကျွန်မ ကြမ်းပြင်ထက် ထိုင်ချပြီး ဂျစ်တိုက်တာကို ချော့မော့ သူမရှိဘဲ မေမေခေါက်တာကိုသာ ခံရလေ၏။

"မကြီးမငယ်နဲ့ ဂျီကျနေပြန်ပြီ။ အဖွေးနော်, အငယ်ဆိုပြီး အလိုလိုက်ထားတာ ရောင့်မတက်နဲ့"

"မေမေတို့မှ မတရားတာကိုး"

"တရားတာမတရားတာ အသာထား။ နင့်ဆရာကို ထမင်း ချက်ကျွေးဖို့ ဝိုင်းကူဦးလေ"

"နောက်ကို သူတို့အိမ်ဘယ်တော့မှမသွားခိုင်းနဲ့။ ဖွေးဘာမှ လုပ်ပေးဘူး။ ဒါပဲ"

"မခိုင်းလို့ရမလား။ အိမ်မှာ နင်အငယ်ဆုံးပဲရှိတာ။ သွားရမှာ ပေါ့"

"မသွားဘူး၊ အသန်းနဲ့မိမွေ့တို့ကိုပဲခိုင်း။ ဖွေးကတော့ လုံးဝ"

"မရဘူး။ မိမွေ့တို့နဲ့ နေသွန်းက ဘာမှတော်စပ်တာမဟုတ် ဘူး၊ နင်နဲ့မှဆွေမျိုးတော်ရမှာ။ နင်ပဲသွားရမှာပေါ့။ ဒါနင့်အဖေ အမိန့်ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွာ. . . မေမေနော်"

ကျွန်မ အာခေါင်ခြစ်အော်လိုက်စဉ် ဧည့်ခန်းဆီမှ ကားရပ်ရာ စကားပြောသံတွေပါ ထွက်လာသဖြင့် ပါးစပ်ကိုပိတ်လိုက်၏။ ဆရာရောက်လာပြီမို့ ဂျီကျတာကို ရပ်လိုက်ရပါသည်။

"သမီးငယ်ရေ. . . ဒီမှာ ညည်းဆရာရောက်ပြီ"

မျက်နှာပေါ်မှမျက်ရည်တွေကို လက်ဝါးဖြင့်ပွတ်သုတ်လိုက်ပြီး ဧည့်ခန်းရှိရာဆီလှမ်းခဲ့စဉ် ဆရာ့ဘေးမှာ လူတစ်ယောက်ပါလာတာကို မြင်လိုက်ရလေ၏။ ဆံပင်ကို သေသေသပ်သပ်ညှပ်ထား၍ ပြုံးပြလိုက်သည့်ထိုလူကို သူမတအံ့တဩဖြစ်မိသွားရပါလေသည်။

ဘုရားရေ. . . ဒီလိုအပြုံးမျိုးကို မြင်ဖူးပါရဲ့။ ဒါ. . . ဒါ. . . ပိုင်နဲ့တော်တော်တူတဲ့အပြုံးမျိုးပါလား။

"မြှုပ်ရွေး. . . ဆရာ့သူငယ်ချင်းကိုပါအဖော်ရအောင် ဝင်ခေါ်လာခဲ့တယ်နော်။ ဖြစ်ရဲ့လား"

ကျွန်မဘာမှမပြောနိုင်ဘဲ သူ့ကိုသာ အငေးသားကြည့်မိလေ၏။ ရင်ထဲမှ ပုတ်ခတ်လာသည့် အထိတ်တလန့် ရင်ခုန်သံ ကျွန်မကိုယ်တိုင်ပဲပြန်ကြားနေမိတာ အမှန်ပဲမဟုတ်လား။

❀ ❀ ❀

ရွှေပဒေသာစာပေ

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com






## ''တတိယမြောက်အလွမ်းရာသီ''

ရွက်ကြွေဝဲနေ
သဲခြွေတဲ့နေ
ခွဲခွာရက်ဝေ
လွမ်းကာမျက်ရည်
ပုလှသည့်နေ
နွေ နွေ နွေ ...


တိမ်ကျရေမိုး
မြန်ကျတောင်ရိုး
လေဝှေ့နေပျိုး
နွယ်သည့်ချစ်ကြိုး
ရင်မှာထပ်တိုး
မိုး မိုး မိုး ...

မှုံဝေနှင်းဆောင်း
ဝဲကာမြူကောင်း
ချစ်ရင်ခွင်ပေါင်း
မြန်တွေ့စေကြောင်း
ကွဲကွာဆုံပေါင်း
ဆောင်း ဆောင်း ဆောင်း ...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၉ )

အသက် လာစောင့်နေပြီမို့ ခေါင်းဖြီးတာကို ခပ်မြန်မြန်လုပ် ။ ဒင်းက ဆံပင်အတိုမို့ အလုပ်မရှုပ်ပေမယ့် ကျွန်မက ဆံပင် နှစ်သက်သူမို့ အမြဲအချိန်ပိုယူရသည်လေ။

"မပြီးသေးဘူးလားဟာ"

"ပြီးပါပြီဟယ်၊ ဘယ်လိုဖြစ်ပြီး လောနေရတာလဲ။ ဆံပင်လေး ါရစေဦး"

"ဒီတိုင်းချသွားလည်း လှတာပါပဲ ဖြူဖွေးရယ်"

"ကောင်းမလားဟဲ့။ လူကြားထဲမှာ ဆံပင်ဖားလျားကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနေတတ်ပါဘူးဆိုတာ နင်သိသားနဲ့အသက်ရယ်"

"ငါတို့ Major မှာ star မဟုတ်ပေမယ့် နင့်ကိုလူတော်ဖေ
များများ သတိထားမိကြပါတယ်ဖြူဖွေးရဲ့၊ ဒါနဲ့ပြောရဦးမယ်၊ လ
တိပ်က တိုက်ကြီးကို လူသစ်တွေပြောင်းလာပြီသိလား"

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ။ အဲဒီအိမ်က ကောင်လေးက မိုက်တယ်
ပုံသန့်သန့်လေး"

"နှာဘူးမ . . . စပ်စပ်စုစုနဲ့သိလာပြန်ပြီ"

"အံမယ်! ငါ့အမေဆိုင်မှာ ဈေးလာဝယ်လို့ သိလိုက်ရတာ
နော်။ သူ့သားလေးက ဂီတသင်တန်းဆင်းဆိုလားပဲ။ သူ့အမေ
သဘောကောင်းပုံရပါတယ်ဟ"

"လေများမနေနဲ့ . . . သွားစို့"

ကျွန်မ စကားဖြတ်ကာ အပေါ်ထပ်မှဆင်းလာခဲ့၏။ မေ
က အဆင်သင့်ထည့်ထားပေးသည့်ထမင်းချိုင့်ကို လှမ်းပေး
လေသည်။

" Taxi နဲ့သွားနော်သမီး"

"မလိုပါဘူးမေမေရယ်။ သူများတွေလည်း ဒီလိုပဲလိုင်း





သွားနေကျကို"

"ဒီနေ့ Pratical ရှိသေးလား"

"မရှိဘူးမေမေ၊ စောစောပြန်ရောက်လိမ့်မယ်"

"အေးအေး"

စကားတပြောပြောဖြင့် လမ်းထိပ်သို့ဖြည်းဖြည်းလျှောက်လာခဲ့ပါ၏။ လေအဝှေ့လွင့်ပျံလာသည်က ဂစ်တာသံသဲ့သဲ့၊ ထို့နောက်မှာ သီချင်းသံအေးအေးလေးက ခပ်တိုးတိုးလေးပါလာလေ၏။

ကြည့်စမ်း! ဒါ့ကျွန်မသိပ်ကြိုက်တဲ့ ဝိုင်ဝိုင်းသီချင်းပါလား။

"ရင်ခုန်စရာ အနမ်းများပေးတော့ ××× အချစ်ဆုံးကျေးဇူး ××× ရွှေရောင်ကိုယ့်ရဲ့နေ့တွေ လှပဖူးခဲ့ ××× ငိုချင်စရာအလွမ်းများပေးတော့ ××× အချစ်ဆုံးကျေးဇူး ××× ရင်မှာ အလွမ်းအဆွေးများစွာ ရရှိခဲ့ဟာ အပြစ်မတင်ရက်ပါ ×××

အရာရာကို ကျေးဇူးပဲအချစ် ××× မင်းပေးခဲ့ဖူးတဲ့အချစ်တွေကို ××× ဆိုနိုင်ခွင့်မရှိလည်းလေ ××× ကိုယ့်ရင်မှာ အမြဲအမှတ်တရလေ ××× အရာရာကို ကျေးဇူးပဲအချစ် ××× မင်းပေးခဲ့ဖူးတဲ့အရာတိုင်းကို ××× ဒီရင်ထဲခွင့်လွှတ်တယ် ××× ယုံကြည်တယ် နင်အကောင်းဆုံးပေး



www.burmeseclassic.com

www.burmeseclassic.com



တယ် ×××

' ငိုချင်စရာ အလွမ်းများပေးလည်း ××× အချစ်ဆုံးကျေးဇူး ××

တကယ်ဆို မင်းလေးကြောင့်သာ ××× ကိုယ့်ဘဝအဓိပ္ပာယ် ပြည့်စုံခဲ့တ

××× ''

"အဲဒါ ငါပြောတဲ့တစ်ယောက်ဆိုနေတာပေါ့ဖျူဖွေးရဲ့"

"ရှူး. . . "

ကျွန်မလက်ညှိုးထောင်၍ တီးတိုးငြိမ်ခိုင်းလိုက်ပြီး တိုက်ကြ

၏ခြံရှေ့မှဖြတ်လာစဉ် ဝရန်တာမှာဂစ်တာတီးနေသည့်ကောင်လေ

ကို လှမ်းမြင်လိုက်ရပါ၏။

ခပ်လှမ်းလှမ်းမှမြင်နေရတာတောင် အသားလေးဖြူဝင်းနေ

တာကို သိသာစေလေသည်။ ဆံနွယ်ညိုပျော့ပျော့စင်းစင်းလေးတွေ

က ကုတ်သားထောက်ရုံရှည်နေလေ၏။

ကျွန်မ လှမ်းအကဲခတ်နေစဉ် ကောင်လေးက ဆတ်ခနဲခေါင်

ထောင်လိုက်ရာ သူ့ကိုမော့ကြည့်နေသည့်ကျွန်မနှင့် အကြည့်ချင်

ဆုံသွားရလေသည်။

"အယ်"





ကောင်လေးက ဂစ်တာကို ဘေးမှာထောင်ထားလိုက်ပြီး မတ်

တတ်ထရပ်လိုက်လေသည်။

"ဟော့! ချွတ်ချွတ်"

"ကြည့်စမ်း! သူနဲ့လည်းမသိဘဲနဲ့ လူကိုလှမ်းခေါ်နေလိုက်

တာ။ မုန်းစရာကြီး"

"ဂိတ်!ခေါ်နေတာမကြားဘူးလား။ ဆံပင်ရှည်ပြီး ပန်းမပန်

ထားတော့ တစ်ခုခုလိုနေသလိုပဲ"

"အံမယ်. . . သူ့အပူပါတာ ကျနေတာပဲ"

ကျွန်မတီးတိုးပြောကာ ကားဂိတ်ကိုဆက်လျှောက်လာခဲ့၏။

ထားရပ်စောင့်နေမိစဉ် တဖုတ်ဖုတ်ပြေးလာသည့်ခြေသံနှင့်အတူ

ကျွန်မတို့နားသို့ သူရောက်လာလေသည်။

"မောလိုက်တာ။ နည်းနည်းပါးပါးတောင်မစောင့်ဘူး"

"ဘာကိစ္စစောင့်ရမှာလဲ"

"သူငယ်ချင်းဖြစ်ချင်လို့ပါကွ။ ရော့. . . ဒီမှာ. မင်းအတွက်

ခင်းဆီဖြူ"

"အို! ဘာလဲ. . . ဖွေးမှ နှင်းဆီမကြိုက်တာ"

"မကြိုက်ပေမယ့် ပန်သွားပါကွာ။ မိန်းမလှလေးတွေက ပန်း



www.burmeseclassic.com

ပန်မှ တင့်တယ်တာတဲ့"

"လူကိုများ မလှဘူးလို့ပြောတာပေါ့လေ"

"sorry . . . sorry . . . ကိုယ်က ဒီလိုပြောတာမဟုတ်
ဘူး။ ဒီပန်းလေးပန်လိုက်ရင် မင်းပိုလှသွားမယ်လို့ဆိုလိုတာပါ။
ပါနော်။ နာမည်က ဖွေး,ဟုတ်လား။ ကိုယ့်နာမည်က စစ်ပိုင်သူ

"မယူပါဘူး၊ ဘာကိစ္စယူရမှာလဲ။ ကြောင်တောင်ပေါ
လာရောနေတယ်။ လာ,အသက်. . . သွားစို့"

ကျွန်မတို့ ထိုးဆိုက်လာသည့်ကားပေါ်ကိုတက်တော့
လေးက နှင်းဆီဖြူလေးကိုင်လျက် ကျန်ရစ်ခဲ့လေ၏။ မျက်နှာ
ပြုံးနေတာကတော့ အရာမယွင်းပါလေ။

"ငါပြောသားပဲ။ ကောင်လေးက ခပ်မိုက်မိုက်လေးပါဆို"

"ဘာမိုက်ရမှာလဲ။ လူကိုအခုပဲမြင်၊ အခုပဲလိုက်ပြီးရောနေ
မုန်းစရာကြီး"

"သူခင်ချင်လို့နေမှာပါဟယ်"

"မခင်ချင်ပါဘူး။ ဖွေးက ယောက်ျားလေးဆိုရင် ဆိုခဲ့
စေတည်ငြိမ်မှ သဘောကျတာ"

"ဒါဆို တို့မေဂျာက ကိုတင်မောင်သန်းကို ရည်စူးပြီး





ဘာပေါ့လေ"

"သေလိုက်. . . အဲဒီကျောက်ရုပ်ကြီးနဲ့တော့ မခင်ချင်ပါဘူး။
ချင်းလို့သေတောင်သေသွားနိုင်တယ်"

နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြပြီး class
ရှိရာဆီ လှမ်းလာခဲ့၏။

"ညနေသင်တန်းချိန် မီပါ့မလား"

"မီမှာပါ။ ဆရာက ငါတို့ကျောင်းတက်နေတာ သိသားပဲ"

"ဖွေးလည်း ဒီဘက်မှာထူးချွန်ချင်တယ်အသက်ရယ်။ TV
ထဲမှာ ကလေးတွေ ပညာတော်သင်တွေသွားတာမြင်တိုင်း အရမ်း
အားကျမိတယ်။ တော်လိုက်ကြတာနော်။ ဖွေးကတော့ ဒီအသက်
အရွယ်ထိ ဘာမှမဟုတ်သေးဘူး"

"ဩော်! ဖြစ်လာမှာပေါ့ဖြူဖွေးရယ်။ နင်က တော်တော်ထူး
ဆန်းတဲ့မိန်းကလေးပါလား။ အချိန်တန် အနက်ကယ်သက်နေရာကို
ဆက်ခံရမယ့်ဟာကို စိတ်မဝင်စားဘဲ တခြားဟာတွေကို စိတ်ကူး
ယဉ်ရတာယ်လို့"

"ပေဖေ့ကုမ္ပဏီက ဖွေးတစ်ယောက်တည်းပိုင်မှာမဟုတ်ဘဲ
အသက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက တစ်ကဏ္ဍလေးဟယ်။ မမနီနီက B.Ed ကျောင်းတက်ပြီး ဆရာမလုပ်တာဆိုတော့ နင်ပဲ အန်ကယ်သက်နေရာကို ဆက်ရမှာသေချာတယ်။ ဘာမှစိတ်ညစ်မနေနဲ့။ အချိန်တန် သူ့ဟာနဲ့သူ အဆင်ပြေသွားလိမ့်မယ်။ ဒါပဲ"

ကျွန်မသက်ပြင်းရှိုက်လိုက်မိပါ၏။

ဖေဖေ့အလုပ်တွေကို စိတ်မဝင်စားလှပါ။ ကျွန်မလုပ်ချင်တာက ကဗျာတွေစာတွေရေး၊ ပန်းချီလေးဆွဲ၊ သီချင်းလေး နားထောင်ပြီး စိတ်အေးချမ်းစွာနေချင်တာ။

ဒီအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုချင်တာမှန်ပေမယ့် မေမေတို့သဘောမကျတာကိုသိတော့ ရင်မောရပြန်၏။ ကျွန်မစိတ် ကျွန်မကိုယ်နဲ့ ဘာကိုမှလုပ်ခွင့်မရှိတာကိုး။ အိမ်မှာအငယ်ဆုံးမို့ အလိုလိုက်ကြတာမှန်ပေမယ့် ကျွန်မအနာဂတ်ကိုတော့ ကိုယ်တိုင် ဖန်တီးခွင့်မရနိုင်ပါချေ။

အိမ်ကိုအပြန်မှာ သူ့အိမ်ကိုမော့မကြည့်မိအောင် သတိထားပြီး လမ်းထဲဝင်လာခဲ့၏။ အသက်နှင့်လမ်းခွဲကြိုး ကျွန်မခြံထဲဝင်လိုက်စဉ် တအံ့တဩဖြစ်သွားရပါသည်။

မအံ့ဩဘဲနေမလား။ သူက ခြံထဲမှာ ကျွန်မစိုက်ထားသည့်





အပင်တွေကို လိုက်ကြည့်နေတာကိုး။

ကြည့်စမ်း! ဘယ်ကနေဘယ်လို ကျွန်မခြံထဲရောက်နေတာပါလိမ့်။ ကျွန်မကိုမြင်တော့ သူက ပြုံးပြလိုက်လေ၏။

"ပြန်လာပြီလား"

"နင်ဘယ်လိုလုပ်ပြီး ခြံထဲရောက်နေတာလဲ"

"ကိုယ်၊ အန်တီချစ်နဲ့ခင်လို့ လာလို့ရတာပေါ့အဖွေးရဲ့"

ကြည့်ပါဦး။ လူကိုများ ပိုင်စိုးပိုင်နင်းနဲ့ အဖွေးတဲ့။ သူ့ကိုယ်သူတော့ အပိုင်ပဲဆိုတဲ့အချိုးနဲ့ပါလား။

"နင်နဲ့မေမေ ခင်စရာဘာအကြောင်းမှမရှိဘူးနော်။ ညာတာပါတေးနဲ့ ခြံထဲက ဖွေးစိုက်ထားတဲ့အပင်တွေကို ခိုးဖို့လိုက်ကြည့်နေတာမဟုတ်လား"

သူက ကျွန်မပြောတာကိုသဘောကျ၍ထင့်။ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။ ကျွန်မက စိုးရိမ်တကြီးဖြင့် ကျန်ခဲ့တဲ့တစ်ပတ်ကမှပျိုးထားသည့်အပင်တွေကို စစ်ဆေးလိုက်ပါသည်။ တော်ပါသေးရဲ့။ Dancing Lady အပင်တွေရော၊ မြေစိုက်သစ်ခွတွေရော၊ ကတ္တလီယာပင်တွေကိုတွေ့ရလို့။

"ဟင်းဟင်း. . . ဥစ္စာခြောက်လိုက်တာအဖွေးရယ်။ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



မင်းအပင်တွေကိုဘာလုပ်ရမှာလဲ"

"ပြောလို့ရမလား။ နင့်ခြံထဲမှာလည်း ပန်းပင်တွေစိုက်ထားတာ။ အပင်မစုံလို့ ဒီမှာလာချောင်းတာပဲဖြစ်နိုင်မယ်"

"ဟင်းဟင်း. . . အဖွေးက အရမ်းရယ်ရတာပဲ။ ကိုယ့်ပုံက သူခိုးရုပ်ပေါက်နေလို့လားကွ"

"သူခိုးက ချိုပါတာမှမဟုတ်တာ။ ကျွန်တော် သူခိုးပါဆိုပြီး ဆိုင်းဘုတ်လည်း ချိတ်ထားတာမဟုတ်ဘူး"

သူက ကျွန်မကိုစိတ်မဆိုးသည့်အပြင် ပြုံးစိစိနှင့်ကြည့်နေသဖြင့် မျက်စောင်းခဲလိုက်မိပါ၏။ ဒီလောက်ပြောနေတာတောင် ခုထိမပြန်သေးပါလားနော်။

"ကိုယ်ခိုးချင်းခိုးရင် အပင်တွေခိုးပါ့မလားအဖွေးရဲ့၊ လူကိုပဲ ခိုးမှာပေါ့"

"ဘာ! "

"ကိုယ့်ရှေ့က ကောင်မလေးကိုလေ"

"နင်တော့လား"

ကျွန်မက စိတ်မြန်လက်မြန်ပီပီ ဘေးနားမှ အုတ်ခဲကျိုးဖြင့် သူ့ခေါင်းကိုထုလိုက်ပါ၏။ သူ့အော်သံနှင့်အတူ အိမ်ထဲမှမေမေရော





န်တီတစ်ယောက်ပါ အပြေးထွက်လာလေသည်။

"ဟယ်! ဘာဖြစ်ကြတာလဲ"

"ဒီမှာလေ. . . ဖွေးခြံထဲကိုလည်း လာသေးတယ်။ ဖွေးကိုလည်းစော်ကားမော်ကားပြောလို့ ထုလိုက်တာ"

"သမီးရယ်၊ ဒုက္ခပါပဲ"

"ပိုင်က ချစ်စနိုးနဲ့နောက်လိုက်တာပါမာမီ။ အဲဒါကို စိတ်ဆိုးပြီး ထုလိုက်တာ"

"သားရယ်. . . သမီးမကြိုက်ရင် မစနဲ့ပေါ့"

"ဩော်. . . မာမီကလည်း ချစ်လို့စတာပါဆို"

"နင်နော်. . . ပြောပြန်ပြီ"

"ဟဲ့. . . ဟဲ့"

မေမေက ကျွန်မလက်ကိုအမြန်ဖမ်းထားလိုက်သလို သူ့မေမေကလည်း သူ့ခေါင်းမှဒဏ်ရာကိုအုပ်ထားလိုက်ပါ၏။

"ကွဲသွားသလား နှင်းရယ်"

"နည်းနည်းတော့ ပေါက်သွားတယ်ထင်တာပဲ။ သွေးထွက်သွားပြီ"

"ဒါဆို ဆေးခန်းသွားပြရင်ကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းမသွားချင်ဘူးမာမီ။ တော်ကြာ ဆရာဝန်က ချ... ရမယ်ပြောပြီး ပိုင့်ဆံပင်တွေကိုရိတ်လိုက်ရင် ထိပ်ကွက်ကြီးဖြစ်သွ... မှာပေါ့။ မသွားဘူး"

သူ့ဂျစ်ကန်ကန်ဖြင့် ကျွန်မကိုကြည့်ပြီးပြောတာမို့ အသည်... ယားလိုက်တာ မပြောပါနှင့်။ အသားအနာခံပြီးတော့တောင် စ... တယ်လို့။

"သားကိုတောင်းပန်လိုက်လေ့ဖွေး"

"မတောင်းပန်ပါဘူး။ ဖွေးမှမလွန်တာမေမေရဲ့"

"သမီးနော်။ ညည်းအဖေပြန်လာရင် ငါအကုန်ပြန်ပြောမ... ဖအေ့အကြောင်းလည်းသိရဲ့သားနဲ့။ လိုချင်တာမှန်သမျှတော့ ... ဆာတတ်ပြီး ပြောစကားကိုတော့ ဘယ်တော့မှနားမထောင်ဘူ... အလိုလိုက်ထားလို့ ကမ်းတက်တဲ့ဟာလေး"

"အန်ကယ်သက်ကိုတော့ မတိုင်ပါနဲ့အန်တီချစ်ရယ်။ ... ဆေးထည့်ပေးရင်ပြီးတာပဲမဟုတ်လား"

"အေး . . . ဟုတ်တယ်။ သွား . . . သားကိုခေါ်ပြီး ဆေးထ... plasta ကပ်ပေးလိုက်။ ဖွေး . . . ခေါ်သွား"

ကျွန်မမျက်လုံးပြူး၍ကြည့်လိုက်တော့ သူက ခပ်ပြုံးပြုံးစတို...





...င် ပြန်ကြည့်လေ၏။

ပြောပုံကိုက အပိုင်ပါလား။

နေနှင့်ဦး . . .

တွေ့ကြသေးတာပေါ့ စစ်ပိုင်သူရယ် . . .

ညှပ်ခန်းမှာထိုင်ထားခိုင်းလိုက်ပြီး Sprit ပုလင်း၊ ဂွမ်း၊ ဆေး ...ား plasta ကိုယူကာ သူ့အနီး ပြန်လျှောက်လာခဲ့၏။

"ကဲ! စပ်ရင်ပဲဖြစ်ဖြစ်၊ နာရင်ပဲဖြစ်ဖြစ် လုံးဝမအော်နဲ့"

"ဟာ! အရမ်းကြီးတော့ မလုပ်နဲ့လေ။ နာရင်တော့ အော်မိ ...ာပေါ့ကွ"

"အောင့်ခံပေါ့ဟဲ့ . . . ကဲ"

"အား! မာမီရေ . . . ဒီမှာ ပိုင့်ကို အဖွေးပညာရှိနည်းနဲ့ ...စက်နေပြီ"

ကျွန်မ အမြင်ကပ်ကပ်ဖြင့် အရက်ပြန်သုတ်၊ ဆေးထည့်၊ ...sta ကပ်ပေးတဲ့အထိ ခပ်နာနာလုပ်ပေးတာကို အသံပေါင်းစုံဖြင့် ...အော်ဟစ်ရင်း သူခံရလေ၏။ မှတ်ထား။ ဖွေးကို ဒီလိုပညာစမ်းလို့ ...ဘူးဆိုတာ နင်ကောင်းကောင်းကြီးသိသွားစေရမယ်။

"အဖွေးက သိပ်ရက်စက်တာပဲ။ ကိုယ့်လိုစာတွေကဗျာတွေ...



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်တာရော၊ အပင်လေးတွေကိုချစ်တတ်တာပါ။ ဝါသနာတူ[illegible] သူငယ်ချင်းဖြစ်ရပြီထင်နေတာ။ ခုတော့ ကိုယ့်ခေါင်းမှာ ဒဏ်ရ[illegible] ရတာပဲ အဖတ်တင်တယ်။ အဲဒီလောက်ထိအောင် အချစ်ကြမ်း[illegible] သလားကွာ"

"နင်နော်. . . ဒီလောက်နာနေတာတောင်မှ ထပ်ပြော[illegible] သေးတယ်။ အမှတ်သည်းခြေကိုမရှိဘူး"

"ကိုယ်က အမှတ်တရအနေနဲ့ သတိရနေမှာပါ အဖွေး[illegible] ခေါင်းဖြီးတိုင်း ကိုယ့်ခေါင်းကိုစမ်းမိရင်လေ။ မဟုတ်ဘူးလား"

ကျွန်မ မအောင့်နိုင်ဘဲ ပြုံးလိုက်မိပါ၏။ ဒီလောက်နာနေ[illegible] ကိုတောင် အစအနောက်က မပျက်သေးပါလားနော်။

"နောက်တစ်ခါဆို နင့်ခေါင်းနှစ်ခြမ်းကွဲအောင်ကို ရိုက်[illegible] မယ်။ စောင့်သာကြည့်"

"ရက်စက်တော့မှာလားအဖွေးရယ်။ ဒီလောက်ထိ အချစ်[illegible] မပြသင့်ပါဘူး"

"နင်နော်"

"ဟုတ်တယ်လေ။ အသည်းစွဲအောင်ချစ်တဲ့သူတွေက အ[illegible] ကွဲအောင်ရိုက်တတ်တယ်တဲ့။ မကြားဖူးဘူးလား"





ကျွန်မ ရယ်လိုက်မိတော့သည်။

ဒီလောက်ထိ အပျော်အနောက်သန်တဲ့ကောင်လေးပါလား [illegible]နော်။

"အဖွေးက ရယ်လိုက်ရင် ပိုချစ်ဖို့ကောင်းသွားတယ်သိလား။ [illegible]ာက်ကို မျက်နှာစူပုတ်မထားနဲ့နော်။ လိမ္မာတယ်"

"နင်ဟာလေ"

"ပိုင်လို့ပြောပါ အဖွေးရဲ့"

"မခေါ်ချင်ပါဘူး၊ နာမည်ကိုက စီးစီးပိုးပိုးနဲ့။ လျှာယားစရာ [illegible]ပြီ"

"ခေါ်လိုက်ပါအဖွေးရယ်။ အဲဒီကောင်လေးက ဆံပင်ရှည် [illegible]ည်နဲ့ကောင်မလေးကို မြင်မြင်ချင်းခင်မင်ချင်နေတာ။ သနားပါ [illegible]ယ်။ ကောင်မလေး ခဲနဲ့ထုတာကိုတောင် မနာချင်ယောင်ဆောင် [illegible]ိုက်ခံနေပြီး ခင်မင်ခွင့်စောင့်နေတဲ့သူပါ"

ကျွန်မ ရယ်မောလျက် ခေါင်းခါလိုက်မိလေ၏။

ပိုင်ဆိုတာ ကျွန်မဘဝထဲကို အသံမပေး အချက်မပြဘဲနဲ့ [illegible]ုပ်တစ်ပြက်ဝင်လာခဲ့တဲ့အလင်းတန်းလေးတစ်ခုပါပဲ။

ဒါပေမဲ့. . . အဲဒီအလင်းတန်းကလေးဟာ တစ်ချိန်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုနှုတ်မဆက်ဘဲ ကျောခိုင်း ထွက်ခွာသွားလိမ့်မယ်ဆိုတာ တော့ ထိုစဉ်က မသိနားမလည်ခဲ့ပါချေ။

❀ ❀ ❀



## အခန်း ( ၁၀ )

"သမီးအန်တီနှင်းက ဘုရားပန်းမဝယ်နဲ့။ သူတို့ခြံထဲမှာ လာယူလို့ပြောထားတာလေ။ နှင်းဆီပန်း ဘုရားတင်တော့ တစ်အိမ်လုံး မွှေးတာပေါ့"

"မေမေကလည်း အားနာစရာကြီး"

"အားနာစရာမလိုပါဘူး။ နှင်းနဲ့မေမေက ငယ်သူငယ်ချင်း တွေပဲဟာ။ အချိန်မရွေးလာခဲ့လို့ပြောထားတာပဲ။ ရော့. . . ဒီမှာ မေမေ ကြာဆံချက်ထည့်ပေးထားတာ ယူသွားဦး"

ကျွန်မ မှုန်ကုပ်ကုပ်မျက်နှာဖြင့် လမ်းထိပ်သို့ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာအငယ်ဆုံးဆိုပြီး ခိုင်းစားနေကြတာပဲ။ မိမွေး
အသန်းကျ မခိုင်းဘူး။ ပွစိပွစိရွတ်လျက် သူတို့ခြံထဲဝင်လိုက်
နှင်းဆီချုံနောက်မှ ဘွားခနဲလူရိပ်ပေါ်လာသဖြင့် လန့်အော်မိ
၏။

"အမယ်လေး! "

"ဟာ. . . ဘွာတေးဘွာတေး။ ပိုင်က အဖွေးမလန့်လော
ဘူးထင်ပြီး လှန့်လိုက်မိတာပါ"

"နင်လုပ်တာ အကြောင်းမဟုတ်ဘူး။ ချိုင့်မှောက်သွား
အချောင်ခတ်ဦးမယ်။ ဟင်း. . . "

"ဘာတွေလာပို့တာလဲအဖွေးရယ်"

"ကြာဆံချက်ပါ"

"ပိုင်က ကြာဆံချက်မကြိုက်ဘူးအဖွေးရဲ့။ ကြေးအိုးပဲ ကြ
တာ"

"ကြေးအိုးစားချင်ရင် နင့်ဟာနင် ဆိုင်မှာသွားဝယ်ပေ
လာပို့ပေးတဲ့လူကို စေတနာပျက်အောင်ကိုလုပ်တယ်။ မပြော
ချင်ဘူး"

"သံယောဇဉ်နည်းပါးလိုက်တာအဖွေးရာ။ ပိုင့်ကို ရန်သ





ပဲ ဆက်ဆံရလား။ ဒီလောက်ချစ်ဖို့ကောင်းတဲ့ကောင်လေးကို"

"ကောင်းပါလိမ့်မယ် အားကြီးကြီး၊ အန်တီနှင်းရော"

"ရှိတယ်လေ။ အိမ်ထဲမှာ မာမီလို့ခေါ်လိုက်"

"အံမာ. . . ရာရာစစ"

ကျွန်မ, သူတို့အိမ်ထဲဝင်တော့ အန်တီ့ကို အောက်ထပ်မှာ
တွေ့ရပါချေ။ အိမ်ဖော်မလေး ညိုပြာလက်ထဲသို့ ချိုင့်ကိုထည့်ပေး
အန်တီနှင်းရှိနေသည့်အပေါ်ထပ်ကိုတက်လာတော့ သူကပါ
နောက်က လိုက်လာလေ၏။

"မာမီရေ. . . ဒီမှာ မာမို့ချွေးမလေးလာပြီ"

"နင်နော်, ငါလေ့ကားကနေတွန်းချလိုက်ရ သေတော့မှာပဲ"

"မသေပါရစေနဲ့ဦး အဖွေးရယ်. . . Sedona မှာ မင်္ဂလာ
ဆောင်သွားပါရစေဦး"

ကျွန်မ, သူ့ကိုမျက်စောင်းလှည့်ထိုးလိုက်ပြီး အပေါ်ကိုဆက်
တက်လာခဲ့၏။ အန်တီနှင်းကို ဘုရားခန်းထဲမှထွက်လာတာ တွေ့
လိုက်ပါသည်။

"ဟော. . . သမီးလေးပါလား"

"မေမေက ကြာဆံချက်ပို့ခိုင်းလို့ပါအန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်! အားနာစရာသမီးရယ်။ ဒါဖြင့် ခဏလေးစောင့်
နော်။ အန်တီကျောက်ကျောထိုးထားတာ ပြန်ထည့်ပေးလိုက်မယ်
ပြီးရင် သမီးကို ဘုရားပန်းလိုက်ခူးပေးလိုက်ဦး သားရဲ့"

"ပန်းပေးရင် အလှမ်းဝေးတယ်တဲ့မာမီရဲ့။ ပိုင်မပေးချင်ဘူး ...ယ်"

"အံမယ် . . . ဒင်းက ကဗျာဆန်ချင်ပြန်နေသေး။ အပေါ်
ပဲ စောင့်ဦးနော်သမီး။ ဝရန်တာမှာ ထွက်စောင့်ချည်။ ကျော
ကျောက သိပ်မခဲသေးလို့"

"ဟုတ်ကဲ့ပါအန်တီ"

အန်တီ မအောက်ထပ်ဆင်းသွားတော့ ကျွန်မ ဝရန်တာ
ထွက်ရပ်လိုက်ပါ၏။

ဖျာတစ်ချပ်ခင်းထားပြီး ဖျာပေါ်မှာ ဂစ်တာတစ်လက်
ဘတူ သီချင်းစာအုပ်တွေ ပြန့်ကျဲနေလေသည်။

"တွေ့လား . . . စည်းကမ်းကိုမရှိဘူး"

"အဖွေး၊ စီပေးမယ့်အချိန်ကိုစောင့်နေတာလေ"

"မစီပေးပါဘူး။ အကျင့်ကိုပါတယ်။ အိမ်မှာတစ်ယော
တည်းဆိုပြီး သိပ်အပျင်းကြီးတာပဲ"

"တခြားနေရာမှာ ပျင်းရင်သာပျင်းမှာပါ။ သီချင်းရေးတာ





ဆိုတာတို့တော့ မပျင်းပါဘူးအဖွေးရယ်"

"ဆိုတာတော့ထားပါ။ ရေးတတ်တာရော ဟုတ်ရဲ့လား"

"ရေးတတ်တာပေါ့။ ဒီမှာ တစ်ပုဒ်တောင်မှ စပ်ထားသေး

"ဘာသီချင်းလဲ"

"ဘက်လိပ်သီချင်း"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆိုမှ ကြားချင်လို့လား။ ခေါင်းစဉ်က I love
you. Do you love me? တဲ့"

ကျွန်မနှုတ်ခမ်းကိုက်၍ မျက်စောင်းခဲလိုက်စဉ် သူက ဂစ်တာ
ကိုကောက်ကိုင်လိုက်ပြီး ကျွန်မကို ပြုံးမြမြဖြင့်ကြည့်နေလေ၏။

"အဖွေးရဲ့အလှက ရင်ကိုအေးမြစေတယ်"

"လာပြန်ပြီ"

"တကယ်ပြောတာ။ ဒီဆံပင်ရှည်တွေနဲ့ အဖွေးရဲ့မျက်နှာ
လေးက သိပ်လိုက်ဖက်တာပဲ။ အထူးသဖြင့် မေးစေ့လုံးလုံးလေး
ရယ်၊ နဖူးပြေပြေလေးရယ်၊ မျက်ခုံးလှလှလေးတွေက နှာတံစင်းစင်း
လေးကိုရော၊ မျက်ဝန်းတောက်တောက်လေးကိုပါ ပံ့ပိုးနေသလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပိုလှသွားစေတာ"

"ပိုင်ကလည်းနော်"

"အဟုတ်ပြောနေတာ။ ရုပ်ရှင်မင်းသမီးတွေတောင် အဖွေး လောက်မလှဘူး။ သူတို့ကိုသေချာကြည့်ရင် အပြစ်က တဖြည်းဖြည်း နဲ့ပေါ်လာရော။ မျက်စိကျဉ်းတာတို့၊ နှာခေါင်းပွတာတို့၊ ပါးစပ် တာတို့ပေါ့။ အဖွေးက အစိတ်အပိုင်းတစ်ခုစီကို ကြည့်လည်းလှတာ ကွ"

"တော်ပါတော့ ပိုင်ရယ်။ ဖွေးနေလို့မရအောင် လိုက်မစနေ ပါနဲ့။ ဖွေးကတော့ ဒီဆံပင်ရှည်တာကြောင့် ဖွေးကို ယေဘုယျအား ဖြင့် လှတယ်လို့ထင်ကြတာပဲလို့ ယူဆတယ်။ မမတောင် ဆံပင် အရှည်မထားနိုင်ဘူး။ ဖွေးက လေးတန်းနှစ်ကတည်းက အရှည် ထားဖြစ်တာ"

သူက ကျွန်မဆံပင်တွေကိုလှမ်းကိုင်လိုက်သဖြင့် ကျွန်မဆတ် ခနဲပြန်ဆွဲလိုက်ပါ၏။ ယောကျ်ားလေးတစ်ယောက် ဤသို့ကိုင်တာ ကို မကြုံဖူးတာမို့ ရင်ထဲမှာ ဒုတ်ခနဲလန့်ဖြန့်သွားလေသည်။

"ဘာလုပ်တာလဲ"

"နူးညံ့လားလို့ ကိုင်ကြည့်တာပါအဖွေးရဲ့။ တွန့်တိုလိုက်တာ





နော်။ ကတ္တီပါစလေးကိုင်လိုက်ရသလို လက်ပေါ်မှာ နူးညံ့သွားတာ"

"အံမယ်! ပိုင်ကိုင်ဖို့ ဖွေးဆံပင်ကိုအရှည်ထားတာမဟုတ်ဘူး၊ တ်ထား။ ဒီနေ့ပဲ ခေါင်းလျှော်ထားတာကို မကိုင်ပါနဲ့"

"ဟုတ်လား။ ပိုင်လည်း ဒီနေ့ လျှော်ထားတာလေ။ အဖွေး ဘာ Shampoo နဲ့လျှော်လဲ"

"ဖွေးက Shampoo မသုံးဘူး။ ငယ်ငယ်ကတည်းက တရော် ကင်ပွန်းနဲ့ပဲလျှော်တာ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆို"

"မယုံပါဘူး"

"မယုံရင် အနံ့ခံကြည့်ပေါ့"

"တကယ်နော်"

"ပိုင်နော်. . . နင်လူလည်မကျနဲ့"

"ဩော်! ရိုးရိုးသားသားပါအဖွေးရယ်။ ဒီမှာ ပိုင့်ဆံပင်တွေ ကို ကိုင်ကြည့်ပါလား။ ပျော့တယ်လို့မထင်ဘူးလား။ အဲဒါ ဆိုင်မှာ ပေါင်းတင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ယောကျ်ားလေးတစ်ယောက်က ဆံပင်ပေါင်းတင်သည်ဆို ကျွန်မအံ့ဩသွားရလေ၏။ ကျွန်မဆို တင်ပါးဖုံးသည်အထိ ဆံ ရှည်နေတာတောင် တစ်ခါမှပေါင်းမတင်ခဲ့ဖူးပါချေ။

"မယုံရင် စမ်းကြည့်ပါလား"

သူက ခေါင်းတိုးပေးနေသဖြင့် ကုတ်အထက်နားမှ ဆံ ရှည်လေးတွေကို ကျွန်မကိုင်ကြည့်ရာ တကယ်ပဲ ပျော့ပျောင်းနူး နေလေသည်။

သူက အနီးသို့ရောက်လာသည့် ကျွန်မဆံပင်ရှည်အဖျား လေးကိုယူကာ ဖျတ်ခနဲငုံ့မွှေးလိုက်ပါ၏။

"ပိုင်နော် တော်တော်လူလည်ကျ။ ဟွန်း! ဖွေးပြန်တော့မယ်"

"နေပါဦး အဖွေးရဲ့၊ မပြန်ပါနဲ့ဦး။ ပိုင်တစ်ပုဒ်လောက် ချင်လို့ပါ။ နားထောင်သွားဦးလေ။ ပြီးရင် ပိုင်ကိုယ်တိုင် ပန်းတွေ ပေးပါ့မယ်"

"မေမေမှာလို့သာ လာယူတာနော်။ ဖွေးက နှင်းဆီမကြိုက် ဘူး။ ခရေပဲကြိုက်တာ"

"ပိုင့်ကိုခင်ရင်တော့ နှင်းဆီကြိုက်ပေးပါ အဖွေးရယ်နော်





ာက်ဆို အဖွေးကျောင်းသွားတိုင်း ပိုင်, နှင်းဆီပန်းလာပို့ပေးမယ် သ"

"မကြိုက်ပါဘူးဆိုမှ အတင်းကြီးပဲ"

"ကြိုက်လိုက်ပါကွယ်. . . ပန်းလေးတွေက ပြောနေကြတယ်။ အဖွေးကြိုက်မှ သူတို့မွှေးကြတာပါတဲ့"

ကျွန်မ ကြည်နူးစွာရယ်လိုက်မိပါ၏။ သူက ကျွန်မကိုခပ်ငေး ငေးလေးကြည့်ကာ ဂစ်တာကို စတီးလေသည်။ ဒါ, စိုးလွင်လွင်ရဲ့ ွေဝင်ဆည်းဆာပါလား။

"ညနေခင်းရဲ့လေပြည်ထဲမှာ ××× မင်းဆံနွယ်တွေ တောင်ပံဖြန့် အခါ ××× ပန်းပွင့်လေးတွေ ရှက်သွေးဖြာ ××× ကျေးငှက်ကလေးတွေ ာမဆိုတော့ပါ ××× ဟိုမှမြက်ခင်းစိမ်းများ ဦးညွတ်လို့ ××× မေလာရာ ပ်ခင်းပေးကြရှာ ××× စမ်းချောင်းလေးတွေတောင် ငိုနေပြီကွာ ××× င်းဆံပင်လေးတွေ သိမ်လှတဲ့အချိန်အခါ။

ညနေခင်းရဲ့လေပြည်ထဲမှာ ××× မင်းဆံနွယ်တွေ တောင်ပံဖြန့် အခါ ××× ပန်းပွင့်လေးတွေ ရှက်သွေးဖြာ ××× ကျေးငှက်ကလေးတွေ ာမဆိုတော့ပါ ××× ဟိုမှမြက်ခင်းစိမ်းများ ဦးညွတ်လို့ ××× မေလာရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းခင်းပေးကြရှာ ××× စမ်းချောင်းလေးတွေတောင် ငိုနေပြီကွာ ××× မင်းဆံပင်လေးတွေ သိပ်လှတဲ့အရှိန်အဝါ။

ကမ္ဘာမြေတခွင်ကို ××× မင်းဆံနွယ်တွေ ××× လွှမ်းခြုံထားလားကွာ ××× တိမ်တွေပေါ်မှာ ရွှေနေခြည်ဟာ ××× ရောင်စဉ်ပြန်းပက်လို ××× ဆံပင်တွေကိုနမ်းတဲ့အခါ ××× လေတုန်မှာ လူးလွန့်သွား ××× ဆံနွယ်လေးတွေ သံစဉ်တေးလိပ်ပြာ"

ဆွေးဆွေးမြေ့မြေ့သီဆိုသံက နားထဲမှာ စိမ့်ဝင်သွားစေ၏။ သူ တကယ်ပါရမီပါတယ်ဆိုရမယ်ထင်ပါရဲ့။ ဂစ်တာကိုပိုက်ပေးကြည့်နေသည့်သူ့ကို နှာခေါင်းရှုံ့ပြတော့ သူက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

"သူများသီချင်းဆိုပြတာကို နှာခေါင်းရှုံ့တယ်ပေါ့လေ။ ဘာလဲ. . . ကိုယ့်အသံက နားထောင်မကောင်းလို့လား။ သွားပါပြီကွာ အဆိုတော်ဖြစ်ချင်တာ တစ်ပိုင်းသေနေပါတယ်ဆိုမှ"

"မဟုတ်ပါဘူး ပိုင်ရဲ့။ ပိုင်သီချင်းဆိုတာကို သဘောကျမိပါ"

"တော်သေးတာပေါ့"





"ညမှောင်မှောင်မှာ ဂစ်တာလေးတီး၊ သီချင်းလေးဆိုရရင် ...ကောင်းမှာပဲနော်"

"ပိုင်နဲ့ အတူတူဆိုချင်လို့လား"

"မဟုတ်ပါဘူး။ ဖွေးလည်း ဂစ်တာတီးတတ်ချင်လို့ပြောတာ။ ...ယ်တိုင်တီးပြီးဆိုတာ ပိုမကောင်းဘူးလား"

"အဖွေးတတ်ချင်ရင် ပိုင်,သင်ပေးမှာပေါ့"

"တကယ်နော်"

"တကယ်ပေါ့။ ဒါပေမဲ့ လက်ထိပ်လေးတွေတော့ အသားမာ...တဲ့အထိ နာမှာနော်။ ကြိုပြောထားပါရဲ့"

"နာပါစေလေ။ တီးတတ်ရင်တော်ပြီ"

အန်တီလှမ်းခေါ်လိုက်တာမို့ အောက်ထပ်ကို ပြန်ဆင်းလာခဲ့... အန်တီပေးလိုက်သည့်ကျောက်ကျောချိုင့်ကိုယူ၍ ခြံထဲရောက်... သူက နှင်းဆီရုံတွေထဲမှ နှင်းဆီကိုင်းတွေကိုဖြတ်ပေးလေသည်။

"ပိုင် ကတိတည်ရမယ်နော်"

"ဘာကတိလဲ"

"တွေ့လား။ ခုနတော့ ဂစ်တာတီးသင်ပေးမယ်ဆိုပြီး အခုပဲ ...ပစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်! မမေ့ပါဘူး အဖွေးရယ်။ ကိုယ့်ဘဝမှာ အဖွေး[illegible]
အရေးအကြီးဆုံးပါပဲ"

ကျွန်မရင်ထဲမှာ နွေးခနဲဖြစ်သွားရပါ၏။ ဒီလိုအပြောမျိုး[illegible]
နဲ့ ဘယ်ကောင်မလေးတွေကိုပြောခဲ့ဖူးပြီလဲ။ နှုတ်က ဖွင့်မေးလို[illegible]
ချင်ပေမယ့် မမေးရဲပေ။ ဖွေးကို သူအထင်အမြင်သေးသွားမှာ[illegible]
တော့ စိုးရိမ်လှပါသည်လေ။ ပိုင်ရယ်. . . တစ်ခါမှမခံစားဖူး[illegible]
ရင်ဖိုလှိုက်မောခြင်းတွေနဲ့ ဖွေးရင်ကို မလှုပ်ခတ်ပါစေနဲ့လား။

"ကိုယ်နှစ်သက်တဲ့နှင်းဆီတွေကို အဖွေးကိုလည်း နှစ်သ[illegible]
စေချင်တယ်။ အဖွေး, ခရေကြိုက်တာကို အပြစ်မဆိုချင်ပါဘူ[illegible]
ဒါပေမဲ့ ခရေဆိုတာ ပင်မြင့်စံပန်းမှမဟုတ်ဘဲအဖွေးရဲ့။ သူ[illegible]
တကာရဲ့ခြေဖဝါးအောက်မှာ အနင်းခံရတဲ့ပန်းကိုမှ တန်ဖိုးထား[illegible]
တယ်လို့ ဒီနှင်းဆီဖြူလေးကိုကြည့်, အပွင့်လေးလည်းလှတယ်။ [illegible]
လည်း ပြေပြေလေး။ တော်ဝင်နှင်းဆီရယ်လို့ သီချင်းတွေတော[illegible]
စပ်ကြသေးတယ်။ လှတိုင်းကလည်း တန်ဖိုးထားပြီး ဈေးကြီး[illegible]
ဝယ်ကြတာမို့ အဖွေးကိုလည်း ကြိုက်စေချင်တာပါ"

"သူများမကြိုက်တာကို အတင်းပဲကြိုက်ခိုင်းနေတာလား[illegible]

"ဟုတ်တယ်လေ။ အဖွေး စဉ်းစားကြည့်။ ကိုယ်နဲ့အဖွေး[illegible]





[illegible]ပေဂီတကိုချစ်မြတ်နိုးတဲ့နေရာမှာ တူပြီးတော့ ကျန်တဲ့နေရာမှာ
[illegible]ကြောင့် ဆန့်ကျင်ဘက်တွေဖြစ်နေရတာလဲ။ ကိုယ်က အနက်
[illegible]ကို အနှစ်သက်ဆုံး။ အဖွေးက အဖြူမှအဖြူ။ ကိုယ်ကနှင်းဆီ
[illegible]ကြိုက်တယ်။ အဖွေးက ခရေမှခရေ။ ကဲ! ဘယ်လိုလုပ်မလဲ။
[illegible]ယ်က သီချင်းတွေရေးချိန်မှာ အဖွေးက ကဗျာတွေရေးနေပါ
[illegible]က်နဲ့ ဒီလိုဖြစ်ရတယ်လို့"

"ဘာဖြစ်လဲ, ပိုင်က အဆိုတော်အဖြစ်နဲ့ state ပေါ်တက်နေ
[illegible]မှာ ဖွေးက မထင်မရှားဘဝလေးနဲ့ စာတွေကဗျာတွေရေးနေ
[illegible]လေ။ ဘယ်လိုမှဆုံနိုင်ခွင့်မရှိတာပဲ"

သူက ပန်းခူးနေရာမှ ကျွန်မရှေ့ကို ပြုံးခနဲရောက်လာတာ
[illegible]လန့်သွားရပါ၏။ လုပ်လိုက်ရင် အထိတ်တလန့်ချည်းပါပဲလား။

"ဘယ်လိုပြောလိုက်တာလဲအဖွေးရဲ့။ ကိုယ့်ဘဝမှာ အဖွေး
[illegible]ဘာ အမြဲအမှတ်ရနေမယ့်သူပါ။ ကိုယ့်ဆီမှာ သူငယ်ချင်းတွေအများ
[illegible]ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီလူတွေနဲ့ အဖွေးက တူကိုမတူတာ။
[illegible]အားလုံးထက် အဖွေးကို ပိုပြီးချစ်တယ်။ အားလုံးထက်လည်းပိုပြီး
[illegible]ယောဇဉ်ရှိတာကိုယုံပေးပါ"

ကျွန်မ ခြေလှမ်းကိုနောက်ဆုတ်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြီးပါလိမ့်။ တစ်မျိုးတော့ တစ်မျိုးကြီးပါပဲလား ဘယ်သူစိမ်းတစ်ယောက်ဆီကမှ ချစ်တယ်ဆိုတဲ့စကားကို ကျွန် တစ်ခါမှမကြားခဲ့ဖူးပါလေ။

သူက. . . သူက, ကျွန်မကိုချစ်တယ်။ သံယောဇဉ်ရှိတယ်တဲ့ ကျွန်မ ဘယ်လိုနည်းနဲ့ယုံပေးရမှာလဲ။ ဒုက္ခပါပဲနော်။

"ကိုယ် ဘယ်လိုပဲ စင်ပေါ်ကိုရောက်သွားပါစေ။ အဖွေးဆို နာမည်တစ်ခုကို ရင်ထဲမှာ သိမ်းဆည်းထားတာပါ။ ဘယ်တော့ မေ့မှာမဟုတ်ဘူး။ တကယ်လို့ အဖွေးနဲ့ဝေးသွားရင်တောင်မှ တ နေ့နေ့တစ်ချိန်ချိန်မှာ ကိုယ်ပြန်လာခဲ့မှာပါ"

လက်ထဲသို့ကမ်းပေးလာသည့် နှင်းဆီတို့ကို လက်လှမ်း လိုက်ပါ၏။ ရွှန်းလဲ့လဲ့အကြည့်တို့ကို ရင်မဆိုင်ဝံ့ဘဲ မျက်လွှာ အသာချထားလိုက်မိသည်။ သူက ကျွန်မလက်ကိုအုပ်ကိုင်လ တီးတိုးထပ်ပြောပြန်၏။

"အဖွေး ယုံရဲ့လားဟင်"

"မသိဘူးလေ"

"အဖွေးနော်. . . ကိုယ်လိုက်လျှောမှန်းသိလို့ မဆိုးပါနဲ့"

"အံမယ်. . . သူကပဲပြောရတယ်ရှိသေး။ ဖွေးတောင်အိမ်





ယ်ဆိုပေမယ့် ပိုင့်လောက် အလိုလိုက်ခံရတာ မဟုတ်ဘူး။ ပြီး တော့ ဖွေးက ပိုင့်လိုစကားလုံးလှလှလေးတွေကို စီကုံးမပြောတတ် တာအမှန်ပါ။ ရင်ထဲမှာရှိတဲ့အတိုင်းပဲ ခင်ရင်ခင်တယ်လို့ ရိုးရိုး လေးပဲပြောချင်ပါတယ်,ပိုင်"

"ကျေးဇူးတင်ပါတယ်အဖွေးရယ်။ အဖွေးဆီက ဒီလောက် သံယောဇဉ်ရှိတယ်ဆိုရုံလေးနဲ့ ကိုယ်ကျေနပ်လိုက်ပါ့မယ်"

ခပ်တင်းတင်းဆုပ်ထားခြင်းခံရသည့်လက်ဖျားကို ရုန်းထွက် လိုက်ပါ၏။ အတိုင်းအဆမဲ့ခုန်ပေါက်နေမိသည့်ရင်ခုန်သံကို ထိန်း ချုပ်ကာ သူတို့ခြံထဲမှထွက်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ ဘယ် သူ့ကိုမှ စကားပင်ကောင်းကောင်းမပြောနိုင်ဘဲ အခန်းထဲ ခွေနေမိ ၏။

ပိုင်ရယ်. . . ငယ်သူရဲ့နှလုံးသားမှာ ပုံရိပ်စွဲထင်အောင် အိပ် တွေမပေးချင်ပါနဲ့လား။ ဖွေးက ရိုးသားပါတယ်။ ဘာမာယာမှ ပါဘူး။ ရင်ထဲကခံစားချက်တွေကို စကားလုံးလေးတွေအဖြစ် ချရေးရုံကလွဲပြီး ရင်ဖွင့်မပြောတတ်တာအမှန်ပါ။

သံယောဇဉ်ရှိတယ်တဲ့လား။ ပိုင့်လိုပဲ ဖွေးလည်း ပိုင့်အပေါ် သံယောဇဉ်ရှိပါတယ်။ အရင်က သူငယ်ချင်းသိပ်ရှားပါးလို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းအထီးကျန်စွာနေခဲ့ရတဲ့ဖွေးကို ပိုင်ကပဲ တက်ကြွ လန်းဆန်းအောင်ပြုပြင်ပေးခဲ့တာလေ။

အခုဆိုရင် ကျွန်မ မပျင်းတော့ပါဘူး။ အားလပ်နေတဲ့အခါ တွေမှာ ပိုင့်အကြောင်းတွေ တွေးနေတတ်ပြီ၊ ပိုင့်မျက်နှာလေး စိတ်ကူးနဲ့မြင်ယောင်ရင်း ကြည်နူးနေတတ်ပြီ။

စဉ်းစားလို့ရသမျှ ချရေးလိုက်မိတဲ့ကဗျာတွေဟာ အချစ် အကြောင်းတွေဖြစ်နေတာ မဆန်းတော့ပါဘူး။ ရင်ကိုတသိမ့်သိမ့် လှုပ်ခါစေတဲ့ခံစားချက်ဟာ အချစ်လို့မယူဆရင် ဘာကိုသတ်မှတ် ရမှာလဲ။

ရှင့်ကို ကျွန်မသိပ်ချစ်တယ်ပိုင်. . .

တကယ်ပါ. . .

ဖွင့်ပြောလို့မရနိုင်တဲ့ မျှိုသိပ်ခြင်းများစွာနဲ့ ချစ်နေမိတာ ပိုင်သိသွားရင်ဖြင့်. . .

❀ ❀ ❀



## အခန်း ( ၁၁ )

အိမ်အောက်ထပ်မှအသံတွေကို တီးတိုးမျှကြားနေရပါသော် ငြားလည်း မကြားချင်ယောင်ဆောင်နေမိသည်။ သူတို့မိသားစုရောက် နေတာမဟုတ်လား။ သူနဲ့မတွေ့ဖြစ်တဲ့တစ်ပတ်လောက်မှာ အခန်း အောင်း၍ ပန်းချီပုံတွေကိုသာ လေ့ကျင့်ဖြစ်လေ၏။

နေနိုင်လိုက်တာ။ သူစီးရီးစ်သွင်းဖို့ အပြင်းအထန်ကြိုးစားနေ သည့်သတင်းတွေကိုကြားနေရတာပဲ၊ ကျွန်မကိုဘာမှမတိုင်ပင်ဘဲ နေစိမ့်တာမို့ မသိချင်ယောင်ဆောင်နေမိသည်။

ဥပေက္ခာပြုတယ်ဆိုတာ အပြောလွယ်သလောက် အလုပ်က



www.burmeseclassic.com

www.burmeseclassic.com



တကယ်ခက်တာပဲနော်။ ကျွန်မနှုတ်က သတိမရပါဘူးဟု အ
ရေရွတ်ပေမယ့် စိတ်ထဲကအလွမ်းကို မဖြေသာတာက လက်
သိတာလေ။

ကြည့်ပါဦး. . . အဲဒါလား။ ကျွန်မကို သူခင်တယ်ဆို
မခေါ်ပါဘူး။ (၁၀)ရက်ပြည့်အောင် ကောက်ကိုကောက်ပြလို
မယ်။ ဒါမှ ကျွန်မစိတ်ကောက်တတ်တာကို သူသိသွားမှာလေ

စိတ်ကူးဖြင့် တစ်ယောက်တည်းကျိတ်ပြုံးလိုက်ပြီး ဆွဲလ
ကြာပွင့်ပုံကို ပန်းဆီရောင်ခြယ်နေစဉ် အခန်းတံခါးခေါက်သ
ထွက်လာလေ၏။

“ခေါက်!. . . ခေါက်! ”

လာမခေါက်နဲ့။ မခေါ်ပါဘူးဆိုမှပဲ။ မမြင်နိုင်ပါဘဲ တံခ
မျက်စောင်းထိုးကာ ဆေးစက်ချစဉ် လက်ကချော်ကာ ကြာ
အောက်ဘက်မှာ ဆေးသားတင်သွားလေ၏။ သွားပါပြီ။ အဲ
စိတ်ကလွင့်သွားမှတော့ အလုပ်ကို စိတ်ဖြောင့်ဖြောင့်လုပ်နိုင်
တော့မလား။

“အဖွေး”

ဟော! ခေါ်ပြီ၊ တွေ့လား။





ရှင်တောင်မှ တစ်ပတ်လောက် အရိပ်အရောင်မပေါ်ဘဲ နေ
င်သေးရင် ကျွန်မက ရှင်မတွေ့အောင် အခန်းထဲမှာ ပုန်းနိုင်သေး
တာပဲလေ။ စမ်းကြည့်လိုက်ပေါ့။

ဆေးအညိုကိုယူ၍ ကြာပွင့်အောက်မှ ဆေးသားမြုပ်ရန်
ရွက်ပုံဖော်လိုက်ပါ၏။ နည်းနည်းတော့ ညစ်သွားသလိုပါလား။

“အဖွေး ထွက်ခဲ့ပါဦးကွ။ ဒီမှာ အဖွေးဖို့လက်ဆောင်ပါလာ
ယ်”

“မယူပါဘူး။ ဘာကိစ္စယူရမှာလဲ”

“ဟာ! အဖွေးက ကိုယ့်ကိုစိတ်ကောက်နေတာလား။ ကိုယ်
အလုပ်တွေနဲ့ တကယ်မအားလို့ မလာဖြစ်တာပါကွာ။ စိတ်မဆိုးပါ
နော်”

ရမလား. . . ဒီလောက်ချော့တာလောက်တော့ ကျွန်မက
အပျော့ပဲ။ မျက်နှာကိုရှုံ့တွလိုက်ပြီး ကန်ရေကြည်ကြည်လေးဆွဲရန်
ဆေးအပြာနုကို စုတ်တံဖြင့်ယူစဉ် သူ့ထံမှ အသံထပ်ထွက်လာပြန်
လေ၏။

“ထွက်လာပါ အဖွေးရယ်။ ကိုယ့်မှာ ဒီနေ့ပဲ ပြန်ရောက်တာ
နားတောင်မယူနိုင်ဘဲ အဖွေးဆီ အပြေးလာခဲ့ရတာပါ။ အဖွေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆီက မွေးနေ့လက်ဆောင်လိုချင်တယ်ဆို။ ကိုယ်ယူလာခဲ့တယ်

အံ့မယ်! အတော်လှူလှည်ကျတဲ့ကောင်လေးပါလား။ ကျွန် ကို တစ်ခါတည်းနဲ့ စိတ်ကောက်ပြေအောင် လုပ်လာတာပေါ့ တစ်ခါတည်းတော့ မလျှော့ပေးနိုင်ပါဘူး။ တင်းထားဦးမှပါ မျက်နှာက စူပုတ်ထားရာမှ ပြေလျော့ကာ ပြုံးစိစိဖြစ်နေလေပြီ

"အမွှေး, ကိုယ်တောင်းပန်ပါတယ်ကွာ။ အမွှေး ဒီလိုကော နေရင် ကိုယ်မနေတတ်ဘူးကွ။ ညနေပန်းချီကျောင်းသွားရင် ကို လိုက်ပို့ပေးမယ်လေ။ ပြီးတော့ အပြန်လည်း လာကြိုမှာပါ နော်. . . အမွှေး"

ကျွန်မ ကျိတ်ရယ်လိုက်မိ၏။

တွေ့လား. . . ဒီကောင်လေး သိပ်လည်ပါတယ်ဆို။ ကျွ ကို တစ်ချီတည်းနဲ့ မနောခွေ့သွားမယ့်အချက်ကို သိနေတော့တာ

ပိုင်. . . လူလည်။

"တကယ်ပြောတာနော်။ ပြီးမှ ကတိဖျက်ရင် တစ်သက် မခေါ်တော့ဘူးမှတ်"

"တကယ်ပြောတာပါအမွှေးရယ်။ promise!"

ကျွန်မ ရယ်ရယ်မောမောဖြင့် တံခါးကိုဖွင့်လိုက်စဉ် သူ





စ်တာကို ဂွမ်းခနဲမြည်အောင် တီးချလိုက်လေ၏။

"အာ! လန့်လိုက်တာ"

"ဒီမှာလေ. . . အမွှေးအတွက် (၂၀)နှစ်မြောက်မွေးနေ့လက် ဆောင်၊ မနက်ဖြန်အတွက်ကြိုပြီးလာပို့တာ"

"လှလိုက်တာဟယ်။ မွှေးမှမတီးတတ်သေးတာကို"

"ကိုယ်သင်ပေးမှာပေါ့. . . လာ"

ကျွန်မလက်ကိုဆွဲ၍ ဝရန်တာကိုထွက်ခဲ့လေ၏။ သူဝယ်လာ ပေးသည့်ဂစ်တာက နောက်နှင့် ဘေးပတ်လည်ကို အနက်ရောင် သုတ်ထားပြီး အရှေ့မျက်နှာစာမှာက သျှားညိုရောင်ဖြစ်လေသည်။

သူက ကျွန်မခင်းထားသည့်ကော်ဇောထက်မှာ ထိုင်ချလိုက် ပြီး ဂစ်တာကြိုးညှိနည်းက စသင်ပေးလေ၏။

"လက်ထိပ်တွေ နာမှာနော်။ နောက်မှမသင်ချင်ဘူးဆိုပြီး ငြင်းမယ်မကြံနဲ့"

"သင်ပေးမှာသာသင်ပါ ပိုင်ရာ။ လူကိုများအထင် smallလို့"

သူက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး ကြိုးညှိသည့်အသံကို သေ ချာနားထောင်ခိုင်းလေ၏။ ပြီးနောက် ကြိုးတွေကို ပြန်လျှော့ပစ် လိုက်ပြီး ကျွန်မလက်ထဲသို့ ဂစ်တာကိုထည့်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ညှိပြဦး"

"အာ, ဂစ်တာတီးတာ သင်ချင်ပါတယ်ဆိုမှ ဘယ့်နှယ် ကြ ညှိနိုင်းနေရတာလဲ"

"step by step သွားမှပေါ့အဖွေးရဲ့။ ပန်းထိမ်မတတ် ရွှေခိုးသင်လို့ ဘယ်ဖြစ်မှာလဲ. . . ညှိ"

ကျွန်မ နှုတ်ခမ်းစူကာ (၆) ကြိုးကို စညှိ၏။ ဒလေးခေါ် လောက်တင်းမှ သူခေါင်းညိတ်တာမို့ (၅)ကြိုးကိုဆက်ညှိသည်။ ( ကြိုးအထိ,ညှိအပြီးမှာ ကောင်းကောင်းမညီသေးတာမို့ သူပြန် ပြပြန်၏။ နာရီဝက်ကျော်ကြာမှ ကြိုးညီလေတော့သည်။

"မဆိုးဘူး, အဖွေးက ဉာဏ်ကောင်းသားပဲ။ သီချင်းစသင် အောင်။ အဖွေး ဘာသီချင်းကြိုက်လဲ"

"ကိုထီးရဲ့ ရာသီပြောင်းချိန်"

"အားပါးပါး. . . အဲဒီလိုသီချင်းကစပြီး သင်လို့မရဘူးပေ ကိုင်ဇာသီချင်းက လွယ်တယ်။ Cord (၇) ခုရတာနဲ့ ဖြစ်ပြီ။ ဒီ ကြည့်. . . ဒါက A. . . A ကို ဒီဘက်ရွှေ့ပြီး (၁)အကွက်မှာ လ ညှိုးလေးဖိထားလိုက်ရင် B တွေ့လား"

"အင်း"





"ဒါက C . . . C ကိုလက်ညှိုးဖြောက်ပြီး ဒီလိုချလိုက်ရင် E minor ရလား"

"အာ. . . ရှုပ်ကုန်ပြီ"

"ကဲကဲ. . . ဒါဆိုရင် သီးချင်းတီးတာပဲ စသင်မယ်။ ပြီးတော့ ဘာ Cord လဲဆိုတာ ပြန်ရှင်းပြမယ်လေ။ ဖြစ်လား"

"ဟုင်း"

သူက လက်ကွက်သုံးလေးခုကို ထပ်ကာထပ်ကာဖြင့် ခဏ ခဏရွှေ့ပြီး တီးပြသည်က ကိုင်ဇာ၏ 'တစ်ခုသောမိုးဥတု၏ တစ်နေ့သ၌'. . .

"ကျောင်းဆင်းတဲ့အချိန် ××× မိုးသည်းသည်းမှာ ××× လွယ်အိတ် ကလေးနဲ့ကောင်မလေး ××× မိုးမင်းကြီးကိုမော့ကြည့်ပြီးတော့ ငိုမဲ့မဲ့နဲ့ နိုင်တွေဒေး ××× ထီးကလေးကိုအသာဖွင့်ပြီး သူ့အတွက် ကိုယ်က သွား သား ×××

ယောက်ျားလေးပဲကွယ် ××× မိုးသည်းသည်းမှာ ××× လွယ်အိတ် ထိုက်လို့အိမ်ကိုပြေး ××× မိုးမိပြီးတော့ နောက်တစ်နေ့မနက်မှာ အပြင်း ဖျားတဲ့လူမမာလေး ××× အတန်းထဲကကောင်မလေး ကျွန်တော့်အတွက် စာတွေကူးပေး ×××



www.burmeseclassic.com

www.burmeseclassic.com



ပုလဲလုံးလေးတွေ ××× ရွှဲလုံးလေးတွေ ××× စီရေးထားတဲ့ လက်ရေး ××× တစ်ယောက်နဲ့တစ်ယောက်က နှစ်ယောက်ဖြစ်သွား ××× ကျွန်တော်နဲ့ကျောင်းက ကောင်မလေး ××× ကျောင်းသွား သူငယ်ချင်း ××× ကျွန်တော့်ရဲ့ နတ်သမီးလေး”

“တွေ့လား. . . ရမလား”

“တီးကြည့်မယ်လေ”

“ဖိတီးနော်။ အဖွေးလက်နာမှာစိုးလို့ ကြိုးကိုလျှော့ပြီး ညှိ ပေးတာ”

“အင်းပါ”

ကျွန်မ,စတီးတော့ ဒင်ဒင်ဒေါင်ဒေါင်သာမြည်၍ ကိုယ့် သာကိုယ် ရှက်ရယ်ရယ်လိုက်မိ၏။ Cord တစ်ခုပြီးတစ်ခု ပြော တာကို လက်မသန်သဖြင့် သူက ရွှေ့ပေးလေ၏။ ကျွန်မနောက် ရွှေ့ထိုင်ကာ Frab တံကိုကိုင်ပေးပြီး လက်ခတ်တာ ကျင့်ပေး သည်။ သံစဉ်မညီညာသော်လည်း နားပင်သိပ်မချိုသည့် ဂစ် သံက ခပ်သာသာလေးထွက်နေလေ၏။

“သမီးငယ် သင်တန်းချိန်နီးနေပြီနော်”





“ဟုတ်သားပဲ။ အားလားလား. . . လက်ထိပ်တွေနီရဲနေပြီ”

မေမေ လှမ်းအော်၍သတိပေးလိုက်မှ သင်တန်းတက်ရမှာ သတိရသွားပါ၏။ ဟုတ်ပ. . . တစ်နာရီပဲလိုတော့တာပါလား။ ကျွန်မ ဂစ်တာကိုဘေးချ၍ ထရပ်လိုက်ပါသည်။

“တကယ်လိုက်ပို့မှာနော်”

“ပို့မှာပါ”

“ခဏလေးစောင့်။ (၁၅) မိနစ်နဲ့အပြီး ရေချိုးလိုက်ဦးမယ်”

“ဟာ! အဲဒါ ချေးစင်ပါ့မလား”

“အမယ်. . . ဖွေးက ရေချိုးထားပြီးသားပါနော်။ အပြင်ထွက် ခါနီး ရေမချိုးဘဲမထွက်တတ်လို့ ထပ်ချိုးတာ။ လူကိုအထင်သေးပြန် ပြီ”

သူက ရယ်မောရင်း ကျန်ရစ်ခဲ့လေ၏။ ကျွန်မ ရေမိုးချိုး၍ အဝတ်လဲပြီးထွက်လာတော့ သူက အောက်ထပ်မှာ အသက်နှင့် စကားပြောနေလေပြီ။

“သွားကြမယ်လေ”

“ငါတို့တော့ ထောပြီဖြူဖွေးရေ့။ စစ်ပိုင်က တို့နှစ်ယောက် ကို ရှမ်းခေါက်ဆွဲဝယ်ကျွေးမယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . ဖွေးမှရှမ်းခေါက်ဆွဲမကြိုက်တာ။ ဆီချက်ခေါက်ဆွဲ ဝယ်ကျွေး"

"အဖွေးကလည်း ရှမ်းခေါက်ဆွဲက ရှမ်းစာတွေရောင်းတဲ့ဆိုင် မှာပဲရတာလေ။ အဖွေးကြိုက်တာတွေနဲ့ ဘယ်တွဲပြီးရောင်းမှာလဲ"

"အဲဒါဆိုလည်း မစားဘူးပေါ့ကွာ"

"တွေ့လား။ ထစ်ခနဲရှိစိတ်ကောက်ဖို့ပြင်ပြီ။ ကျွေးမယ်. . . ကျွေးမယ်"

"ဒီလိုမှပေါ့"

ကျွန်မက အနိုင်ရသူ၏အပြုံးမျိုးပြုံးကာ အသက်လက်ကို ၍ ထွက်လာခဲ့ပါသည်။ ကားဂိတ်မှာ ကားဝိုင်းစောင့်ပေးပြီး သ တန်းရှေ့ထိပို့ပြီး သူပြန်သွားလေ၏။

ဒီနေ့သင်ခန်းစာက အလင်းအမှောင်ရွေးနည်းဖြစ်သည် ဆရာရှင်းပြတာကို ကျွန်မနားထဲမှာ ကြားတစ်ချက်၊ မကြား ချက်ဖြစ်နေပါ၏။ အာရုံက ဂစ်တာတီးသင်စဉ် နားသယ်စပ်သို့မှ ထုတ်လိုက်သည့် သူ့ဝင်သက်ထွက်သက်နွေးနွေးဆီ ရောက်နေ သည်။

ကျွန်မနဲ့အနီးဆုံးမှာ သူထိုင်နေတာ။ ပြီးတော့ ကျွန်မလ





ာင်းလေးတွေကို သူကိုင်ပြီးရွှေ့ပေးခဲ့တာ။ ကြင်နာခြင်းတွေလား င်ရယ်။

လူတွေ ဖြုန်းခနဲထရပ်မှ သင်တန်းဆင်းမှန်း ကျွန်မသတိဝင် းရပါ၏။ အပြင်ကိုထွက်လာတော့ သူက အသင့်ရှိမနေပါချေ။ ရောက်သေးတာလား. . . စောင့်ရတာကြာ၍ ပြန်သွားပြီလား။ တွေးတွေဖြင့် မှန်းကျပ်ကာ ခြေလှမ်းတို့က မသယ်ချင်တော့။

"ညာသွားပြီထင်ပါရဲ့"

"ဘာကိုလဲဟဲ့"

"ပိုင့်ကိုပြောတာလေ"

"လာမှာပါဟယ်။ သူအိမ်ကထွက်လာတာ နောက်ကျလို့နေ ပေါ့။ ပြီးတော့ ကားတွေအဆက်ပြတ်တာလည်း ဖြစ်ချင်ဖြစ်မှာ"

အသက်က စိတ်ပြေလိုပြေငြားပြောသော်လည်း မဖြေနိုင်ပါ။ ာအားရင်လည်း ကတိကိုလွယ်လွယ်နဲ့မပေးနဲ့ပေါ့။ ခုတော့ သင် န်းချိန်တစ်ချိန်လုံး သူ့စိတ်နှင့်ပင်ပန်းခဲ့ရတာကို နမြောနေမိ သည်။ ပိုင်ရယ်. . . ညာရက်လိုက်တာ။ ရုတ်တရက် မျက်လုံးကို နောက်ဘက်မှလာပိတ်လိုက်သဖြင့် ကျွန်မလန့်အော်မိသွားပါ ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့! ဘယ်သူလဲ"

"မှန်အောင်ပြောပေါ့"

"ပိုင်နော်. . . ဖယ်ပေးပါ"

"ကိုယ်မှန်း ဘယ်လိုသိသလဲ"

သူက လက်ကိုဖယ်ပေးလိုက်ပြီး ပြုံးစစမေးတော့ ကျွ မျက်စောင်းထိုးလိုက်မိပါသည်။ ဘယ်အချိန်ကများ အနောက်က ပါလာတာပါလိမ့်။

"ဖွေးက ယောက်ျားလေးသူငယ်ချင်းမှမထားဖူးတာ ပိုင် သိတာပေါ့"

"ဟုတ်လို့လား"

"မယုံလည်းနေပေါ့ဟယ်"

သူက တီးတိုးရယ်လိုက်လေ၏။ ဆိုင်ထဲဝင်ထိုင်တော့ ဆီ နှစ်ပွဲနှင့် ကတ်ကြေးကိုက်တစ်ပွဲကို မှာလိုက်လေသည်။

"ဖြူဖွေးနဲ့စစ်ပိုင်က အကြိုက်မတူကြဘူးဆို"

"ဟုတ်တယ်"

"ဘာလို့ အကြိုက်မတူဘဲ သူငယ်ချင်းဖြစ်သွားတာလဲ. အံ့ပါရဲ့"





"ဒီလိုပါပဲ အသက်ရဲ့။ မတူတာတော့ တော်တော့်ကိုဆန့်ကျင် ဘ၊ ကျွန်တော်က အနက်ကြိုက်တယ်။ သူက အဖြူကြိုက်တယ်။ ကျွန်တော်က နှင်းဆီဆိုရင်၊ သူက ခရေ။ ကျွန်တော်က Rockဆို၊ သူက Pop အဲဒီလိုကွာတာ"

"အနုပညာကိုခုံမင်တာကျ လာတူပြီး လိုင်းကွဲရတယ်လို့ပဲ။ ချင်းလည်းမတူတော့ အဆိုတော်လည်းကွဲတာပေါ့နော်"

"ဒါပေါ့. . . ကျွန်တော်က လေးဖြူတို့၊ အငဲတို့၊ မျိုးကြီးတို့ ကြိုက်တယ်။ သူက ကိုထီးတို့၊ ဝိုင်ဝိုင်းတို့၊ ဇော်ပိုင်တို့ကြိုက်တယ်။ တော်တော့်ကိုကွာတာ"

"စစ်ပိုင်က အသံတော်တော်ကောင်းတယ်။ အခွေထွက်ဖြစ် ဘာ့မှာလား"

"ကြိုးစားဆဲပါ, သီချင်းတွေစုတုန်း။ ဖေဖေ့အသိ Producer စ်ယောက်နဲ့ချိတ်နေတာ ကောင်းကောင်းအဆင်မပြေသေးဘူး။ တယ်မဟုတ်လား။ အသစ်တင်တယ်ဆိုတာ ထိထိုးသလိုပဲ ပေါက် chance က percent တော်တော်နည်းတာ။ အခုဆို လိုင်းတွေက ဘိသနဲ့"

"စစ်ပိုင်ဆိုမှာ Rock ပဲလား"

www.burmeseclassic.com



"စုံမယ် အသက်ရဲ့။ သုံးလေးမျိုးလောက်ပါမှာ"

"သီချင်းအေးအေးလေးတွေပါမှာလား"

"ပါတာပေါ့။ ကျွန်တော်က အသည်းကွဲသီချင်းတွေကို ကြိုက်တယ်"

"အမယ်. . . အသည်းကွဲဖူးတာ ကျနေတာပဲ"

သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ငြိမ်ထိုင်နေ သည့်ကျွန်မကို ဖျတ်ခနဲကြည့်ကာ ဆက်ပြောလိုက်လေသည်။

"အသည်းတော့ မကွဲခိုင်းပါနဲ့ဗျာ။ ကျွန်တော့်နှလုံးသား ခံနိုင်ရည်မရှိလို့ပါ"

"ရည်းစားမထားဖူးဘဲနဲ့ သီချင်းတွေဘယ်လိုရေးလဲ"

"ဒီလိုပဲခံစားပြီး ရေးတာပေါ့။ အား. . . အသက်က MRT - 4 က staff ကျနေတာပဲ။ ကျွန်တော့်ကို စစ်စစ်ပေါက်ပေါက်လိုက် မေးနေတယ်။ အဖွေးရေ. . . လုပ်ပါဦး"

"ကိုယ့်ဖာသာပြောချင်တာပြောနေပြီး ခုမှထအော်မနေ မသနားဘူး"

"အဖွေးကလည်း ဒီလောက်ထိမရက်စက်နဲ့လေကွာ။ ပြော ပြောဖို့မေ့နေသေးတယ်။ ကိုယ့်ရဲ့ (၂၂) နှစ်မြောက်မွေးနေ့





ကိုယ့်ရဲ့ပုံတွေကိုဆွဲပြီး လက်ဆောင်ပေးပါလားနော်"

"အာ. . . ကျွန်မက လူပုံဘက် လိုင်းမယူဘူးပိုင်ရဲ့။ ရှုခင်း တွေကိုပဲ အားသာတာ"

"အနီးစပ်ဆုံးတူအောင် ဆွဲပေးလေကွာနော်"

"မရဘူး၊ တူမှာမဟုတ်ဘူး။ မျှော်မနေနဲ့"

ကျွန်မစကားကြောင့် သူ့မျက်နှာတစ်မျိုးလေးဖြစ်သွားပါ၏။ ကျွန်မမှားသွားပြီလား။ တကယ်လည်းတူအောင် ဆွဲနိုင်မှာမှမဟုတ် တာ။ ကျွန်မက အခုတောင် အခြေခံအဆယ်တန်းပဲ တက်နေရသေး တာလေ။ သူက မျက်နှာကိုအမြန်ပြန်ပြင်ကာ အပြုံးတင်လိုက်လေ သည်။

"ရပါတယ်။ အဖွေးကို အတင်းမတောင်းဆိုပါဘူး။ ပြီးရင် ပြန်ကြစို့လေ"

ကျွန်မတို့ပြန်လာတော့ ည(၇)နာရီထိုးနေလေပြီ။ အိမ် ရှေ့ရောက် ပြန်ပို့ထားခဲ့ပြီး ပြန်သွားသည့် သူ့ကျောပြင်ကိုငေးကြည့် ရင်း ကျန်ရစ်ခဲ့ရ၏။

ခွင့်လွှတ်ပါပိုင်ရယ်။ ကျွန်မက ကိုယ်မပိုင်နိုင်တဲ့အလုပ်တစ် ခုကို ရဲရဲအာမခံပြီး မလုပ်ရဲလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တွေဝေတာလား။ မပြတ်သားတာလား။ ကျွန်မ တက
မဝေခွဲတတ်ဘူး။ သချာတာတစ်ခုကတော့ ပိုင်နဲ့အရာရာ
ကျင်ဘက်နေရာမှာ ရှိနေပေမယ့် ရင်ထဲမှာ တိတ်တဆိတ်
နေရာဝင်ယူထားတဲ့ပိုင့်ကို ချစ်မြတ်နိုးနေမိတာလေ။

ပိုင်နဲ့ပတ်သက်လာရင် သံစဉ်တွေ ဖွဲ့သီတတ်တဲ့ ပိုင့်
ချောင်းလေးတွေကိုလည်း ချစ်တယ်။ သီချင်းလေးတွေ တီးဖ
တတ်တဲ့နှုတ်ခမ်းပါးလေးကိုလည်းချစ်တယ်။ ညို့ယူဖမ်းစားနိုင်
ရှိတဲ့မျက်ဝန်းလေးတွေကိုလည်း ချစ်တယ်။

ကျွန်မနဲ့နီးနီးကပ်ကပ်ထိုင်တတ်တဲ့စရိုက်လေးကိုလည်း
တယ်။ ကျွန်မရဲ့ဆံပင်ရှည်တွေကို ကျွန်မ မသိအောင် ခိုးနမ်း
လေးတွေကိုလည်းချစ်တယ်။ မျက်ဝန်းညိုလေးနဲ့ဆင်တူတဲ့
ပင် ညိုဖျော့ဖျော့လေးတွေကအစ တကယ့်ကိုမြတ်မြတ်နိုးနိုး
မိတာပါလေ။

❀ ❀ ❀



# အခန်း (၁၂)

''နောက်လှည့်ကြည့်တစ်ချက် ဆိုသာရုံလေး ညို့မျက်ဝန်းရှင်ရယ်
မင်းပေးသွားတဲ့ ရင်ဝေဒနာလည်း စက္ကန့်ရွေ့အမျှပါပဲ ××× ကလေး
လို လိုလားမှုများစွာနဲ့ရယ် ××× တောင်းခံသူကို ×××

အချစ် ××× တစ်ခြမ်းပဲဖြစ်ဖြစ် စေတနာသဒ္ဒါသလောက်မျှခဲ့ပါ ×××

အချစ် ××× လမ်းတစ်ဝက်ဖြစ်ဖြစ် ကြင်နာနိုင်သလောက် ရွှေလှမ်း
×××

အချစ် ××× ပန်းတစ်ဝက်ဖြစ်ဖြစ် တွယ်တာနိုင်သလောက် စွန့်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



နားနဲ့မနာ ××× ဖဝါးနဲ့မနာ ××× နှလုံးသားနဲ့နာတော်မူပါ ××× ပြောခဲ့ပါ ××× ဟောခဲ့ပါ ××× အချစ်တရားတစ်ပုဒ်နာလို သူမှာ ××× အတွေးများစွာ ××× ပေးထားတာ ××× အရှုံးအမြတ်တွက် မရေရာ မှာ ×××

နေလောင်ပန်းတို့ရဲ့ ငိုရှိုက်သံနဲ့အတူ ×××

ရောဝါရွက်တို့ရဲ့ ညှိုးငယ်စိတ်နဲ့အတူ ×××

မြေဇာမြက်တို့ရဲ့ သိမ်ငယ်မှုနဲ့ထပ်တူ ×××

တစ်ပြည်ကွာအနမ်းတို့ရဲ့ ဝေးကွာခြင်းနဲ့အတူ ×××

ဒီလူမှာသာ ဆုံးရှုံးနေမှာပဲလေ ××× ဆုံးကာရှုံးကာသာ နေမှာပဲ ××× ဆုံးရှုံးနေမှာပဲလေ ××× အမြဲအစဉ်ရှုံးကာသာ နေမှာပဲလေ ××× အမြဲရှုံးနေမှာပဲလေ ××× အချစ်ရေ ×××

အသည်းခွင်းပြားချက် ရင်လယ်ဗဟို၌ စူးစိုက်ခဲ့ပြီကွယ် ××× ဝင့်တစ်ချက်က ရင်ကိုတစ်ခါတည်း သိမ်းပိုက်သွားပြီပဲ ××× စိတ်အစဉ် တစ်ပါးတည်းနဲ့လိုက်ပါသွားတယ် ××× ညှို့ပိုင်သူရေ ×××

အရှင့် ××× ပခုံးနုထက်မှ အပြာရောင်လွယ်အိတ်ကလေး ဖြစ် စေ ×××

အရှင့် ××× ဖဝါးနုအောက်မှ ကတ္တီပါဖိနပ်လေးဖြစ်ပါရစေ ×××





အရှင့် ××× ဦးထိပ်ထက်မှ ငွေရောင်ဆံညှပ်လေးဖြစ်ပါရစေ ×××

နားနဲ့မနာ ××× ဖဝါးနဲ့မနာ ××× နှလုံးသားနဲ့နာတော်မူပါ ××× ပြောခဲ့ပါ ××× ဟောခဲ့ပါ ××× အချစ်တဂေးတစ်ပုဒ် နာလိုသူမှာ ××× အတွေးများစွာ ××× ပေးထားတာ ××× အရှုံးအမြတ်တွက် မရေရာသူမှာ ×××

နေလောင်းပန်းတို့ရဲ့ ငိုရှိုက်သံနဲ့အတူ ×××

ရောဝါရွက်တို့ရဲ့ ညှိုးငယ်စိတ်နဲ့အတူ ×××

မြေဇာမြက်တို့ရဲ့ သိမ်ငယ်မှုနဲ့ထပ်တူ ×××

တစ်ပြည်ကွာအနမ်းတို့ရဲ့ ဝေးကွာခြင်းနဲ့အတူ ×××

နင်ပိုင်ဆိုင်ရာ အသည်းပလ္လင်တော်ထက်မှာ ××× မနေးမမြန် တားခံကာ နေမှာပဲလေ ××× ဆုံးရှုံးနေမှာပဲလေ ××× ဆုံးကာရှုံးကာ သာနေမှာပဲလေ ××× ဆုံးရှုံးနေမှာပဲလေ ××× အချစ်ရေ×××

"တော်လိုက်တာ။ အဖွေးက အတတ်မြန်တယ်၊ တကယ်ပါပဲ"

သူလက်ခုပ်လက်ဝါးတီးပြီး ချီးကျူးတာမို့ ကျွန်မ ကျေနပ်စွာ ပြုံးလိုက်မိ၏။ ရင်ထဲက ခံစားချက်တွေကို ဖွင့်ပြောလို့ရရင် ပြော လိုက်ချင်တာအမှန်ပါ. . . ပိုင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အခု သီချင်းစသွင်းနေပြီ"

"ဟုတ်လား၊ ဝမ်းသာပါတယ်ပိုင်။ နာမည်ကြီးအဆိုတော်ဖြစ်သွားရင် ဖွေးကိုမေ့မသွားရဘူးနော်"

"ဩော်! မေ့စရာလားအဖွေးရယ်။ ကိုယ်သီချင်းတွေစပ်... တောင် အဖွေးက အများကြီးအကူအညီပေးခဲ့တာပဲ။ ကာရံ... အောင်၊ စကားလုံးလှလှလေးတွေရွေးပေးတာ အဖွေးက အများကြီး... ကျွမ်းတယ်"

"ဒီလောက်လည်း မဟုတ်ပါဘူးပိုင်ရယ်။ ဖွေးလည်း ကာ... တွေစပ်ရင်းနဲ့ ရွေးပေးမိတာပါ"

"အဖွေး ကဗျာတွေစပ်တော့ ဘယ်လိုတွေး၊ ဘယ်လိုခံစား... ရေးဖြစ်သလဲ။ ကာရံမိမိလေးတွေနဲ့ထိတယ်၊ လှတယ်"

ကျွန်မ မျက်လွှာကိုအသာချလိုက်မိပါ၏။ စိတ်ကူးယဉ်တ... တဲ့အရွယ်ဖြစ်ပေမယ့် အချစ်ကိုစတင်ခံစားဖူးပြီပဲ ပိုင်ရယ်။

အတွေးတွေဘယ်လိုပဲဆန့်ဆန့် ရည်စူးရာပန်းတိုင်က တစ်... တည်းပါပဲ။ ပိုင့်အပေါ်ထားရှိတဲ့ချစ်ခြင်းတွေနဲ့ထပ်တူ ပြန်ချစ်... မယ့် ပိုင့်အချစ်တွေကိုပါလေ။

"ပြောလေ အဖွေးရဲ့"





"ဒီလိုပဲ ခေါင်းထဲကပေါ်လာတာကို လက်က ချရေးလိုက်တာ..."

"ဟုတ်လို့လားအဖွေးရဲ့။ အဖွေးကဗျာတွေထဲမှာ တစ်ဖက်သတ်ရင်ခုန်ခြင်းတွေ၊ ကြေကွဲမှုတွေကို ကိုယ်မြင်နေရတယ်။ တော်ရုံ...စားမှုမျိုးနဲ့တော့ ဒီလိုစာလုံးလှလှလေးတွေကို ရေးနိုင်မှာမဟုတ်ဘူးဆိုကာ ကိုယ်သိတယ်။ အဖွေးမှာ တစ်ဖက်သတ်ရင်ခုန်ရမယ့်...စ်သူမျိုး ရှိနေပြီလားဟင်"

ကျွန်မမျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ သူရိပ်မိသွားလေပြီလား။ မဖြစ်နိုင်ပါဘူး။ ကျွန်မနှင့်အမြဲတွဲနေတဲ့အသက်တောင်မှ ရိပ်မိတာ။ သူနဲ့က ရင်းနှီးတယ်ဆိုပေမယ့် သူ့ကိုတစ်ခါတလေ...ကြည့်ရုံကလွဲပြီး အမြဲအရိပ်တကြည့်ကြည့်ရှိခဲ့တာမှ မဟုတ်တာလေ။

"ပေါက်ကရတွေ . . . ပိုင်ကလည်း ဒီလိုထင်စရာလား။ ဖွေး...စိတ်တွေမွေးမိရင် မေမေသိမှာပေါ့။ မေမေသိသွားလို့ကတော့...ဖေက ဆူလို့ဆုံးမှာမဟုတ်တော့ဘူး"

"တော်သေးတာပေါ့။ အခုလည်းငယ်ပါသေးတယ် အဖွေး...ယ်၊ မမတောင် ဘွဲ့ရပြီးမှ စေ့စပ်တာမဟုတ်လား။ အဖွေးအလှည့်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း အန်တီချစ်တို့ ဒီလိုပဲစီစဉ်ပေးမှာပေါ့။ အဖွေးက အင
ဆိုတော့ သူတို့နှမြောကြမှာသေချာတယ်"

"ပိုင့်ကျတော့ရော"

"ကိုယ်က တစ်ဦးတည်းသောသားဆိုတော့ ပိုဆိုးတာ
အဖွေးရဲ့။ မျက်စိကို ဒေါက်ထောက်ပြီးကြည့်နေတာ။ အဖွေးနဲ့
တာတောင်မှ မာမီနဲ့အန်တီချစ်တို့က ငယ်သူငယ်ချင်းတွေမို့ပဲ။
ခင်မင်ခွင့်တောင်ရမှာ မဟုတ်ဘူး။ ကိုယ်ကတော့ ကိုယ့်ရင်ထဲ
နင့်နင့်နဲနဲချစ်တဲ့မိန်းကလေးကိုသာ ရွေးချင်ပါတယ်။ ကိုယ်ချစ်
ကောင်မလေးနဲ့ မာမီတို့သဘောတူပေးရင်တော့ ကောင်းတာ
နော်။ ဟုတ်ရဲ့လား"

"အင်း"

ကျွန်မပြန်ဖြေသံက သိပ်အားမပါလှ။ တီးတိုးမျှသာ။

ပိုင်ရယ်. . . ပိုင့်နှုတ်က တဖွဖွပြောခဲ့တဲ့ မာမီ့ချွေးမလေး
Sedona မှာ မင်္ဂလာဆောင်ပါရစေဆိုတဲ့စကားတွေက စိတ်ထဲ
မပါဘဲ အပြောင်အပျက်ပြောခဲ့တာတွေလား။

ဒီစကားတွေကို ကျွန်မက မိန်းကလေးတန်မဲ့ ရင်ခုန်ကြည်
ခဲ့မိတာအမှန်ပါကွယ်။





"အဖွေးရော. . . ကိုယ့်ကိုဘယ်လိုမိန်းကလေးမျိုးနဲ့ ဖူးစာဆုံ
စေချင်သလဲ"

"ခုန. . . ခုန. . . ပိုင်ပြောသလိုပဲလေ"

"မဟုတ်ဘူးလေ။ အဖွေးရင်ထဲကဆန္ဒကို ပြောနေတာပါ"

"အင်း. . . ပိုင်ကလည်းချစ်သလို၊ ပိုင့်ကိုလည်းချစ်တဲ့ မိန်း
ကလေးမျိုးနဲ့ဆုံစေချင်ပါတယ်"

"အဖွေးတောင်းပေးတဲ့ဆုနဲ့ပဲ ပြည့်ချင်ပါတယ်လေ"

ကျွန်မအသံတိတ်သွားပါ၏။ ရင်ထဲမှလှိုက်ဖိုတက်လာသည့်
ခံချင်စိတ်ကို ဘယ်လိုများ ဖြေဖျောက်ရပါ့ပိုင်ရယ်။ ဖွေးကိုအိပ်မက်
တွေဖန်ဆင်းပေးပြီး လက်တွေ့မှာတော့ ဥပေက္ခာပြုဖို့ပဲ စဉ်းစား
ထားလေပြီလားကွယ်။

တစ်သက်မှာ သူစိမ်းယောက်ျားဆိုလို့ ပိုင်တစ်ယောက်တည်း
ကိုသာ ရင်းနှီးပတ်သက်ခဲ့ဖူးတာ။ လက်ပွန်းတတီးနေခဲ့မိတာပါ။
ရင်ခုန်သံကိုအစပျိုးစေခဲ့တာမို့ ဖွေးရဲ့အချစ်ဦးရယ်လို့ တိတ်တဆိတ်
သတ်မှတ်ခဲ့မိတာတွေ သဲထဲရေသွန်ချသလို အရာမထင်တော့ပါ
လား။

"အဖွေးရေ. . . မေမေဘုရားခန်းရှင်းခိုင်းထားတာ မိဖွေးကို



www.burmeseclassic.com

www.burmeseclassic.com



ကူလုပ်ပေးလိုက်ပါဦး။ ပိုးအိမ်တွေတက်နေတာတွေ သေချာရှ
ထားပေးနော်"

"ဟုတ်ကဲ့မမ"

မမလှမ်းအော်လိုက်တာမို့ ကျွန်မထိုင်နေရာမှ ထရပ်လို
ပါ၏။ အလုပ်လုပ်မယ်ဆိုရင်တော့ သူ့အိမ်သူ ပြန်သွားတော့မှာ
လေ။

"ကိုယ်လည်းဝိုင်းလုပ်ပေးမယ်လေ အဖွေး"

"နေပါစေ။ ဒါ,ဖွေးတို့လုပ်နေကျပါ ပိုင်ရဲ့"

"အိမ်ပြန်ဖို့ နေပူသေးတယ်အဖွေးရဲ့။ နေစောင်းမှ ကို
ပြန်မယ်လေ။ ကူပေးပါ့မယ်"

"ဩော်! ဘာမှလည်း မလုပ်တတ်ဘဲနဲ့။ ပိုင့်အိမ်မှာတော
ဘယ်သူမှခိုင်းတာမဟုတ်ဘူး။ ဒီအိမ်မှာလာလုပ်နေတာများ ပြ
သွားရင် ပိုင့်မေမေ ရင်ထုပါလိမ့်မယ်ဟယ်။ မလုပ်နဲ့. . . ထိုင်ေ

"လုပ်ပေးချင်ပါတယ်ဆိုနေမှပဲ"

သူက ကျွန်မနောက်ကို လိုက်လာလေ၏။ ကျွန်မက မိမွေ
ယူလာပေးသည့်ဝါးလုံးမှာ ကြက်မွေးတံမြက်စည်းကို ခိုင်ခိုင်ေ
ချည်လိုက်ပါ၏။





"အဲဒါ ဘာလုပ်ဖို့လဲ"

"မျက်နှာကြက်က ပိုးအိမ်တွေရှင်းဖို့လေ"

"ရှည်လှချည်လား"

"ခုံနဲ့မတက်ချင်လို့ပေါ့ပိုင်ရဲ့။ ဒါဆိုရင် ခုံမလိုတော့ဘူး။ ကြမ်း
ပေါ်က လှမ်းလုပ်လို့မိတယ်လေ"

"ဒါဆို အဲဒါကိုယ်လုပ်ပေးမယ်လေ။ အဖွေးနဲ့မိမွေးက ကြမ်း
တိုက်၊ တံမြက်လှည်းလုပ်ပေါ့"

"ရပါတယ်ဆိုနေမှ"

"ပေးပါဆို"

သူက ကျွန်မလက်ထဲမှဝါးလုံးကို အတင်းလုနေသဖြင့် ပေး
လိုက်ရ၏။ ဒီလောက်တောင် လုပ်ချင်နေတာလုပ်တော့ဟယ်။

ကျွန်မက ကြမ်းခင်းကိုတံမြက်စည်းလှဲပေးပြီး မိမွေးက ရေ
ဇလုံတစ်လုံးနှင့် ကြမ်းစတိုက်လေ၏။

"အ! "

သူ့အသံထွက်လာတာမို့ ကြည့်လိုက်မိရာ မျက်လုံးကိုလက်
ဖြင့်ပွတ်နေတာကို မြင်လိုက်ပါ၏။ ဖုန်ဝင်ပြီထင်ပါရဲ့။

"ပိုင် ဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်မှုန့်ဝင်သွားလို့"

"ဟယ်! အရမ်းမပွတ်နဲ့လေ။ မျက်လုံးတွေ နာကုန်တော့မှ ပဲ။ ဖယ်ဖယ်. . . ဖွေး့မှုတ်ပေးမယ်"

"ရတယ်အဖွေးရဲ့"

"ဘာရ,ရမှာလဲ။ ဖယ်ပါဆို"

ကျွန်မ သူ့မေးစေ့ကိုကိုင်ကာ မျက်စိကိုဖြဲ၍ ဖူးခနဲမှုတ်ပေ လိုက်ပါ၏။ သူက မျက်လုံးကိုပုတ်ခတ်ပုတ်ခတ်လုပ်ကာ ပြုံးလိုက် လေသည်။

"အဖွေးက သိပ်တော်တာပဲနော်။ အဖွေး မလုပ်တတ်တာ ဘာများရှိသေးလဲ"

"ရှိတာပေါ့ပိုင်ရဲ့။ အများကြီး ကျန်သေးတာပေါ့"

"ဟုတ်လို့လား၊ ကိုယ်သိတာတော့ ကိုယ့်မျက်စိရှေ့မှာ အဖွေ လုပ်တတ်တာချည်းပဲ"

ကျွန်မကိုပြုံးကြည့်ရင်းပြောနေတာမို့ သူ့ကိုမျက်စောင်း လိုက်ရာ သူက ကျွန်မလက်ကိုဆုပ်ကိုင်လိုက်လေ၏။

"နင်နော်, ဘာလုပ်တာလဲ"

"ပြောစရာရှိလို့ပါအဖွေးရယ်။ တကယ်ပြောတာ။ ငါ့ဘဝမှာ





ကိုငါ သံယောဇဉ်အရှိဆုံးပါ,ဖွေး။ နင့်ထက် ဘယ်သူ့ကိုမှမပိုတဲ့ ယောဇဉ်မျိုးနဲ့ ငါချစ်တာကိုယုံပေးပါနော်"

ကျွန်မနှုတ်ခမ်းအစုံ ဟသွားရပါ၏။ ဒါရည်းစားစကားပြော များလား။ ဟုတ်ပါ့မလား။ ရွှန်းရွှန်းလဲ့လဲ့လေးဖြစ်နေသည့် သူ့ တ်ဝန်းမှအကြည့်တို့ကို ရင်မဆိုင်ဝံ့တော့ဘဲ မျက်လုံးကိုလွှဲထား တ်မိ၏။ တဒိတ်ဒိတ်တိုးဆောင့်ခုန်လာသည့်ရင်ခုန်သံက ရင်ကွဲ က်လာတော့မည့်နှယ် အထိတ်တလန့်။

ပိုင်ရယ်. . . ကျွန်မကို ဒီလိုတော့မကျီစယ်ပါနဲ့လား။ လက် ရုန်းပြန်တော့လည်း သူက ခပ်တင်းတင်းဆုပ်ထားကာ လွှတ် ပေးပါချေ။

"ဘယ်လိုဖြစ်နေတာလဲ။ လွှတ်လေ. . . လက်သွားဆေးရဦး ယ်"

"ကိုယ်ကြားချင်တာကိုတော့ ပြန်ပြောဦးမှပေါ့ ဖွေးရဲ့"

"ဘာပြောရမှာလဲ"

"ကိုယ့်ကိုလည်း သူငယ်ချင်းလိုသံယောဇဉ်နဲ့ ပြန်ချစ်ပါတယ် ဆိုတာလေ"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ ကျွန်မက တလွဲတွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အရှက်သည်းနေချိန်မှာ စိတ်ကဲတွေးနေမိတာကို သူသာသိသွား ဘယ်လောက်တောင်များ လှောင်လိုက်မလဲ။ ရှက်ဖို့ကောင်းလို တာ။ သူ့အတွေးထဲမှာ ကျွန်မကို တကယ်ပဲ သူငယ်ချင်းတစ်ယော လိုပဲ သဘောထားခဲ့တာပေါ့နော်။

"မချစ်ပါဘူး။ ဖွေးမှာ အချစ်ဆုံးသူငယ်ချင်းဆိုလို့ အသ တစ်ယောက်လုံးရှိထားပြီးသားကို"

"ဖွေးကလည်းကွာ။ ကိုယ်တောင်မှ ယောကျ်ားလေးသူ ချင်းတွေရှိလျက်နဲ့ သူတို့နဲ့မတူတဲ့ဖွေးကိုပိုချစ်သေးတာပဲ။ ဖွေး တော့ ကိုယ်ပဲ ယောကျ်ားလေးသူငယ်ချင်းရှိတာဆို"

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ။ ပိုင်နဲ့ဖွေးက စိတ်ချ မတူတာကို။ အမြဲဆန့်ကျင်ဘက်တွေဖြစ်နေမှ ဒီတစ်ခါလည်း ဘ မှာတူနိုင်မှာလဲ။ မဟုတ်ဘူးလား"

"တကယ်ပဲ မချစ်နိုင်ဘူးလားဟင်"

"ဟင့်အင်း . . . ဖွေးက စိတ်တစ်မျိုးထားတယ်။ အိမ် လည်း အငယ်ဖြစ်နေတာကြောင့်လည်းဖြစ်မှာပါ။ အားလုံးက ကိုဝိုင်းချစ်တာပဲ လိုချင်တယ်။ ခံချင်တယ်။ ဖွေးက ဘယ်သူ ပိုပြီးမချစ်ချင်ဘူး။ ဒါကို ငယ်သူငယ်ချင်းဖြစ်တဲ့ အသက်လည်





တယ်။ ဖွေးကို သူက အနစ်နာခံပြီးပေါင်းခဲ့တာ အခုချိန်ထိပဲ။ သူ့ ကို အားလုံးထက်ပိုပြီးသံယောဇဉ်ရှိပါတယ်လို့ တစ်ခါမှဖွေးမပြော ဖူးပေမယ့် သူနားလည်တယ်။ လောကမှာ အသက်လောက် ဖွေး အပေါ် စာနာနားလည်ပေးနိုင်မယ့်သူ မရှိသေးတာအမှန်ပဲ"

သူငြိမ်သက်သွားလေ၏။ ဆုပ်ကိုင်ထားသည့်ကျွန်မလက်ကို လည်း လွှတ်ပေးလိုက်ပါသည်။ ခံစားသွားရပါသလား။ ညီမငြခြင်း တစ်ခုလို့ သဘောထားပေးပါလား ပိုင်။

တကယ်ဆိုရင် ကျွန်မအပေါ်မှာ သာမန်မဟုတ်တဲ့ ထူးခြား တဲ့ဆက်ဆံရေးတွေ၊ သဘောထားတွေ၊ အကြည့်တွေ၊ အပြောတွေ ကိုသာ ပိုင်ပေးခဲ့ပါလျက် 'ချစ်တယ်' လို့ ပြတ်ပြတ်သားသားပြော ရမှာကိုတော့ ဝန်လေးနေတယ်မဟုတ်လား။

ပြောပါဦး။ ကျွန်မက ပညာမတတ်၊ ဆင်းဆင်းရဲရဲနဲ့ ရုပ်ရည် မရှိတဲ့မိန်းကလေးလား။ အခုဆို Botany နောက်ဆုံးနှစ်၊ နောက် နှစ်မှာဘွဲ့ယူပြီး ပိုင့်လို ဟိုလိုလိုဒီလိုလိုနဲ့ ကျောင်းဆက်မတက်ဖြစ်တဲ့ ကောင်လေးတစ်ယောက်မှမဟုတ်ဘဲ။

ဒီနှစ်ကျောင်းပြီးတာနဲ့ သင်တန်းတွေဘာတွေတက်ပြီးရင် ဖေဖေ့ကုမ္ပဏီမှာ သင့်တော်တဲ့ရာထူးနဲ့ အလုပ်ဝင်ရတော့မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာအငယ်ဆုံးဆိုပြီး ရေသာခိုနေတဲ့မိန်းကလေးတစ်ယော လည်းမဟုတ်ရပါဘူး။

ဒါနဲ့တောင် ပိုင်,ဘာကိုတွေဝေနေသလဲ။ ကျွန်မကိုဖွင့်ပြေ လိုက်ရင် ပိုင့်မိဘတွေ ဆူမှာစိုးရိမ်လို့လား။ အသက်အရွယ်ရော နေပြီဖြစ်တဲ့သားသမီးတိုင်းကို မိဘတွေက အတင်းကြီးချုန်းအု မထားပါဘူး ပိုင်ရယ်။ ဒါဖြင့် ဘာကြောင့် ပိုင်ဖွင့်မပြောရဲတာပါ ကျွန်မသိချင်တာအမှန်ပါ။

"ကိုယ်ပြန်ဦးမယ်"

"အင်း"

ကျွန်မ ပြန်ဖြေမဖြေတောင်သတိမထားမိချိန်မှာ သူက ကားမှ ခပ်ဖြည်းဖြည်းဆင်းသွားလေ၏။

ညနေခင်းရေမိုးချိုးပြီး ဝရန်တာမှာ တစ်ယောက်တည်းထို ပြီး ဂစ်တာကြီးညှိနေမိသည်။ ဒီဂစ်တာလေးကို သူပဲလက်ဆော ဝယ်ပေးခဲ့တာ။ ပြီးတော့ သူပဲ အတီးသင်ပေးခဲ့တာလေ။ ဒါ ရင်ထဲကချစ်ခြင်းတွေကိုရော. . . ဟုတ်တယ်။ သူပဲထည့်ပေးခဲ့တာ ပါ။ ငယ်ရွယ်သူလေးရဲ့နှလုံးသားကို ချစ်တတ်လာအောင် သင် စာ ပေးခဲ့တာပါ။





ကဗျာတွေ ဘယ်လိုရေးသလဲတဲ့လား။ ချစ်တတ်တဲ့စိတ်၊ ချစ် တတ်တဲ့နှလုံးသားရှိနေလို့သာ ခံစားပြီးရေးခဲ့တာပါ ပိုင်။ ခံစား ရတာသာမရှိရင် ဘာကဗျာမှဖြစ်လာမှာ မဟုတ်ဘူး။ ပြီးတော့ ပိုင် လည်း သီချင်းတွေရေးလို့ရမှာမှမဟုတ်ဘဲ။

တကယ်ပဲမမြင်တတ်တာလား။ ဒါမှမဟုတ် တမင်တကာ သိချင်ယောင်ဆောင်တာလား။ တစ်ခုခုတော့ဖြစ်မှာပါပဲ။ မိန်း လေးတစ်ယောက်ရဲ့တစ်ဖက်သတ်ချစ်ခြင်းတွေအတွက် ကိုယ့် ယ်ကို ပြန်ရှက်နေမိတာအမှန်ပါလေ။

ညဥ့်နက်နက် လရောင်အောက်မှာ ဂစ်တာသံနှင့်အတူ တိုး သဲ့ထွက်လာသည့် ကျွန်မရဲ့သီချင်းသံတွေကိုတော့ အဝေးမှာရှိ နေတဲ့သူ ကြားရမှာမဟုတ်ပါဘူးလေ။

''လူမှန်ရင် အချစ်ကမ္ဘာကို ရှာစမြဲပို့လေ ××× ရှာခဲ့ရဖူးတယ်မေ ×× ရင်နာစရာအကြောင်းတွေကို ဖန်တီးခဲ့သူ ××× အချစ်ရေ ×××

မပိုင်ဆိုင်သူအတွက်ဆို ဒီကမ္ဘာလောကဟာ ××× အစဉ်အမြဲခန်း ခြောက်နေဆဲ ××× အပြစ်ဟောင်းရဲ့အကြွင်းအကျန်တွေကို မစဉ်းစားနဲ့ လေ ××× အချစ်ရေ ×××

မယုံနိုင်အောင်ပဲ သူဖျက်ဆီးခဲ့တယ် ×××



www.burmeseclassic.com

www.burmeseclassic.com

မရောက်သေးတဲ့ အချစ်လမ်းခရီးကို ×××
ရင်နာစရာရဲ့အခြေခံဟာ သူကိုယ်တိုင်ရဲ့ ×××
အဆုံးအဖြတ်ပါ ××× အဆုံးအဖြတ်ပါ ×××

တကယ်ဆိုရင် မင်းဟာ ကိုလေသေးမရှိတဲ့ ××× ဆန္ဒရဲ့တ
ရှင်လား ××× ဒါဆိုရင် မင်းဟာကိုယ်နဲ့ မထိုက်မှန်းသိတယ် ××× အ
ရေ ×××

မယုံနိုင်အောင်ပဲ သူဖျက်ဆီးခဲ့တယ် ×××
မရောက်သေးတဲ့ အချစ်လမ်းခရီးကို ×××
ရင်နာစရာရဲ့ အခြေခံဟာ သူကိုယ်တိုင်ရဲ့ ×××
အဆုံးအဖြတ်ပါ ××× အဆုံးအဖြတ်ပါ ×××

မျက်ရည်ပေါက်က ဂစ်တာအိုးလေးယံ ကျသွားတာကို
ကျွန်မကိုငုံ့ကြည့်နေတဲ့လမင်းကြီးပဲ သိနေပါတယ်လေ။

❀ ❀ ❀



## အခန်း ( ၁၃ )

အဲဒီနေ့မနက်က Sunday ဖြစ်နေတာမို့ တစ်အိမ်လုံး အိပ်
နောက်ကျကြလေ၏။ ကျွန်မက ဖော်ညလုံးညဥ့်နက်တဲ့အထိ
လှကျင့်နေကျမို့ အစောကြီးနိုးသည့်မမကလည်း လာမနှိုးဖြစ်

မိုးစက်လေးတွေ တဖြောက်ဖြောက်ကြွေကျသံကြောင့် အိပ်
မှာ ဇိမ်နှင့်နှပ်နေမိသည်။ မိုးရွာထဲထွက်ဆော့လို့ ဖေဖေသိရင်
တ်ခံရမှာမဟုတ်လား။ ဒါကြောင့် အခန်းထဲမှာပဲ အောင်းနေမိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဆံပင်အရှည်ထားတာကြောင့် မိုးစို၍မရပါ။ ခြောက်အောင်သုတ်ရမှာကိုလည်း သိပ်ပျင်းသည်လေ။ မကြီးမေ နှင့် မိုးရေထဲထွက်ဆော့တိုင်း ဖေဖေနဲ့မေမေတစ်ယောက်ယော ကတော့ ကျွန်မကိုရိုက်တတ်သည်ပဲ။

ဒါတောင် လစ်ရင်လစ်သလို ဝရန်တာမှာ မိုးရေအစိုခံ လေ့ရှိ၏။ ဝရန်တာတံခါးကိုစေ့ပြီး လူမမြင်အောင်ဆော့တာ အခန်းတံခါးဖွင့်ကြည့်လို့မတွေ့ရင်တော့ ဗိုက်ခေါက်ပြတ်ပြီသာ ရောပဲ။ အခုတော့ အခန်းထဲမှာပဲအိပ်နေမှန်းသိတာမို့ လာမနှိုး တာပဲထင်ပါရဲ့။

တော်သေးသည်ကြီးမိုးလင်းမှ ကျွန်မ ကျောရောခြေလက်ရော ဆန့်၍ ထလိုက်ပါ၏။ မိုးလင်းတာနှင့် ရေချိုးနေကျအကျင့်အတို ရေချိုးကာ ဂါဝန်အဝါလေးကိုဝတ်လိုက်ပါသည်။ ဒီနေ့ မိုးရွာ ဟိုကောင် အိမ်ထဲမှာပဲ အောင်းနေမှာပေါ့။ သူက မိုးကိုမုန်း ဆောင်းချစ်သူလေ။ ကျွန်မက မိုးတွင်းမှာမွေးခဲ့လို့လားမသိ၊ မိုး ကိုသိပ်နှစ်သက်ပြီး ဆောင်းကိုမုန်းတီးသည်လေ။ ဆောင်းတွင် လူကိုပို၍ အပျင်းတက်စေတာမဟုတ်လား။

နှင်းမတောထဲမှာ လမ်းလျှောက်ရတာထက် မိုးရေတော





လျှောက်ရတာကို ပိုကြိုက်သည်။ နှင်းမှုန်တွေကိုကြည့်တာထက် စက်တွေကိုငေးပြီး ကဗျာစပ်ရတာ၊ သီချင်းဆိုရတာကို ပိုပြီးမက်မောသည်ကိုး။ ဒီနေ့တော့ ညဦးပိုင်းကတည်းက စရွာနေတာမို့ တစ်နေ့လုံးတစိမ့်စိမ့်နှင့် စဲမည့်ပုံမပေါ်ပါချေ။

အိမ်အောက်ထပ်ကိုဆင်းလာတော့ မမက ဈေးသွားဖို့ထွက် သာပါ၏။ ဖေဖေနှင့်မေမေ့ကိုတော့ မတွေ့ရပါချေ။

"နိုးပြီလား ဖွေး"

"ဟုတ်"

"အုပ်ဆောင်းအောက်မှာ မုန့်ဟင်းခါးရှိတယ်။ ဟင်းရည်က အိုးထဲမှာနော်"

"ဟုတ်ကဲ့. . . မေမေရော"

"အပြင်သွားတယ်၊ နေ့လယ်လောက်မှပြန်လာလိမ့်မယ်။ မိုးရေထဲ ထွက်မဆော့နဲ့နော်။ ခဏနေ ဖေဖေပြန်လာတော့မှာ"

"အင်းပါ"

ထမင်းစားခန်းအုပ်ဆောင်းကိုဖွင့်ကြည့်တော့ ကျွန်မအတွက် မုန့်ပွဲက အဆင်သင့်ရှိနေပြီး လိုက်ပွဲပန်းကန်ကိုပါ တွေ့ရပါသည်။

ဟွန်း! ဟိုကောင်လာရင် ပါးဖြန်းဖြန်းစားချည်ဦးတော့မယ်။

•



www.burmeseclassic.com

www.burmeseclassic.com



အဝေ့းဖြင့်ကိုက်ပြုးလိုက်ပြီး မီးဖိုခန်းထဲမှာ ဟင်းရည်ကို ဇလုံဖြင့် ...သို့လိုက်သည်။ ...ကြဲ၊ နံနံပင်၊ ငရုတ်သီးမှုန့်နှင့်ရှောက်သီးစိတ် လေးကိုညှစ်သည့်... ပူပူလေးစားလိုက်ပါ၏။ မိုးလေးတစိမ့်စိမ့်နှင့် ...ဟင်းခါး ... ပိုပြီးစားကောင်း...နေသလိုလို။

အပေါ်တက်ကို ပြန်တက်ခဲ့ပါ၏။ အောက်ထပ်မှာဆက်နေရင် ရေဆော့ချင်စိတ်ဖြစ်လာမှာစိုးသည်လေ။ တစ်ခါတစ်ခါ ရေမြောင်း ထဲမှာ စက္ကူလှေလေးတွေချိုးပြီးလည်း ဆော့ရတာကို အရသာတွေ့ ...ကိုး။ ...စက်ပြတ်မှ တပေါက်ပေါက်စီးကျနေသည့်ရေစက်တို့ ကို လက်ဝါးဖြန့်၍ ခံလိုက်မိသည်။ အေးလိုက်တာ။ လေဝှေ့တိုက် လာသဖြင့် ကျွန်မမျက်နှာပေါ်ကို ရေမှုန်ရေမွှားလေးတွေ လာစင် လေ၏။ သဘောကျစွာဖြင့် ရယ်လိုက်မိသည်။

နေပါဦး။ ဒီနေ့မှ ထူးထူးဆန်းဆန်း တစ်ယောက်မှ အိမ်မှာ မရှိပါလား။ ဖေဖေရောမေမေပါ ဘယ်ကိုသွားတာပါလိမ့်။ ခိုင်ရွှေ နဲ့အသန်းလည်း စုပ်ဖမြုပ်စကို ပျောက်ရော။ အိမ်မှာ ကျွန်မတစ် ယောက်တည်းပဲ ကျန်ရစ်ခဲ့တာပါလား။

အခုနေ သူ...ရင် ကောင်းမှာပဲနော်။ စကားပြောဖော်ရှိ တော့ အပျင်းပြေတာပေါ့။ မိုးလေးတဖွဲဖွဲစိမ့်မှာ ဂစ်တာလေးနဲ့





...နှင်းသီချင်းလေးငြိမ့်လိုက်ရရင်တော့လား။ အတွေးဖြင့်ပြုံးမိစဉ် ...ကား ခြံထဲသို့ဝင်လာလေ၏။ ကျွန်မ အိမ်ပေါ်မှအပြေးဆင်း ...မိသည်။

"ဟော! ဖေ့သမီးလေး နိုးနေပြီကိုး။ ဘာစားပြီးပြီလဲ သမီး"

"မမ မုန့်ဟင်းခါးကျွေးထားတယ်ဖေဖေ"

"ဟုတ်လား။ ဖေဖေ၊ လမ်းမှာ အာပုံတွေ့လို့ ဝယ်လာသေး ...ရော"

"ဟေး... ဖွေးအကြိုက်ပဲ"

ကျွန်မ ခုန်ပေါက်လျက် ဖေဖေလှမ်းပေးသည့်အာပုံထုပ်ကို ...ယူလိုက်ပါ၏။ ကျွန်မက တို့ရှည်နဲ့အာပုံကို အသည်းစွဲကြိုက်တာ ...ကလား။ တစ်ခါတစ်ရံမှာ ညနေဘက် ဖေဖေနှင့်အတူ လမ်း ...လျှောက်ပြီးလည်း သွားစားတတ်သည်လေ။

"သမီးအမေရော"

"သိဘူးလေ၊ ဖွေးနိုးကတည်းက မရှိတာ။ မမတောင် တစ် ...ယောက်တည်းပဲ ဈေးသွားရတယ်။ အဲဒါ ဖွေးလိုက်ကြိုရင် ကောင်း ...လို့စဉ်းစားနေတာ"

"မကြိုနဲ့လေ။ နီနီ သူ့ဟာသူ ဆိုက်ကားငှားပြီး ပြန်လာလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒီဈေးလေးပဲဟာ"

"ဟုတ်ကဲ့ဖေဖေ"

ကျွန်မ မုန့်ထုပ်ကို ဝရန်တာယူလာခဲ့ပြီး ထိုင်စားနေမိသ (၉)နာရီတောင်ထိုးပြီ။ ဟိုတစ်ယောက် ခုထိပေါ်မလာသေးပါ Recording သွားတယ်ထင်ပါရဲ့။ တအောင့်နေတော့ မေမေ မမပါ အတူပြန်လာလေ၏။ ကျွန်မ အောက်ထပ်ကို ပြန်ဆင်း သည်။

"မေမေက ဘယ်သွားတာလဲဟင်"

"ကိစ္စရှိလို့ပေါ့ သမီးရဲ့။ လာပါဦး, မေမေ့ကို ဒီပုစွန် လေးတွေ ခွါပေးဦးနော်။ ကင်ပွန်းချဉ်ရွက်နဲ့ ဟင်းချိုချက် မယ်"

"မီမွေးတို့ရော"

"မေမေခိုင်းထားတယ်အဖွေးရယ်။ လျှာရှည်တယ်ဟဲ့"

မမက စိတ်မရှည်သလို ဝင်ဟောက်လိုက်သဖြင့် ကျွန်မ ပြန်မပြောတော့ပဲ ပုစွန်ကျောလေးတွေကို ခေါင်းနှင့်အမြီးခွေ နေလိုက်ပါသည်။ တစ်မျိုးတော့ တစ်မျိုးကြီးပါပဲ။ ရင်ထဲမှာ ကြည်နူးနူးလေးမရှိဘဲ နုံးချည့်နေသလိုနှယ်။ မိုးကြီးပဲ အုံ့ဆိုင်း





ဘာကြောင့် ထင်ပါရဲ့။

မေမေတို့နှင့်အတူ ဝိုင်းဝန်းချက်ပြုတ်အပြီးမှာ ကျွန်မရေချိုး သနပ်ခါးလူး၏။ နေ့လယ်မှာ ထမင်းစားတော့ (၁)နာရီရှိနေလေပြီ။ နေ့နည်းနည်းစဲသွားတော့ ခြံထဲက ပန်းပင်လေးတွေကို လိုက်ကြည့် နေမိ၏။ မေမေက ရေများ၍ပုပ်သွားသည့်အပင်လေးတွေကို နုတ်တန်နုတ်၊ ကံစက်မြိတ်အောက်ရွှေ့တန်ရွှေ့ လုပ်နေလေသည်။

"မေမေ. . . နီနီဆရာမကြီးခေါ်ထားတာ သွားလိုက်ဦးမယ် နော်"

"အေးအေး သမီးကြီး"

မမထွက်သွားပြီး တအောင့်အကြာမှာ ကားတစ်စီးဝင်လာ သဖြင့် ကျွန်မတံခါးသွားဖွင့်ပေးလိုက်ရသည်။

"ဟာ! ကိုဦးပါလား။ မေမေရေ. . . ကိုဦး မန္တလေးသွားတာ ပြန်လာပြီဗျို့"

ပြောလည်းပြော ကားနောက်ကိုပြေးလိုက်ကာ ကားရပ်သည် နှင့် ကိုဦးလက်ထဲမှမုန့်ထုပ်တွေကို ယူလိုက်ပါ၏။

"ထိုးမုန့်ပါလား. . . ကိုဦး"

"ပါတာပေါ့။ ငါ့ညီမအတွက် စပယ်ရှယ်မုန့်တွေဝယ်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မေမေနဲ့နီနီဖို့ ကြိုးကြိုးချိတ်တွေပါတယ်။ ဖေဖေ့ဖို့က ဆေးတံသောက်ဆေး ကောင်းကောင်းမှာလိုက်တာ၊ ပါလာတယ်"

"ဟင်! ဖွေးအတွက်က မုန့်ပဲလား"

"အနွေးထည်လှလှလေးတွေ ပါတယ်လေ။ ဖွေးက အဖြူရောင်၊ နီနီက အနီရောင်။ မေမေ့အတွက် သျှားညိုရောင်လေးလေ"

"ဟင်! အဲဒါလည်း မမတို့နဲ့အတူတူရတဲ့ဟာပဲ။ ကိုဦးပြောသွားတုန်းက ဖွေးအတွက် သီးသန့်ဝယ်လာမှာဆို"

"ဟဲ့! ဒီကလေးမ ဘယ်လိုဖြင်ပြီး ဂျစ်နေရတာလဲ။ အစ်ကိုဝယ်လာပေးတာပဲ ယူမှပေါ့"

"မရဘူးလေ၊ ကိုဦးက, ကတိလည်းမတည်ဘူး၊ တကယ်ပဲ"

မေမေက ကျွန်မကိုမျက်စောင်းခဲလိုက်တာမို့ နှုတ်ခမ်းကိုစူထားမိ၏။ ဟုတ်တယ်။ အဲဒီကိုဦးဟာ သွားခါနီးက တစ်မျိုး၊ ပြန်လာတော့ တစ်မျိုးဖြစ်နေတာကိုး။

"သား ထမင်းစားပြီးပြီလား"

"မစားရသေးဘူးမေမေ"

"ဒါဖြင့်စားလေ။ ဒီနေ့ သားအကြိုက် ပုစွန်လုံးဟင်းချက်ထားတယ်။ အခွန်မပါ အသားနွှင်ပြီး ချက်တာလေ။ နီနီချက်ပေးတာ





သားရဲ့။ အငယ်မ. . . နင့်အစ်ကိုကို ခူးကျွေးစမ်း"

"မကျွေးချင်ပါဘူး။ ကိုဦးက မျက်နှာလိုက်တယ်"

"အဖွေးနော်. . . ဗိုက်ခေါက်ပြတ်ချင်ပြီလား"

ကိုဦးက ပြုံးစိစိဖြစ်သွားတာမို့ ကျွန်မခြေဆောင့်ကာ ထမင်းပွဲပြင်ပေးပါ၏။ ထမင်းအုပ်ထဲမှ ထမင်းခူးပေးစဉ် ကိုဦးက ခပ်တိုးတိုးလေး ပြောလိုက်လေသည်။

"ဖွေးဖို့ အထုပ်ထဲမှာ လွယ်အိတ်လေးပါလာတယ်။ တကယ့်ငွေပြားလေးတွေနဲ့လုပ်ထားတာ။ ဈေးကြီးဝယ်ပေးတာမို့ မေမေဘူပုစိုးလို့မပြောတာ။ နီနီပြန်လာမှ ပြလိုက်ပေါ့"

"တကယ်နော်။ အမယ်လေး. . . ပျော်လိုက်တာ။ ဒီလိုဆိုတော့လည်း ကိုဦးက ချစ်စရာကောင်းသွားပြန်ရော"

လိုချင်တာရသွားသည့်ကလေးတစ်ယောက်လိုမျိုး ကျွန်မခုန်ဆွခုန်ဆွဖြစ်သွားရပါ၏။ ထမင်းပွဲပြင်ထားပြီးတာကို မစောင့်ပေးဘဲ အထုပ်တွေမွှေနှောက်ကာ ဆွယ်တာအဖြူလေးပါသည့်အထုပ်ကို ယူလိုက်ပါသည်။

အပေါ်ထပ်အိပ်ခန်းထဲရောက်မှ ဖွင့်ကြည့်လိုက်ရာ အနက်ရောင်ချည်မျှင်အိတ်လေးကို ငွေပြားလေးတွေခတ်ထားသည့် လွယ်



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်လေးက ကြွကြွရွရွလေး။ လှလိုက်တာနော်။ ချစ်စရာလေး
ပိုင်မြင်ရင် သဘောကျမှာမလွဲ။ လိုချင်တယ် မပြောရင်တောင်
ကဲကောင်း။ တောင်းရင်လည်း မပေးနိုင်ပေါင်။ ဟုတ်တယ်လေ
အစ်ကိုပေးတဲ့လက်ဆောင်ကို သူများကို ပြန်ပေးစရာလား။

ခဏအကြာမှာ မမပြန်ရောက်လာလေ၏။ ကိုဦးနှင့်ခြံထဲ
စကားထိုင်ပြောနေပါသည်။ ဒီညနေ မိုးမရွာရင် အသက်နဲ့လ
ထိပ်မှာ မုန့်တီသောက်ရန် ချိန်းထားတာမို့ အဝတ်လဲရန်ပြင်နေ
အသက်ရောက်လာသံကို ကြားလိုက်ရလေသည်။

"ဖြူဖွေးရေ"

"ဝေ့. . . ငါအပေါ်မှာ အသက်ရေ့၊ တက်လာလေ"

"အေး"

ပြန်အော်သံကြားရသော်လည်း တော်တော်နှင့်တက်မ
သည့်အသက်ကြောင့် ကျွန်မ အဝတ်မလဲသေးဘဲ အခန်းတံခါ
ဖွင့်ကြည့်လိုက်မိ၏။ ဒင်း ဘာသတင်းတွေများကြားလို့ အော
လေကြောမိနေတယ်မသိ။

"အသက်ရေ. . . လာလေ"

"လာပါ့မယ်ဟဲ့"





"စိတ်မကောင်းဖြစ်မှာစိုးလို့ အန်တီမပြောတာ အသက်ရဲ့။
ငါးက ကောင်လေးကို တော်တော်ခင်တွယ်နေတာမဟုတ်လား။
ားပြောတိုင်းမတည့်ဘူးဆိုပေမယ့် နှစ်ယောက်သား သံယောဇဉ်
တော့ အန်တီချစ်ရိပ်မိပါတယ်။ ဘယ်တတ်နိုင်မလဲ သမီးရယ်။
ကြည်ရာမြက်နုရာရှာတာ လူ့သဘာဝပဲပေါ့"

"ဒါပေမဲ့ ဖြူဖွေးကိုတော့ နှုတ်ဆက်သွားသင့်တာပေါ့ အန်တီ
ယ်၊ အခုလိုဖြုန်းစားကြီးပြောင်းသွားတာတော့ ဘယ်ကောင်းမလဲ။
သက်တောင် သူတို့ကားထွက်သွားတာမြင်လိုက်လို့သိရတာ"

"ဟိုနေ့က သူပြောသွားမယ်လို့ထင်တာပဲ။ အဖွေးပုံစံက ဘာ
ထူးခြားတော့ မသိသလိုဘဲနေလိုက်တာ"

တစ်စွန်းတစ်စကြားနေရသည့်အသံတို့က တိုးသဲ့သဲ့။ မမေ
အသက် ဘာတွေများပြောနေတာပါလိမ့်။ စပ်စုချင်စိတ်ဖြင့် လှေ
းမှဆင်းခဲ့စဉ် အသက်၏အသံကို ပီပီပြင်ပြင်ကြားလိုက်ရလေ
ည်။

"အသက်ကို သူလက်ပြနှုတ်ဆက်ရုံလေးပဲလုပ်သွားတာ စိတ်
ကောင်းဘူးအန်တီရယ်. . . တကယ်ဆို ပြောသွားသင့်တာပေါ့။
တ်တရလက်ဆောင်လေးဘာလေးတောင်မှ မပေးလိုက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! "

"ဒီလိုပါပဲ သမီးရယ်။ တွေ့ဆုံကြုံကွဲလို့ ဆိုရိုးရှိတာပဲ"

"မေမေ ဘယ်သူအိမ်ပြောင်းသွားလို့လဲ"

"အဲ"

အသက်ရော၊ မေမေပါ မျက်နှာတွေပျက်သွားကြ သေချာပါတယ်။ ကျွန်မ,မသိအောင် တစ်ခုခုကိုဖုံးကွယ်ထား ပါလားလေ။

"အသက်လည်းသိတယ်ပေါ့။ ဘယ်သူလဲ"

"ဟို. . . ဟို. . . ဘာမှမဟုတ်ဘူး"

"ဘာဖြစ်လို့ဖုံးထားရတာလဲ။ အသက်နဲ့ရော၊ မေမေနဲ့ပါ တယ်ဆိုတာလေ။ ပြောပါ"

"ဖြူဖွေး, နင်စိတ်မကောင်းမဖြစ်နဲ့နော်။ ခုနကပဲ စိ အိမ်ပြောင်းသွားကြပြီဟဲ့"

"ဘာရယ်"

"နင်စိတ်မကောင်းဖြစ်မှာစိုးတာနဲ့"

"ဟဲ့! သမီး"

ကျွန်မ အိမ်ထဲမှအပြေးထွက်လာခဲ့မိ၏။ နောက်မှလို





သည့်ကိုဦးနဲ့မမအသံကိုပင် ဂရုမထားမိတော့။ လမ်းထိပ်ကိုပင် ည်သို့မည်ပုံရောက်လာမှန်းပင် မသိနိုင်တော့ပေ။ သော့ခတ်ထား သည့်ခြံတံခါးကြီးကိုဆုပ်ကိုင်ထားလျက် မျက်ရည်တို့က ပိုးပိုးပေါက် ပေါက်ကျလာလေတော့သည်။

ပိုင်ရယ်, ထားခဲ့ရက်လိုက်တာ။ တကယ်ဆို နှုတ်ဆက်စကား လေးတော့ ပြောသွားသင့်တာပေါ့။ ဘယ်ကိုပြောင်းသလဲဆိုတဲ့ လိပ် စာလေးတော့ ပေးခဲ့သင့်တာပါလေ။ ပြောတော့ဖြင့် အားလုံးထက် ကျွန်မကိုပိုခင်တာပါဆို။ ပိုသံယောဇဉ်ရှိပြီး ပိုချစ်ခဲ့တာပါဆို။ ဘယ် တော့မှမေ့မသွားမယ့် ချစ်ခြင်းတွေနဲ့ချစ်ခင်ခဲ့တယ်ဆိုတာ မုသား စကားလေလားကွယ်။

အခုတော့ ဖွေးတစ်ယောက်တည်း ထားရစ်ခဲ့ရက်တယ်ပေါ့။ သူငယ်ချင်းသံယောဇဉ်ကိုတောင် တိခနဲ ပိုင်,ဖြတ်ပစ်ခဲ့ဘာပေါ့ လေ။ နည်းနည်းလေးတောင်မှ စိတ်မကောင်းမဖြစ်ဘူးပေါ့။ ဟုတ် သား။ ဒါဆိုရင် ကိုယ့်ကိုချစ်ရဲ့လားလို့ ဘာဖြစ်လို့များ မေးခဲ့ရတာ လဲ၊ ပိုင့်ဘဝမှာ အလေးမထားဘူးဆိုမှတော့ ကျွန်မကိုလည်း သံယောဇဉ်ရိပ်တွေ ပြမနေပါနဲ့တော့လား။

ရက်စက်လိုက်တာ. . . ပိုင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးသံတန်းတို့ကိုဆုပ်ကိုင်ရင်း ရင်နင့်စွာဖြင့်ငိုရှိုက်လို
မိစဉ် မိုးစက်တွေက ဝေါခနဲရွာချလိုက်လေသည်။ ဒီမိုးရေတွေထဲ
ဖွေးရဲ့မျက်ရည်တွေရောပါနေပါတယ်ပိုင်။ ပိုင့်ကိုယ်ပေါ်ကို မိုး
စိုတိုင်း ဖွေးရဲ့မျက်ရည်တွေပါလားလို့ ပိုင်တွေးမိပါစေသား။ သီချ
တွေရေးတိုင်း စကားလုံးလှလှလေးတွေရွေးတိုင်း ဖွေးကိုသတိ
စေသား။ မိုးမှုန်လေးတွေကို ငေးမိတိုင်း ဖွေးကိုအမှတ်ရပါစေသ
လို့ ဆုတောင်းပေးနေမှာပါ ပိုင်ရယ်။

"ဖြူဖွေး. . . သူသွားတာ တော်တော်ကြာနေပြီဟဲ့။ မိုး
တွေလည်း ရွဲကုန်ပြီ။ ဖျားတော့မှာပဲ။ ပြန်ကြပါစို့ဟယ်"

"ငါ. . . ငါ. . . သိပ်ဝမ်းနည်းတာပဲအသက်ရယ်။ တက
ဆို အကျိုးအကြောင်းလေးတော့ ပြောသွားသင့်တာပေါ့"

"အေးပါ"

"ပြောတော့ဖြင့် ငါ့ကိုသံယောဇဉ်အရှိဆုံးတဲ့"

"ငါသိပါတယ် ဖြူဖွေးရယ်"

"ငါ့ကို အားလုံးထဲမှာ အချစ်ဆုံးဆိုပြီး ခုလိုထားပစ်ခဲ့
ကောင်းသလား"

"ငါနားလည်ပါတယ်ဟယ်။ ပြန်ကြပါစို့"





"ငါ. . . ငါ. . . သူ့ကိုသိပ်ချစ်တာဟ"

အသက်ဘာမှပြန်မပြောနိုင်တော့ဘဲ နှုတ်ဆိတ်သွားပါ၏။
ကိုက်သံတစ်ဝက်ဖြင့် ဗလုံးဗထွေးပြောနေသံက မိုးသံအောက်မှာ
မပြင်။ ဖွေးကြောင့် သံစဉ်တွေဖြစ်လာခဲ့တာဆို။ ဖွေးကြောင့်ပဲ
သံယောဇဉ်တရားကို နားလည်ခဲ့ရတာဆို။

ခုတော့. . . ခုတော့. . . အရာအားလုံးပြီးဆုံးခဲ့ပြီလား။

"ပြန်ကြစို့ဖြူဖွေးရယ်။ အန်တီနဲ့အန်ကယ် စိတ်ပူနေဦးမယ်
. . . လာ"

အသက်ဆွဲခေါ်ရာနောက်သို့ ခြေမလှမ်းချင်ပါဘဲ လိုက်ပါ
လာခဲ့ရသည်။ အမှတ်တရပါ. . . ပိုင်။ တကယ့်ကိုမှတ်မှတ်ရရရှိနေ
ပါ။ မိုးရေတွေကိုချစ်တတ်တဲ့ကျွန်မကို မိုးရေတောထဲမှာ တစ်
ယောက်တည်း ချန်ထားရစ်ခဲ့တာပေါ့လေ။

လမ်းထိပ်လက်ဖက်ရည်ဆိုင်မှ လေးလေးဝါး၏သီချင်းသံက
သံနှင့်အတူ ရောနှောလွင့်ပါလာလေသည်။

"မင်းအကြောင်းပဲ တွေးနေတယ် သန်းခေါင်ယံတွေထဲ ×××
မင်းအပြုံးလေးနမ်းချင်တယ် ဘယ်ဆီမှာလဲ ××× မင်းကတော့ သိနိုင်
မသေချာတော့ဘူး ××× ကိုယ့်ဆုတောင်းလေးတွေလည်း မရေရာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူး ×××

မိုးစက်တို့အောက်မှာလေ တစ်ကိုယ်ရေလျှောက်ဆဲ ××× နာ
အရိပ်တွေချင်တယ် နွေနေပူထဲ ××× မင်းမရှိတဲ့ဘဝဟာလေ မပိုပြည့်
ဘူး ××× အသည်းလေးကွဲမယ့်အခြေအနေ မလိုချင်တော့ဘူး ×××

ကြင်သူရေ ××× မင်းရဲ့အချစ်လိုထပ်တူ ××× အစားထိုး
မရှိလို့ ××× အို...တိတ်တိတ်လေးကြေကွဲခဲ့ရသူပါ ××× မဆုံနိုင်ရင်
မင်းရဲ့အချစ်လို တို့ကို ××× နှစ်သိမ့်မယ့်အရာမရှိလို့ ××× အို...
တိတ်လေးကြေကွဲခဲ့ရသူပါ ××× လူတွေမမြင်နိုင်အောင်ပဲ လွမ်းတယ်

တကယ်ပါ. . . ပိုင်ရယ်။ ပိုင်မမြင်ရတဲ့တစ်နေရာမှာ မသိအောင် တိတ်တိတ်လေးကြေကွဲပြီး ဝမ်းနည်းငိုရှိုက်နေ ကောင်မလေးတစ်ယောက် အမှန်တကယ်ရှိနေခဲ့တာပါ။

အဲဒီကောင်မလေးဆီမှာ ကြိုးပြတ်နေတဲ့ ဂစ်တာလေး လုံးရယ်၊ မျက်လုံးလေးသာ ဆွဲထားဖြစ်တဲ့ မပြီးသေးတဲ့ပန်းချီ တစ်ချပ်ရယ်၊ ပြီးတော့. . . ပြည့်သိပ်မွှန်းကျပ်တဲ့ခံစားမှုနဲ့ ပိတ်မိနေတဲ့ရင်ဘတ်တစ်ခုရယ် တကယ်ပဲရှိနေခဲ့တာပါ။

ပိုင်ချစ်တဲ့ဆောင်းရာသီ၊ ကျွန်မချစ်တဲ့မိုးရာသီ။





ပြီးတော့ ကျွန်မတို့နှစ်ဦးစလုံး စိတ်တူကိုယ်တူ မုန်းတီးခဲ့တဲ့ ရာသီကိုလည်း ကျော်ဖြတ်ခဲ့ပါပြီ။ နှလုံးသားမှာ ကမ္ပည်းရေး သားခဲ့တဲ့ 'ပိုင်'ဆိုတဲ့အရာလေးကတော့ ဘယ်တော့မှ မှုန်ဝါး က်ကွယ်သွားမှာမဟုတ်ပါဘူး။

မြတ်မြတ်နိုးနိုးနဲ့ ထာဝရသိမ်းဆည်းသွားမှာပါ။ ဘယ်သော မှ မပျောက်ပျက်နိုင်မယ့်ချစ်ခြင်းအသချေနဲ့ပါ. . . ပိုင်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com






## ''သူချန်ထားရစ်ခဲ့တဲ့နေရာမှာ''

သက်တာ အမြုံ
နင်ကြိုက်တာက အမည်း
ဘာမဆိုသဲကွဲ
ဆန့်ကျင်ဘက်တွေအမြဲ...

စ်ခြိုက်တာ ဆောင်း
ငါမုန်းတာက ဆောင်း
ရာသီတွေသာပြောင်း
ရင်ခွင်တာ အိုဟောင်း...

တ်နိုးတာ ခရေ
နင်စွဲမက်တာ Rose
တို့နှစ်ဦး မနှစ်မျို့
ဒဏ်ရာတွေနှစ်ချို့...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လောကနိယာမမှာ

ဝင်ရိုးစွန်း နှစ်ဖက်ကြား

အီကွေတာ စည်းခြားသလို

တို့နှစ်ဦးသားဘဝ

နီးစပ်ခွင့်မှမရှိပြီဘဲ...

သူရယ်

မြင်သာမြင်ရ မကြင်ရဆိုတဲ့စကားလို

ကိန္နရာချောင်းခြား

အမှာစကားတောင် မပါးဘဲ

တစ်ယောက်တည်းထားရစ်ခဲ့ တစ်နေရာ

သူချန်ထားရစ်ခဲ့တဲ့နေရာမှာ

ဝေဒနာတွေက ကုဋေကုဋာ–



အခန်း ( ၁၄ )

သူ့အပြုံးကို အံ့သြမှင်တက်စွာ ငေးကြည့်နေမိ၏။ သေချာပါတယ်။ ပိုင်နဲ့မှ ချွတ်စွပ်တူနေတဲ့အပြုံးမျိုးပါလား။

"ကိုယ့်ကို မင်းရဲ့ဆရာရှေ့မှာတော့ အော်မထုတ်လောက်ပါဘူးနော်"

သတိဝင်သွားရပါ၏။ ရှေ့တည့်တည့်မှာ လာရပ်သည့်သူ့မျက်နှာကိုမော့ကြည့်ကာ မျက်စောင်းခဲလိုက်မိသည်။ မုန်းလိုက်တာ။ ဘာဖြစ်လို့များ ဆံပင်ညှပ်လိုက်မှ ပိုင်နဲ့ရုပ်ဆင်သွားရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို စေတနာမရှိပါဘူး"

"သမီးငယ်နော်"

"ဖေဖေကလည်း ဆရာ့ကိုထမင်းစားဖိတ်တဲ့ဟာ၊ သူက ကပ်မြှောင်ပြီးပါလာတာကျ မပြောဘူး"

"ဖေဖေ ခေါ်ခိုင်းလိုက်တာလေ။ မောင်ကျော်က ရေချိုးနေလို့ နောက်မှလိုက်လာလိမ့်မယ်။ ဘယ်လိုဖြစ်ပြီး စိတ်ပုပ်မွှေးနေရတာလဲ။ သမီးကိုငယ်စဉ်ကတည်းက စိတ်ထားလေးလှလို့ ဖြူဖြူမွှေးလို့နာမည်ပေးခဲ့တာကို မဖျက်ဆီးချင်စမ်းနဲ့"

"ဖွေးက လူတိုင်းအပေါ်မှာ စေတနာထားနိုင်တယ်။ ဒီလူကြီးပေါ်တော့ မထားနိုင်ဘူး"

"ဒါတော့ မင်း,မရိုးသားလို့ပေါ့"

"ဘာရှင့်"

"ဟုတ်တယ်လေ၊ ကိုယ့်တစ်ယောက်တည်းကိုကွက်ပြီး မုန်းနေတာ၊ မင်းစိတ်ထဲမရိုးသားတာ သေချာတာပေါ့"

"ရှင်နော်. . . ရှင်,ရှင်၊ ခေါင်းတော့ ကွဲတော့မှာပဲ"

"ဟဲ့! ဘယ်လိုဖြစ်ပြီး အစ်ကိုကိုကြုံးဝါးနေတာလဲ အဖွေးရယ်။ သား,လာလေ. . . လေးလေးရော"





ကျွန်မနား,တိုးတိုးပြောနေတာမို့ သူ့ကိုပြန်အော်တာသာ လူသိလေ၏။ ဘယ်လောက်အမြင်ကပ်စရာကောင်းလိုက်သလဲ။

"လေးလေး ရေချိုးနေလို့ပါအန်တီ"

"ဟုတ်လား။ သားဖေဖေရော Phone ဆက်သေးရဲ့လား"

"တစ်လတစ်ခါတော့ ပုံမှန်ဆက်ပါတယ်အန်တီ"

သူက ထမင်းပွဲကို ဝိုင်းပြင်ပေးနေသဖြင့် ကျွန်မက မျက်စောင်းသာ ခဲနေမိတော့သည်။ မေမေတို့နဲ့ကျတော့ အဆင်ပြေပြေနဲ့ ချောမောပြီး ပြောတတ်လိုက်တာ။ ကျွန်မနဲ့ကျတော့ ဘယ်တော့မှ ကောင်းကောင်းမွန်မွန်မပြောတတ်။ အလကား. . . လူ့ကန့်လန့်အသည်းတစ်ခြမ်းပဲ့ကြီး။ အတွေးဖြင့်ပြုံးလိုက်မိစဉ် သူကမျက်လုံးပြူးကာ လှည့်အကြည့်နှင့်သွားဆုံလေ၏။

"ဘာကြည့်တာလဲ"

"ဟဲ့! အဖွေးရယ်, လန့်လိုက်တာ။ ဘယ်လိုဖြစ်ပြီး ရန်လိုနေရတာလဲ။ သားက ညည်းထက် ငါးနှစ်ကျော်တောင်ကြီးတာနော်။ ရဲတော့ကြီးကုန်တော့မှာပဲ။ ဒီကလေးမလေးဟာလေ"

"ကြီးပါစေ။ သူလိုက်ကြည့်နေတာကျတော့ မပြောဘူး"

"ကြည့်တာ ညည်းအသားပဲ့ပါလို့လား. . . ကဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ပြောလည်းပြော ကျွန်မခေါင်းကိုလည်း ပိတ်ခေါ်

လိုက်ရာ သူက အံ့ဩသွားလေ၏။ ကြည့်စမ်း! ဒင်းကြောင့် ဒင်း

မှာ အရိုက်ခံရပြန်ပြီ။ မုန်းပြီရင်းသာ မုန်းလိုက်ချင်တော့တာ

"တွေ့လား. . . ရှင့်ကြောင့်အရိုက်ခံရပြီ"

"ကိုယ်ဘာလုပ်မိလို့လဲ"

"ရှင်လာကြည့်တာကို အော်မိလို့လေ"

"ကြည့်မိမှာပေါ့ကွ။ မင်းက အရူးလိုပဲ တစ်ယောက်တည်း

ပြုံးချင်ပြုံးနေတာကိုး"

"ရှင်နော်. . . လူကိုအရူးလို့ပြောဦး"

ကျွန်မ ဘာမပြောညာမပြောဖြင့် သူ့လက်မောင်းကို

ခနဲငုံ့ကိုက်လိုက်တော့ သူက ကျွန်မနဖူးကို လက်ဝါးဖြင့်ပြန်တွန်း

လေ၏။

"အား! ကိုက်တယ်အန်တီရေ့"

"ဟဲ့! အဖွေးနော်. . . ဒီလောက်ပြောနေတဲ့ကြားက"

"သွားပါပြီအန်တီ။ လက်မှာအကွင်းလိုက်ကြီးပဲ။ ကျွန်တော်

တော့ ခွေးရူးကာကွယ်ဆေးသွားထိုးရတော့မယ်ထင်တယ်"

"ကြည့်ပါလား! လူကိုခွေးရူးလို့ပြောပြန်ပြီ"





"နည်းတောင်နည်းသေးတယ်။ လူကြီးကို မရိုမသေနဲ့ကိုက်

တာကိုး"

"မမက သူပြောတာကျ မကြားဘဲနဲ့"

"အစ်ကိုက ချစ်လို့ကျီစယ်တာပဲ စိတ်ဆိုးစရာလား"

ဟင်းရည်ခွက်သယ်လာရင်းက ပြောလိုက်သည့်မမစကား

ကြောင့် သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားရ၏။ သူမမျက်နှာ

ပန်းရောင်သန်းချင်ချင်။ သူက သဘောကျစွာဖြင့် ပြုံးလိုက်မိ

တော့ ဆတ်ခနဲဆွဲဆိတ်တာကိုပါ ခံရပြန်သည်။

"အား! နီနီရေ. . . ဒီမှာဆိတ်ပြန်ပြီ"

"အဖွေးနော်, ဝိုင်းမကူဘဲနှောင့်ယှက်နေရလား။ သွား . . .

အစ်ကိုလက်ကို ဆန်ဝါးပြီးအုံ၊ ပတ်တီး အရင်သွားစည်းပေး

လိုက်"

"သူ့ဟာသူပြန်လုပ်ပါစေပေါ့။ မလုပ်ပေးနိုင်ဘူး"

"ကိုသက်ရေ. . . ဒီမှာ ရှင့်သမီးငချစ်မ ဂျီဂျောင်ကျနေ

ပြောလို့ဆိုလို့ကိုမရဘူး"

"အငယ်မ, တုတ်တောင်းနေတာလား"

ဖေဖေလှမ်းအော်လိုက်သဖြင့် မျက်နှာကိုစူပုပ်ထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ တွေ့လား။ ဒင်းကြောင့် အားလုံးက ဝိုင်းဆူတာကိုခံနေရ ဖွေးဘက်မှာ ဘယ်သူမှမရှိတော့တာပါလားနော်။

"လာခဲ့"

"နေပါစေ။ ခဏနေပျောက်သွားမှာပဲ"

"ရှင်၊ နော်၊ ဖေဖေ၊ ကျွန်မကိုရိုက်တာ မြင်ချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်လည်း ခေါ်နေတာလာပေ့ါ"

သူက သူမဆွဲခေါ်ရာ အလယ်ခန်းလှေကားရင်းနားသို့ လာလေ၏။ ခုံပေါ်မှာထိုင်ခိုင်းလိုက်ပြီး အရက်ပြန်၊ ဂွမ်း၊ ပတ် နှင့် ဆန်ဝါးရင်း ပြန်ရောက်လာပါသည်။ အနာက တော်တော် သွားပုံပင် ညိုမည်းချင်လာ၍ အရက်ပြန်ဆွတ်ကာ ဝါးထား ဆန်ကိုအုံပေးပြီး ပတ်တီးကိုကျက်ကျက်လေး စည်းပေးလေ

"ရှိုလိုက်တာ"

"အမယ်... မကြိုက်ရင် ပြန်ဖြည်လိုက်မယ်"

"မလုပ်နဲ့လေ... ဆက်စည်းပါ"

ဖြန်းခနဲ လိုက်ကာပွင့်သွားသလို ဖေဖေရော၊ ဦးကျော် ဆရာပါဝင်လာသဖြင့် သူမနှင့်သူ့ကိုမြင်သွားလေတော့၏။





"အံမာ၊ ငါ့ကောင် တယ်ကောင်းစားနေပါရောလား။ Nurse သစ်တွေဘာတွေနဲ့ ဘာဖြစ်တာလဲ"

"ခွေးကိုက်လို့... အား"

သူ့ခြေထောက်ကို ဆတ်ခနဲနင်းလိုက်တာကို ဖေဖေက မြင် အောင် မြင်သွားပါ၏။

"သမီးနော်... ဘယ်လိုဖြစ်ပြီး ဒီလောက်ဆိုးနေတာလဲ"

"ဖွေး၊ဘယ်မှာဆိုးလို့လဲဖေဖေရ"

"ညည်း ဘာလုပ်လဲ၊ ငါမသိဘူးထင်နေသလား။ မပြောချင် နော်"

ဖေဖေဆူပြီမှ နှုတ်ခမ်းက ပိုချွန်ထွက်လာ၏။ မျက်စောင်း ထိုးလိုက်စဉ် သူပြုံးတာကို မြင်လိုက်ရပြန်သည်။ ကြည့်ပါလား။ ပြန်ပြီ။

အသားလွတ်ကြီး မျက်စောင်းခဲနေသည့်ကောင်မလေးကို ရယ်ချင်နေမိ၏။ ဘယ်လိုလေးမှန်းကိုမသိပါဘူး။ တစ်ခါမှကြည် ကြည်လင်လင်လေး ပြုံးတယ်လို့ကိုမရှိ။ နှုတ်ခမ်းချွန်မျက်စောင်းခဲ ာပဲ သိနေလားမသိ။ ဒါ ကျောင်းပြီးပြီးသား မိန်းကလေးတဲ့ း။ ခုထိ စိတ်ကောက်ကာ ကလေးစိတ်မပျောက်သေးပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းရောက်တော့ မိသားစုအကုန်လုံးဝင်စားခိုင်း
မို့ သူနှင့်သူမက ဘေးချင်းယှဉ်ထိုင်ရပါ၏။

"စားနော် . . . သား။ ဒီမှာ သားကြိုက်တဲ့ကြက်သားဟ
ကျွတ်ကြော်လေ၊ ကိုကျော်လည်းစားပါ။ သွေးတိုးစာ တစ်ခုမှ
မထားဘူး။ မောင်သန့် အားမနာနဲ့နော်"

"ဟုတ်ကဲ့"

မမက လူကြီးတွေကို ဟင်းထည့်ပေးကာ သူမကို မျက်
ပြလေ၏။ မသိချင်ယောင်ဆောင်ကာ သူ့ကိုဟင်းထည့်မပေး
ဆက်ထိုင်နေစဉ် သူက သူမပန်းကန်ထဲကို ငါးလေးအိုးကပ်ခပ်
ပေးလေသည်။

"အဖွေးနော် . . . ဧည့်သည်က ပြန်လုပ်ပေးနေရတယ်"

ကျွန်မက ဖေဖေပြောတာကို ရွဲ့သလိုဖြင့် ငရုတ်သီး
ကြော်ကို တစ်ဇွန်းခပ်ကာ သူ့ပန်းကန်ထဲထည့်လိုက်တော့ ရယ်
ခပ်အုပ်အုပ်ထွက်လာလေသည်။

"သမီးနော်"

"ရပါတယ် အန်ကယ်။ ကျွန်တော်က အစပ်ကြိုက်ပါတယ်"

"သား ဘယ်တော့အလုပ်စဆင်းမှာလဲ"





"မနက်ဖြန်ပါ အန်ကယ်"

"ဒါဆိုရင် အဖွေးပါ အတူတူဝင်တော့၊ ကြားလား"

"အား . . . မလုပ်ချင်ဘူး။ ဖွေးသင်တန်းတွေရှိသေးတယ်"

"ဘာသင်တန်းမှ အကြောင်းပြမနေနဲ့။ ပန်းချီသင်တန်းတက်
ဖို့ Friday ရယ်၊ Saturday ရယ်၊ Sunday ရယ် မောင်သန့်ရွှေ့ထား
ပေးလိမ့်မယ်။ ဘာမှလည်း စိတ်မဝင်စားဘဲနဲ့ ရေသာခိုအချောင်
လိုက်ဖို့ပဲကြံနေ။ နီနီက မင်္ဂလာဆောင်ပြီး မောင်ဦးဘက်လိုက်နေ
တော့မှာ။ ညည်းအလုပ်မလုပ်ရင် တစ်သက်လုံး မီးဖိုချောင်ဝင်ရ
ယ်မှတ်"

"ဟင်! မဝင်ချင်ပါဘူး"

"မဝင်ချင်ရင် အလုပ်ဝင်။ ဒါပဲ"

"မမက ဘယ်တော့ယူမှာလဲ။ ဖွေးကိုတော့ အသိမပေးဘူး"

"ပေးစရာလား။ ညည်းဟာညည်း တစ်ယောက်တည်းရှုပ်
ယှက်ခတ်နေပြီးတော့၊ သိလည်း ဘာမှအဖော်ရတာမှမဟုတ်ဘဲ"

"ဖွေးက ဒီအိမ်မှာ လူရာမဝင်ဘူးလား"

"ကိုယ့်ကိုယ်ကိုသိရင် ပြီးတာပဲ"

ကျွန်မခြေဆောင့်ကာ ဆတ်ခနဲထရပ်လိုက်တော့ ဖေဖေရော



www.burmeseclassic.com

www.burmeseclassic.com



မေမေပါ အကြည့်ပြိုင်တူရောက်လာလေ၏။

"ဖြူဖြူဖွေး"

"ဖွေးကိုဆူတာကိုး"

"သမီးနော်. . . သနားလို့အလိုလိုက်ထားတာ ရောင့်တက် မလာနဲ့။ ဧည့်သည်တွေရှေ့မှာ ငါမရိုက်ချင်ဘူး။ ပြန်ထိုင်"

"ဖေ့. . ."

"လျှာမရှည်နဲ့။ ပြောစကား နားထောင်စမ်း"

သူမက ခုံမှာပြန်ထိုင်လိုက်သော်လည်း ထမင်းမစားဘဲ ငူငူငိုင်ငိုင်ကြီးထိုင်နေလေ၏။ သူသတိထားကြည့်လိုက်မိရာ မျက်ရည်တွေစို့လာတာ မြင်လိုက်ရ၍ စိုးရိမ်သွားရပါသည်။

"ဖြူဖွေး"

"မမက. . . မမက ဖွေးကိုတစ်ယောက်တည်းထားခဲ့တော့မှာလား"

"ဟယ်. . . မငိုရဘူးလေ,ဖွေးရဲ့။ မမ တစ်ပတ်တစ်ခါတော့ လာလည်မှာပေါ့"

"တစ်ပတ်မှတစ်ခါပဲ တွေ့ရတော့မှာပေါ့။ တော်ပြီ။ အဲဒီကိုဦးကိုလည်း မုန်းလိုက်တော့မယ်. . . အီး"





"ဟာ. . . ဒီကောင်မလေးတော့ နာတော့မယ်။ မဟုတ်တာကို ဂျစ်ပြန်ပြီ"

မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာသဖြင့် နီနီက သူမကို ထမင်းစားခန်းမှ ဆွဲခေါ်ထုတ်သွားလေ၏။ သူပါ ထမင်းဆက်စား၍ မရတော့ချေ။ ရင်ထဲမှာလည်း အတော်လေးစိတ်မကောင်းဖြစ်သွားရတာကို ဝန်ခံချင်ပါသည်လေ။

သူလက်ဆေး၍ ထွက်လာတော့ ခြံထဲမှာ ငိုပွဲဆင်နေသည့် ညီအစ်မနှစ်ယောက်ကိုမြင်ရလေ၏။

"ခွဲတာက ခွဲတာပဲလေ။ ဖွေးသိပါတယ်၊ ဖွေးကိုဘယ်သူမှ မချစ်ကြဘူး၊ ပြောတော့ အငယ်ဆုံးမို့ အလိုလိုက်တယ်ဆိုပြီး ခုချိန်ထိ အဆူအရိုက်မှမလွတ်တာပဲကြည့်"

"ဖွေးကလည်း"

"မမလည်း ဖွေးကိုမချစ်ဘူး။ ကိုဦးလည်း ညာတယ်။ ဖွေးတို့ညီအစ်မကို မခွဲဘူးပြောပြီး အခုတော့ မမကိုခေါ်သွားတော့မှာ။ ဖွေးချစ်တဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ဒီလိုပဲထားခဲ့ကြမှာ မဟုတ်လား"

"ဟယ်. . . တိုးတိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး။ နောက်တစ်ခါ ကိုဦးလာရင် လုံးဝစကားမပြော

တော့ဘူး။ မုန်းတယ်၊ သိပ်မုန်းတာပဲ"

ချော့တဲ့လူရော အချော့ခံရတဲ့လူပါ မျက်ရည်လည်ရွဲဖြစ်နေ

တာမို့ သူ ရယ်လည်းရယ်ချင်၊ စိတ်မကောင်းလည်းဖြစ်သွားရပါ၏

ကောင်မလေးကို စိတ်ကောက်နေတာပဲ အမြဲမြင်နေရတာမို့ အခု

ငိုကြီးချက်မဖြစ်နေတာကို ဒီတစ်ကြိမ်သာ တွေ့ဖူးရတာမို့ အံ့လည်း

သြ၊ သနားလည်းသနားနေမိသည်။

"နီနီ. . . အန်တီခေါ်နေပြီ"

"ဟင်! ဟုတ်ကဲ့"

မခေါ်ပါဘဲ သူလူစုခွဲလိုက်မိ၏။

ကောင်မလေးက ခုထိ တရှုပ်ရှုပ်ငိုလို့ကောင်းနေဆဲ။

"မင်းဘယ်လိုဟာလေးလဲ။ နီနီမင်္ဂလာဆောင်မှာကို အခု

ငိုပြတော့ကောင်မလား။ ဟိုမှာ ဘယ်လိုလုပ်စိတ်ကောင်းနိုင်မလဲ"

"အဲဒါ ရှင့်အပူမပါဘူး။ လာမပြောနဲ့"

"ဒါသဘာဝပဲလေ အဖြူလေးရဲ့။ မင်းလည်း တစ်ချိန်နို

အိမ်ထောင်ပြုမှာပဲဟာ"

"ဘာမှမပြုဘူး။ ရှင်နော်. . . လာမပြောနဲ့လို့ ဒီလောက်ပြော





တာတောင်မှ"

"မင်းက အတော်အံ့သြဖို့ကောင်းတယ်နော်။ ကိုယ်က စိတ်

ကောက်တတ်တယ်လို့ထင်နေတာ။ ခုတော့ မျက်ရည်ပါလွယ်လိုက်

တာ"

"ဘာဖြစ်လဲ။ ကျွန်မမျက်စိနဲ့ကျွန်မငိုတာ ရှင့်အပူလား။ ရှင့်

မျက်လုံးငှားပြီးငိုတာမဟုတ်ဘူး"

အငိုတိတ်ချေပြီ။ မျက်ရည်စိုလက်သည့် ဒေါသမျက်ဝန်းကို

မြင်ရလေ၏။ ကြည့်စမ်း။ ဒီကောင်မလေး မျက်လုံးတော်တော်လှ

ပါလား။ မျက်ဝန်းနက်နက်လေးတွေက တလက်လက်တောက်ပ

နေတာမို့ သူခပ်ငေးငေးလေးကြည့်နေမိတော့သည်။

"ဘာလာကြည့်နေတာလဲ"

"ရော်! ကိုယ်ဘာများလုပ်မိလို့လဲ"

"မကြည့်နဲ့"

သူရယ်ချလိုက်မိတော့ သူမက သူ့ရင်ဘတ်ကို လက်သီးဆုပ်

နဲ့ ဘုန်းခနဲထုလိုက်လေ၏။

"အမြင်ကိုကတ်တယ်။ ဘာမှန်းလဲမသိဘူး"

"သမီးငယ်. . . ဘယ့်နှယ့် မောင်နေသွန်းကို ထုရိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ အစ်ကိုက အလိုလိုက်တာကို မဆိုးရဘူးလေ”

“ဖေဖေ့လူကြီးက ဖွေးငိုတာကို လာကြည့်နေတာကိုး”

အိမ်ပြန်ရန်ထွက်လာသည့်လေးလေးရော၊ သန့်ဇင်ပါ ရယ်သံထွက်လာလေပြီ။ ဟုတ်တယ်လေ၊ သူတို့နှစ်ယောက်ပုံ စိတ်ကောက်နေတဲ့မိန်းကလေးကို သူက လိုက်ချော့နေသလိုဖြ တာကိုး။

“ခုထိဒီလိုပဲခေါ်တုန်းလား၊ မနက်ဖြန်ပဲ အလုပ်ဆင်းရတော့ မယ်။ အခုကတည်းက ကိုကိုလို့ခေါ်တာ ကျင့်စမ်း”

“မခေါ်နိုင်ပါဘူး”

“ဖြူဖွေးနော်”

“လုံးဝကိုမခေါ်ဘူး၊ ဒါပဲ”

သူ့မျက်ရည်စကိုသုတ်လျက် ခြေဆောင့်နင်းကာ အိမ် သို့တက်လာခဲ့၏။ ကိုကိုလို့ခေါ်ရမယ်တဲ့။ ဘာကိစ္စခေါ်ရမှာ မခေါ်နိုင်ပါဘူး။ ဟွန်း! ကြည့်မရပါဘူးဆိုနေမှ အလုပ်က အ ဆင်းရဦးမယ်တဲ့။ စိတ်ညစ်လိုက်တာနော်။ ဘယ့်နှယ်လုပ်ရ

ဘာလိုလိုနဲ့ မမတောင်မင်္ဂလာဆောင်တော့မှာပါလား။ တယ်။ ဖွေးသံယောဇဉ်ရှိတဲ့လူတွေ တစ်ယောက်ပြီးတစ်ယော





ဖွေးကိုထားရစ်ခဲ့တာပါပဲ။ ဘယ်သူမှ ဖွေးကိုမငဲ့ညှာ၊ မထောက်ထား ကြဘူး။ သနားလည်းမသနားကြဘူး။ သူတို့ဆန္ဒကိုသာ ဦးစားပေး ပြီး ဆုံးဖြတ်သွားကြတဲ့လူချည်းပဲ။

ပိုင်လည်း ဒီလိုပဲ။ ဖွေးကို ချစ်ရိပ်ချစ်ယောင်ပြပြီး ချန်ရစ် ပစ်ခဲ့တာ။ သိပ်ရက်စက်တာပဲ။ ချစ်မိတဲ့အချစ်တွေကို နှမြောလိုက် တာ။ ဖွေးကိုယ်ဖွေးလည်း သနားမိတယ်။

တော်ပြီ။ နောက်ထပ်ဘယ်သူ့ကိုမှမချစ်တော့ဘူး။ ဖွေးပဲ ခံစားရတယ်။ ဟုတ်တယ်။ မမကိုလည်း မချစ်တော့ဘူး။ ကိုဦး ကိုလည်း မချစ်တော့ဘူး။

ပြီးတော့ ရှင်ကြီးကိုလည်း လုံးဝမချစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၁၅ )

ဘယ်လောက်များ မတရားလိုက်ပါသလဲ။ တစ်ကုမ္ပဏီထဲ ...တာတောင် ဖေဖေ့ကားစီးခွင့်မရဘဲ သူနဲ့အတူလိုက်ရမှာတဲ့။ ပြီးတော့ ကုမ္ပဏီသွားဖို့အရေး လမ်းထိပ်မှာရှိတဲ့သူ့အိမ်ကို ...က်အောင် နေ့တိုင်းသွားရမယ်လို့၊ စိတ်တွေတိုလိုက်တာနော်။

"ဦးကျော်၊ ဖွေးရောက်ပြီ"

"ဟော! ငါ့သမီး စောသားပဲ"

"ဟိုလူကြီး ခုထိမပြီးသေးဘူးလား။ မျက်ခုံးမွေးနှုတ်နေတာ ...စ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပွစိပွစိရွတ်သံကြောင့် သူပြုံးလိုက်မိ၏။ မိုးလင်းတာနှင့် [illegible] အသံစာစာလေးကို နေ့တိုင်းကြားနေရတာမဟုတ်လား။

"လာပြီဟေ့"

"ဟွန်း! ဒီလောက်ကြာပြီး ထွက်လာတော့လည်း ဘာမှပို[illegible] မလာဘူး။ ဒီရုပ်ပဲ"

"ဘာဖြစ်လဲ၊ ကိုယ်နဲ့မင်းက ရာထူးချင်းမှမတူတာ။ သဘော[illegible] ပေါက်"

"အံမာ. . . ဂရုစိုက်စရာလား။ နေသာသပ့်, လေညှာ[illegible]"

"ဒီပုံစံနဲ့ အလုပ်ဆင်းမှာ၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

သူက သူမကို စေ့စေ့စပ်စပ်ကြည့်လိုက်မိပါ၏။ sport s[illegible] အဖြူပေါ်မှာ jecket လက်ပြတ်ကို ထပ်ဝတ်ထားပြီး အောက်[illegible] skirt အနက်ရှည်ရှည်နှင့်မို့ လုံလုံခြုံခြုံရှိပါသည်။ ဆံပင်ရှည်တွေ[illegible] သေသေသပ်သပ်နှင့် ဖွတ်မြီးကျစ်ထားတာမို့ ရှင်းရှင်းလေးဖြစ်[illegible] လေ၏။

ဒါအလုပ်ဆင်းမယ့် သူဌေးသမီးပုံစံလေးတဲ့လား။ ချစ်စ[illegible] လေးဖြစ်နေတာမို့ ရင်ထဲမှာ ထင့်ခနဲဖြစ်သွားရသည်မှာအမှန်[illegible]





"မေးနေတယ်လေ, ဘာဖြစ်လို့လဲလို့။ ပြန်မဖြေဘဲ လူကိုစိုက်[illegible]ကြည့်စရာလား"

"ဘာမှမဟုတ်ပါဘူး၊ လာလာ. . . သွားမယ်။ ဟိုရောက်ရင် [illegible] ကိုယ့်ကိုမအော်ရဘူးနော်။ လူကြားထဲမှာ အရှက်မခွဲနဲ့၊ မင်း [illegible]တတ်ထားတဲ့ Secretary ပညာကိုထုတ်မပြနိုင်ရင် အနက်ကယ်က [illegible]ကြားထဲမရှောင်,ထုမှာ"

"သိတယ်. . . လျှာမရှည်နဲ့"

"တွေ့လား။ လူကြီးကိုဘယ်တော့မှမရိုသေဘူး"

ဟင်း. . . ရိုသေချင်စရာလည်း ကောင်းလှတာကိုး။ သူ့ကိုယ် [illegible] လူကြီး style ဖမ်းပြီး ရှုံးထုတ်လာပုံက အမြင်ကပ်ချင်စရာ။ [illegible]စ်ကြီးတယ်ဆိုတာတောင် ပြောမှယုံရတာလေ။ ဖွေးကပဲ ဆံပင် [illegible]ည်လို့ရင့်နေတာလား။ သူကပဲ ငယ်ရွယ်ပြီးနုနေတာလား။

အို့လေ. . . ဘယ်လိုဖြစ်ပြီး သူနဲ့မှနှိုင်းယှဉ်မိသွားတာပါ [illegible] ကားရှေ့ခန်းမှာပင် ကျကျနနထိုင်လိုက်ခဲ့ပါ၏။ အခုကတည်း [illegible] ကြိုဟောက်နေတာ ဟိုရောက်လို့ကတော့ ဘယ်လောက်တောင် [illegible] Power တွေပြလိုက်မလဲမသိ။ Parking မှာ ကားရပ်လိုက်ပြီး [illegible]ဦထဲဝင်လာခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေသွန်းခနဲ့ မဖြူဖြူဖွေးပါလားခင်ဗျာ"

"ဟုတ်ပါတယ်"

"MD က Meeting Room ထဲ တစ်ခါတည်းလာခဲ့ဖို့ မှ ထားပါတယ်ခင်ဗျ"

"ဟုတ်ကဲ့, ကျေးဇူးပါပဲ"

သူနောက်မှ ဆတ်တောက်ဆတ်တောက်ဖြင့် လိုက်လာသ ကောင်မလေးကိုငဲ့ကြည့်ကာ ပြုံးလိုက်မိ၏။ အလုပ်ဝင်တယ်ဒ ပြောတယ်၊ အလုပ်ထဲစိတ်သိပ်ပါပုံမရပါလား၊ Meeting Roo ထဲဝင်လိုက်စဉ် အခန်းထဲမှာ လူအတော်စုံနေလေပြီ။

အန်ကယ်သက်က သူတို့ကိုခေါင်းဆတ်ခေါ်ကာ ဘေးနား ခုံလွတ်မှာဝင်ထိုင်နိုင်းလေ၏။

"အားလုံးကိုမိတ်ဆက်ပေးချင်ပါတယ်၊ ဒါကတော့ကျွန်တေ ရဲ့တူလည်းဖြစ်၊ သားလည်းဖြစ်တဲ့ နေသွန်းခပါ။ အခု ဒီကုမ္ပဏီ GM ရာထူးနဲ့အလုပ်စဝင်ပြီဆိုတာ အသိပေးချင်ပါတယ်။ ဒါ တော့ ကျွန်တော့်သမီးငယ် ဖြူဖြူဖွေးပါ။ မနေ့တစ်နေ့ကမှ Se retary သင်တန်းဆင်းထားတာမို့ မသိသေးတာ၊ မတတ်သေး မှန်သမျှ ဝိုင်းဝန်းကူညီသင်ကြားပေးစေချင်ပါတယ်"





အစည်းအဝေးပြီးတော့ သူထိုင်သည့်ရုံးခန်းထဲသို့ သူမလိုက် ခဲ့ရလေ၏။ မျက်နှာထားတည်တည်ကြီးဖြင့် တစ်ချက်ကလေးမှ လှည့်မကြည့်သည့်သူ့ကိုအမြင်ကပ်ပြီးရင်း ကပ်နေမိပါသည်။ ရုံး ခန်းထဲရောက်တော့ သူနှင့်ဘေးချင်းယှဉ်လျက် စားပွဲခုံတစ်လုံးမှာ သူမထိုင်ရပါ၏။

"GM , ခိုင်းစရာရှိရင် Intercon ခလုတ်လေးကိုနှိပ်ပြီး ခေါ် လိုက်ပါ"

"ဟုတ်ကဲ့"

Staff လေးထွက်သွားမှ သူက ဆုံလည်ကုလားထိုင်မှာ ဝင် ထိုင်လိုက်လေသည်။

"ဟော့! ကိုယ့်ကို ကော်ဖီတစ်ခွက်ဖျော်ပေးပါ"

"အံမာ. . . ဘာကိစ္စဖျော်တိုက်ရမှာလဲ။ မဖျော်ပေးနိုင်ဘူး"

"ဟ! ဒါ Secretary အလုပ်ပဲလေ။ မနက်ကတည်းက ဘာမှ ားဖြစ်ခဲ့တာမဟုတ်ဘူး။ မနက်စာကို (၁၂)နာရီမှစားရမှာ။ အခု ာနေပြီ"

"သေလိုက်, ကိုယ့်ဟာကိုယ် အိပ်ရာထနောက်ကျပြီး မစား ဖြစ်တာပဲ၊ မသနားဘူး. . . နည်းသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုဟာလေးလဲကွ။ မင်းအလုပ်မို့ မင်းကိုခိုင်းတာပဲ။ ဂဂျီဂဂျောင်ကျစရာလား"

"ရှင်က အလုပ်ကိစ္စမခိုင်းဘဲနဲ့ ဒီလိုလူလည်ကျလို့ရမလား"

"ဒါ အလုပ်မှာ လုပ်ပေးရတာပဲလေ။ ဒါလေးတောင် နား
မလည်ဘူးလား"

သူက ပြောပြောဆိုဆိုဖြင့် ဝုန်းခနဲထရပ်ကာ သူမစားပွဲနား
ရောက်သွားစဉ် အခန်းတံခါးက ချပ်ခနဲပွင့်သွားပြီး အန်ကယ်သ
ဝင်လာလေ၏။

"ဘာဖြစ်နေကြပြန်ပြီလဲ"

"ကျွန်တော်, ကော်ဖီဖျော်ခိုင်းနေတာ မရဘူးအန်ကယ်"

"ဖြူဖွေး. . . ညည်းဘယ်လိုဟာလေးလဲ"

"ပြီးတော့ ကျွန်တော့်ကိုပြန်ခံအော်တယ် အန်ကယ်"

"ရှင်နော်"

"မိဖြူဖွေး ပြောမရဆိုမရပါလား။ ဒါကုမ္ပဏီနော်။ ညည်း
ဘာပြောထားလဲ။ ခုချိန်ထိ ကိုယ့်ထက်အကြီးကို ရိုင်းရိုင်းစိုင်းစို
ခေါ်တုန်းပဲလား။ ငါ ထတီးလိုက်ရ"

"ဖေဖေကလည်း ဖွေးကိုအိမ်မှာဆူလို့ မဝသေးဘူးလား။





ရောက်တဲ့အထိဆူတုန်းပဲ။ အဆူခံရတဲ့ဝဋ်က ဘယ်တော့မှကျွတ်
တော့မှာလဲ"

"ပြောစကားနားထောင်ရင် ဆူစရာဘယ်မှာရှိမလဲ။ ညည်း
အသုံးမကျလို့ အဆူခံရတာပေါ့။ ငါသိပ်မပြောချင်ဘူး။ နောက်တစ်
ခါ ပြဿနာတက်သံကြားလို့ကတော့ နာပြီသာမှတ်"

သူမစုံပုပ်ကာ ခြေဆောင့်လိုက်မိ၏။ ဖေဖေက မျက်စောင်း
ထိုးကာ ပြန်ထွက်သွားလေသည်။

ဒင်းကြောင့်အဆူခံရတာ။ အလကား. . . ပြဿနာတုံးကြီး။
စိတ်ထဲမှပျစ်ပျစ်နှစ်နှစ်ပြောပြီး ကော်ဖီထဖျော်တော့ သူက ပြုံးစစ
ဖြင့်ကြည့်နေလေသည်။

"ရော့"

"ဒီလိုပဲပြီးစလွယ်ပြောရသလားချာတိတ်ရဲ့။ ရိုရိုသေသေ
လေးပြောပြီး တိုက်မှပေါ့"

"မပြောတတ်ပါဘူး"

"မပြောတတ်ရင် ကိုယ်, အန်ကယ့်ကို Phone ဆက်လိုက်မှာ
နော်။ မလုပ်ဘူးမထင်နဲ့"

သူမထံမှမျက်စောင်းလှလှလေး ထွက်လာပါ၏။ နှုတ်ခမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



လေးက မဲ့မဲ့လေးဖြစ်သွားကာ မထီတရီပြုံးလိုက်လေသည်။

"ရှင်က ကျွန်မချစ်သူမှမဟုတ်ဘဲ ဦးနေသွန်းခရဲ့။ တ
တယ တရိုတသေပြောနေဖို့မလိုအပ်တာ ရှင်သိပါတယ်"

သူက ဆတ်ခနဲ သူမလက်ကိုဖမ်းဆွဲလိုက်တော့ သူမမျက်
လေးတွေ ဝိုင်းသွားလေ၏။

"ဘာလုပ်တာလဲ"

"ကိုယ်မပြောလို့မရတော့ဘူးလေ။ ကိုယ့်ဖေဖေရော
ဖေဖေပါ ကိုယ်နဲ့မင်းကိုသဘောတူထားတာပါချာတိတ်ရဲ့။ ကိုယ်
မင်းက သက်ဆိုင်သူမဟုတ်လို့ ဘာဖြစ်ရမှာလဲ။ ကိုယ့်ကိုမှ ချိုချို
သာမပြောရင် မင်း ဘယ်သူ့ကိုသွားပြောမှာတုန်း"

"ရှင်နော်. . . ရှင်, ဖေဖေတို့သဘောတူတာနဲ့ပဲ ကျွန်
အလွယ်တကူလက်ခံလိမ့်မယ်ထင်နေလား။ လုံးဝပဲ"

"ဟ! လက်မခံလို့ရမလား။ ဒီနှစ်နိုနိ မင်္ဂလာဆောင်ပြီး
နောက်နှစ် မင်းနဲ့ကိုယ်ပဲ။ အဲဒါယုံလိုက်"

"ဘာကိစ္စယူရမှာလဲ။ မမက သူချစ်တဲ့လူနဲ့ယူတာ။
ကျွန်မကု အဲဒီလိုမှမဟုတ်တာ။ မယူနိုင်ဘူး။ ဒါပဲ"

သူက ဟက်ခနဲတစ်ချက်ရယ်ကာ သူမလက်ကို အားဖြ





ကြာ ထိုင်ခုံပေါ်ရှိနေသည့်သူ့ပေါ် ယိုင်လဲသွားရလေ၏။

"အို! ရှင်ဘယ်လိုလူလဲ"

"မင်းနဲ့ကိုယ် ချစ်သူတွေဖြစ်လိုက်ကြမယ်လေ။ ဒါဆို Ok
တုတ်လား"

"ဘာရှင့်! လူကိုဘာထင်နေလဲ။ ရှင်ပြောတာနဲ့ တစ်ချီတည်း
လိမ့်မယ်မထင်နဲ့။ လွှတ်နော်"

"မင်းပဲ ကိုယ့်ကိုချစ်စေချင်ပြီမဟုတ်လားအဖြူလေးရဲ့ဟင်"

"အို. . . ဘာကိစ္စချစ်စေချင်ရမှာလဲ။ ကျွန်မ ဒါမျိုးလုံးဝစိတ်
ဝင်စားဘူး။ ရှင့်လိုအသည်းတစ်ခြမ်းပဲ့ကြီးကိုလည်း စိတ်တောင်မှ
ဘူးမှတ်"

"ဘာ! ကိုယ့်ကိုအသည်းတစ်ခြမ်းပဲ့ဆိုရင် မင်းအသည်းက
ကောင်းလို့လား။ ကောင်လေးတစ်ယောက်ကိုကျိတ်ပြီးမိုးခဲ့
ကိုယ်မသိဘူးမထင်နဲ့"

"ရှင်နော်, လူကို မှိုချိုးမျှစ်ချိုးပြောစရာလား။ ဘာများထင်
လဲ၊ လွှတ်"

"အေး. . . ငါကလည်း ငါ့အသည်းကလွဲပြီး ဘယ်မိန်းမကိုမှ
ထပ်ချစ်ဖို့ စိတ်ကူးကိုမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆုပ်ကိုင်ထားသည့် သူမ၏လက်မောင်းနှစ်ဖက်ကို လွှတ်ပေးလိုက်ပါ၏။ သူမပြောချက်တွေက သူ့အနာဟောင်းကို လာဆွလိုက်သည့်နှယ် အခံရခက်စေသည်လေ။ ပြီးခဲ့တဲ့အတိတ်ကို ပြန်ပြောင်းသတိမရချင်ပါဘူးဆိုမှ လာသတိပေးလိုက်သလို လား။ အတော်ဆိုးရွားအလိုက်မသိတတ်တဲ့ကောင်မလေးပါ။

ညနေ ကုမ္ပဏီဆင်းတော့ ဖေဖေဘယ်အချိန်ကပင် ပြန်သလဲမသိလိုက်။ လိုင်းကားပဲစီးပြန်ရန်ပြင်လိုက်စဉ် သန့်စင်ခန်းမှ ပြန်ထွက်လာသည့်သူနှင့်တိုးပြန်၏။

"ကိုယ်နဲ့အတူပြန်ရမယ်"

"မပြန်နိုင်ဘူး"

"ဘယ်လိုဖြစ်ပြီး ကန့်လန့်လုပ်နေတာလဲကွ"

"ရှင့်ကိုမယုံလို့ပေါ့။ လူကိုဆွဲလားရမ်းလားလုပ်ရဲမှတော့ မောင်းတဲ့ကားပေါ် ကျွန်မဘယ်လိုလိုက်ရဲတော့မှာလဲ"

"အံမာ! ငါက အသည်းကလွဲပြီး ဘယ်မိန်းကလေးကိုမှ ဆွဲခဲ့တာမဟုတ်ဘူးကွ"

"ဒါဆိုလည်း ရှင့်အသည်းကိုသွားဆွဲပါလား။ ဘာလို့ ကိုလာဆွဲရလဲ"





သူ ပြုံးချင်ချင်ဖြစ်သွားရပါ၏။ ဒီကောင်မလေး, အသည်းနဲ့ တွေ့သက်ပြီး မနာလိုစိတ်ဖြစ်တတ်နေပြီလား။ အံ့ဩစရာပဲ။ ဒီ လောက်အချိန်တိုလေးအတွင်းမှာ သူ့အပေါ် Jealous ဝင်တတ်လာ လိမ့်မည်ဟု မျှော်လင့်မထားမိတာလေ။

"အသည်းက ယောကျ်ားယူသွားပြီကွ။ ငါနဲ့မှ မသက်ဆိုင် တော့တာ။ လိုက်အူတိုမနေနဲ့"

"အံမယ်, ဘာကိစ္စအူတိုရမှာလဲ။ အနေသာကြီးဟွန်း"

"ဒါဆိုလည်း ငါ့ကားနဲ့ပဲအတူပြန်ပေါ့။ အန်ကယ့်စကားကို အတော်မြေဝယ်မကျ နားထောင်တဲ့ကောင်မလေးပဲ"

သူမမျက်စောင်းထိုးကာ သူနှင့်အတူလိုက်လာလေ၏။ ကား Parking မှမောင်းထွက်လိုက်စဉ် Platform ပေါ်မှာလျှောက်နေ သည့်မိန်းမလှလေးကို ရိပ်ခနဲမြင်လိုက်ပါသည်။

ဘုရားရေ. . . ဒါ. . . ဒါ. . . သူ့အသည်းပါလား။

"အသည်း"

"ဟယ်! မောင်"

ကားကလည်း အရပ်၊ လူကလည်း အခေါ်။ ပြန်ထူးသံက ည်း မြန်ပ။ ဘေးမှာ ကျွန်မတစ်ယောက်လုံးပါနေတာကို မေ့ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်ထင်တာပဲ။

"နင်တစ်ယောက်တည်းလား။ ဘယ်ကပြန်တာလဲ"

"အေး. . . ငါ (. . . . . . .) ကုမ္ပဏီမှာ စာရေးဝင်လုပ်

တာလေ"

"ဟုတ်လား။ ဟိုကောင်ရဲနိုင်ရော"

"မပြောချင်တော့ပါဘူးဟယ်။ ဒင်းနဲ့ငါနဲ့ပြတ်ပြီ"

"ပြတ်စရာလားဟ။ ယူပြီးတာဖြင့် တစ်နှစ်လားနှစ်နှစ်

ရှိသေးတာ"

"နင်မသိပါဘူး မောင်ရယ်"

"ကော်ဖီဆိုင်တစ်ဆိုင်မှာထိုင်မလားဟင်. . . အသည်း"

"ဟဲ့. . . နင့်ကားပေါ်မှာ ဧည့်သည်ပါလာတယ်မဟုတ်လား

နောက်မှတွေ့မယ်ဟာ"

"လာပါ, နောက်မှက မသေချာဘူး။ ဒါ ငါ့ညီမပါ။ နော

ခန်းကပဲ တက်လိုက်နော်"

"အေး"

ကျွန်မနှုတ်ခမ်းအတွင်းသားလေးကို ကိုက်ထားလိုက်

ကြည့်စမ်း! သူ့အဆက်ဟောင်းကြီးနဲ့လည်းဆုံရော ကျွန်





အလိုလို ညီမဖြစ်ပါရောလား။ အတော်တရားမျှတတဲ့လူပဲ။ ဟင်း နော်. . . ဖေဖေက အတူပြန်လာလို့မှာထားလို့သာ ငြိမ်ပြီးလိုက်ခဲ့ တာ။ ဒီလိုသာ အဆက်ဟောင်းနဲ့ဆုံမယ်ထင်ရင် bus နဲ့ပဲ ပြန်လိုက် ပါတယ်။

ကားကို ကော်ဖီဆိုင်သန့်သန့်တစ်ခုမှာ ရပ်လိုက်ပါ၏။ ကား ပေါ်မှဆင်းကာ နောက်ခန်းတံခါးကိုဆွဲဖွင့်ပေးလိုက်ပုံက စိတ်တို ချင်စရာကောင်းလှပါ၏။ မျက်နှာလိုက်လွန်းရာကျမနေဘူးလား။

"လာလေ, အသည်းရဲ့"

"နင့်ညီမခေါ်ဦးလေ"

"သူ့ဟာသူလိုက်လာမှာပေါ့။ အဖြူလေး. . . လာလေ"

ကျွန်မမျက်နှာကိုစူပုပ်ပြီး သူတို့မျက်နှာချင်းဆိုင်ထိုင်သည့် ဘေးမှာ ဝင်ထိုင်လိုက်ရ၏။ ကြည့်ပါဦး။ ဒင်းတို့နှစ်ယောက်စကား ပြောကြမှာကို ဘေးမှာထိုင်စောင့်ရမှာ ဘယ်လောက်များ အောက် လိုက်သလဲ။ တောက်! တော်တော်ပဲ့လိုက်တာနော်။

သူက ကော်ဖီနှစ်ခွက် မှာလိုက်ပါ၏။

"ကျွန်မ လက်ဖက်ရည်ပဲသောက်မယ်"

Waiter လေးက ကျွန်မပြောတာကို ခေါင်းညိတ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကတော့ ရုပ်ရှင်ထဲကအတိုင်း ဇာတ်ရှိန် တက်ဖို့ တာစူနေပြီလေ။ ကြားထဲမှာ မျက်နှာပူလိုက်တာနော်။

"ပြောပါဦး။ ဘယ်လိုတွေဖြစ်ကြတာလဲ"

"ဖြစ်ပုံက ငါကိုယ်ဝန်ရှိတာက စတာပဲ"

"ဘယ်လို! နင် ကလေးရနေပြီလား"

"အေး"

"ဘာလေးလဲ၊ အရွယ်ကရော"

"သားလေး၊ တစ်နှစ်ကျော်ပြီ"

"ဒီလောက်ကလေးရှိတာတောင် ကွဲရသလားဟာ"

"မကွဲဘဲ ရှိမလားဟဲ့။ ဒင်းက ငါကိုယ်ဝန်ရကတည်းက မမှန်တော့တာ။ သူ့ Taxi ပေါ်မှာ မိန်းမတွေ ထည်လဲတင်ပြီး လုံးပျက်တာပဲ"

"ဟုတ်လို့လား အသည်းရယ်"

"ဩော်. . . မဟုတ်ဘဲနဲ့ပြောမလားမောင်ရဲ့။ ဟုတ်လို့ပြော နေတာ။ ပထမ ငါသည်းခံပါသေးတယ်။ နောက်ပိုင်း. . . ဒင်း အကြောမာလာတယ်ဟဲ့။ အဲဒါနဲ့စိတ်ဆိုးပြီး ငါအိမ်ပေါ်ကဆင်း ခဲ့တာပဲ။ သားကို အမေ့ဆီမှာပဲမွေးတာ။ ဒင်းက သူ့အဒေါ်နဲ့သွား





နေကပ်နေတယ်လေ"

"နင်တို့ကိစ္စကြီးကလည်း အသည်းရာ။ ဘာပဲဖြစ်ဖြစ် သား မျက်နှာကိုငဲ့ပြီး ပြန်တော့ပေါင်းသင့်တာပေါ့"

"မပေါင်းနိုင်ပါဘူး။ ဒင်းက သစ္စာရှိတဲ့ကောင်မှမဟုတ်ဘဲ"

သူက အသည်းကို ဖျတ်ခနဲကြည့်လိုက်မိ၏။ အသည်းပုံစံက လားကို တင်းခံနေပုံပါပဲလား။

"အဲဒါ နင်ယူတဲ့ယောကျာ်းပဲလေ, အသည်းရာ"

"နင် ငါ့ကိုစိတ်နာမှာပဲနော်,မောင်။ ငါ သူနဲ့ယူလိုက်တာ သူ့ကိုချစ်လို့မှားထင်နေသလား။ အသွားမတော်တစ်လှမ်းဖြစ်ပြီး ငါယူလိုက်ရတာပါဟယ်။ ယူပြီးမှတော့ ချစ်ချစ်မချစ်ချစ်ပေါင်းရ မှာပဲ။ သူသစ္စာရှိသင့်တာပေါ့။ ခုတော့ ငါ့ကိုမချစ်ဘဲယူထားရတဲ့ အချိုးနဲ့"

"ဟာ! မငိုနဲ့လေ အသည်းရဲ့။ ဆိုင်ထဲမှာ လူတွေရှိနေတယ် လေ"

"ငါက နင့်အတွက် စိတ်မကောင်းလွန်းလို့ပါမောင်ရယ်"

"ဩော်! ငါ့ထက် နင့်သားလေးကို ပိုသနားရမှာလေ. . . အသည်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . . ဘုရား. . . တစ်ယောက်နဲ့တစ်ယောက် ကြင်န သနားနေလိုက်ကြတာများ ဘေးမှာဘယ်သူမှရှိမနေသလိုနှယ်။ သ ပုံစံက မျက်ရည်တောင် ထသုတ်ပေးတော့မလိုပါပဲလား။

ဒုက္ခရေ. . . ကလေးကိုတောင် သူ့သားလို့ထင်နေရင်တေ ပြဿနာပဲ။ ဟုတ်များဟုတ်နေမလား။ သူ သဘော်တက်နေတု ဒီနှစ်ယောက်ယူလိုက်ကြတာလေ။

"နင်အဆင်ပြေရဲ့လား"

"ဒီလိုပါပဲမောင်ရယ်။ မေမေကတော့ သမီးကြီးမို့ဘာမှသ မပြောပေမယ့် အငယ်နှစ်ယောက်ကတော့ သိပ်လိုလားတဲ့ပုံမရဘူ အခုလည်း သားကို မေမေနဲ့ နို့ဘူးတိုက်ခိုင်းထားပြီး ငါအလုပ်ထွ လုပ်တာပဲ။ ဝင်ငွေမရှိလို့မဖြစ်ဘူးလေ။ နင်သိတဲ့အတိုင်းပဲဟာ သားနို့မှုန့်ဖိုးက တစ်လတစ်လ မနည်းဘူး"

"ဟိုကောင်, ကလေးစရိတ် မထောက်ဘူးလား"

"ပေးပါသေးတယ်။ သူ့ဟာသူ ရှာမလောက်၊ သုံးမလော ကောင်ကို"

သူက သက်ပြင်းရှိုက်လိုက်ပြီး အိတ်ထဲမှငွေသုံးသောင်းထု ပေးတော့ အသည်းမျက်နှာ ကွက်ခနဲပျက်လေ၏။





"မလုပ်ပါနဲ့မောင်။ ငါမယူချင်ဘူး"

"သားအတွက် နို့မှုန့်ဖိုးလေးတော့ ပေးပါရစေ အသည်းရယ်။ သူငယ်ချင်းတွေပဲဟာ၊ လက်ခံပါ"

"နင်ဖြစ်နေလို့ မယူချင်တာ။ တခြားသူငယ်ချင်းဆို ငါမပြော ဘူး။ ငါက နင့်ကို. . . နင့်ကို, သစ္စာဖောက်သလိုဖြစ်သွားတော့"

"ပြီးကာတွေပြီးပါစေတော့ အသည်းရယ်။ နင် ဒီလောက် ထိ စိတ်ဓာတ်မကျနဲ့လေ။ သားအတွက် အနာဂတ်ကရှိသေးတယ် မဟုတ်လား။ ကဲ. . . ယူလိုက်ပါ။ ဒီလောက်က ငါ့အတွက် ဘာမှ မဖြစ်လောက်ပေမယ့် နင့်လစာ သုံးပုံတစ်ပုံတော့ရှိမှာပါ။ ငါလည်း ဒီနေ့မှ အလုပ်စဆင်းတာမို့ နည်းနည်းပဲယူလာမိတာ။ နို့မို့"

"ဒီလောက်နဲ့ပဲ ကျေးဇူးတင်လှပါပြီ မောင်ရာ။ ငါပြန်ဦး မယ်"

"ငါလိုက်ပို့မယ်လေ"

"နေပါစေ။ နင့်ညီမကိုအားနာတယ်"

"မျက်ရည်တွေ သုတ်လိုက်ဦး"

"အေး"

ကြင်နာနေလိုက်တာများ မြင်ပြင်းကပ်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ ဘာမှမသက်ဆိုင်ပေမယ့် အမြင်ကပ်တာက ကင်တာပဲ။ ဟိုတစ်ယောက်ထပြန်သွားမှ ငွေရှင်းပြီးထလေ၏။ စားပွဲပေါ်မှကော်ဖီနှင့်လက်ဖက်ရည်ခွက်တွေက ဒီအတိုင်း။

ကားပေါ်မှာ ငြိမ်သက်စွာပါလာရင်း ငိုချင်စိတ်က ဖြစ်လာ၏။ သူ ဟိုတစ်ယောက်ကို အတော်ချစ်ရှာပုံပါပဲလား။

ဟုတ်တယ်. . .

ပိုင်လည်း ဥဩကိုပဲ ချစ်နေမှာ။ ဖွေးကိုတော့ ဘယ်သူကမှလည်း မချစ်ကြဘူး။ ကြင်လည်း မကြင်နာကြဘူး။ အမြဲတမ်းဆူကြိုက်ကြတာပဲ လုပ်ကြတာလေ။

ဟုတ်ပါတယ်။ ဖွေးကမှ တကယ့်အထီးကျန်ပါပဲ။



အခန်း ( ၁၆ )

"ဘာဖြစ်တာလဲ"

"မမပြောထားတဲ့ကိစ္စကို ဖွေး ငြင်းတယ်"

"ဟဲ့! ဘာကိစ္စလဲ"

"သူနဲ့ကိစ္စကိုပြောတာလေ"

"သူက ဘာပြောလို့လဲ"

"ဘာမှမပြောဘူး"

"ဘာမှမပြောဘဲ နင်ကငြင်းနေရလားအဖွေးရဲ့"

ကျွန်မ ခုတင်ထက် ဆောင့်အောင့်ထိုင်ချလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖက်လုံးကိုလည်း ရင်ခွင်ထဲပွေ့ထားလိုက်မိသည်။ မျက်ဝန်းထဲမှာ သူနှင့်ဟိုတစ်ယောက်တို့အကြည့်တွေကို မြင်ယောင်နေဆဲပါပဲ။ တစ်ဦးကိုတစ်ဦး ကြင်နာစွာ ငေးကြည့်နေတာများ ဘေးမှာ ကျွန်မရှိနေတာကို ဂရုမစိုက်သလိုပါပဲလေ။

"ဒီနေ့ပဲ အလုပ်စဆင်းတယ်။ သူ့အဆက်ဟောင်းကြီးနဲ့ ပြန်တွေ့တော့တာပဲ"

"ဟယ်. . . အဲဒါဘာဖြစ်လဲ့ဖွေးရဲ့။ သူ့ကောင်မလေးက အိမ်ထောင်ကျသွားပြီမဟုတ်လား"

"ကျပြီးလို့ ကွဲတောင်သွားပြီ"

"ဟဲ့! "

"အခု ကလေးတစ်ယောက်နဲ့ တစ်ခုလပ်ဘဝရောက်နေပြီ။ အဲဒါ ဟိုက မျက်ရည်ခံလေးထိုးပြတာနဲ့ ဒီမှာ တစ်ချီတည်း မှိုင်ကျသွားတာပဲ။ ခေါ်ပုံကိုက. . . မောင်တဲ့၊ အသည်းတဲ့။ ဟင်း. . . အမြင်ကပ်လိုက်တာ မပြောပါနဲ့"

နီနီက ဖွေးကိုကြည့်ကာ ပြုံးလိုက်မိလေ၏။ ညီမလေးရင်ထဲမှာ Jealous တွေ ဖြစ်တည်လာပါရောလား။ ပြောတော့ဖြင့် ကြည့်မရဘူးပြောနေပါလျက်နဲ့ ခုတော့ ကိုနေ့ကို စိတ်ဝင်စားစပြုနေပြီ





ဆင်ပါရဲ့။

"ဒါကတော့ သူတို့နှုတ်ကျိုးနေလို့ ခေါ်လိုက်တာနေမှာပါ ဖွေးရယ်"

"ခေါ်စရာလားမမရဲ့။ ယောကျ်ားလည်းရ၊ ကလေးတောင် ရှိနေပြီဟာ။ သူသိသိကြီးနဲ့ခေါ်ရလား"

"ဪ! သူတို့နှစ်ယောက်သံယောဇဉ်ကို နင်မှုနားမလည်နိုင် သဲဖွေးရဲ့။ လောလောဆယ်လည်း သူ့ကို နင်ပိုင်သေးတာမဟုတ်ဘူး။ လိုက်အူတိုနေစရာလား"

"ဟင်. . . ဖွေးက အဲဒီလိုစိတ်နဲ့ သူ့ကိုအူတိုနေတာမှမဟုတ်တာမမရဲ့။ သူနဲ့မသက်ဆိုင်မှန်းသိလို့လည်း ဟိုတစ်ယောက်ကို ငွေထုတ်ပေးလိုက်တာတောင် ဘာမှဝင်မပြောခဲ့ဘူး"

"ဟယ်. . . ဘယ်လောက်တောင်ပေးလိုက်သလဲ"

"သုံးသောင်းထဲပါ"

"အင်းပေါ့လေ။ ခုချိန်မှာ ဘာမှမဟုတ်သေးပေမယ့် နင်တို့သူရင်တော့ ဒီလိုကိစ္စတွေဆက်မလုပ်ဖို့ သူ့ကိုအသိပေးရမှာပဲ"

"အာ. . . မမကလည်း၊ သူ့ကိုမယူနိုင်ပါဘူးလို့ ခုကတည်းက ငြင်းနေတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်!. . . ဒေါက်! "

"မငယ်. . . ဘဘခေါ်နေပါတယ်ရှင့်"

မိမွေးလာခေါ်တာမို့ စကားစပြတ်သွားရပါ၏။ အခန်းထဲ
ထွက်လာတော့ ဖေဖေက အပေါ်ထပ်ဧည့်ခန်းမှာ ထိုင်စောင့်
လေသည်။

"လာ. . . ထိုင်"

". . ."

"အလုပ်ထဲမှာ အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ"

"လောလောဆယ် ဒီတစ်နှစ်တော့ အလုပ်ဆင်းဦး။ နော
တော့ သမီးပလုပ်ချင်လည်းဖြစ်တယ်"

"အဲဒါဆိုလည်း အစောကြီးကတည်းက အလုပ်မသွင်း
လားဖေဖေရဲ့။ မွေးဟာမွေး, ပန်းချီဆွဲစားမယ့်ဟာ"

"ငါ နားရင်းအုပ်မိတော့မယ်။ နောက်နှစ် နင့်ကို ယောကျ်
ပေးစားမှာမို့ နေသွန်းက ခိုင်းချင်မှခိုင်းတော့မှာ"

"အာ. . . ဖွေး, အသက်ငယ်ငယ်လေးရှိသေးတာကို။ သူ
မယူနိုင်ဘူး။ လုံးဝပဲ"





"နင်ငြင်းဖို့မလိုဘူးနော် ဖြူဖွေး။ ဖအေက ကောင်းအောင်
စီစဉ်ပေးတာကို ဂျီမကျနဲ့"

"ဖေဖေ့လူကြီးက သူ့အဆက်ဟောင်းနဲ့သူ ဇာတ်ရှုပ်ချင်နေ
တာ။ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖွေးမကြိုက်ဘူး။ အခုကတည်းက
သူ့အကျင့်တွေမကောင်းမှန်းသိနေမှတော့ ယူစရာမလိုဘူး"

"ကြည့်စမ်း။ မဟုတ်တာ ရှာကြံပြောနေပြန်ပြီ။ နင်တော့
သား။ ဘာမှ ပလစ်ချောက်ချက် အပြစ်ရှာမနေနဲ့။ နီနီ့မင်္ဂလာ
ဆောင်ပြီးတာနဲ့ နေသွန်းနဲ့နင် စေ့စပ်ပွဲလုပ်ရမယ်"

"မလုပ်နိုင်ဘူး"

"မိဖွေးနော်"

ကျွန်မတို့သားအဖ စကားများနေစဉ် မေမေက ဘုရားခန်
မှ အပြေးထွက်လာလေ၏။ သမီးဖြစ်သူက ထိုင်ခုံထက်မှာ မှုန်ကုပ်
ကုပ်၊ ဖအေက ဧည့်ခန်းမှာ ခါးထောက်မတ်တတ်ရပ်လျက် ဒေါသ
တွေဖြစ်လို့။

"ဘယ်လိုဖြစ်တာလဲ ကိုသက်ရယ်။ ညကြီးမိုးချုပ်"

"ဘာဖြစ်ရမလဲ။ မင်းရဲ့သမီးဂျစ်တူးမကို ပြောမရဆိုမရဖြစ်
နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကလည်း လိမ္မာရဲ့သားနဲ့ ဘယ်လိုဖြစ်ပြီး ဖေဖေ့ကို
အော်နေတာလဲ"

"မေမေ,မသိပါဘူး။ ဒီလူကြီးက အခု သူ့အဆက်ဟောင်း
ပြန်တွေ့နေပြီမေမေရဲ့။ အဲဒါကို ဖွေးနဲ့အတင်းပေးစားလို့ ဘယ်
မှာလဲ"

"သူ့ကောင်မလေးက အိမ်ထောင်နဲ့လေ သမီးရယ်"

"ကွဲသွားတာကြာပြီတဲ့။ အခု ကလေးတစ်ယောက်နဲ့ဒုက္ခ
နေတယ်ဆိုလို့ ဒင်းက,ကရုဏာမိုးတွေစွေပြီး ငွေတွေဘာတွေ
ဖွေးရှေ့မှာ ထုတ်ပေးသေးတာ"

"ဟဲ့! "

"မဖြစ်နိုင်ဘူး။ ဒါကြီးမားတဲ့ပြဿနာမဟုတ်ဘူးမိဖွေး။ လူ
ရေးအရကူညီတာကို နင်မရိုင်းနဲ့။ ဘယ့်နှယ်. . . နင့်ထက် ငါ
ကျော်ကြီးတာကို ဒင်းတွေဘာတွေနဲ့ပြောရသလား"

"ဖေဖေက မျက်စိနဲ့မှမမြင်တာ။ ဖွေးက ဒီမျက်လုံးတွေနဲ့
လာခဲ့တာ။ မယူဘူးဆို လုံးဝမယူနိုင်ဘူး။ ဖေဖေ့လူကြီးတို့
လိုက်"

"ငါ. . . တယ်လေ"





Phone သံမြည်လာတာမို့ ဖေဖေက လက်ရှယ်လိုက်တာကို
ဖြန်ချလိုက်ပြီး အပေါ်ထပ် Phone ကိုကိုင်လိုက်လေ၏။

"ဟဲလို! ဩော်. . . အောင်သွန်းခ။ ပြော,သူငယ်ချင်း။ အေး
. . . အခုပဲပြောနေတာဟေ့။ ငါ့သမီးဖြူဖွေး ဂဏှိဂကျောင်မ ဂျစ်
တိုက်နေတာနဲ့ လိုရင်းကိုမရောက်တော့ဘူး။ ဘာမှမဟုတ်ပါဘူး
ကွာ။ မောင်နှမကို ပြဿနာမရှိ ပြဿနာရှာနေတာပါ။ ပြောချင်လို့
လား. . . အေး"

ဖေဖေက Phone ကိုဖယ်ကာ ကျွန်မကိုလှမ်းခေါ်လေ၏။
ထမပြောချင်ပါသော်လည်း ကိုယ်ရိုင်းတာကို သူစိမ်းတွေကြားမှာကို
မြှင့် စိုးရိမ်ပါသည်လေ။

"လာပြော"

"ဟယ်လို"

"သမီးငယ်လား"

"ဟုတ်"

"ကိုကိုနဲ့ ဘာကိုစိတ်ကောက်နေတာလဲ"

အမယ်လေး! အသည်းယားလိုက်တာနော်။ လူကိုများ ကိုကို
လို့ခေါ်စေချင်နေကြပါလား။ နားထဲမှာ မောင်လို့ခေါ်လိုက်သံကို



www.burmeseclassic.com

www.burmeseclassic.com



သာ ထပ်တလဲလဲ ကြားယောင်နေမိတာလေ။

"ဦးဦးရဲ့သားက သူ့အဆက်ဟောင်းနဲ့ ပြန်တွေ့နေတဲ့ကိစ္စ ပြောနေတာ"

"ဘယ်က အဆက်ဟောင်းလဲ"

"သိဘူးလေ။ သူခေါ်တာတော့ အသည်းတဲ့"

"ဟုတ်လား, ဒီကောင်တော့ နာဦးမယ်။ သမီးမြင်ခဲ့ရ လား"

"ဖွေးရှေ့မှာ စကားပြောကြတာပဲဦးဦးရဲ့။ အခု မအသည် က ယောကျ်ားနဲ့ကွဲပြီး ကလေးတစ်ယောက်နဲ့ဒုက္ခဖြစ်နေတာ လေ"

"ဟုတ်လား။ အေးအေး. . . ဦးဦး, သူ့ကိုဆုံးမလိုက်မယ်"

"ဦးဦးပြောရင် ဖွေးက သူ့ကိုမယူနိုင်ဘူးဆိုတာကိုပါ ထည့် ပြောပေးပါနော်"

"ဟေ! ဘာဖြစ်လို့လဲသမီးရဲ့။ ဦးဦးနဲ့ဘသက်က သားနဲ့သမီး ကိုသဘောတူထားပြီးသားလေ"

"အဲဒါ ဦးဦးတို့လူကြီးတွေရဲ့ဆန္ဒလေ၊ ဖွေးတို့ဆန္ဒမှမဟုတ် ဘဲ။ ပြီးတော့ ဖွေးလည်းသူ့ကိုမချစ်ဘူး။ သူကလည်း ဖွေးကိုမ





နိုင်တာ။ ဖွေးတို့ကိစ္စကို ဖျက်သာဖျက်ပေးပါ။ တောင်းပန်ပါတယ် ဦးဦးရယ်"

"စဉ်းစားပါဦး သမီးရယ်။ ဦးဦးရဲ့သားကို ဦးဦးတာဝန်ယူပါ တယ်"

"မသိဘူး။ ဖွေးကတော့ လုံးဝငြင်းတယ်။ ဒါပဲနော် ဦးဦး"

Phone မြည်သံကြောင့် လေးလေး ထကိုင်လေ၏။ သူက ရေနံတာမှာရပ်၍ အပြင်ကိုငေးကြည့်နေမိသည်။ စိုက်ထားသည့် နှင်းဆီပင်တို့မှရနံ့က ရင်တွင်းရှိအပူကို မငြိမ်းပေးနိုင်ခဲ့။

အသည်းရယ်. . . ဖိုးနိုင်နဲ့ညားပြီးမှပဲ ဒုက္ခတွေပင်လယ်ဝေ တော့တယ်လို့။

"ဖိုးနေ. . . အစ်ကိုကြီး Phone ဟော့"

"လာပြီ လေးလေး"

သူအိမ်ထဲပြန်ဝင်ကာ လေးလေးလက်ထဲမှ Phone ကို ယူ လိုက်ပါ၏။

"ဟဲလိုဖေဖေ၊ ကျွန်တော်ပါ"

"မင်းဘာတွေလျှောက်လုပ်နေသလဲ နေသွန်း"

"ဗျာ! ဘာလုပ်လို့လဲဖေဖေရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လို့လဲဟုတ်လား။ သဲနုအေးနဲ့မင်း ပြန်ဆက်သွယ်နေတယ်ဆို"

အလိုလေး. . . သတင်းက မြန်လှချည်လား။ ဒီညနေအဖြစ်အပျက်လေးက စက်ဘူကို ဘယ်လိုကနေဘယ်လို ရောက်သွားတာပါလိမ့်။

"မဟုတ်ပါဘူးဖေဖေရ"

"ဘာမဟုတ်ရမှာလဲ။ ငါ့ချွေးမလောင်းကိုယ်တိုင် ငါ့ကိုပြောတာ၊ လုံးဝမမှားနိုင်ဘူး"

"ဟောဗျာ! သူက ဖေဖေ့ကိုတိုင်တယ်"

"ဒါပေါ့။ မင်းဘာမှမဟုတ်တာလုပ်လို့မရဘူးနော် နေသွန်း"

"ဘာမှမဟုတ်ပါဘူးဖေဖေရယ်။ သူဒုက္ခရောက်နေတာနဲ့ ငွေသုံးသောင်းလေး ပေးလိုက်တာပါ"

"ဘာကွ။ သူ့ရှေ့မှာ ငွေတောင်ထုတ်ပေးလိုက်သေးတယ်လေ"

"ကျွန်တော်က ရိုးရိုးသားသားနဲ့ပေးတာပါဖေဖေရာ"

"ဘာရိုးသားတာလဲကွ။ ဘာမှပေးစရာမလိုဘူး။ မင်းသစ္စာဖောက်သွားမှန်းသိပါလျက်နဲ့ သူငယ်ချင်းဆက်တော်နေသေးလား။ တောက်! "





"အသည်းက ပြန်ရှင်းပြပါတယ်ဖေဖေရယ်။ သူသစ္စာဖောက်တာမျိုးမဟုတ်ပါဘူး။ ဟိုကောင်ဖိုးနိုင် ခိုးပြေးသွားတာတဲ့"

"တောက်! ပြောတိုင်းယုံရအောင် ငါမွေးထားတာ နွားဟုတ်ဘူး နေသွန်း။ တော်ပြီ. . . ဒီလောက်ပြောနေတာတောင်မှ ခေါင်းပါးစပ်က အသည်းလို့ထွက်လာသေးတယ်"

"အဲဒါက. . . "

"လျှာမရှည်နဲ့။ အဲဒီမိန်းမကို ဖြတ်လက်စနဲ့ဖြတ်စမ်း၊ နေသွန်း။ ငါရှာပေးတဲ့ ခြောက်ပစ်ကင်းသဲလဲစင်ကို ယူဖို့သာ စဉ်းစားပါပဲ"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ ပြောလိုက်တာမှ ပျစ်ပျစ်နှစ်နှစ်ပါလား။ သူငယ်ချင်းလိုတောင် ပြောဆိုခွင့်မရှိရအောင် ဒင်းကဘာကိုပိုင်သေးတာမှမဟုတ်ဘဲ။

"ဖေဖေ့အဖွေးကလည်း အသည်းကွဲ baby ပါနော်။ ဘာမှခြောက်ပစ်ကင်း သဲလဲစင်မဟုတ်ဘူး"

"ဘာကွ! ကလေးက ဒီအရွယ် စိတ်ကစားရုံသက်သက်လေးပါ။ မင်းလိုအသည်းဟက်တက်ကြီးကွဲတာမျိုးမဟုတ်ဘူး။ အရိုးများ



www.burmeseclassic.com

www.burmeseclassic.com



သလေး၊ ချေးခါးသလေး လုပ်မနေနဲ့"

"ဖေဖေ့ချာတိတ်က"

"ဘာ ငါ့ချာတိတ်ကလဲ"

"အဲ. . . အဲဒီဖြူဖွေးက ကျွန်တော့်ကိုဖြင့် မပိုင်ရသေးဘူး အခုကတည်းက မူလီလိုက်ကြပ်နေတာတော့ ဘယ်ကောင်းမလဲ အခုကတည်းက အပိုင်ကိုင်ချင်နေပုံပြနေပြီ"

"ပြပါစေ၊ သူ့မှာပြောပိုင်ခွင့်ရှိတယ်။ ဘယ့်နှယ်. . . ကိုယ့် သဘောတူထားတဲ့မိန်းကလေးရှေ့မှာ ရည်းစားဟောင်း မလွ မလပ်ကို ကြွင်နာပြရတယ်လို့။ မင်းလောက် အသုံးမကျတဲ့လူ ဒေ ကမှာ ရှိမယ်မထင်တော့ဘူး"

"ဖေဖေကလည်း"

"ဘာမှဖေဖေ လုပ်မနေနဲ့။ ကလေးကို စိတ်ချမ်းသာအော ထားဖို့သာစဉ်းစား။ အပိုတွေပြောမနေနဲ့။ နောက်ကို မင်း၊ သဲ အေးနဲ့တွေ့တယ် သတင်းကြားလို့ကတော့ အသေပဲ။ ဟိုကော ကျော် ဘာလုပ်နေလို့ ဒီကိစ္စမသိရတာလဲ"

"လေးလေးကို မကြပ်ခိုင်းပါနဲ့ဖေဖေရဲ့"

"မင်းကိုထိန်းဖို့အပ်ထားခဲ့တာ သူထင်တိုင်းနေလို့ ဘယ်





လဲ။ ပြောမရရင် နီနီ့အရင် Wedding ဖြစ်သွားမယ်၊ နေသွန်း။ ပြဿနာမရှာချင်နဲ့။ ဒါပဲ'

သူ Phone ကိုချလိုက်ပြီး Hand Phone ခလုတ်တွေကို ခပ်မြန်မြန်နှိပ်လိုက်ပါ၏။ စိတ်ထဲမှာ လွမ်းတသသဖြစ်နေတာတွေတောင် ဘယ်ပြေးကုန်ပါလိမ့်။ ဒီကောင်မလေးကတော့ တော်တော် ပြဿနာရှာတတ်တာပါပဲလား။ ဘယ်လိုဖြစ်ပြီး မနာလိုတို့ရှည်တွေ ဖြစ်နေပါလိမ့်နော်။

"ဟဲလို"

ဆောင့်ကြီးအောင့်ကြီးထူးသံကြောင့် သူ မျက်မှောင်ကြုတ်လိုက်မိ၏။ သူကမှား လာသေးတယ်။

"ဟော့! မင်း၊ ဖေဖေ့ကိုဘာတွေသွားချွန်သလဲအမိ။ အဝေးကနေ ချက်ချင်းကိုလှမ်းဆူတော့တာပဲ"

အံမယ်. . . ကြည့်စမ်း! Hand Phone မြည်လာလို့ အသက် နားဆက်သလားထင်ပြီး ဖွင့်လိုက်ပါတယ်. . . ဒင်းကိုး။

"ဒီမှာ! ရှင်က အပြစ်လုပ်ထားပြီး ကျွန်မကို ဘာမှရန်ရှာဖို့ စိတ်မကူးလေနဲ့"

"ရန်ရှာတာ မဟုတ်ဘူးကွ။ မင်းသာ ဖေဖေ့ကိုသွားချွန်လို့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဆူခံရတာ။ ဒီမှာဘယ်လောက်ညစ်နေတယ်ထင်သလဲ"

"အဲဒါရှင့်အပြစ်နဲ့ရှင်လေ။ ကျွန်မနဲ့မှမဆိုင်တာ"

"မဆိုင်လို့ရမလားကွ။ မင်းလျှောက်ပြောလို့ ဖေဖေက ငါ့ကို ကြိမ်းနေပြီ"

"ကောင်းတယ်"

"ကောင်းမနေနဲ့။ ငါထိရင် မင်းလည်းနာမှာပဲ"

"ဘာကိစ္စ နာရမှာလဲ"

"နာမှာပေါ့. . . ဒီလိုပဲ ပြဿနာထပ်တက်နေရင် မင်းနဲ့ငါ့ Wedding ကို နီနီတို့မတိုင်ခင် **စီစဉ်လိုက်မှာ**တဲ့"

"ဘာ! "

"အာ. . . နားအူလိုက်တာ"

"ရှင်ဘာပြောတာလဲ။ **ခုနပဲ** ဦးဦးကို ကျွန်မငြင်းလိုက်ပြီးသား နော်။ ဘာမှကူလိကူမာလုပ်မနေနဲ့"

"မယုံဘူးပေါ့လေ။ မင်္ဂလာပွဲရောက်မှ မျက်ရည်တွေ ဘူးသီး လုံးလောက် မကျလေနဲ့"

"ရှင်နော်။ မဟုတ်တာမပြောနဲ့"

"မှန်တာပဲပြောတာလေ။ မင်းဟာမင်း အေးအေးမနေဘဲ





နဲ့တွေတိုပြီးတိုင်တာ အကြောင်းမဟုတ်ဘူး။ ငါနဲ့မြန်မြန်မင်္ဂလာ ဆောင်ရကိန်း နီးသွားလိမ့်မယ်ချာတိတ်ရဲ့"

သူမနှုတ်ခမ်းပါးလေးကို ကိုက်လိုက်ပါ၏။ **ဒီလိုမျိုး** လာခြိမ်း ခြောက်လို့ရမယ်ထင်နေလား။ ဖွေးတို့က ကြက်ခေါင်းဆိတ်မခံတာ သိရဲ့သားနဲ့ စမ်းတာပေါ့လေ။

"ဒီ့ဟ! လျှာအရိုးမရှိတိုင်း ပြောမနေနဲ့။ ရှင့်လိုအသည်းတစ် ခြမ်းပဲ့ကြီးကို ဖွေးတို့က လုံးဝမသုံးဘူးမှတ်။ မင်္ဂလာဆောင်ဖို့ဆို ထားလာဝေးပဲ။ စိတ်ကူးနဲ့ရူးသွားလိမ့်မယ်၊ သိလား"

"မင်းဘယ်လိုပြောပြော ကိုယ်ကတော့ ဖေဖေ့စကားကိုနား ထောင်လိုက်တော့မယ်ကွ။ ဒါမှ ငါ့အသည်းပြန်ကောင်းအောင် မင်း ကုပေးနိုင်မှာလေ၊ မဟုတ်ဘူးလား"

"ရှင်နော်. . . တောက်! "

သူ phone ကိုပိတ်လိုက်ပြီး ဟက်ဟက်ပက်ပက်ရယ်လိုက်မိ ပါ၏။ ဒီကောင်မလေးနဲ့စကားပြောရတာ သူ့စိတ်ကိုချမ်းမြေ့စေ တာအမှန်ပါပဲ။

Hand Phone ကိုပိတ်လိုက်ပြီး သူမ တက်တခေါက်ခေါက် ဖြစ်နေရလေ၏။ အတော်ခံပြင်းဖို့ကောင်းလိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေများ အသည်းကွဲတာကုစားဖို့ မြန်လိုက်တာ၊ အခုပဲ ရည်းစားဟောင်းနဲ့အလွမ်းသယ်လာပြီး အခုပဲ အသစ်တစ်ယောက်နဲ့လက်ထပ်မယ် ဆုံးဖြတ်ရတယ်လို့၊

လုံးဝပဲ. . . ဦးနေသွန်းခရေ။

ဖွေးတို့က မေတ္တာမပါဘဲနဲ့တော့ အိမ်ထောင်တစ်ခုကို လွယ်လွယ်နဲ့မတည်ဆောက်နိုင်ဘူး။ ရှင့်ကိုအတင်းယူခိုင်းဖို့ကတော့ အိမ်ကနေ ထွက်အပြေးပဲ၊ လူကိုများ မေတ္တာပေးမယ်မရှိ၊ လူကြီးတွေပေးစားမယ်ဆိုတာကို ရေသာခိုအချောင်လိုက်ပြီး ခေါင်းညိတ်ဖို့ဆုံးဖြတ်ချက်ချရတယ်တဲ့။ အမြင်ကပ်လိုက်တာ။

ခုတင်ထက် ပစ်လှဲချလိုက်စဉ် ခေါင်းရင်းပြတင်းပေါက်ဆီမှ ဂစ်တာသံကိုကြားလိုက်ရလေ၏။ ဒါ ဟိုဘတ်ခြံက ဖိုးတာတို့အုပ်စုရဲ့အသံပါလား။

''အချစ်ရဲ့အစ ဘဝကလှုရည်မလည် ××× အရွယ်ငယ်ငယ်ရိုးသားတဲ့အသက်အရွယ် ××× ဟူး....စကားပြောတတ်စ အသည်းနုနု ××× အတွေးနုနု ××× အချစ်ကလေးနုနယ် ×××

ဟိုတုန်းကတော့ အသည်းက အဖြူရောင်ပါ ××× ဝေဒနာရယ်ဆေးစက်တို့စွန်းထင် ××× အိုး..... စုတ်ချက်ကြမ်းကြမ်းရေးဆွဲခဲ့





ကိုယ့်ရဲ့ဘဝ ပန်းချီကားတစ်ချပ်ကွယ် ×××

အခုတော့ဖြင့် တို့နှစ်ယောက် တစ်နေရာစီ ××× ကိုယ်စီကိုယ်စီ အချစ်သစ်တွေကြသည့်တိုင် ××× အို–မမေ့နိုင်သေးတဲ့ ××× အတိတ်ဘဝက ××× ရည်းစားဦးဇာတ်လမ်းလေးပါ ×××

သူဘယ်မှာလဲ သတိရနေတယ် ××× တစ်ခါတလေတော့လည်း လွမ်းမိပါတယ် ××× ပြီးဆုံးခဲ့ အဖြစ်အပျက်တို့ ××× အသစ်ဖြစ်ဖို့ ခက်လွယ်ကူတာ မှန်ပေမယ့် ×××

သူဘယ်မှာလဲ သတိရနေတယ် ××× တစ်ခါတလေတော့လည်း လွမ်းမိပါတယ် ××× ဟောင်းခဲ့အချစ် အသစ်ဖြစ်ဖို့ မတောင့်တလည်း ××× စဉ်းစားတိုင်း နှမြောတာသလွမ်းဆွတ်လို့ ××× အို....သတိရနေတယ် ×××

ရင့်ကျက်မှုရလို့ တည်ငြိမ်လာ ××× ဒီအရွယ်မှာ အချစ်နဲ့ ပတ်သက်ရင် ××× ရဲရင့်မှုမရှိတော့ဘူး ××× ဆုံးဖြတ်ချက်ချဖို့အရေး ကိုယ်အမြဲ တွေဝေ ×××

ရင်ခုန်နှုန်းများလည်း နှေးကွေးလာသလို ××× ဆင်ခြင်မှု အချစ်ဆိန်းသိမ်းလို့ချစ်တာ ××× ဟိုတုန်းကလောက် မကောင်းတော့ဘူး ××× တက်ကြွတဲ့လွတ်လပ်အချစ် ပြန်အောက်မေ့တယ် ×××



www.burmeseclassic.com

သူ့ဘယ်မှာလဲ သတိရနေတယ် ×××"

ပိုင်ရယ်. . . ဖွေးက ပိုင့်လို အချစ်သစ်လည်း ရှာတွေ့ခဲ့တာ
မဟုတ်ပါဘူး။ ရှာဖို့လည်း မရည်ရွယ်ခဲ့တာအမှန်ပါ။ သူများတကာ
လို ရည်းစားဦးကို လွမ်းဆွတ်သတိရနေသလို ဖွေးဘဝက တရား
သတိရခွင့်တောင်မှမရှိတာဘဲ။

လွမ်းတယ်ဆိုတာထက် နက်နဲတဲ့စကားလုံးမျိုးရှိရင် သုံးချ
ပါသေးတယ်။ အများကြီးချစ်ခဲ့မိတာပါ။

ဘယ်သောအခါမှ မပျောက်ပျက်နိုင်မယ့်ချစ်ခြင်းမျိုးနဲ့ ချ
ခဲ့မိတာ တကယ်ပါကွယ်။ ဒါတွေကို ပိုင်,မသိနိုင်ပါဘူး။

ပိုင်ပေးခဲ့တဲ့အလွမ်းဒဏ်ရာတွေကို ထွေးပိုက်ပြီး ပိုင်ထား
ခဲ့တဲ့နေရာတစ်နေရာမှာ တစ်ယောက်တည်း အထီးကျန်စွာ ကျ
ရစ်နေဆဲပါ။ အချစ်ဆိုတာ ဘာလဲလို့ ဖွေးကိုမေးခွန်းထုတ်စ
မလိုတော့လောက်အောင် ချစ်ခြင်းရဲ့အဓိပ္ပာယ်ကို နက်နက်နဲနဲ
သိခဲ့ပါပြီ။ ဘယ်တော့မှမမေ့နိုင်လောက်တဲ့ သင်ခန်းစာတွေလည်း
ကောင်းကောင်းကြီးရခဲ့ပါပြီကွယ်။

ပိုင်ရေ. . . ပိုင်, ကျွန်မနားမှာ မရှိတော့ပေမယ့် ပိုင်နဲ့





သက်တဲ့ပစ္စည်းလေးတွေ၊ ပိုင့်ရဲ့အငွေ့အသက်လေးတွေက ကျွန်မ
နားမှာ ခုချိန်ထိရှိနေဆဲပါ။ အခုဆိုရင် ကျွန်မစပ်သမျှကဗျာတွေ
ကလည်း အသည်းကွဲကဗျာတွေဖြစ်နေပြီလေ။ ပိုင်ပေးခဲ့တဲ့ဂစ်တာ
လေးကတော့ အခန်းထောင့်မှာ ကြိုးတွေပြတ်ပြီး ဖုံးအိမ်တွေငြိတွယ်
လို့ တီးမယ့်သူမရှိဘဲ ငြိမ်သက်နေခဲ့တာကြာခဲ့ပါပြီ။

ဒီဂစ်တာလေးလိုပဲ ကျွန်မလည်း အသက်မဲ့စွာ ကျန်ရစ်နေခဲ့
တယ်ဆိုတာ ပိုင်ကတော့ အိပ်မက်တစ်ခုလို အလွယ်တကူမေ့သွား
မှာပါလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၇ )

Necktieကို မှန်ထဲမှာကြည့်၍ သေချာစည်းလိုက်ပါ၏။ ခြံထဲမှာ မောင်မျိုးရေလောင်းနေရဲ့လားဟု ဝရန်တာမှ ထွက်ကြည့်ရင် ခြံရှေ့မှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် လျှောက်သွားသည့် ကောင်မလေးကို မြင်လိုက်ရလေ၏။

အမယ်. . . ခြံကိုတစ်ချက်မှ လှည့်မကြည့်ဘဲ လစ်တော့မလို့ပေါ့လေ။

"ဟော့! "

ကြည့်ပါလား။ သူ့မမြင်ရအောင် အစောကြီးထွက်လာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုမှ တွေ့ဖြစ်အောင် တွေ့လိုက်ရတယ်လို့၊ မကြားချင်ယောင်ဆောင်ပြီး ဆက်သွားမှပါပဲ။

“ဟော့! ဟိုချာတိတ်မ။ ခြံထဲမဝင်ဘဲ ဘယ်သွားမှာလဲ”

“လိုင်းကားစီးမလို့ရှင့်”

“စီးစရာလားကွ။ ကိုယ်လည်း အခုပဲထွက်မယ့်ဟာကို”

“သိဘူး။ ဘာမှလာပြောမနေနဲ့”

“ဟော့”

သူ အိမ်ပေါ်မှအမြန်ဆင်းလာခဲ့ပြီး ကားစက်နှိုး၍ထွက်လာခဲ့၏။ တော်ပါသေးရဲ့။ bus တွေတစ်စီးမှ မရပ်သေးပေလို့ ကားစီး... မှာ သူမကိုမီတာကိုး။ ကားမှတ်တိုင်မှာ ကားကိုထိုးရပ်လိုက်... ကားဂိတ်မှလူတွေအကြည့်က သူ့ထံသို့ပြုံကျလာလေသည်။

“ချာတိတ်. . . ကားပေါ်တက်”

“တက်ဘူး”

“ငါကောင်းကောင်းခေါ်နေတယ်နော်။ တက်ဆိုရင်တက်ပေါ့”

“မတက်ဘူးလို့ပြောနေတာ မကြားဘူးလား”

သူမက မျက်စောင်းခဲကာ ခြေကိုပါ တစ်ချက်ဆောင့်လို...





...လေ၏။ အဲဒါလေးတွေပေါ့။ ကလေးစိတ်မပျောက်သေးတဲ့ ချာတိတ်နဲ့သူ့ကိုပေးစားရင် သူတော့ ဒုက္ခနဲ့လှလှကြီးတွေ့တော့မှာပါပဲ။

“မတက်ရင် ငါပွေ့ချီခေါ်မှာနော်”

သူမက မကြားချင်ယောင်ဆောင်ကာ အဝေးမှလာနေသည့် bus တစ်စီးကို လည်ပင်းဆန့်၍ကြည့်လိုက်တာမို့ သူကားပေါ်မှဆင်းလိုက်ပါ၏။ ထို့နောက် သူမကိုယ်လုံးသေးသေးလေးကို ခွေ့ခနဲပွေ့ချီလိုက်ပါသည်။

“အို! ဘာလုပ်တာလဲ”

သူမအော်သံကြောင့် လူတွေအုံလာသဖြင့် သူက ထိုလူစုကို အမြန်ရှင်းပြရလေ၏။ မတော် ဝိုင်းရိုက်လျှင်ဖြင့် အကျိုးနည်းပေတော့မည်။

“ဟိုလေ. . . ကျွန်တော့်မိန်းမ စိတ်ကောက်ပြီးထွက်လာလို့လိုက်ခေါ်တာပါ”

“ဘာရှင့်! ”

“လာပါအဖြူလေးရယ်။ တော်ကြာ ဖေဖေက မင်းပါမလာရင် ကိုယ့်ကိုဆူမှာ”

“ဆူဆူပေါ့။ လွှတ်နော်. . . ရှင်တော့လား”



www.burmeseclassic.com

www.burmeseclassic.com



ရုန်းရင်းဆန်ခတ်ဖြင့် ကားပေါ်ရောက်သွားမှ တံခါးပိတ်ကာ ကားမောင်းထွက်လာခဲ့ပါ၏။ သူမက သူ့လက်မောင်းကို အားကု ဆွဲဆိတ်လေတော့သည်။

"အား! ဘယ်လိုဖြစ်ပြီး ဆွဲဆိတ်ရတာလဲ"

"ရှင် ခုနပြောလိုက်တဲ့စကားကို ပြန်စဉ်းစားကြည့်လေ။ လူ များ ရှင့်မိန်းမတွေဘာတွေနဲ့ သူများသားသမီးနုနုထွတ်ထွတ်ေ ကို ပြောရက်တယ်"

"ဒီလိုမှမပြောရင် ကိုယ့်ကိုဝိုင်းရိုက်ကြမှာပေါ့ကွ"

"ရိုက်ပါစေပေါ့. ဒါမှကောင်းမှာ။ နွတ်ရမ်းလက်ရမ်းနဲ့ ဘ လိုလူနဲ့လာတွေ့နေပါလိမ့်"

"ဟာ! ကိုယ်ဘယ်မှာရမ်းလို့လဲ"

"ရှင့်ကိုယ်ရှင်သိပေါ့။ ဒါကြောင့် ရှင့်ရည်းစား ရှင့်ကို သွားတာဖြစ်မှာ"

"ဘာ! "

သူဆောင့်အော်လိုက်တာမို့ သူမလန့်သွားရပါ၏။

အမယ်လေး. . . လန့်လိုက်တာ။ လိပ်ပြာတောင် ဘယ် သွားပါလိမ့်။





"ငါ့ဟာငါ ရည်းစားနဲ့ပြတ်တာ မင်းအပူပါသလားကွ။ မဆိုင် ဘာမပြောနဲ့"

"ဩော်! အနာပေါ်တုတ်ကျတာနဲ့ ကျွန်မကိုမအော်နေနဲ့ နော်"

"မင်း. . . မင်း. . . တောက်! ငါလက်ပါမိတော့မှာပဲ"

"အံမယ်! ထိဝံ့ထိကြည့်ပါလား။ ဖွေးတို့က ကိုယ့်အသားထိ ရင် ငြိမ်ခံနေမှာမဟုတ်ဘူး"

သူက ကားကို platform ဘေးမှာ ထိုးရပ်လိုက်ပြီး သူမ ခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းလိုက်လေ၏။

"အသည်းနဲ့ပတ်သက်ပြီး ငါ့ကိုမင်းဘာမှပြောခွင့်မရှိဘူးကွ"

"ရှင်နော်. . . ကျွန်မအသားကိုမထိနဲ့"

နွတ်က ပက်ခနဲပြန်ပြောလိုက်ပါသော်လည်း အားဖြင့် ခါရမ်း ကြောင့် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရပါ၏။

အလိုလေး! တအားကိုကြမ်းတမ်းလှချည်လား. . .

"ငါ့ဘဝမှာ အသည်းကိုသာ အချစ်ဆုံးကွ။ အသည်းနေရာ ာ နောက်ထပ် ဘယ်သူ့ကိုမှအစားမထိုးနိုင်ဘူး။ ဒါကို မင်းမြဲမြဲ တ်ထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရှက်မရှိတဲ့စကားတွေ လာပြောမနေနဲ့။ မကြားချင်ဘူး"

"မကြားလို့မရဘူး။ မင်းသိထားဖို့ ထပ်ပြောမယ်။ အေး. . . ဖေဖေက မင်းနဲ့အတင်းပေးစားခဲ့ရင်တောင် ဒီဘဝမှာ မင်းကိုဘ တော့မှမချစ်ဘူးဆိုတာမှတ်ထား"

"ကျွန်မကလည်း ရှင့်ကိုစိတ်မဝင်စားတဲ့အပြင် မုန်းတော မုန်းသေးတယ်။ ဒီလိုအနိုင်ကျင့်တဲ့စရိုက်တွေကြောင့် ပိုတော မုန်းသေးတယ်။ သိလား"

"တောက်! "

သူက သူမပခုံးကိုဆောင့်တွန်းလိုက်ပြီး ကားစက်ပြန်နှိုး ဆက်ထွက်လာခဲ့၏။ ရင်ထဲမှ လှိုက်ဖိုတက်လာသည့်ခံစားမှုကြော ပြတင်းပေါက်ဘက်သို့ ခေါင်းကိုလှည့်ထားလိုက်မိသည်။

'ဘယ်တော့မှမချစ်ဘူး' တဲ့လား။ ကျွန်မကို မချစ်မုန်းသိ မယ့် ဤမျှအထိ ကြွေးကြော်နေစရာ မလိုပါဘူး ဦးနေသွန်းခရေ တစ်နေ့နေ့ချစ်လာနိုးဆိုပြီး ရှင့်အချစ်တွေကို စောင့်စားမျှော် နေတဲ့မိန်းကလေးလည်း မဟုတ်ရပါဘူး။

ဒါပေမဲ့. . . ဒါပေမဲ့. . . ဒီလိုမချစ်ဘူးလို့ပြောလိုက်တာ မခံမရပ်နိုင်ဖြစ်ရတာ ဘာကြောင့်လဲ။





ဟုတ်ပါတယ်။ ဒီလောကကြီးထဲမှာ ဖွေးကို ဘယ်သူမှမချစ် ကြပါဘူး။ ဒါကို ဖွေးသိနေပါတယ်။ ဖွေးရဲ့သွေးသားရင်းချာတွေ တောင် ဖွေးကိုမချစ်ကြတာမို့ ဘယ်သူစိမ်းတစ်ရံဆီက ချစ်ခြင်းတွေ ‌ ဖွေး မရတာ ဆန်းတော့မလား။ ဖွေး ချစ်နေမိတဲ့လူဆီကလည်း အချစ်ဆိုတာကို ပြန်မရခဲ့ဘူး။ အခု ရှင်ကလည်း ဖွေးကိုမချစ်ဘူးလို့ ပြောနေပြီလေ။ ဖွေးက ဘယ်ဘဝက ဆုတောင်းမှားခဲ့လို့များ ချစ် တ်ခံနေနေခဲ့ပါလိမ့်။

ရင်ထဲမှာ တလှိုက်လှိုက်ဝမ်းနည်းစွာဖြင့် မအောင့်နိုင်တော့ ဘဲ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ကလေးတစ်ယောက်လို ငိုရှိုက် လိုက်မိတော့သည်။ မုန်းကြပါ။ ဖွေးသေတဲ့အထိ မုန်းနိုင်ကြပါစေ လေ။

"ဟာ! ဟေ့. . . ဘာလို့ငိုရတာလဲ။ ကျွတ်"

". . ."

"အဖြူလေး. . . ကုမ္ပဏီရောက်တော့မယ်ကွ"

"ရောက်ရောက်ပေါ့။ ကိုယ့်မျက်လုံးနဲ့ကိုယ်ငိုတာ ရှင့်ကိုခွင့် တောင်းစရာမလိုပါဘူး"

"မဟုတ်သေးဘူးလေ။ မင်းဒီလိုအငိုမျက်နှာကြီးနဲ့ ကုမ္ပဏီထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လို့ဘာယ်ဖြစ်မလဲ"

"အဲဒါ ရှင့်အပူမပါဘူး။ ရှင့်ပါးစပ်ပိတ်ထား"

"ကျွတ်! ခက်တာပဲ"

သူက သက်ပြင်းရှိုက်လိုက်တာ။ ကားကို parking မှာ ရပ်လိုက်ပါ၏။ သူမက တံခါးကိုဆွဲဖွင့်ဆင်းကာ ခပ်သုတ်သုတ်လျှောက်သွားသဖြင့် သူမနောက်မှ သူအမြန်လိုက်လာခဲ့ရလေသည်။

"အဖြူလေး. . . နေဦး. . . ကျွတ်"

အနောက်မှတီးတိုးခေါ်ပြီးလိုက်လာသည့်သူနှင့် ရှေ့မှ ငိုကြီးချက်မ မျက်ရည်စက်လက်ဖြင့်သွားနေသည့်သူမကို ရုံး staff တွေက တအံ့တဩဖြင့်ဝိုင်းကြည့်ကြလေ၏။

သွားပါပြီ။ ရှိစုမဲ့စုသိက္ခာတွေတော့ အကုန်ကျကုန်ပါပြီလား။ ရုံးခန်းထဲရောက်တော့လည်း သူမက စားပွဲမျက်နှာမှောက်၍ ဆက်ငိုနေသဖြင့် သူခေါင်းသာကုတ်လိုက်မိတော့သည်။

သေလိုက်ပါတော့ နေသွန်းခရယ်။ မိန်းကလေးတွေကိုချော့တတ်တဲ့ပညာ သူမတတ်သေးပါဘူးဆိုနေမှ ဘယ့်နှယ်များ ချော့ပါ့။

"အဖြူလေး, မငိုနဲ့တော့လေ။ မင်းငိုတာ အကြောင်းမဟုတ်





ဘူး။ ဝန်ထမ်းတွေက ငါ့ကို ယုန်ထင်ကြောင်ထင်ဖြစ်ကုန်ပြီ"

"ဖြစ်ဖြစ်. . . ဘာမှလာမပြောနဲ့လို့ ပြောထားတယ်၊ မဟုတ်ဘူးလား"

"ဟာ. . . ကိုယ် ဘာများမှားလို့ စွတ်အော်နေ၊ ငိုနေရတာလဲ၊ ခက်လိုက်တာနော်"

"ဘာမှမပြောနဲ့၊ နားငြီးတယ်"

"ခဏနေ, အန်ကယ်ရောက်လာတော့မှာကွ"

"လာလာ. . . ရှင့်ပါးစပ်ပိတ်ထား"

"ပိတ်ထားလို့မရဘူးလေ။ အန်ကယ်မေးရင် ကိုယ်ဘယ်လိုရှင်းပြရမှာလဲ"

"ဘာမှရှင်းမနေနဲ့။ ကျွန်မကိုလည်း ဘာမှချော့ဖို့မလိုဘူး။ ရှင်ချော့ချင်ရင် ရှင့်အသည်းကိုသွားချော့"

"အာ"

ဘယ်ကနေဘယ်လို ဘာကိုစိတ်ဆိုးသွားမှန်းမသိသော်လည်း သူမထံမှ အသည်းနာမည်ထွက်ပေါ်လာတာမို့ အသည်းအပေါ်မှာ ရွှေရိုယစိတ်ထားနေမှန်း သူ့သိလိုက်ပါ၏။

ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



အသည်းက သူနှင့်အိမ်ထောင်သည်ဟူသည့် ဘဝပင်ခြားနေ
လေပြီ။ ဒေါသဖြစ်ဖြစ်နှင့် သူမကိုပြောချင်ရာပြောလိုက်ပါသော်
လည်း စိတ်ထဲက တကယ်ပါတော့ မဟုတ်ရပါချေ။

ဘယ်လိုများ ရှင်းရပါ့. . . ချာတိတ်ရယ်။

"ဘယ်လိုဖြစ်ကြပြန်တာလဲ"

အန်ကယ်ဝင်လာတာမို့ သူ့လန့်သွားရပါ၏။ ပြဿနာ
ဒီမှာက မျက်ရည်စက်လက်နှင့် ငိုပွဲဆင်နေတုန်းလေ။ အန်ကယ့်
မျက်နှာပူပူဖြင့် သူလှည့်ကြည့်လိုက်မိပါသော်လည်း သူမက မျက်
ရည်ကျတုန်းပင်။

"သမီးငယ် ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ်။ ဒီလောက်ငိုကြီးချက်မ ငိုထား
ရလား"

ဖေဖေမေးလိုက်မှ ဝမ်းနည်းရှိန်က ပိုမြင့်တက်လာပြီး မျက်
ရည်က ပိုကျလာလေ၏။ ဖေဖေက သူ့ကိုတစ်ချက်ကြည့်လိုက်ပြီ
သူမလက်ကို ဆွဲထူလိုက်ပါသည်။

"ဖေဖေ့နောက်လိုက်ခဲ့ သမီး. . . လာ"





သူမ ဖေဖေ့ရုံးခန်းထဲသို့ ပါလာလေ၏။ PA ကိုသက်ထွေး
က ဘာမှမပြောရပါဘဲ ရုံးခန်းမှ အလိုက်တသိထွက်သွားပါသည်။

"ထိုင်. . . ဘာဖြစ်လာကြသလဲ"

"ဖေဖေစီစဉ်ထားတဲ့ကိစ္စကို မဖြစ်ဖြစ်အောင် ဖျက်ပေးပါ
ဖေဖေ"

"ဘာကြောင့်လဲ"

"ဖွေး, သူ့ကိုလက်မခံနိုင်ဘူး"

"သမီးမှာ ခိုင်လုံတဲ့အကြောင်းပြချက်ရှိသလား"

သူမပါးပြင်ထက်မှ မျက်ရည်တို့ကို လက်ဖမိုးဖြင့်လုတ်ရင်း
ခေါင်းညိတ်ပြလိုက်ပါ၏။

"ဟုတ်ကဲ့။ ဒီနေ့. . . ဒီနေ့ပဲ သူကပြောတယ်ဖေဖေ။ သူချစ်
သူကလွဲပြီး နောက်ထပ်ဘယ်မိန်းမကိုမှ စိတ်မဝင်စားတော့ဘူးတဲ့။
ပြီးတော့ ဖေဖေတို့အတင်းပေးစားရင်လည်း ဖွေးကို လုံးဝမချစ်
မချစ်နိုင်ဘူးလို့ပြောတယ်"

". . . ."

"ဒီလောက်ထိဖွင့်ပြောထားပါလျက်နဲ့ သူ့ကိုဖွေးယူရရင် တစ်
သက်လုံးစိတ်ဆင်းရဲရဖို့ပဲ ရှိတော့တာပေါ့။ အဲဒီလိုတော့အဖြစ်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ အဲဒါ ဖေဖေပြောပြီး ဖျက်လိုက်ပါ"

"ဒါ သမီးစိတ်ကောက်ပြီးပြောတာမဟုတ်လား။ နောက်တော့ စိတ်ပြေသွားမှာပဲကို။ လူကြီးဆိုတာ ပြောပြီးသားစကားပေးပြီးသားကတိကို လွယ်လွယ်နဲ့ဖျက်ပစ်လို့မရဘူးလေ"

"ဟင့်အင်း. . . ဖေဖေတို့ပြောထားတဲ့ကိစ္စက နှုတ်နဲ့ပဲဟာ၊ တရားဝင်မဟုတ်တော့ ဖျက်ရတာ လွယ်ပါတယ်။ ဖွေ့, သူ့ကိုမယူနိုင်ဘူး"

ဦးဘသက်ရှိန် သမီးငယ်ကိုကြည့်ကာ သက်ပြင်းချလိုက်မိ၏။ အသက် (၂၀)ဆိုတာ သိပ်ငယ်လွန်းသေးမှန်းသိပါသည်။ သို့သော် သမီးလေးကို ငူငူငိုင်ငိုင်နှင့် မှိုင်တွေနေတတ်တာမျိုး မဖြစ်စေချင်တော့ပါ။ ကျောင်းနှင့်သင်တန်းတွေကို လန်းဆန်းတက်ကြွစွာတက်ခဲ့သည့် ရယ်ရယ်မောမောပြုံးနေသည့်မျက်နှာလေးကို မမြင်ရတာ အတော်ပင်ကြာခဲ့ချေပြီ။

အရင်က အိမ်မှာ ဒီသမီးရဲ့အသံစာစာလေးကိုပဲ အမြဲကြားနေရတာမဟုတ်လား။ ခပ်ဆိုးဆိုးလေးဖြစ်လာမှာစိုး၍ ရိုက်နှက်ဆုံးမခဲ့တာမှန်ပေမယ့် ဤမျှအထိ ဝမ်းနည်းပက်လက်ငိုတာမျိုး မရှိခဲ့ပါ။ တကယ်ပဲ မောင်နေသွန်းကိုမနှစ်သက်တာလား။





အမြဲမတည့် ရန်ဖြစ်ကြပေမယ့် ကြာတော့လည်း အဆင်ပြေပြီး သံယောဇဉ်ရှိလာလိမ့်မည်ဟုထင်ထားသမျှ ပျက်ကုန်ပြီလားလေ။

"သမီးတကယ်ပြောနေတာနော်"

"ဟုတ်"

"ဖျက်ပြီးရင် ဖေဖေထပ်ပြီးပြန်ပြောလို့မရဘူးနော်,သမီး။ ဒါကလေးကစားစရာကိစ္စမဟုတ်ဘူး"

"ဖေဖေကလည်း, ဖွေးအတည်ပြောနေတာပါဆိုနေမှ"

"ကဲပါလေ. . . ဖေဖေ, သူ့ကိုမေးကြည့်ပါဦးမယ်"

"မေးလည်းအပိုပါပဲ။ သူက ပိုတောင်မှပျော်ဦးမှာ ဖေဖေရဲ့"

"အေးပါ. . . သွားတော့။ မောင်နေ့ကို ဖေဖေ့ဆီလွှတ်လိုက်"

"ဟုတ်"

မျက်နှာစူပုတ်ပုတ်လေးဖြင့် ပြန်ထွက်သွားသည့်သမီးငယ်ကို ကြည့်ရင်း သက်ပြင်းချမိပြန်၏။ ဒီကလေးမစိတ်ကိုအကဲခတ်ရတာ မလွယ်ပါလားနော်။ စိတ်ကောက်ပြီး မကြာခင်ပြန်ပြေတတ်တာမို့ ပြောပြီးသားစကားကို ဘယ်လိုများပြန်ရုပ်သိမ်းရပါ့မလဲ။

ရှုံးခန်းတံခါးကိုဖွင့်ဝင်ကာ သူ့ကိုမျက်စောင်းခဲလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးလိုက်မိ၏။ ဘာတွေဘယ်လောက်တောင် ပြန်တိုင်လိုက်လေသလဲ မသိတော့ပါဘူး။ မျက်နှာကတော့ မကျေနပ်သေးတဲ့ပုံပါပဲ။

“ရှင့်ကို ဖေဖေခေါ်နေတယ်”

“အလုပ်ကိစ္စလား။ မင်းတိုင်လိုက်တဲ့ကိစ္စလား”

“ဘယ်သိမှာလဲ။ သိချင်ရင် သွားမေးပေါ့”

“မဟုတ်တရုတ်တွေတိုင်ထားရင်တော့ မင်းနဲ့ငါ ဇာတ်လမ်းက ဆက်ရန်ရှိသေးသည်ဖြစ်သွားမှာနော်”

“ဝေးပါသေးတယ်. . . ရှင်နဲ့ကိစ္စက ဓားနဲ့တိခနဲဖြတ်သလို ဆက်လို့တောင် မရစေရဘူးမှတ်”

ဂျစ်ကန်ကန်ပြောလိုက်တာမို့ သူ့ရယ်ချင်စိတ်ကို မျိုသိပ်ကာ ထထွက်လာခဲ့မိ၏။ အန်ကယ်သက်၊ သူ့ကိုဘာပြောလေမည်နည်း။ အန်ကယ့်ရုံးခန်းထဲဝင်လိုက်တော့ အန်ကယ့်မျက်နှာက ပုံမှန်ပင်

“ထိုင်. . . သား”

“ဟုတ်ကဲ့”

“သမီးငယ်နဲ့ ခုထိအဆင်မပြေသေးဘူးပေါ့လေ”

သူဘာမှမပြောဘဲ ငြိမ်နေမိ၏။ အန်ကယ်က သူ့ကိုအကဲခတ်ကာ ဆက်ပြောပြန်လေသည်။





“သားသိတဲ့အတိုင်းပဲ။ သမီးကဆိုးတယ်။ အငယ်ဆုံးဆိုတော့ ချစ်တယ်၊ ဂျီတိုက်တယ်။ သူ့ကို တော်ရုံလူ ဘယ်သူစိမ်းမှ သည်းခံနိုင်မှာမဟုတ်ဘူးဆိုတာ အန်ကယ်သိပါတယ်။ ဒါပေမဲ့. . .”

ဦးဘသက်ရှိန် စကားကိုခဏရပ်ကာ သူ့ကိုစိုက်ကြည့်လိုက်မိ၏။ လူငယ်တွေရဲ့စိတ်ကိုနားမလည်ရင် သူတို့လူကြီးတွေ ဘာမှလုပ်၍မရဘူးဆိုတာ အောင်သွန်းခလည်း သိနိုင်ရမည်လေ။

“အန်ကယ်က သားနဲ့သမီးကို တစ်နေ့မှာတော့အဆင်ပြေပြီး သံယောဇဉ်ရှိလာနိုင်မယ်လို့ မျှော်လင့်ထားမိတာအမှန်ပဲ။ အင်းပေါ့လေ။ ကိုယ်ထင်ထားတဲ့အတိုင်းဖြစ်မလာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ”

“. . . .”

“သားတကယ်ပဲ သမီးငယ်ကိုမချစ်နိုင်တာလား”

“ဗျာ!”

“အန်ကယ် နားလည်ပါတယ်။ သားကို အပြစ်မတင်ပါဘူး။ ဒီလိုပဲပေါ့။ လူဆိုတာ ကိုယ့်စိတ်ကိုပဲ ကိုယ်ဦးဆောင်နိုင်တာလေ။ သားအခုလိုပြောလိုက်တာ သူတော်တော်ဝမ်းနည်းသွားတာတော့ အမှန်ပါပဲ။ သူမှာ psycho တစ်မျိုးရှိနေတယ်သားရဲ့။ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက မိဘတွေက အကြီးဖြစ်တဲ့နီနီ့ကိုပဲ ပိုချစ်၊ ပိုအလိုလိုက်
တယ်ဆိုတဲ့အမြင်ပေါ့။ နီနီက ပါးနပ်တယ်၊ အလိုက်သိတယ်။ ဒါ
ကြောင့် မိဘတွေ သိပ်ဆူဖို့ပြောဖို့ ဆုံးမဖို့မလိုဘူး။ သူက ဂျစ်ထိုး
တတ်တော့ မကြာခဏအရိုက်ခံရတယ်။ ငယ်ငယ်ကတည်းက ဒါ
မလုပ်နဲ့ဆိုရင် သူက လုပ်လိုက်ရမှကျေနပ်တယ်လေ။ ဒီတော့ အန်
ကယ်တို့က သူ့ကိုနှုတ်နဲ့မဆုံးမဘဲ တုတ်နဲ့သာ ဆုံးမခဲ့ရတာပေါ့။
အဲဒီမှာ သူ့အမြင်က သူ့ကိုမိဘတွေနဲ့အစ်မကအစ မချစ်ကြဘူး
လို့ထင်သွားတာ ဒီနေ့အထိပဲ။ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကောင်
လေးတစ်ယောက်ကို သူတွေ့ခဲ့ဖူးတယ်၊ အဲဒီကောင်လေးက မင်း
အန်တီချစ်ရဲ့ငယ်သူငယ်ချင်းသားပေါ့။ အခု သားဝယ်လိုက်တဲ့အိမ်
မှာနေသွားတာပဲ။ အန်ကယ့်အမြင်နဲ့ပြောရရင် အဲဒီကောင်လေးကို
သူ့တော်တော်ခင်တွယ်ရှာတာ။ တစ်နေ့တော့ ဘာမှသတင်းမကြား
ဘဲ အဲဒီမိသားစုအိမ်ပြောင်းသွားကြတယ်။ အန်ကယ့်သမီးလေး
စိတ္တဇဆန်ဆန်ကျန်ရစ်ခဲ့တာ တကယ်ပါ။ အရင်က သွက်လက်ချက်
ချာတဲ့ကောင်မလေးဟာ ငူငူငိုင်ငိုင်နဲ့ တစ်ယောက်တည်း မျက်ရည်
ကျခဲ့တာ ကြာခဲ့ပါပြီ။ ဒီနှစ်မှာ သားနဲ့ဆုံတော့ သူ့ဆီမှာ ဒေါသတွေ
နဲ့ စကားများများပြန်ပြောလာတာမို့ အန်ကယ်တို့က ဝမ်းသာနေ





တာလေ။ ခုတော့. . .”

ဦးဘသက်ရှိန် သက်ပြင်းရှိုက်လိုက်မိ၏။

သမီးရှင်တစ်ယောက်အနေဖြင့် မျက်နှာပူသင့်ပါလျက် ခုတော့ သမီးအတွက် စိုးရိမ်ပူပန်စိတ်ဖြင့်ပြောနေမိတာလေ။

“ထားလိုက်ပါတော့လေ။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာက ဘယ်တော့မှ တစ်ထပ်တည်းမကျဘဲ။ သားတို့ကိစ္စကို အန်ကယ်အတင်းမစီစဉ်တော့ပါဘူး။ အထူးသဖြင့် သမီးလေး တစ်သက်လုံးစိတ်ဆင်းရဲရမယ်ဆိုတာကြောင့် သားဖေဖေနဲ့ပဲပြောပြီး ဖျက်လိုက်ပါတော့မယ်။ ကဲကဲ. . . သားလည်း အလုပ်ရှိတာသွားလုပ်တော့”

သူ့ထထွက်လာခဲ့ပါ၏။ ရင်ထဲမှာ တော်တော်လေးမကောင်းဖြစ်သွားတာတော့ သေချာပါသည်လေ။ ဖေဖေသိသွားရင် ဘာပြောမလဲ။ သူမမှာ အပြစ်ဆိုလို့ ဘာများထွေထွေထူးထူးရှိသလဲလို့မေးလာရင် ဘယ်လိုများပြန်ဖြေပေးရပ့ါ။

အဖြူလေးရေ. . . အန်ကယ်က မင်းနဲ့ကိုယ့်ကိုသဘောမတူတော့ဘူးလို့ တရားဝင်ခေါ်ပြောလိုက်ပါပြီ။ ဒါကို ကိုယ်ဘာကြောင့်မပျော်ရွှင်ရတာပါလိမ့်။ တကယ်ဆို ကိုယ်ဖြစ်တာကိုဖြစ်ခွင့်ရပြီမို့ ဝမ်းသာရမှာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တကယ်တမ်းနွမ်းလျနေတာကို မင်းသိသွားရင် ကိုယ့်ကိုဘယ်လောက်တောင်မှ လှောင်လိုက်ပလဲနော်။



အခန်း ( ၁၈ )

"ငါက ဒါဆိုရင် ဒါပဲကြိုက်တာ၊ မင်းသိတယ်နော် နေသွန်း။ ငါနောက်အိမ်ထောင်ပြုသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး မင်း မကျေနပ်သို့ တမင်လုပ်လိုက်တာမဟုတ်လား"

"မဟုတ်ရပါဘူးဖေဖေရာ"

"မင်း, ငါ့ကိုအရွဲ့မတိုက်ချင်နဲ့ နေသွန်း။ ဖအေက မင်းဘဝကောင်းစားစေချင်လို့စီမံပေးတာကို ဖျက်ချင်ရသလား။ ငါ နောက်မိန်းမယူတာ မင်းအရွယ်ရောက်မှ၊ အလုပ်ဝင်တော့မှ ယူလိုက်တာ။ မင်းအမေရှိလျက်နဲ့ယူတာလည်းမဟုတ်ဘူး။ မင်းအမေကိုမချစ်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့၊ မေ့လိုက်လို့ ယူတာလည်းမဟုတ်ဘူး။ ငါ့ကျန်းမာရေး ကြောင့် ငါ့ကိုပြုစုနိုင်မယ့်သူကိုယူတာ။ ငါပွေးထားတာက သား အေး. . . အဲဒီသားက ဖအေမမာရင် ခြေဆုပ်လက်နယ်ပြုနိုင်မှာ မဟုတ်လို့ ငါအခုလိုဆုံးဖြတ်ခဲ့ရတာ။ ငါ့ကိုအပြစ်မဖို့နဲ့"

"ဒုက္ခပါပဲဖေဖေရာ။ အဲဒါတွေနဲ့မဆိုင်ပါဘူးဗျ"

"မဆိုင်ရင် ငါစီစဉ်တဲ့ကိစ္စကို မင်းမဆန့်ကျင့်နဲ့ပေါ့"

"ခုဟာက အဖြူလေးက ငြင်းနေတာဖေဖေရ"

"ဘယ်က အဖြူလေးလဲ"

"အာ, ဖေဖေပြောတဲ့ အန်ကယ်သက်သမီးအငယ်ရလေဘူး"

"အဲဒါ မင်း, သူမကြိုက်တာ လျှောက်လုပ်လို့ ငြင်းတာနေ ပေါ့"

"မဟုတ်ပါဘူး ဖေဖေကလည်း၊ အန်ကယ်သက် ဘာပြော လို့လဲ"

"ဘာပြောမလဲကွ။ သူငယ်ချင်းအချင်းချင်း မျက်နှာမပျက် အောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ပြောတာပေါ့။ ကလေးတွေဆန္ဒမပါ ရင် ဆက်မလုပ်ကြနဲ့တော့ဆိုပြီး phone ချသွားတာလေ"

"အဲဒါ သူ့သမီးပြောခိုင်းတာနေမှာပါဖေဖေရာ"





"ဟေ့ကောင်! မင်းနော်. . . တစ်ဆိတ်ရှိ သူများကိုချည်း အပြစ်ဖို့မနေနဲ့။ အချိန်တန် မိသားစုကိုဦးဆောင်တာပန်ယူရမယ့် သူက ဒါလေးကိုတောင် ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ရင် ဘာ သွားသုံးတော့မှာလဲ။ တောက်! တော်တော်အသုံးမကျတဲ့ကောင်"

သူ့, နားတွေပင် ထူပူလာ၏။ ဒေါ်လာနှင့်ရှင်းရတဲ့ phone သမို့ပဲ။ တရှည်တလျား ဆုံးမနေလိုက်တာ မပြီးနိုင်တော့ပါလား နော်။ ရေနွေးအိုးထဲ လူတစ်ကိုယ်လုံးပြုတ်ကျသလို တစ်ကိုယ်လုံး သည်း ပူလောင်နေပါပြီ။ မပြီးနိုင်သေးဘူးလား။

"ပြောစမ်း! သမီးက မလှလို့လား"

"မဟုတ်ပါဘူး"

"မင်းသဘောကျသလို ဆံပင်မရှည်လို့လား"

"ရှည်ပါတယ်ဖေဖေရ။ တင်ပါးထိရှည်တာပါ"

"သူ့တစ်ကိုယ်လုံး မင်းမကြိုက်တာ ဘာများရှိနေလို့လဲ။ ပြော မ်းပါဦး"

"မရှိပါဘူး"

"ဒါနဲ့များ မင်းက မချစ်နိုင်ဘူးပေါ့လေ"

"ပြဿနာပဲ ဖေဖေရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး, ဒီလောက် အရိုးများ ချေးခါးချင်တဲ့ကောင်၊ မကြိုက်လည်းနေပေ့ါ။ သူ့သမီးကို တခြားသဘောတူတဲ့လူရှိသေး တယ်လို့ ဘသက်က ပြောဖူးတယ်။ မင်းကိုငါ့သားမို့ Senior (1) ထားပေးထားတာ။ ကောင်းတယ်၊ သိပ်ကောင်းတာပဲ။ ပါးစပ်ထဲခွံ့ကျွေးတာကို စားရကောင်းမှန်းမသိမှတော့ ငတ်ပေ့ါ။ ဒါပဲ"

"ဟာ! ဖေဖေ. . . ဟဲလို! ဖေဖေ"

သူ phone ကိုခလုတ်တွေနှိပ်ကာ ထပ်တလဲလဲခေါ်နေပေမယ့် ဖေဖေက ပြန်မကိုင်တော့ပါချေ။ ဒုက္ခတွေများ လာလိုက်ရင် အုံနဲ့ကျင်းနဲ့ပါလားနော်။ မနေ့ကပဲ အန်ကယ်ဆူတာခံရပြီး အခုဒီညမှာ ဖေဖေက ဆူပြန်ပါရော။ သေသာသေလိုက်ချင်တော့တာပါပဲ။

"ဘယ်လိုလဲ ဖိုးနေ။ တော်တော်မှ နားပူရရဲ့လား"

"လေးလေးပဲ စဉ်းစားကြည့်ပေ့ါဗျ။ သူက ချွန်လိုက်၊ ဖေဖေက ပွမ်လိုက်နဲ့ ဘယ်လောက်နားပူသလဲ။ တော်တော်ဆိုးတဲ့ဟာလေး"

"အဖွေးက ချစ်စရာကောင်းပါတယ်ကွ. . . မင်းနဲ့ စကားကောင်းကောင်းမပြောဖြစ်တာနဲ့ မတည့်ဖြစ်နေတာပါ။ ဒီလောက်မိန်းကလေးပီသတဲ့ကောင်မလေးမျိုး ထပ်ရှာလို့လွယ်မှာမဟုတ်ဘူး





နော်။ အတွေးမမှားနဲ့"

"လာပြန်ပြီ လေးလေးကလည်း၊ အခု သူ့အဖေက နောက်တစ်ယောက်နဲ့သဘောတူတော့မှာတဲ့"

"ဟေ! ဘယ်သူတဲ့လဲ"

"ဘယ်သိမှာလဲဗျ။ သိချင်ရင် လေးလေးဟာလေးလေး, သွားမေးကြည့်ပေ့ါ"

"နမြောစရာကြီးကွာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေ့ါကွ။ အဖွေးအသက် (၂၁)နှစ်ပြည့်ရင် ကိုသက်က သမီးနှစ်ယောက်စလုံးကို အမွေခွဲပေးတော့မှာ။ အဲဒီအခါ ကုမ္ပဏီကို အဖွေးရမှာလေ။ သူ့ကိုယူတဲ့ယောက်ျားကတော့ ထောစိန်ပဲ။ ဇနီးလှလှငယ်ငယ်လေးလည်းရ၊ အမွေတွေလည်းရ၊ ကုမ္ပဏီပါအပိုင်ရဦးမှာ။ နည်းတဲ့ရပိုင်ခွင့်လား"

"ကုမ္ပဏီက ရှယ်ယာတွေခေါ်ထားတဲ့ဟာပဲ။ ဒီလိုပေးလိုက်လို့ ဘယ်ရမှာလဲ"

"ဟ. . . ရှယ်ယာက ဘယ်လောက်များရှိလို့လဲ။ မင်းအပါအဝင် (၅)ဦးပဲရှိတာ။ အကုန်ပြန်အမ်းမှာပေ့ါ။ ဒီလောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်မှာ ရှိပါတယ်။ သမီးတွေကို စီးပွားခွဲပေးပါတယ်ဆိုမှ နည်းနည်းနောနောချမ်းသာမှုလား"

"ပစ္စည်းတွေငွေတွေက ဘာအရေးလဲ။ ကျွန်တော်လည်း စု ဆောင်းထားတာရှိတာပဲကို"

"မင်းမှာရှိတာလောက်ကို ကိုသက်က ဂရုစိုက်မယ်ထင်နေ လား ဖိုးနေရ။ သူတို့မိသားစုက သိပ်ပြည့်တာ။ ကိုကိုတက် ချမ်း သာပါလျက် ဘယ်တော့မှမမောက်မာကြဘူး။ သမီးတွေကိုလည်း အတင်းကြီးချုန်းအုပ်တာမျိုးလည်းမရှိဘူး။ သူတို့ဝါသနာပါတာကို ပဲလုပ်ခိုင်းတယ်။ အိမ်ထောင်ဘက်ကိုလည်း သူတို့စိတ်ကြိုက် ရွေး ရွေးတာပဲကြည့်။ အဖွေးကိုသာ အငယ်ဆုံးမို့ အမှားအယွင်းဖြစ် သွားမှာစိုးရိမ်ပြီး ကြီးကြပ်စောင့်ကြည့်နေတာ။ ပိုက်ဆံရှိရှိ၊ မရှိရှိ မျိုးရိုးသန့်ပြီး သူ့သမီးသဘောကျရင် ဘယ်သူဖြစ်ဖြစ်ပေးစားမှာတဲ့။ အဖွေးစိတ်ချမ်းသာဖို့က အဓိကပဲ"

ဟုတ်လား. . . အဖြူလေး။ ဒီမှာ ကိုယ့်ကိုလေးလေးက ပြော နေပြီ။ မင်းရဲ့အိမ်ထောင်ရေးကိစ္စမှာ မင်းသာအဓိကအရာတဲ့လေ။

"ဒီလောက် ရေကန်အသင့်ကြာအသင့်ဖြစ်နေတဲ့ကောင်မ လေးကို တန်းစီစောင့်နေတဲ့လူတွေအများကြီးရှိနေတာ ဆန်းမလား။





င်းသာ Senior (1) က ထွက်လိုက်တာ၊ တော်တော့်မိုက်မဲတဲ့ ကောင်။ အဖွေးက သူ့ငွေးသမီးပေမယ့် မာနလေးကင်းတာကိုက ချစ်ဖို့ကောင်းတာ"

"လေးလေးကလည်း၊ သူပြောလိုက်လို့ အဆူခံနေရပါတယ် ဆိုမှ ထပ်ဆူနေပြန်ပါပြီ"

"ဩ ဆူနေတာမှမဟုတ်ဘဲ၊ ပြောပြနေတာပါကွ"

"မပြောနဲ့. . . နားပူတယ်"

သူက ညစ်ကျယ်ကျယ်ပြန်ပြောကာ နှစ်ယောက်ထိုင်ဆက်တီ ပေါ် လှဲချလိုက်ပြီး ဒီတစ်ပတ်ထွက်ဂျာနယ်ကို ဖတ်နေလိုက်၏။ မိုးလေးတစိမ့်စိမ့်နှင့်မို့ ဒီညအိပ်လို့ကောင်းလိုက်မယ့်ဖြစ်ခြင်း သူက မိုးတွင်းမွေးသူမို့ မိုးရွာတာကိုသိပ်နှစ်သက်သူလေ။

Hand Phone မြည်သံကြောင့် ထိုင်ခုံမှထရပ်ကာ စင်ပေါ်မှ phone ကိုလှမ်းယူလိုက်၏။ ဒါသူမတို့အိမ်က phone နံပါတ်ပါလား။

"ဟဲလို"

"ကိုနေလား. . . နီနီပါ"

"ပြောလေ နီနီ"

"ကိုနေ့, အားရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အားပါတယ်နီနီရဲ့။ ဘာခိုင်းမလို့လဲ"

"မိုးတွေရွာနေတော့ အကူအညီတောင်းရမှာ၊ အားနာမိလို့ပါ"

"ရပါတယ်. . . ပြောပါ"

"ဟိုလေ. . . အဖွေ့သင်တန်းသွားတာ ခုထိပြန်မလာသေးလို့၊ အသက်က နေမကောင်းတော့ သူတစ်ယောက်တည်းပဲသွားတာ။ ဖေဖေနဲ့မေမေက ဖေဖေ့မိတ်ဆွေ Dinner ဖိတ်ထားတာ ခုထိပြန်မရောက်သေးဘူး။ အဲဒါ. . ."

"ဒါဖြင့် သင်တန်းမှာ သွားကြိုရမှာပေါ့"

"ဟုတ်ကဲ့။ ဖြစ်ရဲ့လား ကိုနေ။ သူနဲ့ကိုနေ မတည့်မှန်းသိပေမယ့် နီနီ့မှာ အကူအညီတောင်းရမယ့်လူမရှိလို့ပါ"

"ဖြစ်ပါတယ်နီနီရဲ့။ အခုပဲ ကျွန်တော်သွားလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ကိုနေ၊ ဟိုလေ. . . သူထီးမယူသွားတော့ မိုးအရမ်းသည်းလို့ ပြန်မလာသေးတာလည်း ဖြစ်ချင်ဖြစ်မှာ"

"ကျွန်တော် ကားဂိတ်မှာရော၊ သင်တန်းမှာပါ ရှာမှာပါ နီနီ ဒါပဲနော်"

ဤပန်းချီကားရှေ့မှာရပ်နေတာ တော်တော်ကြာနေလေပြီ





'လွမ်းသူ့တေးသံ' ပန်းချီကားက သူမကိုညှို့ယူထားနိုင်စွမ်းရှိနေပြီပဲ။ 'ရောင်းရန်မဟုတ်ပါ' ဆိုင်းဘုတ်ချိတ်ထားပေမယ့် ဒီကားကို လူတော်တော်များများ သဘောကျနှစ်မြို့က်စွာ ကြည့်ကြတာတော့အမှန်ပင်။ ရေးဆွဲသူအမည်လည်း မထိုးထားပါချေ။ ဆံပင်ရှည်လေးတွေဖြင့် မျက်နှာကိုကွယ်ကာ မှောင်ရိပ်ထဲမှာ တယောထိုးနေသည့်ကောင်မလေးကိုယ်တစ်ပိုင်းပုံက မှုန်ဝါးဝါး။ နှာတံနှင့် နှုတ်ခမ်းဖူးဖူးလေးကိုသာ မပီမပြင်လေး မြင်နေရလေ၏။

မိုးရေတောထဲ ဒီအတိုင်းထွက်လာမိတာမို့ သူမ ဂါဝန်အနက်လေးရော၊ ဆံနွယ်ရှည်တွေပါ မိုးရေတို့စွတ်စိုနေပါ၏။ လက်ထဲမှ File လေးကို တင်းတင်းကျပ်ကျပ်လေးပိုက်ထားလျက် ပန်းချီကားကိုသာ တစိုက်မတ်မတ်ငေးကြည့်နေမိလေသည်။

"တစ်ကိုယ်လုံး ရေစိုနေပြီနော်။ အိမ်မြန်မြန်ပြန်ပြီး နွေးနွေးထွေးထွေးနေသင့်ပြီ"

အနောက်နားမှ ကပ်ပြောလိုက်တာမို့ သူမတုန်ခနဲဖြစ်သွားရသည်။ ဒီအသံ. . . ဒီအသံမျိုးကို ရင်းရင်းနှီးနှီးကြားဖူးသလိုပါပဲလား။ သူမ ဖျတ်ခနဲလှမ်းကြည့်လိုက်မိ၏။

"ဟင်! "



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ. . . သူ. . . သူပါလား။ မမျှော်လင့်ထားတဲ့နေရာမှာ မထင်မှတ်ဘဲဆုံရတယ်လို့. . . ပိုင်ရယ်။

"အဖွေး. . . အဖွေးဟုတ်ပါတယ်နော်"

သူမနှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်လာ၏။ အတိုင်းအဆမဲ့ခုန်ပေါက်လာသည့်နှလုံးသားကိုသိရှိရင်း ခေါင်းကိုသာဖြည်းညင်းစွာညိတ်လိုက်မိသည်။

"ကြည့်စမ်း! ကိုယ်ထင်တောင်မထင်မိဘူး။ ဘယ်သူနဲ့လာတာလဲ။ အဖွေးတစ်ယောက်တည်းလား"

ခေါင်းညိတ်ပြမိပြန်၏။ ပြောစရာစကားက လည်ချောင်းဝမှာ တစ်ခွန်းမှထွက်မလာပါချေ။ သူ့မျက်နှာကိုသာ ခပ်ငေးငေးပြန်ငေးကြည့်နေမိလေသည်။

ပိုင်ရယ်. . . ဘယ်တုန်းကများ ဖွေးကို နှစ်ယောက်တွဲပြီးမြင်ဖူးခဲ့လို့လဲ။

"ခက်တာပဲ။ အဖွေးက အရင်အကိုင်းပဲ အကျင့်မပျောက်သေးဘူးနော်။ မိုးရေတောထဲ တစ်ယောက်တည်း သွားချင်သလိုလျှောက်သွားနေတုန်းပဲလား။ အသက်ရော"

"နေမကောင်းဘူး"





"ဪ! ဒါကြောင့် အဖွေးတစ်ယောက်တည်းဖြစ်နေတာကိုး"

တိုးသဲ့သဲ့ထွက်လာသည့်လေသံက သူမ၏အသံမှတုန်[illegible]စ။ နှစ်ဦးသား မျက်နှာချင်းဆိုင်ရပ်နေပြီး ဘာမှဆက်မ[illegible]နေမိသည်။

"အန့်တီတို့၊ အန်ကယ်တို့၊ မမနီနီတို့ နေကောင်း[illegible]မဟုတ်လား"

"ဟုတ်ကဲ့"

"ကိုယ်ပြောင်းတုန်းက ဖွေးစိတ်မကောင်းဖြစ်မှာ[illegible]မဆက်ခဲ့မိတာ ခွင့်လွှတ်နော်"

"ရပါတယ်"

"ဟိုလေ, အခု ကိုယ်. . . Ingage လုပ်လိုက်ပြီ၊ အဲဒါ"

"ဖွေးသိပါတယ်"

လေသံက အားမပါတော့သည့်နှယ် တိုးဖျော့ဖျော့။ သူ့ရင်ခွင်ထဲမှ[illegible]ရီဝေဝေလေးကြည့်ကာ သူမလက်ဖျားကိုဆုပ်ကိုင်လိုက်[illegible]။

"ဖွေး. . . တော်တော်အေးနေပြီ၊ အိမ်မပြန်သေးဘူး[illegible]တော်ကြာ ဖျားနေဦးမယ်။ ကိုယ်, အဖွေးကိုပြန်လိုက်ပို့ချင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ်က ဥသြနဲ့အတူလာတာဆိုတော့"

"မောင်ပြန်ကြစို့လေ"

နောက်နားဆီမှပေါ်ထွက်လာသည့် အသံသြသြလေးကြောင့် သူက သူမလက်ကို ဆတ်ခနဲလွှတ်လိုက်ပါ၏။

"ဒီပုံကို နောက်တစ်ခေါက်ထပ်ကြည့်ဖို့များ. . . ဟော! ဒါ ဘယ်သူလေးလဲ"

ဆံပင်ခွေခွေလေးနှင့်ကောင်မလေးက သူမကိုမြင်သွားကာ မေးလိုက်လေ၏။

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကိုယ့်ချစ်သူ နွေဥသြလေ။ သြ ဒါကိုယ့်အချစ်ဆုံးသူငယ်ချင်းအဖွေးပါ"

"ဟုတ်ကဲ့"

"သြော်. . . မောင် ခဏခဏပြောပြောနေတဲ့ တစ်ယောက် ကိုး။ မောင်က ယူ့ကိုအတော်သံယောဇဉ်ရှိတယ်အဖွေးရဲ့။ အခု လည်း ဒီပြခန်းမှာ အဖွေးနဲ့တူတဲ့ပုံရှိတယ်သတင်းကြားလို့ လာ ကြည့်တာလေ။ ပြန်ခါနီး တစ်ခါထပ်ကြည့်သွားချင်တယ်ဆိုပြီး ဝင် သွားလို့ နောက်ကနေ သြလိုက်လာခဲ့ရတာ"

သူမ ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းညိတ်ပြလိုက်ပါ၏။





အချစ်ဆုံး သူငယ်ချင်းတဲ့လား။

သံယောဇဉ်ရှိလို့ ဖွေးနဲ့တူတဲ့ပုံကို လာထပ်ကြည့်တာတဲ့လား ပိုင်။ စေ့စပ်ပြီးသားမိန်းကလေးကို ကျွန်မအကြောင်းတွေ ခဏခဏ ပြောတာ ဘာသဘောပါလဲ။

"အဖွေးက မောင်ပြောတာထက် ပိုပြီးလှတယ်နော်။ ဆံပင် တွေလည်း ဖြောင့်စင်းပြီး အရှည်ကြီးပဲ. . . အသားအရေကလည်း နာမည်နဲ့လိုက်အောင် ဖွေးဖွေးနေတာပဲဟယ်"

"အဖွေးက အနက်ရောင်မုန်းတယ်ဆိုပြီး အခုအနက်ရောင် တွေဘာတွေဝတ်လို့ပါလား။ အတော့်ကိုထူးဆန်းတယ်နော်"

တစ်ယောက်တစ်လှည့်ပြောနေသည့်စကားတို့ကို မနည်းနား စိုက်ထောင်နေရလေ၏။ ငိုချင်လာသည့်စိတ်က ရင်ထဲမှ လှိုက်တတ် လာကာ ခြေထောက်တွေ တဖြည်းဖြည်းတုန်ရင်လာလေပြီ။

ဟန်ဆောင်ပြုံးပြနေရတာ ပင်ပန်းလေစွ ပိုင်ရယ်။ မြင်ခဲ့ရင် တောင်မှ ကျွန်မကိုမမြင်ချင်ယောင်ဆောင်လိုက်တာကမှ ရင်ထဲက ဝေဒနာသက်သာစေမှာကို နားမလည်ဘူးလားကွယ်။

"အဖြူလေး"

"ဟင်! "



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားလာရပ်သည့်လူရိပ်ကြောင့် သူမသတိဝင်သွားရ၏။ သူဘယ်လိုများ ရောက်လာတာပါလိမ့်။ အင်အားတွေဆုတ်ယုတ်တော့မည့်အချိန်မှာမှ အားကိုးဖော်ရောက်လာရတာမို့ မျက်ရည်တို့ဝဲလာတာကို မျက်တောင်ဖြင့် ပုတ်ခတ်သိမ်းဆည်းလိုက်ရသည်။

နိုင်ချင်ပါတယ် ပိုင်. . .

ဒီဘဝမှာ တစ်စက္ကန့်လေးပဲဖြစ်ဖြစ် ပိုင့်ကိုအနိုင်ရတဲ့အပြုံးမျိုးလေး ကျွန်မပြုံးချင်လို့ပါ။

စစ်ပိုင်သူက သူမဘေးမှာရပ်လာသည့်လူကို စူးစမ်းစွာကြည့်လိုက်ပါ၏။ ထိုလူက သူမလက်ဖျားလေးကို ပိုင်ပိုင်ကြီးဆုပ်ကိုင်ထားလိုက်လေသည်။

"သင်တန်းမှာပဲ စောင့်နေတာမဟုတ်ဘူးချာတိတ်ရယ်။ ပြီးမှကိုယ်နဲ့အတူတူလာကြည့်ပြီး မိုးရေဆော့ကြမှာပေါ့။ ကြည့်ပါဦး တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလို့၊ နီနီ phone ဆက်မှ ကိုယ်သိပြီး ချက်ချင်းလိုက်လာရတာ။ သန့်ဇင်က ဒီကိုညွှန်လိုက်လို့ တော်ပါသေးရဲ့"

သူမကိုကြင်ကြင်နာနာ မျက်လုံးတို့ဖြင့် ငုံ့ကြည့်ပြောနေသည့် သူ့မျက်ဝန်းတို့ကိုနားလည်လိုက်ပါ၏။





ကျေးဇူးတင်ပါတယ် ရှင်ရယ်. . .

အရင်က ဘယ်လိုပဲ ရန်ဖြစ်ခဲ့ကြပါစေ၊ အခုခဏတာလေး ပြေပြေပြစ်ပြစ်ပြောပေးတာကို ကျေးဇူးအနန္တတင်ရှိတာ တကယ်ပါ။

"ပိုင်. . . ဒါ, ဖွေးရဲ့ကိုကိုပါ။ အစက သင်္ဘောကပ္ပတိန်ပေါ့။ အခုတော့ ဖွေးနဲ့အတူတူ ဖေဖေ့ကုမ္ပဏီမှာပဲ လုပ်နေတယ်။ နောက်ဆို ကုမ္ပဏီလွှဲယူရတော့မှာမို့ ဖေဖေလုပ်ခိုင်းလို့လေ။ ကိုကို, ဒါ ဖွေးရဲ့အချစ်ဆုံးသူငယ်ချင်း အဆိုတော်စစ်ပိုင်သူပါ။ ဒါက သူ့ချစ်သူ တေးသံသွင်းဆိုင်ရှင် နွေဦးသြတဲ့"

"သြော်"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော် နေသွန်းခပါ"

"သြော်. . . နေဝန်းခကုမ္ပဏီပိုင်ရှင်ရဲ့သားများလား"

"ဟုတ်ပါတယ်။ ဖေဖေက စက်ဘုမှာပဲ ကုမ္ပဏီထောင်ထားတာပါ။ ကျွန်တော်တို့ Wedding မှာ သီချင်းတစ်ပုဒ် လက်ဖွဲ့အဖြစ်ဆိုဖို့ တောင်းဆိုပါရစေ"

"ရပါတယ်. . . ဘယ်တော့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ထဲမှာပဲခင်ဗျ။ ဖေဖေပြန်လာရင် ရက်ရွေးမှာမို့ပါ။ ခွင့်ပြုပါဦး။ အဖြူလေး ဖျားမှာစိုးလို့ပါ"

"သွားဦးမယ်နော်"

နှစ်ဦးသားပြိုင်တူခေါင်းညိတ်ပြလိုက်တာကို ကျောခိုင်းထွက်လာခဲ့ပါ၏။ သူမတက်ရန် ကားရှေ့ခန်းကိုဖွင့်ပေးလိုက်စဉ် ရီဝေဝေလျက်သားကြည့်နေသည့် စစ်ပိုင်သူ၏မျက်ဝန်းတို့ကို သူ နားလည်လိုက်ပါသည်။

လွတ်တဲ့ငါးကြီးတယ်လို့ မြင်နေလေသလား. . .

ဒါမှမဟုတ် ကိုယ်ဝယ်ချင်တဲ့အရုပ်တစ်ရုပ်ကို သူများဝယ်သွားမှ နှမြောတသဖြစ်တာများလား။ တစ်ခုခုတော့ဖြစ်မှာ ေ ချာပါတယ်လေ။

ကားမောင်းထွက်ခဲ့စဉ် ငြိမ်သက်နေသည့်သူမကိုလှည့်ကြ မိ၏။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အံခဲထားဟန် မနည်းအားတင်းထားသည့်နှယ်။

ဝမ်းနည်းနေသလား ချာတိတ်ရယ်။

ကိုယ့်တုန်းက ဒီ့ထက်မက ကြေကွဲခဲ့ရတာပါ။

မင်းခံစားရတာထက် အဆတစ်ရာမက ခံစားခဲ့ရတာ





ပါကွယ်။

"အဖြူလေး ငိုချင်ရင်ငိုချလိုက်နော်။ အတင်းကြီးတောင့်မထားနဲ့"

"မငိုချင်ပါဘူး၊ ဖွေးမငိုချင်ဘူး။ သူနဲ့ပတ်သက်ပြီး ဘယ်တော့မှမငိုတော့ဘူးလို့ ဆုံးဖြတ်ထားတာ"

"ဟုတ်ပါတယ်။ အခုလောလောဆယ် အဖြူလေးရင်ထဲမှာ ပြည့်ကျပ်နေတာကို ကိုယ်သိနေတယ်လေ။ အဲဒါငိုချလိုက်ရင် သက်သာသွားလိမ့်မယ်"

"ဖွေး. . . ဖွေး၊ သူ့ကိုမချစ်ပါဘူး။ ဘယ်တုန်းကမှ. . . ဘယ်တုန်းကမှမချစ်ခဲ့ဘူး"

"ဟုတ်ပါပြီ"

"သူပြောသလို. . . သူပြောသလိုပဲ သူငယ်ချင်းလိုပဲချစ်ခဲ့၊ ချစ်ခဲ့တာဖြစ်မှာပါနော်"

"ဟုတ်မှာပါ"

"ဖွေးကိုစိတ်မဆိုးပါနဲ့။ ပြီးတော့. . . ပြီးတော့၊ အခုလိုကူညီပေးတဲ့အတွက် ဦးနေကို၊ ဖွေး ကျေးဇူးအများကြီးတင်ပါတယ်။ သိတယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည့်ကောင်မလေး ကြောင့် ကားကို လမ်းဘေးတစ်နေရာမှာပင် သူရပ်လိုက်မိပါ၏။

ကြေကြေကွဲကွဲငိုရှိုက်နေလိုက်တာ ဝမ်းပန်းတနည်းပါလား ချာတိတ်ရယ်။ ကိုယ်အသည်းကွဲခဲ့ရသလိုခံစားမှုမျိုးကို မင်းကိုခံ စားစေချင်တာအမှန်ပါ။

"အဖြူလေး"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်ပါ၏။ ရင်ထဲမှာ နင့် နင့်သည်းသည်းခံစားနေရသည့်ဝေဒနာက အသက်ရှူရတာကိုပင် ပင်ပန်းခက်ခဲစေသည်လေ။

"ဖွေး, ဘယ်သူ့ကိုမှမချစ်ဘူး။ ဖွေးကိုလည်း ဘယ်သူမှ, ဘယ် သူမှချစ်ဖို့မလိုဘူး။ ဟုတ်တယ်။ ဖွေး. . . ဖွေး. . . ဘယ်သူ့ကိုမှ မချစ်ဘူး"

သူ, သူမကိုယ်လုံးကျစ်ကျစ်လေးကို ထွေးပွေ့ထားလိုက်ပါ ၏။ တသိမ့်သိမ့်ငိုရှိုက်နေသည့်ကိုယ်ခန္ဓာလေးက သူ့ရင်ခွင်ထဲမှာ ကတုန်ကယင်ဖြစ်နေလေသည်။

ကောင်မလေးရယ်. . . မင်းဘယ်လောက်ထိ ခံစားနေ သလဲဆိုတာ ကိုယ်, ကိုယ်ချင်းစာနာမိပါ တယ်။ မင်းကိုဒီ့ထက်ပိုပြီး သောကမရောက်စေချင်တာကို နားလည်ပေးနိုင်မလား အဖြူလေး ရယ်။

နှလုံးသားဝေဒနာက အရွယ်နဲ့မမျှအောင် ခံစားနေရဟာ ကိုယ်မကြည့်ရက်တော့ပါဘူး။ နွေပင်လယ်နစ်မျောနေမယ့် ကြာငုံ့ လေးကို ကိုယ့်မေတ္တာရိပ်အောက်မှာပဲ အေးချမ်းစေပါဘော့သယ် လေ။

"မငိုပါနဲ့တော့ အဖြူလေးရယ်။ တော်လောက်ပါပြီ၊ ဒီမှာ ကိုယ့်ကိုကြည့်ပါဦး။ အဖြူလေးကို ဘယ်သူမှမချစ်ဘူးလို့ထင်နေ သလား။ အဖြူလေးဖေဖေရော၊ မေမေရော၊ နီနီရော၊ လေးလေး နဲ့ ကိုယ့်ဖေဖေပါ အဖြူလေးကိုသိပ်ချစ်ကြတာပါ"

"မ. . . မဟုတ်. . . ဘူး"

"ပြီးတော့. . . ကိုယ်လည်း အဖြူလေးကိုသိပ်ချစ်နေမိတာ ပါ"

"ရှင်! "

သူမမျက်ဝန်းဝိုင်းလေးတွေဖြင့် သူ့မျက်နှာကိုမော့ကြည့်လိုက် ပါ၏။ သူက အချိုမြိန်ဆုံးအပြုံးကို ပီပြင်စွာပြုံးပြလိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ မယုံဘူးမဟုတ်လား"

မျက်တောင်ပင်မခတ်မိဘဲ ငေးကြည့်နေသည့်မျက်ဝန်းနက်လေးတွေကို သူစိုက်ကြည့်နေမိသည်။

ဒီမျက်ဝန်းလေးတွေ၏အဓိပ္ပာယ်ကို သူနားလည်ခဲ့တာကြာပြီပဲ။ ဖွင့်ပြောချိန်တန်ပြီမို့ အသိပေးရတော့မှာလေ။

ပြောပါစေတော့။

ရင်ထဲက သောကအမောတွေ ပြေပါစေတော့ ချာတိတ်ရယ်။

" 'လွမ်းသူ့တေးသံ' ဆိုတဲ့ ပန်းချီကားကို ကိုယ်ဆွဲခဲ့တာပါ။ ဘယ်သူမှမတွေ့မြင်နိုင်အောင် ကိုယ့်အိပ်ခန်းထဲမှာ ဝှက်ထားမယ့် ဘယ်အချိန်က သန့်ဇင် ပြပွဲတင်လိုက်သလဲဆိုတာတော့ ကိုယ်မသိလိုက်ဘူး။ ဒီနေ့ သန့်ဇင်ပြောပြမှသိရတာပါ"

"..."

"ကိုယ်, ကလေးကိုသိပ်ချစ်တာကို ယုံပေးပါ။ ကလေးအပြင်မှာ ကိုယ့်လောက်ဘယ်သူမှမချစ်နိုင်ဘူးဆိုတာကို နားလည်ပေးပါ။ ကလေးဘဝတစ်လျှောက်လုံးကို တစ်သက်တာစောင့်ရှောက်ခွင့်ချင်တာကိုလည်း လက်ခံပေးပါ"

ပါးပြင်ထက်မှမျက်ရည်ဥတို့ကို တယုတယသုတ်ပေးမိ...





နှမ်းလျလျအပြုံးတစ်ပွင့်က ဖေးတင်လာလေ၏။

'အချစ်' ဆိုတာ မထင်မှတ်တဲ့အချိန်မှာ အရှိန်ပြင်းတည့်တည့်ကို ထိုးနှက်တိုက်ခိုက်တတ်တဲ့လက်နက်ဆန်းတစ်ခုဆိုတာ သူယုံကြည်လိုက်ပါပြီလေ။

ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဖွင့်ပြောဖို့မလိုအပ်ဘဲ နှစ်ဦးသားတိတ်တဆိတ် နားလည်ရုံနဲ့ ပြီးပြည့်စုံနိုင်လိမ့်မယ်လို့ထင်ပါတယ်။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ နှစ်ခုယှဉ်တွဲလိုက်ချိန်မှာ ရင်ထဲမှာရှိနေတဲ့အချစ်တစ်ခုကို ဘယ်သောအခါမှ ဖွင့်မပြောနိုင်တော့ဘဲ တစ်သက်တာအတွက် သိမ်းဆည်းထားခဲ့ရပါတယ်။ ဒါပေမဲ့. . . ကိုယ့်ရင်ထဲက အချစ်တွေကိုတော့ 'အဖွေး' သိနေလိမ့်မယ်လို့ ခံစားနေမိတာအမှန်ပါ။

စစ်ပိုင်သူ





အချစ်ဆိုတာ ဘဝနဲ့နှိုင်းယှဉ်ရင် မြူမှုန်ပမာဏလောက်သာ ရှိတဲ့အရာလေးတစ်ခုပါပဲ။ စိတ်ကူးယဉ်မျှော်လင့်နေမိတဲ့ ချစ်ခြင်းတစ်ခုနဲ့ ကျွန်မရဲ့အတိတ်ဟာ အမှောင်ကျခဲ့ရပါတယ်။ ရူးခဲ့မိတယ်။ မိုက်မဲတွေဝေခဲ့မိတယ်။ တေပေလေလွင့်ခဲ့မိတယ်။ ဒါပေမဲ့. . . အနာဂတ်တစ်နေ့မှာ အလင်းပြပြကို မြင်ခွင့်ရခဲ့တာပဲလေ။ ရင်ထဲမှာအမြဲရှိနေခဲ့တဲ့ချစ်သူကို အပြင်မှာလက်တွဲခွင့် မရဖြစ်ခဲ့ပေမယ့် ကျွန်မရင်ထဲက ချစ်ခြင်းတွေကို 'ပိုင်' သိရင် ကျေနပ်ပါပြီလေ။

မြမြဖွေး



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဝေဒနာတွေ ဖန်တီးပေးတတ်တဲ့အရာတစ်ခု ပါ။ ကြည်နူးခြင်းထက် ကြေကွဲခြင်းတွေကိုသာ ယူဆောင်လာတတ် တာလေ။ ချစ်ခဲ့ဖူးတယ်၊ အသည်းလည်း ကွဲခဲ့ဖူးတယ်။ ရူးသွပ်ခဲ့ဖူး တယ်။ နာကျင်ခဲ့ဖူးတယ်။ ပြီးတော့. . . မိန်းမတစ်ယောက်နဲ့ပတ် သက်ပြီး နောင်တတွေကိုလည်း ပွေ့ပိုက်ခဲ့ပါတယ်။ ဒါပေမဲ့. . . အဲဒီရင်ထဲက ဒဏ်ရာတွေကို သက်သာပျောက်ကင်းစေဖို့ 'အသည်း' ရဲ့နေရာမှာ 'အဖြူလေး' ကိုအစားထိုးပြီး ကုသဖို့ကြိုးစားခဲ့ပါတယ်။ သို့သော်. . . ကျွန်တော့်နှလုံးသားဟာ ဒီဘဝမှာ သေဆုံးခဲ့တာကို တော့ ဘယ်သူ့မှမသိစေရတော့ပါဘူး။

နေသွန်း။



လေးစားလျက် ......

မမသဒ္ဒါမောင်

30 th April 2009

PM 7:50

[ 'နှင့်အတွက်' နှင့် 'တတိယမြောက်အလွမ်းရာသီ' ကဗျာ တို့ကိုပေးပို့ခဲ့သည့် ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ အစုကြီး ကျေးရွာမှ နမ့်ဖြူဖြူမွေး (ခ) အမိး (ခ) အမွှေးအား ကျေးဇူးအထူးတင် ရှိပါသည်။ ]

www.burmeseclassic.com

www.burmeseclassic.com

# “ပရိသတ်များထံမှပေးစာ”

## သဲမောင်မောင်

သို့

'မမသဒ္ဒါမောင်'

'မမသဒ္ဒါ'ကို 'မမ'လို့ပဲ ကျွန်တော်ခေါ်ပါရစေ။ ကျွန်တော်က မမရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ ကျွန်တော် အရင်က စာအုပ်ဖတ်ရင် စာအုပ်တစ်အုပ်ကို (၂)ရက်လောက်ခွဲဖတ်တာပါ။ 'မမ'စာအုပ်ကို ဖတ်ပြီးကတည်းက (၁)နာရီတောင်မကြာတော့ဘူး။ ကျွန်တော်က 'မမ' ထွက်တဲ့စာအုပ်မှန်သမျှကို အကုန်ဖတ်ချင်တာပါ။ ဒါပေမဲ့ အလုပ်မအား တော့ တစ်ပတ်မှာတစ်အုပ်လောက်ပဲဖတ်ရတယ်၊ 'မမ'ရဲ့စာအုပ်ကိုဖတ် ပြီးရင်းဖတ်ချင်နေရော။ 'မမ'စာအုပ်လေးတွေက သနားဖို့ကောင်းတယ်၊ ကျွန်တော်က အသည်းနုတော့ လွမ်းရင်ဆွေးရင်ငိုချင်တယ်၊ 'မမ'စာအုပ် ထဲမှာပါတဲ့ကဗျာလေးတွေ၊ ဆောင်ပုဒ်လေးတွေကို ကျွန်တော့်ဒိုင်ယာရီ မှာ ရေးမှတ်ထားတယ်။ ကျွန်တော်က ဦးနှောက်မကောင်းတော့ ဘာစာ အုပ်တွေဖတ်ပြီးမှန်းတောင်မသိတော့ဘူး။ ဒါပေမဲ့ နှစ်ဆန်းတစ်ရက်နေ့ မှာ နောက်ဆုံးဖတ်တဲ့စာအုပ်ကတော့ 'အသည်းကိုချမ်းသာပေးပါ'ဆို တဲ့စာအုပ်ပါ။ ကျွန်တော် 'မမ'စာအုပ်အကုန်လုံးကို မဖတ်ရသေးဘူး။ ကျွန်တော်က ကဗျာရေးတာ ဝါသနာပါတယ်။

'မမ'စာပြန်ရေးပေးပါနော်။ ဓာတ်ပုံလည်းထည့်ပေးပါလား။ ဒါပါပဲ။ ရေးချင်တာတွေက အဆုံးသတ်လို့တော့မရဘူး။ ဒါပေမဲ့ 'မမ' အလုပ်ပျက်မှာစိုးလို့ပါ။

'မမ'ပြန်စာကိုစောင့်မျှော်နေမယ့် . . .

'မမ'ရဲ့ ထာဝရပရိသတ်
သဲမောင်မောင်
ခေတ္တရာမြို့သစ်
အောင်သီရိရပ်ကွက်
ပြည်မြို့၊ ပဲခူးတိုင်း။





www.burmeseclassic.com

www.burmeseclassic.com

## ဖြူ

'မမ'လို့ပဲခေါ်မယ်နော်၊ မမရေ အရင်ဆုံး ညီမလေးနာမည်ကို မိတ်ဆက်ပေးပါရစေ၊ ညီမလေးနာမည်က 'ဖြူ'လို့ခေါ်ပါတယ်။

'မမ'ရေးတဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်၊ အဓိကကြိုက်တာက စာအုပ်ထဲမှာပါတဲ့ ကဗျာတွေစာပိုဒ်တိုလေးတွေပေ့ါ။ အစကတော့ ညီမလေးက စာအုပ်ဆို ကလောင်ရှင်တစ်ဦးပဲ စွဲဖတ်တာလေး စာအုပ်ဆိုင်က ပိုင်ရှင်က 'မမသဒ္ဒါမောင်'က အရမ်းကောင်းတယ်လို့ ပြောတုန်းက မဖတ်ဖူးတော့ မကြိုက်ဘူးပေ့ါ။ အဲ, ပထမဦးဆုံး ဖတ်လိုက်တာ 'ရင်ထဲမှာထာဝရ'ဆိုတဲ့စာအုပ်ပါ။ အရမ်းကြိုက်တယ်၊ အခု တော်တော်များများဖတ်ဖြစ်နေပါပြီ။ 'ရှော့ယူပါ ၁၅၀၀'၊ 'အနားသတ်မညီသော'တို့ပါ။ အခုတော့ 'မမသဒ္ဒါမောင်'ဆို သူများကိုတောင် မငှားချင်တော့ဘူး။ (ပြော်ပြော် မေ့လို့ ညီမလေးက စာအုပ်ဆိုင်ဖွင့်ထားပါတယ်) အခု ညီမလေးညွှန်းလို့ မိန်းကလေးရော ယောကျ်ားလေးတွေပါ 'မမ'မှ 'မမ'ဖြစ်နေပြီ။ ညီမလေးတို့နေတဲ့နေရာက တောနည်းနည်းကျတော့ မြို့တက်ငှားရတယ်လေ။ ပြီးတော့ ညီမလေး ဈေးများတယ်၊ စာအုပ်ဆိုကွဲတာတို့ အဆင်မပြေတာတို့ဆို မကြိုက်ဘူး၊ 'မမ'စာအုပ်တွေကျတော့ တစ်မျိုးနဲ့တစ်မျိုးမရိုးဘူး။

'မမ'ရေ, စာရှည်သွားလို့ခွင့်လွှတ်ပါ။ 'မမ'ဓာတ်ပုံနဲ့စာလေးတော့ ပြန်ဖြစ်အောင်ပြန်ပါနော်။ ညီမလေးတို့သူငယ်ချင်းတွေအားလုံး သိချင်နေကြတယ်၊ ပြီးတော့ 'မမ'ဆီက စာအုပ်တစ်အုပ်လောက် လက်ဆောင်လိုချင်ပါတယ်။ ညီမလေးက စာအုပ် crazy လေ။ ဖတ်ရုံတင်မဟုတ် ရေးပါရေးချင်နေတာပါ။ တောဆိုတော့ တော်ရုံတန်ရုံ စာအုပ်ရဖို့ ခဲယဉ်းတယ်လေ။ ဒါပဲနော် 'မမ'. . .

'မမ'ရဲ့ Idea ကောင်းလေးတွေကို
မျှော်လင့်နေမယ့် ညီမလေး. . .

ဖြူ
'နှင်းဝတ်ရည်'စာပေ
မယားမာန်ကျေးရွာတောင်ပိုင်း
ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။





www.burmeseclassic.com

www.burmeseclassic.com

# ကျော်

သို့

လေးစားရပါသော'မမသဒ္ဒါမောင်'

'မမမောင်'လို့ခေါ်ခွင့်ပြုပါ။

ကျွန်တော်ကလေ မိန်းကလေးတွေရဲ့နာမည်မှာ 'မောင်'လို့ပါရင် သိပ်သဘောကျတာ။ 'မမ'ရဲ့နာမည်ကို အခုမှသိတာပါ။

အရင်ဆုံးဖတ်ဖူးတာက 'တိတ်တဆိတ်လေး'ဆိုတဲ့စာအုပ်ပါ။ ကျွန်တော်သဘောကျလို့ သုံးခါပြန်ငှားဖတ်တယ်။ 'ညီမလေးတဲ့လားကွယ်'နဲ့ 'ကြည်ဖြူပါရစေ'ဆိုတဲ့စာအုပ်တွေပဲ ဖတ်ရပါသေးတယ်။ စာအုပ်ဆိုင်ရှင်ကို 'မမ'စာအုပ်တွေ များများယူခဲ့ပါလို့ပြောထားပါတယ်။

ကျွန်တော်တို့မဖတ်ရသေးတဲ့စာအုပ်တွေ တော်တော်များတယ်နော်။ ကျွန်တော်က စာဖတ်တာဝါသနာပါ,ပါတယ်။ ဝမ်းသာစရာကောင်းတဲ့စာအုပ်ရှိသလို ငိုစရာကောင်းတဲ့စာအုပ်တွေ၊ ရင်ထဲမှာ ဟာသွားရတဲ့စာအုပ်တွေ ဖတ်ဖူးပါတယ်။

'မမမောင်'ရဲ့ 'ကြည်ဖြူပါရစေ'စာအုပ်ကိုဖတ်တော့ အစပိုင်းမှာတော့ ပေါ့ပေါ့ပါးပါးလေးပါပဲ၊ ဇာတ်သိမ်းပိုင်းရောက်တော့ ဘယ်လိုဖြစ်သွားမှန်းကိုမသိပါဘူး။ အစက စိတ်ကြည်ကြည်လင်လင်နဲ့ဖတ်နေတာတွေပြောင်းသွားပြီး ခေါင်းတွေ တရိပ်ရိပ်မူးလာပါတယ်။ လူတစ်ကိုယ်လုံးလည်း တုန်ယင်လာတယ်။ 'စာအုပ်ဖတ်နေတာပဲလေ'ဆိုတဲ့ အသိပေမယ့် အပြင်မှာလည်း ဒီလိုရှိနိုင်တာပဲဆိုတာကိုပဲ တွေးမိနေတယ်။

ကျွန်တော်ဖတ်ပြီးတဲ့သုံးအုပ်လုံး ကောင်းတယ်ဗျာ။ 'မမ'ဆီကို ထပ်ပြီးစာမရေးဖြစ်ခဲ့ရင်တောင်မှ 'မမ'ရဲ့စာအုပ်တွေကို ထားအားပေးသွားမှာပါ။ 'မမ'ရေးထားတဲ့ 'ကိုကိုနဲ့ပဲနေမယ် စိတ်ကူးတယ်'ဆိုတဲ့စာအုပ်လေးကို ကျွန်တော့်ရဲ့မွေးနေ့လက်ဆောင်အဖြစ် အမှတ်တရပေးနိုင်မလားခင်ဗျာ။ 'မမ'ရဲ့ဓာတ်ပုံရောပေါ့။ စာအုပ်ကို အပြင်မှာဝယ်လို့ ရမှန်းသိပါတယ်။ 'မမမောင်'ကပေးတယ်ဆိုတဲ့ခံစားမှုလေးကို လိုချင်တာပါ။ 'မမ'ပေးချင်စိတ်ရှိမှပေးပါ။ ကျွန်တော်နားလည်နိုင်ပါတယ်။ လာမယ့် (၂၀၁၁)ခုနှစ်၊ မတ်လ (၂၄)ရက်နေ့ဟာ ကျွန်တော့်ရဲ့အသက် (၂၀)ပြည့်နေ့ပါ။ 'မမ'ရဲ့မွေးနေ့ကိုရော သိခွင့်ရှိမလားဗျာ။

ကျွန်တော့်ရဲ့စာထဲမှာ 'မမမောင်'အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာများပါခဲ့ရင် ခွင့်လွှတ်ပေးပါလို့တောင်းပန်ပါတယ်။

'မမမောင်'တစ်ယောက် စာပေလောကမှာ လမင်းကြီးလိုအေးချမ်းပြီး ခရေပန်းလေးလို ထာဝရသင်းပျံ့မွှေးကြိုင်နိုင်ပါစေ. . .

စာဖတ်ပရိသတ်ညီမလေး. . .

ကျော်

အောင်ဇေယျလမ်း

ပျဉ်းမပြင်ရပ်ကွက်

ကျွန်းလှမြို့။





www.burmeseclassic.com

www.burmeseclassic.com

## ယမင်းသူဇာလွင်

သို့

'မမသဒ္ဒါမောင်'

လေးစားအားကျခြင်းများစွာနဲ့ ဒီစာလေးကိုရေးလိုက်ပါတယ်။ 'မမ'ရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။ အပိုအလိုမရှိဘူး။ ဖတ်ရတာ အနှစ်သာရရှိတယ်။ ရသအမျိုးမျိုးကိုလည်း ပေးစွမ်းနိုင်တယ်။ ဘယ်စာအုပ်အကောင်းဆုံးပါလို့ ညွှန်းဆိုပြဖို့ခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးဟာ အကောင်းဆုံးတွေချည်းမို့ပါပဲ။

'မမ'က Idea အရမ်းကောင်းတယ်နော်။ 'မမ'ကိုအရမ်းအားကျတာပဲ။ 'မမ'တစ်လကို ဘယ်နှအုပ်ရေးဖြစ်လဲဟင်။ 'မမသဒ္ဒါမောင်'ဆိုတဲ့ 'မမ'ရဲ့ကလောင်နာမည်လေးကို အရမ်းကြိုက်တယ်သိလား။ အဲဒါ 'မမ'ရဲ့နာမည်ရင်းလားဟင်။

'မမ' အခုလိုအောင်မြင်ကျော်ကြားတဲ့စာရေးဆရာမဖြစ်အောင် ဘယ်လိုကြိုးစားခဲ့လဲ။ စပ်စုတာဆိုပြီး 'မမ'စိတ်ဆိုးသွားမလား။ အဲဒါဆိုရင်တော့ ညီမလေးတောင်းပန်ပါတယ်။ ညီမလေးက 'မမ'လို တစ်ချိန်မှာ အောင်မြင်ကျော်ကြားတဲ့စာရေးဆရာမတစ်ယောက်ဖြစ်ချင်လို့ပါ။

'မမ'ကို အရမ်းအားကျလွန်းလို့ ဒီစာလေးရေးလိုက်တာပါ။ အမှားပါရင်ခွင့်လွှတ်ပေးပါနော်။ 'မမ'ရဲ့ဓာတ်ပုံလေးလိုချင်လို့ ပို့ပေးပါ။ 'မမ'ကိုအမြဲတမ်းအားပေးနေပါ့မယ်။ အောင်မြင်မှုတွေကိုထာဝရသိမ်းပိုက်ထားနိုင်တဲ့သူဖြစ်ပါစေလို့ဆုတောင်းပေးလျက်. . .

ယမင်းသူဇာလွင်
(သော်တာဆန်းအဆောင်)
ရွာတဲရပ်၊ အုန်းတောလမ်း၊ ပြည်မြို့၊ ပဲခူးတိုင်း။



## မခိုင်

သို့

'မင်္ဂလာပါ 'သဒ္ဒါ'

တို့က 'သဒ္ဒါ'ရဲ့ပရိသတ်အသစ်တစ်ယောက်ပါ။ 'ပါးပါးလေးနဲ့ ဆတ်ဆတ်လေး'၊ 'မြားနတ်စင်း၏ ဆုံမှတ်တစ်နေရာ'နဲ့ 'လျှို့ဝှက်ခြင်း၏နောက်ကွယ်မှာ'သုံးအုပ်ပဲ ဖတ်ဖူးတာပါ။

ဝတ္ထုတွေက တစ်အုပ်ဆိုတစ်အုပ် အရမ်းကောင်းတာပဲနော်။ ရသလည်း စုံစုံလင်လင်ပေးတယ်။ ခေတ်နဲ့အညီလည်း သရုပ်ဖော်ရေးနိုင်တယ်။

'သဒ္ဒါ'ရေ အမှားပါရင် ခွင့်လွှတ်ပါ။ ပထမဆုံးရေးတဲ့စာမို့ပါ။ မျက်နှာဖုံးဒီဇိုင်းကလည်း သူမတူဘူးနော်။ တို့ကိုလေ 'သဒ္ဒါ'ရဲ့ ဓာတ်ပုံနဲ့ လက်မှတ်လေး ပို့ပေးစေချင်တယ်။ အမှတ်တရသိမ်းထားချင်လို့ပါ။

'သဒ္ဒါ'တစ်ယောက် စာပေလောကမှာ ဒီ့ထက်မက အောင်မြင်ပါစေ။

'သဒ္ဒါ'ရဲ့ထာဝရပရိသတ်. . .

မခိုင်
သမိန့်ဗရမ်းလမ်း၊ မင်းကြီးညို၊
တောင်ငူမြို့၊ ပဲခူးတိုင်း။



www.burmeseclassic.com

www.burmeseclassic.com

နေခ

သို့

မင်္ဂလာပါ 'မမ'

ကျွန်တော်က 'မမ'ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ 'မမ'ရဲ့စာအုပ်တွေအားလုံးကိုမဖတ်ဖူးပေမယ့် ၂၀၀၉ ခုနှစ်အတွင်းက စာအုပ်တွေတော့ အားလုံးဖတ်ဖူးပါတယ်။

ကျွန်တော်အကြိုက်ဆုံးကတော့ 'ရင်ထဲမှာထာဝရ'ဆိုတဲ့ စာအုပ်ကလေးပေါ့။ ကျွန်တော်က 'ကျော်ဇေယျာ'ရဲ့နေရာကဝင်ပြီး ခံစားကြည့်တာပါ။

ကိုယ်မြတ်နိုးတဲ့ကောင်မလေး ဒုက္ခိတဖြစ်နေပေမယ့် မပြောင်းလဲတဲ့ချစ်ခြင်းတွေနဲ့ချစ်ခဲ့လို့လေ။ အဲဒီစာအုပ်ထဲက အင်္ဂလိပ်စာသားလေးတွေကိုလည်း သဘောကျတယ်။

ကျွန်တော်က အရင်တုန်းကဆိုရင် စာအုပ်တစ်အုပ်ဖတ်ဖို့ Ennul တတ်တဲ့လူတစ်ယောက်ပါ။ ဒါပေမဲ့ 'မမ'ရဲ့ 'နှလုံးသားရဲ့ကွန်ခိုရာ'ဆိုတဲ့စာအုပ်လေးကိုဖတ်မိပြီး 'မမ'ရဲ့အနုပညာကို အစဉ်ထာဝရလေးစားအားကျမိသွားတယ်။

ခုတော့ 'မမ'ရဲ့ကျေးဇူးကြောင့် စာအုပ်တွေရဲ့တန်ဖိုးနဲ့ ပရိသတ်လက်ခံလာအောင် ရေးနိုင်စွမ်းရှိတဲ့'မမ'တို့လိုစာရေးဆရာတွေရဲ့တန်ဖိုးကို နားလည်သွားပါပြီ။

လူငယ်တွေရဲ့ရင်ဘတ်ထဲကို အလင်းတန်းလေးတွေ ပေးဝေတတ်တဲ့ 'မမ'ရဲ့စာအုပ်လေးတွေကို ဖတ်နေရပြီဆိုရင် Enlrance ထိ 'မမ'ရဲ့စာအုပ်တွေကိုစိတ်ဝင်စားမိတာ။



လူငယ်တွေရဲ့ရင်ထဲကို အစဉ်အမြဲရောက်နေတဲ့သီချင်းလေးတွေကလည်း 'မမ'ရဲ့စာအုပ်ကို အလိုလိုရသမြောက်စေခဲ့တယ်နော်။

မမရဲ့အနုပညာကို အစဉ်အမြဲအားပေးနေမယ့်. . .

နေခ (ခေတ္တလှူပြည်)
တေဇစက္ကူ
ဆည်မြောင်းလမ်း
မြို့မ (၄)၊ မုဒုံမြို့
မွန်ပြည်နယ်။



www.burmeseclassic.com

www.burmeseclassic.com

ချောစု

သို့

'မမသဒ္ဒါမောင်'ကို လေးစားစွာနဲ့ ညီမ စာရေးလိုက်ပါတယ်။ 'မမ'လို့ပဲခေါ်မယ်နော်။ 'မမ'က ဝတ္ထုရေးတာ အရမ်းကောင်းတယ်။ 'မမ'ရဲ့ဝတ္ထုတွေကိုပဲ ညီမလေးအများဆုံးဖတ်တယ်။ အရမ်းသဘောကျတယ်။ ဖတ်နေရင်းနဲ့ အရမ်းခံစားရတယ်။ ငိုရတယ်။ 'မမ'ရဲ့ဝတ္ထုဖတ်ပြီးရင် စိတ်ထဲမှာ စွဲနေတာပဲ။

'မမ'ရဲ့စာအုပ်တွေထဲမှာ အကြိုက်ဆုံးစာအုပ်က 'သဲနုငယ်'ပါ။ ဇာတ်လမ်းလေးက အရမ်းကောင်းတာပဲ။ 'မမ'ရဲ့ဝတ္ထုပေါ့က အရမ်းကောင်းတော့ ဖတ်ပြီးရင်း ဖတ်ချင်ရင်းပဲ။ ရုပ်ရှင်ရိုက်ရင် ဇာတ်ကားဆုရော၊ သရုပ်ဆောင်ဆုရော၊ အကယ်ဒမီရမှာ သေချာတယ်။ ညီမလေးက ဝတ္ထုတွေအားလုံးထဲမှာ 'မမ'ရဲ့ဝတ္ထုတွေကို အကြိုက်ဆုံးနဲ့ အနှစ်သက်ဆုံးပါ။

'မမသဒ္ဒါမောင်'ဆိုတာ 'မမ'ရဲ့နာမည်အရင်းလား၊ ကလောင်နာမည်လား။ ညီမလေးကိုစာပြန်ရင် ပြောပြပါနော်။ 'မမ'အသက် ဘယ်လောက်ရှိပြီလဲ။ မွေးချင်းရော ဘယ်နှယောက်ရှိလဲ။ 'မမ'ရဲ့ phone နံပါတ်လည်း ပြောပြပါနော်။ 'မမ'ရဲ့ဓာတ်ပုံနဲ့ပြန်စာကိုပါ ထည့်ပေးပါ။

ပြီးတော့လေ 'မမ'ပြန်စာမှာ ကဗျာလေးတစ်ပုဒ်လောက် ရေးထည့်ပေးပါ။ ညီမလေးတောင်းဆိုတာ များသွားရင် စိတ်မဆိုးပါနဲ့နော်။

ရေရှိမှ ငါးကလေးတွေက အေးမြမယ်။ လမင်းရှိမှ ကြယ်စင်လေးတွေက ပိုပြီးဝင့်ကြွားစွာလင်းလက်နေမှာပါ။ စာရေးတဲ့သူရှိမှလည်း စာဖတ်သူရှိမှာပါ မမ...



ညီမလေးလည်း 'မမ'ရဲ့ပရိသတ်များစွာထဲက ပရိသတ်တစ်ဦးပါ။ ညီမက မိတ်ဆက်စာတစ်ခါမှမရေးဖူးဘူး။ အမှားပါရင် ခွင့်လွှတ်ပါ။

'မမ'ရဲ့ဝတ္ထုတွေကို အမြဲအားပေးနေမှာပါ။

'မမ'ရဲ့ထာဝရပရိသတ်...
ချောစု
အမှတ် (၁/၃၈)၊
ပြည်သာယာ (၁)လမ်း(မြောက်ပိုင်း)၊
မိတ္ထီလာမြို့။



www.burmeseclassic.com